www.burmeseclassic.com

# [illegible]

## ငါ . . . နှင့်ကို



BURMESE CLASSIC .com

ပန်းချီ ထွန်းဝေအောင်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်

# သျှင်မြ

# ငါ..... နှင့်ကို

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၉၂၅၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၉၂၈၀၈၀၇

အကြိမ် – ပထမအကြိမ်

၂၀၀၇–ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅ဝိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။


BURMESE CLASSIC .com



### အခန်း (၁)

"ဟော့... ရပ်လိုက်စမ်း"

ပန်းကိုင်းကို ချိုးချမလို့ ဖိဆုပ်ထားသည့်လက် အရှိန်လျော့ပြေကျသွားတာကို လှမ်းကြည့်၍ ကားကိုရပ်ပစ်လိုက်၏။

စက်ရုံရှေ့မှာ တိမ်ပြာပန်းနွယ်တွေကို စည်းရိုးပုံစံ တမင်တင်ပြီး လွှတ်ပေးထားသဖြင့် အုပ်ခဲပိတ်သိပ်နေသည်။

အုတ်နံရံလို မမာပေမယ့် အထဲကိုလုံးဝထွင်းဖောက်မမြင်ရပေ။ ပြီးတော့ ပန်းရုံနဲ့ စည်းရိုးခတ်ထားတာက စနစ်တကျမို့ ပန်းကိုင်းလေး တစ်ခုတစ်လေ ထိုးထွက်နေသည့်မှလွဲလျှင် အားလုံး သပ်သပ်ရပ်ရပ်...

ကောင်လေးက တံခါးမကြီးနှစ်ချပ်၏ ဘေးမှ ... ပ် ... သည်။ အလွန်ဆုံးရှိမှ အသက်ဆယ့်သုံး ဆယ့်လေး...

ဖြူသောအသားက ဝင်းဝင်းစိုစိုမရှိဘဲ ဖြူခြောက်ခြောက်နှင့် ကိုယ်လုံးလေးလည်း ပိန်သည်။

လှည့်ကြည့်လိုက်သည့်မျက်နှာအရ အသက်ကို ခန့်မှန်းလိုက်မိပေမယ့် ပိန်ရှည်ရှည်အရပ်ကတော့ မျက်နှာလေးနဲ့ 'မလိုက်ဖက်ပဲရှိ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ကိုယ်လုံးကိုကြည့်ရင်း နှိုင်း မျက်မှန်ကို ဆွဲချွတ်ပစ်လိုက်သည်။ ကောင်လေးကလည်း ပန်းကိုင်းကိုချိုးမည့်လက်အား ကိုယ့်လက်မှန်းမသိတော့သလို ဖြေချလိုက်ပြီး နှိုင်းကိုပဲ ငေးငေးမိုက်မိုက် ကြည့်သည်။

ပါးလျသော နှုတ်ခမ်းလွှာတို့ကို တင်းအောင်ကွဲလျက် မမိုတ်မသုန် ကြည့်နေပုံက အပြစ်လုပ်မိထား၍ ထိတ်လန့်ပြေးကွက်ရွံ့သွားသော ကလေးတစ်ယောက်ပုံစံ နည်းနည်းမှ မရှိ။

နှိုင်း၏ မလိုလားသော မျက်ဝန်းများနှင့် အထင်မြင်သေးစွာ ကြည့်လိုက်မိပြီး...

"ဘာရပ်လုပ်နေတာလဲ... မင်းဘယ်သူလဲ"

"ရှိုင်း"

"ဘာ"

နှိုင်း မာကျောသော 'ဘာ' သံနောက်မှာ 'ရှိုင်း'ပါ ခင်ဗျ ဆိုသည့် နောက်ထပ်ဖြေသံမလာ။

ရှိုင်းက နှုတ်ခမ်းလေးပိတ်၍ ငြိမ်ငြိမ်လေး ရပ်ကြည့်နေ၏။ အေးစက်စက် မျက်ဝန်းတို့မှာ ဒီလို အဆူအငေါက်ခံခဲ့ရပေါင်းများစွာ ကြုံခဲ့ဖူးတော့ ဂရုမစိုက်စွာ ပြင်ဆင်ထားသည့် အသင့်ရှိနေသော အမူအရာအပြည့်၊ ရှိုင်းဆိုသည့် နာမည်နှင့်လိုက်ဖက်သော မျက်နှာကို နှိုင်း ကြည့်၍ နှာခေါင်းရှုံ့။

"အဲဒီပန်းကိုင်းချိုးလိုက်တော့ မင်းမှာဘာအကျိုးရှိသွားလဲ၊ စည်း





မရှိ ကမ်းမရှိ"

ရှိုင်းက မျက်တောင်တစ်ချက်မှ မခတ်ဘဲ ကြည့်နေရင်း...

"ကျွန်တော့်ကို စည်းကမ်းရှိဖို့ ဘယ်သူမှ သင်မပေးခဲ့ဘူး"

"ဘာ"

နောက်ထပ် ဘာသံက တိုက်ရိုက်စော်ကားခံလိုက်ရတာကြောင့် တုန်ခါထွက်လာခြင်းဖြစ်သည်။

သက်သက်ပြန်ရွဲ့လိုက်တာ၊ ဒီပုံစံ ဒီလောက်အဆင့်ရှိ ့ ကောင်လေးမျိုးက အလွန်မာနကြီးခဲ့သော နှိုင်းမရဲ၏ မျက်နှာလေး ရဲတွတ်သွားသည်။

"ဟေ့ မင်းထွက်သွားလိုက်စမ်း"

ရှိုင်းက လက်နှစ်ဖက်ကို ကိုယ်မှာဆန့်ချကပ်ထားပြီး...

"ကျွန်တော် လမ်းပေါ်မှာရပ်နေတာ မရဘူးလား"

နှိုင်း နှုတ်ခမ်းလေး လွန့်ခနဲ မဲ့ကျသွားပြီး...

"တောက်"

စုတ်စုတ်ပြတ်ပြတ် ဖြူခြောက်ခြောက်ပုံစံနှင့် ရှိုင်းကို ရွံရှာသလို တစ်ချက်ကြည့်ကာ ဖွင့်ထားပြီးဖြစ်သော စက်ရုံဝင်းကြီးထဲသို့ မောင်းဝင်လာခဲ့သည်။

"ယောကျ်ားဆိုရင် လူကြီးလူငယ် ဘယ်လိုလူကိုမှ အထင်မကြီးနဲ့ အလကား"

မေမေပြောနေကျစကား၊ မြင်တိုင်း ကြားလိုက်ရတိုင်း ဟ...နေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲမို့ နှင်း၏ မာနတို့က ယောကျ်ားဆို အကောင်းမမြင်တတ်သော မေမေ့စိတ်နှင့် တစ်ထပ်တည်း...

မျက်မှောင်ကုတ်လျက်နှင့် နောက်ကြည့်မှန်ထဲကို မျက်လုံး ရောက်သွားစဉ်....

“ဟင်”

တံခါးနှစ်ချပ်၏ ရှေ့တည့်တည့်မှာရပ်လျက် သူမ၏ကားကို ငေးမောနေသည့် ရိုင်း။ တံခါးတို့ လုံးဝစေ့ပိတ်သွားလေမှ ပျောက်ကွယ် သွားပါ၏။

ဒီကောင်လေး ဘာလဲ။





အခန်း (၂)

အမြဲတမ်း ပြုံးနေတတ်သည့် ချောသန့်သော မျက်နှာတစ်ခုကို မြင်ယောင်နေမိသည်။

ဦးနေစိုး...

စီးပွားရေးလောကမှာ သူ့ဂုဏ်ပုဒ်တွေက မနည်းမနော၊ အသက်က ငါးဆယ်မပြည့်တတ်သေး၊ ဒါပေမဲ့ အသက်ငါးဆယ်ရုပ်မျိုး မပေါ်ဘဲ ဝတ်စားသွားလာပုံစတိုင်လ်နှင့် လူက ရုပ်ရှင်မင်းသားလိုက်လို့ မမီ၊ ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် အောင်မြင်သည် လူချစ်လူခင်များသည် အထူးသဖြင့် နာမည်ကြီးနေသည်က ပြာပွေတဲ့သူဟု...

“ဒီလူကြီးက နာမည်တွေ ဒီလောက်ပျက်နေတာတောင် ဘာဖြစ်လို့ ဒီလိုကျော်ကြားနေရတာလဲ”

ဒေါ်မြတ်ညို ပြတင်းဘောင်ကို လက်သီးဆုပ်နှင့် ထုပစ်လိုက်ပြီးမှ ဒီဘက်လှည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်က နှုတ်ခမ်းနှင့် ဖိကိုက်ထားသည့် ဆေးတံကို ဖြုတ်၍ မြေးဖြစ်သူကို မော့ကြည့်သည်။

“နာမည်ပျက်ပေမယ့် လူကမပျက်လို့ပေါ့ မြတ်ညိုရယ် နာမည်ပျက်တယ်ဆိုတာ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုနဲ့ တိုက်ရိုက်ပတ်သက်တယ်၊ သွားပုတ်လေလွင့်ပြောနေကြတာဆိုရင် ချီးမွမ်းခုနစ်ရက်ကဲ့ရဲ့ခုနစ်ရက်ဆိုတဲ့ စကားမှန်တယ်၊ ကိုယ်တကယ်မှားလို့ဆိုရင်တော့ ပုပ်ရင်ပေါ် ဟုတ်ရင်ကျော်ဆိုတာမျိုးပေါ့ စီးပွားလုပ်ကြတာ နာမည်နဲ့ပဲ လုပ်ကြလို့ရတာမှ မဟုတ်တာ လူချင်းပေါင်းကြတာ သူကောင်းလို့ သူ့ကိုပေါင်းကြတာ”

စကားဆက်ဖို့ရှိပေမယ့် ဦးတင်က ထိုနေရာမှ ထရပ်ပြီး ဒေါ်မြတ်ညိုကို အကဲခတ်သည်။

“အောင်မြင်ကြတာလည်း ကြိုးစားတဲ့ရလာဒ်ပဲ နေစိုးသိုတဲ့ နာမည်အရဆို ဒီသူငယ်ဟာ အလွန်ကြိုးစားတဲ့သူ”

“ဘဘရယ် ကြိုးစားမှာပေါ့ သားကျွေးမှု မယားကျွေးမှုရှာရတာလေ ယူထားတဲ့ မိန်းမတွေဆိုတာ သောက်သောက်လဲ”

“ဟေ ညည်းက မြင်လို့လား”

ဒေါ်မြညို မျက်နှာပျက်လျက်...

“ပြောနေကြတာပဲ မဟုတ်ပဲ ဘယ်သူကပြောရဲမှာလဲ ဒါမျိုးသူ့ရှေ့ ငြင်းနိုင်လို့လား”

“ငြင်းဖို့က လက်တို့မေးပြီး စွပ်စွဲတဲ့လူရှိမှာပေါ့ကွယ် ကွယ်ရာ





မှာ ပြောကြတာကို ဘယ်လိုလိုက်ငြင်းမလဲ”

ဒေါ်မြတ်ညို မျက်နှာမဲ့သွားသည်။ ဘဘကြောင့်လည်း ခက်ပါသည်။ သူများမကောင်းကြောင်းပြောတာ မကြိုက်။ တစ်ဖက်သတ်ယူဆဆုံးဖြတ်တာကို လက်မခံ။

ဘာလုပ်လုပ် မှူမှူတတဖြစ်ပါစေ ဆိုတာ ဘဘရဲ့ နှုတ်ရိုးစကားဖြစ်သည်။ ခက်နေသည်က ဒေါ်မြတ်ညိုတို့ ညီအစ်မလေးယောက်လုံးက တယူသန် ကိုယ်ပြောတာမှန်သည်။ ကိုယ်လုပ်တာမမှားဆိုသည့်စိတ်တွေကိုယ်စီရှိ၏။ သို့ဖြင့် ညီအစ်မလေးယောက်အနက်မှ အငယ်ဆုံး မြန္တာညို မွေးခဲ့သော သမီးလေး နှိုင်းမရှာတောင် ထိုကဲ့သို့ အယူအဆမျိုးရှိသည်။

လူငါးယောက်ကို ထိန်းကျောင်းဦးစီးခဲ့သည့် မြေးလေးယောက်၏ အဘ၊ မြစ်တစ်ယောက်၏ ဘိုးဘိုး။ အသက်ရှစ်ဆယ်နား ကပ်နေပြီဖြစ်သော ဦးတင်နှင့် မိန်းကလေးငါးယောက်၏ ဆန့်ကျင်နေသော အယူအဆ ဆုံးဖြတ်ချက်က အမြဲတမ်းကန့်လန့်...

သို့သော် ငါးယောက်လုံးမှာ နာခံတတ်သည့် အကျင့်မရှိပေမယ့် မျက်နှာကြည့်၍ ပြန်ခံပြောခဲ့တာမရှိ။

နောက်ဆုံး ‘ဘဘကလည်း’ ဆိုသည့် စိတ်ပျက်သံနှင့်တောင် ပြန်မပြောခဲ့ပေ။ သို့ပေမယ့်လည်း ပြောဖြစ်ကြသည့် စကားလုံးတိုင်းကတော့ ဘယ်သောအခါမှ ညီညွတ်ခဲ့သည်မရှိ။

ဦးတင်ကလည်း မြေးမတွေ သူပြောတာကို ပြန်ခံမပြောပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နာခံသွားကြသည်မဟုတ်တာကို သိသည်။ ဘာပဲဖြစ်ဖြစ် သူကလည်း အုပ်ထိန်းသူပီပီ ဆုံးမဖို့ဝတ္တရားရှိသည့်အတိုင်း အသက်ရှင်နေသရွေ့တော့ ပြေနပြဆုံးမသွားမှာပဲဖြစ်၏။

ဘာမှမပြောဘဲ ငြိမ်သက်စွာထိုင်နေကြသည့် မြေး...တွေကို [illegible]တ...ငဲ့ကြည့်၏။ ပြီးမှ ဆက်၍...

"သူအောင်မြင်တာကို ဘယ်လိုကြိုးစားလို့ အောင်မြင်နေသလဲ ဆိုတဲ့ အတုယူချင်တဲ့ မျက်လုံးနဲ့ကြည့်ပါ မပုတ်ခတ်ပါနဲ့"

"မပုတ်ခတ်ပါဘူး မမရယ် ကိုယ်နဲ့မဆိုင်လို့ကတော့ မြေပြိုနေတာတောင် လှည့်မကြည့်ဘူး၊ ကိုယ့်ခြေထောက်အောက်မှာ ခြေတစ်ဖဝါးစာရှိနေပြီးရော ခုဟာက သူလုပ်သွားသမျှ ကိုယ့်ဝွင်တွေကိုချည်းပဲ ဆွဲစားသွားတာမို့လို့"

"ဒါကတော့ သူက ယောကျ်ားကိုး"

ဒေါ်မြတ်ညိုက 'ဘာဘပြောလိုက်ရင် ဒါပဲ'ဆိုသည့် လက်မခံသော မျက်နှာချက်ချင်းဖြစ်သွားသည်။

"ယောကျ်ားမိန်းမ မဟုတ်ပါဘူး ဘဘရယ်၊ သူက မျိုးရိုးစဉ်ဆက် ချမ်းသာခဲ့တဲ့လူ သုံးနိုင်ဖြုန်းနိုင်တယ် ရှုံးလည်း ရှုံးနိုင်တယ်၊ လူမသိဘူး၊ သမီးတို့က မျိုးရိုးနဲ့ ချမ်းသာခဲ့တာ မဟုတ်ဘူး၊ ဒါပေမဲ့ အခုချိန်မှာ သူအောင်မြင်သလို သမီးတို့ အောင်မြင်နေတာပဲ သူ့လုပ် ငန်းနဲ့ အပြိုင်ရင်းနှီးထားနိုင်တယ်၊ အဲဒါ မိန်းတွေပဲလေ"

ဦးတင်က ခေါင်းညိတ်၍ ဆေးတံကို ဆေးဖြည့်နေသည်။





"အခုဟာက အရှက်မရှိ မိန်းမတွေကို ဖြတ်တက်ဖို့ကြိုးစားတာ၊ တကယ်ဆို သူရသွားတဲ့ ကာစတန်မာတွေက သမီးတို့ဆီကိုလာတာ သိရက်နဲ့ ဖြတ်လုတယ်"

"ဘယ့်နှယ်ကွယ် သူဦးလို့ သူစားတာပါ၊ ညည်းတို့ဝယ်မယ်ဆို ဝယ်လေ ကိုယ်ကပိုက်ဆံမချေရသေးဘဲ ရပ်စဉ်းစားနေတုန်း သူလိုချင်[illegible] သူဝယ်လိုက်တာ ဖြတ်လုတယ်ဖြစ်စရာလား ဥပမာ ပြောပြတာ နေရာတကာမလိုတဲ့ မျက်လုံးနဲ့ မကြည့်နဲ့ အထူးသဖြင့် သူက ယောကျ်ားလေး မိန်းကလေးနဲ့ယှဉ်ရင် အခွင့်အရေးတွေ အများကြီးပိုတာပေါ့"

မာနကြီးလွန်းသည့် ဒေါ်မြတ်ညိုက မပြောရဲပေမယ့် မကျေလည်သေးသည့် မျက်နှာနှင့်နေ၏။

"အနီးစပ်ဆုံးပြောရရင် ဧည့်ခံပွဲတက်ကြတာချင်းတူရင်တောင် ဒီထဲမှာအရေးကြီးတဲ့ ပုဂ္ဂိုလ်ပါလာရင် တွေ့ဖို့ဘယ်လိုကြိုးစားမလဲ၊ အစီအစဉ်မရှိကြဘဲ တွေ့ကြပေမယ့် သူက ကိုယ့်အတွက် အရေးပါတဲ့ လူဖြစ်နေရင် သူကိုယ့်ဘက်လှည့်လာအောင်စောင့်ရမယ်၊ ဒါမှမဟုတ် သူနဲ့သွားပြီး ဝိုင်းဖွဲ့သောက်တယ်၊ ကိုယ့်ကိုယ်ကို စမိတ်ဆက်မယ်၊ ဒါမှမဟုတ် ညဥ့်နက်အောင် စောင့်နေပြီးပြောဆိုဖို့ ကြိုးစားမယ်ပေါ့"

ဒေါ်မြတ်ညို ငြိမ်နေ၏။

"နောက်ဆုံးကွယ် ယောကျ်ားချင်းက အပျော်ကြိုက်တဲ့လူ အပျော် အရက်ကြိုက်တဲ့လူကို အရက်နဲ့ နိုက်ကလပ်ထဲထိ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားလို့ရတယ်၊ မိန်းကလေးက ဒီအခွင့်အရေးရမလား”

ဦးတင် ဘာစကားနဲ့ ရှေ့ဆက်တော့မည်ကို ဒေါ်မြတ်ညိုသိသည်။ ဒါပေမဲ့ ရုတ်တရက်ဘယ်လို စကားနဲ့ ပြန်လည်ချေပရမည်ကို စဉ်းစားမရဘဲရှိရာ....

“ဘဘ ပြောချင်တာက မိန်းကလေးတွေချည်း လုပ်ရှားကြိုးစားနေမယ့်အစား အလုပ်ထဲမှာ ယောကျ်ားတွေလည်း သူ့နေရာနဲ့သူရှိသင့်တယ်ဆိုတာပဲ”

“အခုလည်း ရှိတာပဲ ဘဘ အလုပ်သမားတွေက ယောကျ်ားတွေပဲ”

“ဘယ်ဟုတ်မလဲ ဘဘ ပြောတာက တိုင်ပင်ဖို့ ဆုံးဖြတ်ဖို့”

ထိုစကားသို့ရောက်သော် တစ်ချိန်လုံးငြိမ်သက်နေခဲ့သော ဒုတိယမြေး ဒေါ်မြတ်လတ်က ခေါင်းထောင်လာ၏။

“ယောကျ်ားတွေက အဲဒီလောက်ထိ အရာသွင်းဖို့ကောင်းသလား ဘဘ၊ မိန်းကလေးဆို သူတို့က ရက်တတ်ရင်ခြောက်မယ်၊ မကြောက်တတ်ရင် မြှောက်မယ် ဒါပဲ သိတာနဲ့ငြိဖို့ ကြိုးစားမှာပဲ ပြီးတော့ နောက်ထပ်တစ်ယောက်”

“မဟုတ်သေးပါဘူးကွယ် ယောကျ်ားနဲ့မိန်းမ ဘယ်လိုကွာဟမှုရှိတယ် ဘယ်လိုလိုက်ဖက်မှုရှိတယ်ဆိုတာ မြင်တတ်အောင်ကြည့်စမ်းပါ ညည်းတို့အတွက် ဘဘ အသေမဖြောင့်အောင် မလုပ်ကြစမ်းပါနဲ့”

ဦးတင်မျက်နှာအိုစာသည်ထက်ပိုကာ မျက်မှောင်ကုပ်၍ ရှုံ့





မဲ့နေ၏။

“လုပ်တိုင်းဖြစ်နေသေးတဲ့ အချိန်မှာတော့ မာနက သိပ်ကို အဓိပ္ပာယ်ရှိနေမှာပဲ ကိုယ့်ဘဝကို မာနထားပါ၊ တယူသန်နေတဲ့ စိတ်ကို ထပ်ပြီး မာနနဲ့ အရောင်ဆိုးလိုက်ရင် ဘယ်လိုတွေ ဖြစ်ကုန်မလဲ”

“ဒါကလည်း ဒါပေါ့ ဘဘရယ်၊ ဘဘပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ လတ်တို့အသက်တွေပဲ လေးဆယ်ကျော်နေပြီ ဘဝအတွက် လိုအပ်တဲ့ ရင့်ကျက်မှုတွေမရှိနိုင်သေးဘူးတဲ့လား”

“ကွယ် ရင့်ကျက်တာ နုငယ်တာတို့ကိုက တရားက ရာနှုန်း နဲ့ အမှတ်ပေးသွားမှာမှ မဟုတ်တာ၊ ကံဖြစ်လာရင် အသက် တောင်မှ သေရသေးတာ ညည်းတို့တွေ လုပ်သမျှ ကိုင်သမျှ အဆင်မပြေဖြစ်လာတဲ့အခါ အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်တဲ့ အဲဒီအခါမှာ လက်လှုပ်တိုင်းငွေမဖြစ်တော့ဘူး၊ အဆင်ပြေနေတဲ့ အချိန်မှာ အဓိပ္ပာယ်မဲ့ အော်ဆဲလိုက်မိရင်တောင် သူက ဒီလိုပဲ ပြောတတ်တာဆိုပြီး အပြုံးပျက်မှာမဟုတ်ဘူး အဆင်မပြေတုန်း သွားဆဲကြည့်ပါလား မိုက်ရိုင်းလိုက်တာ မိမဆုံးမ ဖမဆုံးမဆိုတာတွေ ထွက်လာပြီ”

ဦးတင်က စကားစပြီဆို ဒီလိုပဲ ရှည်ရှည်ဝေးဝေး ပြောမည်။ ပြီးတော့ လမ်းကြောင်းက မိန်းကလေးတွေချည်း မဖြစ်သင့်ဘူးဆိုသော စကားဖြင့် အဆုံးသတ်သွားမည် ဒါပါပဲ။

“ဆိုတော့ ဘဘပြောချင်တာက ညည်းတို့ရင့်ကျက်မှုတွေ ရှိနေပြီဆိုရင် လူကဲခတ်နိုင်ပြီပေါ့၊ ဘာပဲဖြစ်ဖြစ် ပြောဆိုတိုင်ပင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လူယုံတော့ ထားသင့်တယ်”

“လူယုံဆိုပြီး တိုင်ပင်ရမယ် သွားလာရမယ် လျှို့ဝှက်ထားကြရမှာတွေရှိမယ့် လုပ်ငန်းတွေက အပြိုင်အဆိုင်တွေ ဘဘရဲ့ အဲဒီလို အခွင့်အရေးတွေရလာရင် ဒီလူရော ဘယ်လောက်ယုံရမှာလဲ၊ သမီးတို့က ဘယ်သူမှ အိမ်ထောင်ရှိကြတာ မဟုတ်ဘူး၊ ပြီးတော့ ဟိုတုန်းကတည်းက ‘မြတ်ရင်ခွင်’ဟာ မိန်းမတွေ ထူထောင်အောင်မြင်နေတဲ့ ကုမ္ပဏီ၊ နာမည်တစ်လုံးနဲ့ နေခဲ့တာ ရာဇဝင် ပျက်သွားမှာပေါ့”

ဒေါ်မြတ်ညိုက လေသံပျော့ပျော့နဲ့ပြောတာပေမယ့် ဒီကိစ္စကို ဘယ်လိုမှ လက်မခံနိုင်တာ မျက်နှာမှာပေါ်လွင်အောင်ထင်၏။

“ဟုတ်တယ် ဘဘ ယောကျ်ားလေးလူယုံထားဖို့ကိစ္စကလွဲရင် ဒီပြင်ဟာ ဘဘအကြံပေးပါ၊ အဲဒါကြီးကတော့ မဟုတ်သေးပါဘူး”

ဦးတင် ခေါင်းခါရင်း သက်ပြင်းချသည်။

လေးယောက်အပြင် ငါးယောက်မြောက် နောက်ပေါက်လေး ကတောင် အရွယ်လေးရလာတော့ ထွက်လာတာ တစ်လေသံတည်း။

ရည်းစားမထားဖို့ အိမ်ထောင်ရေးကို စိတ်မဝင်စားဖို့ အမေတွေက ဆုံးမတိုင်း...

“စိတ်ဝင်စားရအောင် အထင်ကြီးလောက်စရာ ယောကျ်ား ရှိလို့လား”

တဲ့၊ ကိုယ့်အတွေးနဲ့ကိုယ် ခေါင်းညိတ်လိုက်မိပြန်သည်။ တစ်ထိုင်တည်းမှာပဲ ခေါင်းခါလိုက် ခေါင်းညိတ်လိုက်ဖြစ်နေသော ဦးတင်





ကို ဒေါ်မြတ်ညိုတို့ နားမလည်သလို လှမ်းကြည့်ကြသည်။

သေချာသည်က ဘဘ စကားဆက်ပြောမှာ မဟုတ်တော့ဘူး ဆိုတာပဲဖြစ်၏။

ပြောမရလျှင် နှုတ်ဆိတ်သွားတတ်သည့်ဦးတင်က ဆိုဖာမှာ ခပ်လျော့လျော့မှီနေလိုက်ပြီး ဆေးတံဖွာ၏။

အံမဝင်ဂွင်မကျခြင်းများ ဤမှာ တစ်ခန်းရပ်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

ညီအစ်မလေးယောက်ရှိပေမယ့် ဒေါ်မြခွာညိုက ဝိုးလ်ချဲနှင့် နေရသူမို့ စီးပွားရေး လူမှုရေး သူ့ကို ဘာမှမပူပင်စေရဘဲ အထူး အခွင့်အရေးပေးထားကြ၏။

အငယ်ဆုံးညီမလေးလည်းဖြစ်သည့်အပြင် နှလုံးသားဒဏ်ရာနှင့် ကိုယ်တိုင်က မသန်စွမ်းရှာသူ...

ပြီးတော့ သူမသည် တူမလေး နှိုင်းမရကို မွေးဖွားခဲ့သည့် တူမလေးရဲ့ မိခင်၊ အစ်မသုံးယောက်တို့သည် ဒေါ်မြခွာညိုကိုရော နှိုင်းမရကိုပါ ဂရုစိုက်အလိုလိုက်လွန်းကာ ကျန်ခဲ့သော အတိတ်က ညစ်နွမ်းမှုအားလုံးကို တစ်စုံတစ်ယောက်ကမှ ပါးစပ်ထဲမထည့်။

သူများပြောတာလည်း မကြိုက်...

"ခွာညိုက မွေးတာလေ ကျွန်မတို့ တူမလေး နှိုင်းမရ"

မသိတဲ့ ဧည့်သည်တစ်ချို့ကမေးလျှင် ဒါပဲဖြေသည်။

သူ့အဖေရောဟုမေးလျှင် "သေပြီ" နှစ်လုံးကို မျက်နှာတင်း





တင်းနှင့် တစ်ဖက်လှည့်ပြီး ဖြေတတ်၏။

ရင်းနှီးကြလို့ စပ်စပ်စုစုမေးလာလျှင်...

"နှိုင်းလေးကို သူ့အမေက မွေးတာလေ အဖေဘယ်ရှိမလဲ ခွာညိုနိုင်ငံခြားကို ပညာတော်သင်သွားတုန်းက ဖန်ပြွန်နဲ့ သန္ဓေသား ယူတဲ့နည်းကို သုံးထားတာ၊ ကျွန်မတို့က ယောကျ်ားမလိုချင်ပေမယ့် မျိုးဆက်တုံးမှာစိုးလို့"

ထိုသို့ ရယ်မော၍ ဖြေလိုက်လျှင် ကြားရသူများက ယုံကြည် မှတ်ရတော့မလိုလို၊ နောက်ပြောင်ပြောနေတယ်လို့ပဲ ယူဆလိုက် ရမလိုလို...

ထပ်လည်းမမေးကြတော့ဘဲ ကြာတော့လည်း နှိုင်းမရနှင့် ဒေါ်မြခွာညိုကို စိတ်ဝင်စားမှုတွေလည်း လျော့ပါးပျောက်ကွယ် ခဲ့ကြ၏။

ဘာပဲဖြစ်ဖြစ် အကြီးဆုံးဒေါ်မြတ်ညိုမှ ဦးဆောင်၍ ဒေါ်မြတ် လတ်၊ ဒေါ်မြတ်သက်တို့သုံးယောက်ကတော့ ကိုယ့်ခရီးကိုယ်သွား ဘယ်မှဖွဲ့ဆင်းမနားဆိုသော ကိုယ်ဆောင်ပုဒ်နဲ့ကိုယ် လုပ်ကိုင်ကြ စည်သမျှ ထိုသုံးယောက်နှင့် ဦးခေါင်းသုံးလုံးသည်သာ...

"ဘယ်လိုလဲ လတ်ရယ် ဒီလမ်းထိပ်ရောက်တာ နှစ်ခေါက် ရှိသွားပြီ သိပါတယ်ဆိုပြီးတော့ ဘယ်တော့ရောက်မှာလဲ"

ကားမောင်းရင်း စိတ်မောနေသည့် ဒေါ်မြတ်လတ်က ကားကို နောက်ထပ်လမ်းသွယ်တစ်ခုရှေ့မှာရပ်၍ ဝင်ရကောင်းနိုး ပြန်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုးနှင့် ဒေါ်မြတ်ညိုပြောသည်ကို စိတ်မဝင်စားသေး။

“ဒီလမ်းထဲပဲ ဝင်လိုက်တာ ကောင်းပါတယ်”

ဟု တစ်ယောက်တည်းပြောသလို ရေရွတ်နေသည်။ ဒေါ်မြတ်ညိုက သေချာမကြားပေမယ့် ရပ်ပစ်တော့မလို တုံ့နှေးသွားသည့် ကားနှင့် ဒေါ်မြတ်လတ်၏ နှုတ်ခမ်းလှုပ်ရှားသွားတာကို ငုံ့ကြည့် ခန့်မှန်းကာ...

“ဟဲ့ မသေချာရင်လည်း ဒီဘက်ထိပ်က စတိုးဆိုင်မှာ ဝင်မေးကြည့်မလား”

“ဟာ ဘာလို့မေးရမှာလဲ မမြတ်ရဲ့ ကိုယ်ကခြံမှားမေးမိရင် ခရီးသွားဟန်လွှဲဖိတ်ခဲ့သလိုမျိုးလုပ်မှာ တော်ကြာ လမ်းထိပ်မှာ သူ့ကို စုံစမ်းသွားတာ တစ်ယောက်ယောက်ပြန်ပြောရင် ဘယ်လိုလုပ်မလဲ”

ဟုတ်သား၊ ဒေါ်မြတ်ညို ကားထဲကနေ ဟိုကြည့်ဒီကြည့်နှင့် စိတ်ထဲမှာ ရေရွတ်မိသည်က...

“ပြောလိုက်ရင် သူဆရာကြီး”ဟု

ဘယ်သွားသွား လတ်က ကားမောင်းတာများသည်။ အပြင်ထွက်တာများတာလည်း လတ်နဲ့ သူမဘဲဖြစ်သည်။ သက်ကတော့ အမြဲလိုလို အလုပ်ထဲမှာပဲ နေတဲ့သူ၊ ဒေါ်မြတ်ညို ကားမောင်းတတ်ပေမယ့် မမောင်းခဲ့လွန်းလို့လည်း စတီယာရင်ကိုင်မိလျှင်တောင် စိတ်က သိပ်မရဲချင်တော့...

ဒေါ်မြတ်လတ်က ဖြစ်ချင်ရာဖြစ် ကားကို လမ်းထဲကွေ့ဝင်





လိုက်ပြီးမှ ဘက်ခေါက်၏။

“မမြတ်က လူကို ဒေါသဖြစ်နေတယ် အဲဒီ ဦးနေစိုးဆိုတဲ့ လူကြီးက ရန်ကုန်တစ်မြို့မှာ ရှိသမျှ သူမပိုင်တဲ့နေရာကို သိပ်မရှိဘာ၊ သူ့ကိုတွေ့လို့ရတဲ့ လိပ်စာက ဘာမှ ရေရေရာရာ မရှိဘူး၊ ချိန်းထားတာ မဟုတ်ဘဲ တွေ့ဖို့မလွယ်တဲ့လူ”

“ဒါဆိုလည်း အကြံအဖန်တွေလုပ်မနေနဲ့တော့လေ ‘မြတ်ရင်ခွင်’ ရဲ့ နှစ်ပတ်လည်အခမ်းအနားနဲ့ ကျွန်မတို့ ဘဘရဲ့ အသက် ခုနစ်ဆယ့်ကိုးနှစ်ပြည့် မွေးနေ့တစ်ပေါင်းတည်း ကျင်းပမယ့်ပွဲကို ကြွပါလို့ ပေါ်တင်ပြောပြီးသာ ဖိတ်လိုက်တော့”

“အို ဖိတ်စရာလား ဒီလိုလူမျိုးကို လတ်တို့က အတိအလင်း စပြီး မိတ်ဆက်ဖို့မလိုဘူး၊ ကိုယ်က မဖြစ်လွန်းလို့ ကိုယ့်အကျိုးအတွက် ရောနှောပူးပေါင်းဖို့ ကြိုးစားရတာ ကိုယ့်အကျိုးမဖြစ်သေးဘဲ သူ့ပဲ အလကား နာမည်ကြီးဦးမယ်”

“ဒါဆိုလည်းလုပ်အေး ရှာသာရှာပေတော့ ဒီနေ့တွေ့ရင် ပြီးရော”

ဒေါ်မြတ်ညိုက စိတ်ခုံးခုံးချလိုက်သလို မှန်တွေပြန်တင်ပြီး လေအေးစက်ဖွင့်သည်။

ပြီးတော့ ရေသန့်ဘူး ဖွင့်သောက်၏။

ဒေါ်မြတ်လတ်ကတော့ ကားကိုတအိအိတိုးဝင်ရင်း စိတ်ရော မျက်လုံးရော အငြိမ်မနေနိုင်....

မောပါဘိတော့...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

ရေထဲမှာ ငါးလေးတွေ ရောင်စုံကူးနေတာကို ထိုင်ကြည့်ရင်း တိတ်ဆိတ်ခြောက်သွေ့နေသည့် တိုက်ကြီးကိုခြေရာ အားလုံးကိုပါ ရိုင်း မေ့လျော့သွားခဲ့၏။

ပြုံးသည်ဆိုသော ကောက်ကွေ့ကြောင်းတို့ဖြစ်ပေါ်ရန် အလွန် ခဲယဉ်းသည့် နှုတ်ခမ်းပါးတို့မှာ လှုးလွန့်လှုပ်ရှားလာပြီး...

သွားတန်းလေးတွေပါပေါ်အောင် ရယ်လိုက်မိကာ ရိုင်း၏ ညာဘက်လက်တစ်ဖက်က ရေထဲကို စွပ်ခနဲ ရောက်သွားသည်။

အလွန်လှသော လှုပ်ရှားမှုလေးများနှင့် ယိမ်းနွဲ့ကူးခတ်နေ ကြသည့် ရောင်စုံငါးလေးတွေ ဖျိုးဖျိုးဖျတ်ဖျတ် မြန်ဆန်စွာ ပြေး လွှားကုန်သည်။

သူ့လက်နှင့် လွတ်ရာသို့ ပြေးကပ်ရှောင်ရှားကြ၏။ လက်နှင့် ထိသွားတာလည်း ရှိသည်။





လုံးဝမထိအောင် ရှောင်နိုင်သည့် ငါးလေးတွေလည်း ရှိ၏။ ရိုင်း အလွန်သဘောကျသွားသည်။

ပန်းခရမ်းရောင် တလက်လက်တောက်နေသော ရှည်သွယ် သည့် ကိုယ်လုံးနှင့် ငါးကလေးကို ပို၍စိတ်ဝင်စား၏။ ထိုငါးကလေး သည် နှုတ်ခမ်းမွေးတွေလည်းရှိ၏။

မျက်ခုံးမွေးတို့လည်း ရှည်သည်။ အမြီးများမှာလည်း မင်းသမီး ထိုင်မသိမ်းလို ပါးလျဖြန့်ဝဲနေသော ရေယက်ပါ၏။

မျက်လုံးလေးတွေက မဟူရာကျောက်ပွင့်လေးတွေလို မှောင်လဲ့ လက်တောက်နေပြန်သည်။

ရိုင်း၏လက်သည် ထိုငါးကလေးနောက်ကို သာသာလေးလိုက် နေ၏။ ငါးလေးက အခြားငါးတွေထက် အလျားပိုရှည်ကာ လှလည်း လှ၍ ထင်သည်။ သွက်သွက်လက်လက် မကူးနိုင်။

ရိုင်းကလည်း ဆုပ်ဖမ်းဖို့မဟုတ်ဘဲ လက်နဲ့ မထိတထိလိုက် ကပ်နေရုံပဲဖြစ်သည်။ ထိုစဉ်....

"အို.. အမလေး...ဟဲ့..ဟဲ့...နေမရိုင်း...နေမရိုင်း နင့်လက်ထုတ် လိုက်စမ်း"

အသံက စူးစူးဝါးဝါး...

ပြေးလာတာကိုလည်း သိသည်။ ဒါပေမဲ့ ရိုင်းလှည့်မကြည့်ပါ။

ဆုပ်ဖမ်းဖို့ မရည်ရွယ်သော ငါးကလေးကို ဖမ်းဆုပ်ထားလိုက် ပြီး လက်ကို ရေထဲကမထုတ်ဘဲ ငြိမ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ပြောနေတာ မကြားဘူးလား"

ဘေးကိုအပြေးရောက်လာကာ ရိုင်းအလွန်မုန်းသော ရေမွှေးနံ့ပြင်းပြင်းနှင့် တိုကောက်ကောက်ဆံပင်တွေရှိသော မာယာ၏ လက်တစ်ဖက်သည် ရိုင်း၏ပခုံးတစ်ဖက်ကို ဖျန်းခနဲ...

"ကဲ.. အဲဒါပြောရင် ဂရုမစိုက်ဦးလေ"

ကုလားထိုင်ပေါ်ကနေ ရိုင်းကိုယ်လည်း ယိုင်သွားသည်။ လွဲရိုက်ခံလိုက်ရသည့် ပခုံးတစ်ဖက်လုံးလည်း အောင့်တက်သွား၏။

ရိုင်း ငါးကိုဆုပ်ထားဆဲ၊ လက်ကိုလည်း ရေထဲကမထုတ်။ တလက်လက်တောက်နေသည့် မျက်လုံးများနှင့် မာယာ့ကို စူးစူးဝါးဝါး မော့ကြည့်သည်။

မာယာသည် သူ့မျက်လုံးထဲမှာ ဘယ်သောအခါကမှ မလှပခဲ့ပါ။ ဆူးလိပ်များနှင့် သိမ်းလိပ်ထားသည့် ဆံပင်တွေမှာ တချို့က ထိုးထိုးထောင်ထောင်...

ရှိသင့်တာထက် ပိုကျယ်သော နဖူးပြင်က မောက်ချင်သေးသည်။ ခုလို ရေချိုးပြီးစမှာဆို မျက်ခုံးမွှေးနေရာမှာ ပြောင်သလင်းခါနေတတ်ကာ ဘယ်တော့မှမရှိသားခဲ့သည့် မျက်လုံးတစ်စုံက အချိန်ပြည့် ဖျပ်ဖျပ်ခါနေ၏။

မာယာသည် ချိုင်းအောက်မှ သိုင်းချည်ထားသည့် တဘက်ပွပွကို လက်တစ်ဖက်နှင့် ဖိဆုပ်ထားပြီး ရိုင်းကို သတ်ပစ်ချင်အောင် မုန်းတီးနေသည့်မျက်လုံးတို့နှင့် စိုက်ကြည့်၏။





ပြီးတော့ အလှမွေးငါးကန်ထဲကို ယူကျုံးမရ နှမြောတသစွာ ကြည့်ပြန်ကာ မျက်လုံးတစ်စုံတည်းမှာပဲ ရှုပ်ယှက်ခတ်သွားသည်။

"ကြည့်စမ်း ပြောလို့ပိုလုပ်ပစ်တာ၊ ဒီငါးတွေ တစ်ကောင် ဘယ်လောက်ပေးရလဲသိလား။ ဒီရေတွေကို ဘယ်လိုသန့်စင်အောင် ထားရလည်း နားလည်ရဲ့လား လူရိုင်း။ နင်ဟာ နာမည်ထက်ကို လူကပိုရိုင်းသေးတယ်၊ နေမရိုင်းမဟုတ်ဘူး၊ နေထက်ရိုင်း၊ နေထက် ပိုပူတယ် နင့်ကိုမြင်တိုင်း ငါ့ရင်ထဲမှာ မီးတောက်တယ် တောက်"

"ခွမ်း"

မာယာသည် တက်ခေါက်လျက် ငါးကန်ကလေးကို အားရှိပါးရှိ တွန်းချပစ်လိုက်သည်။

ရိုင်းက ငါးတစ်ကောင်ကို ဆုပ်၍ထိုင်နေဆဲ...

"ပြောစမ်း ဘာလာလုပ်တာလဲ ဒီကို ဘာလာလုပ်တာလဲလို့"

"ဖေဖေ့ဆီလာတာ"

"ဘာ ဖေဖေလဲ ကိုကို့မှာ သားသမီးမရှိဘူး"

"ဘာလို့ မရှိရမှာလဲ ကျွန်တော်က ဖေဖေ့သား"

ရိုင်း ဆတ်ခနဲ ထရပ်လိုက်သည်။

ဒေါက်မြင့်ဖိနပ်ကူမှ ကြည့်ကောင်းရှုကောင်းသော မာယာ့ အရပ်ရှေ့မှာ ရိုင်းက အရွယ်မရောက်သေးပေမယ့် မြင့်မြင့်မားမားရှိ၏

မာယာက ရိုင်းကို မဲ့ရွဲ့ကြည့်ကာ...

"ဟွန်း မင်းအဒေါ်တွေ မင်းကိုအပြီးခေါ်ထုတ်သွားခဲ့ပြီဘာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက သူတို့အမြင်မှာ မင်းနဲ့ကိုကိုဘာမှ မဆိုင်တော့တာ၊ ပြောလည်းပြောသွားတယ်တဲ့ ကလေးကို မင်းပြန်လာခေါ်ဖို့ စိတ်မကူးနဲ့တော့ဆိုတာ အဲဒါတွေ ငါအားလုံး စုံစမ်းပြီးမှ ကိုကို့ကို လက်ထပ်ခဲ့တာ၊ ခုမှ ဆွေမျိုးလားမစပ်နဲ့ သွား ခုထွက်သွား ငါ့အိမ်မှာ ဆူပူသောင်းကျန်းနေပါတယ်ဆိုပြီး ရဲကိုဖုန်းဆက်လိုက်ရင် မင်းဘာဖြစ်သွားမလဲ နားလည်လား"

"ခင်ဗျားကြီး"

ရိုင်း အသက်ရှူပြင်းလာကာ ကိုင်ထားသည့် ငါးနှင့်မာယာ့ ရင်ဘတ်ကို လွှဲပေါက်ပစ်လိုက်သည်။

"ဖမ်း"

"အား"

မာယာ စူးစူးဝါးဝါး ထအော်သည်။

ချက်ချင်းပဲ ရိုင်း၏ပါးကို တုံ့ပြန်ရိုက်ချပစ်လိုက်၏။ ရိုင်း နောက်ဆုတ်ရှောင်သည်။

ပြီးတော့ ဒေါသနှင့် ကုလားထိုင်ကို မြောက်ခနဲပါလာအောင် မယူပြီး အားရှိပါးရှိ လွှဲသည်။

"လူလေး မြေး မလုပ်နဲ့ မလုပ်ရဘူး"

အပြေးအလွှား ဝင်တားသည့်အသံသည် လူနှင့်ထပ်တူ ရိုင်းကလည်း နည်းနည်းမှ ထိန်းချုပ်ဖို့ စိတ်မကူးသောကြောင့် ရိုက်ချက်က ကြားဝင်လိုက်သူ၏ ပခုံးသို့ အရှိန်တစ်ဝက်ခန့်နှင့် ဖြောင်း





ခနဲကျလေသည်။

"ဘိုးဘိုး"

ရိုင်း ကုလားထိုင်ကို လွှတ်ချလိုက်ကာ ယိုင်ဆင်းသွားသည့် လူကြီးကို ပြေးဆွဲ၏။

ဒါတောင် ဘိုးဘိုးဝင်ရပ်လိုက်သည်မှန်းသိ၍ လက်ကို ပြန်ရုတ်ဖို့ထိန်းလိုက်သေးသည်။

ရိုက်ချလိုက်သည့် အရှိန်အတိုင်းဆို မလွယ်။

"ဘိုးဘိုး"

ဦးချစ်က ပခုံးတစ်ဖက်ကို ဖိဆုပ်ထားလျက်နှင့် ရှုံ့မဲ့ညည်းညူနေ၏။

"အရိုင်းအစိုင်း ကလေကချေလေး နှင့်ကို ငါ ရဲလက်အပ်ပစ်မယ်"

"မိန်းကလေး မာယာ မလုပ်ပါနဲ့ မလုပ်ပါနဲ့ကွယ်"

ဦးချစ်က ဖုန်းဆီလျှောက်သွားသည့် မာယာနောက်ကို ခပ်ယိုင်ယိုင်နှင့် မီအောင်လိုက်၏။

"မလုပ်လိုက်ပါနဲ့ မောင်စိုးမျက်နှာကိုထောက်ပါ၊ ဒီကလေးလေးက သူ့ရဲ့သားဆိုတာ ထည့်တွက်ပါဦးကွယ်"

မာယာက စိတ်ဆိုးမာန်ဆိုးနှင့်ရပ်ကာ လက်နှစ်ဖက်ကို ဆောင့်ခါလိုက်၏။

"ဘာကို ထောက်ရဦးမှာလဲ ခုနကသာ ဦးချစ်ရောက်မလာ[illegible] မာယာ့ခေါင်း ခုလောက်ဆို ရှစ်စိတ်လောက်ကွဲနေပြီ သူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စားလေး နှင့်ကို ငါဘယ်တော့မှ မကျေဘူး သွား ခုထွက်သွား သွားလေ"

"လာ..လူလေး"

ဦးချစ် ကိုယ့်ဒဏ်ရာကို ဂရုမစိုက်နိုင်ဘဲ သတ္တိမကြောင်တတ်သည့် ရိုင်းပါးစပ်က ပတ်ခနဲစကားတစ်ခုခု ထွက်ကျမလာမီ ဆွဲဖက်၍ ခေါ်ထုတ်လာခဲ့သည်။

"ဦးချစ်နော် ခြစောင့်ဖြစ်နေပြီး အရိပ်သုံးပါးမသိတတ်ဘူး၊ နောက်ထပ်တစ်ခါ ဘယ်သူလာလာ မာယာမသိဘဲ တံခါးဖွင့်ပေးကြည့် ဟွန်း နောက်တစ်ခါဆိုရင် သည်းမခံဘူး၊ အမျိုးယုတ်လေး"

မာယာက လက်သီးနှစ်ဖက်ဆုပ်၍ အာခေါင်ခြစ်အော်သည်။ အလုမ်းဝေးလာခဲ့သော်လည်း ပြောသမျှ စကားတွေအားလုံးက ကိုယ်မှာ ရိုက်ပုတ်ထုထောင်းသွားကြသည်။

မာယာအော်ဟစ်ကျန်ခဲ့သမျှ စကားတွေကို ရိုင်းကြားကာ တကော်ခေါက်၏။

သူ၏ခေါင်းမှ သိုင်းဖက်၍ နှုတ်ခမ်းများကိုပါ ဖိပိတ်ခေါ်ယူသွားခဲ့သော ဘိုးဘိုးလက်ထဲမှာ နာကြည်းခံခက်စွာ စိမ့်ထွက်လာသော မျက်ရည်နှစ်စက်သည်....

ꩤꩤꩤ





အခန်း (၅)

"မင်းအဖေကိုလည်း မေတ္တာမပျက်နဲ့ ဆိုးတဲ့လူကိုလည်း ခွင့်လွှတ်လိုက်ပါ။ လူလေး ကိုယ့်ကိုယ်ကိုပဲ ကောင်းအောင်နေ၊ လူငယ်တစ်ယောက်ရဲ့ ဘဝဟာ ဇာတ်ဝန်းကျင်က လူရမ်းကားဆိုတဲ့ နာမည်ဆိုးအတပ်ခံလိုက်ရပြီဆိုရင် ဒီ့ထက်ပိုဆိုးသွားဖို့သာရှိတာ ကောင်းလာဖို့ သိပ်မလွယ်ဘူး၊ မင်း ဒီလိုမဖြစ်စေနဲ့ လူလေး မိဘ ရဲ့ မေတ္တာကို ရအောင်ယူ မေတ္တာဆိုတာ အေးရိပ်ပဲ၊ ပြီးတော့ မှ ဘဝကို တည့်မတ်အောင်ကြိုးစား"

ရိုင်း တစ်လှမ်းချင်းလျှောက်သည်။

ဆန့်ချထားသည့် လက်ဖဝါးနှစ်ဖက်က တင်းခနဲဆုပ်ထားမိ လိုက် လျော့ကျသွားလိုက်...

စီးခဲ့တာ ကြာပြီဖြစ်သော အိမ်နေရင်းစီးသည့် ဘွတ်ဖိနပ်က



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ပေါက်ပြဲနေသည့် ခြေဦးထိပ်သို့ ငုံ့စိုက်ကြည့်ရင်း ရိုင်း မျက်ရည်တွေလည်နေခဲ့၏။

ဘယ်ကိုသွားရမှာလဲ နောက်ကို ပြန်မှာလား ရှေ့တိုးမှာလား။

"လူလေးက အရွယ်မရောက်သေးတဲ့ ကလေးသာသာပဲရှိသေးတာ ဘိုးဘိုးစကားကို နားထောင်ပါကွယ်၊ အားလုံးနဲ့ သင့်တင့်ဖို့ ကြိုးစားပါ။ မင်းအဖေ မင်းကို ဂရုစိုက်လာအောင် ကြိုးစားစမ်းပါ"

ဘိုးဘိုး တရရမှာသော စကားတို့ကို သတိရမိစဉ် ရိုင်းအံကြိတ်ထားမိ၏။

သားသမီးကို မချစ်တဲ့ မိဘရှိလား။ သူ့ဘဝကဘာလဲ....'

မေမေက မရှိတော့၊ ဖေဖေက အေးစက်စိမ်းကားစွာ ဆက်ဆံသည်။

သနားဖို့ ပေးဖို့ တောင်းခံကြသည့် အထဲမှာ မေတ္တာကို တောင်းတဲ့ သူတောင်းစား ရှိခဲ့ဖူးသလား။ ရင်ထဲမှာ ကျဉ်ခနဲထိရှသွား သည်။

ခြေဦးထိပ်မှလွှဲ၍ ဘယ်ကိုမှ မကြည့်ဘဲ လျှောက်လာစဉ် နားထဲမှာ ကားသံသဲ့သဲ့ကို ကြားလိုက်၏။

လမ်းသည် ကားဘီးရာနှစ်ကြောင်းမှလွဲလျှင် အလယ်မှာ မြက်ဖုတ်စိမ်းလေးများနှင့် ဘေးနှစ်ဖက်မှာ အလေ့ကျပေါက်နေသော စိမ်းစိုသည့် သစ်ပင်ကလေးများသာရှိ၏။

ရိုင်း မျက်နှာမော့သည်။

ကားကို စိတ်ဝင်တစားမဟုတ်ဘဲ တစ်ချက်မော့ကြည့်ကာ





သစ်ပင်တွေကြားထဲ ဆင်းရပ်ပေးလိုက်၏။

သို့သော် ကားလေးက သူ့ဘေးမှာ တုံ့ခနဲရပ်သွား၏။

အနက်ရောင်မှန်ချပ်လျှောခနဲ ဆင်းကျသွားကာ..

"ဟေ့ ကလေး ဦးနေစိုးတို့ခြံ ဘယ်နားမှာလဲ သိလား"

ရိုင်း မျက်ခုံးနှစ်ဖက် သိသာစွာ ကုတ်ကျသွား၏။

လှမ်းမေးလိုက်သည့် မျက်နှာဆီသို့ ရှုးသိုးသိုးစိုက်ကြည့်လိုက်ပြီး နေရာမှ ချာခနဲ လှည့်ထွက်ခဲ့၏။

"ကြည့်စမ်း ရိုင်းလိုက်တာ ဒီလောက်အရွယ်ရှိနေပြီ လူမှုရေးဘာညာဆိုတာ နားမလည်ဘူး"

"ဩော် ဒီလောက်စုတ်ပြတ်နေတဲ့ လမ်းပေါ်ကဟာကိုကွယ်"

အသံနှစ်သံက ကျောနောက်က ခုန်ပေါက်ပုတ်ခတ်သွား၏။

ရိုင်း ခြေလှမ်းတွေ ပိုမြန်လာသည်။

လက်သီးဆုပ်နှစ်ဖက်ကိုပို၍ တင်းအောင်ဆုပ်မိသည်။ ရိုင်းတော့ ဘာဖြစ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ပဲအိတ်တွေအပြည့်တင်ထားသည့် ကားသုံးစီးကို မော့ကြည့်ကာ နှိုင်း စိတ်ပျက်စွာ ထိုင်ချလိုက်မိသည်။

တန်းစီနေသည့် ဂိုဒေါင်တွေထဲကို သွင်းနေကြသော အလုပ်သမားဦးရေနှင့်စာလျှင် လူကနည်းပြီး အလုပ်ကပိနေ၏။

ဒီအလုပ်သမားလောက်နဲ့ ဒီကားပေါ်က အိတ်တွေဘယ်တော့ချလို့ ပြီးမှာလဲ။

"ပဲအိတ်တွေ ရောက်နေပြီတဲ့ သမီး၊ ဒီနေ့ သင်တန်းတွေ အားတာပဲ ခဏသွားကြည့်ပေးစမ်းပါ အန်တီမြတ်တို့ ဘယ်သူမှ လောလောဆယ် မအားကြဘူး"

ဖုန်းကိုင်လျက် ကမန်းကတန်းကြီးပြောတော့ နှိုင်းဘယ်လိုမှ နေမရတော့ဘဲ ထလာခဲ့ရသည်။

ဒီလိုပါပဲ "စီးပွားရေးတွေ စိတ်မဝင်စားသေးလို့ပါ နောက်တော့





လုပ်မှာပါ"

နှိုင်းဘယ်လိုပဲ ကတိပေးပေး အန်တီမြတ်ကတော့ အဆင်သင့် အခွင့်ကြုံတိုင်း နှိုင်းကို ဆွဲသွင်းတတ်သည်။ တကယ်မအားတာလည်း ရှိသည်။ ကြုံဖူးဆုံဖူးမှ စိတ်ဝင်စားလာမှာဆိုတာမျိုးလည်းဖြစ်၏။

ဘာပဲဖြစ်ဖြစ် နိုင်းလျှင် လုပ်ပေးလိုက်တာပဲရှိသည်။

ခုချိန်ထိ နှိုင်း စိတ်ဝင်စားတာက သူမ တကယ်ဝါသနာပါလို့ ယူထားခဲ့သည့်ဘွဲ့။ ဘွဲ့ရခဲ့တာ ပူပူနွေးနွေးပဲရှိသေးသည်။

ဒါကိုလွှတ်ထားပြီး စီးပွားရေးလုပ်ဖို့ဆိုတာ မဖြစ်နိုင်၊ နှိုင်းသည် သတ္တဝါတို့၏ မျိုးရိုးဗီဇကို စိတ်ဝင်စားသည်။

အဏ္ဏဝါဗေဒကို အထူးလိုက်စားလိုတာဖြစ်၏။ ဒါကို ကူညီ ကြဖို့ ဆရာတွေ ရှိနေသည်။

ဝါသနာတူ သူငယ်ချင်းတွေနဲ့လည်း စမ်းသပ်စုဆောင်းဖို့ တိုင်ပင်ထားပြီးသား...

ခုချိန်ထိတော့ ဘာမှမဖြစ်ခဲ့သေးဘဲ ပဲအိတ်တွေ ထမ်းချနေကြသည့် ရှုပ်ယှက်ခက်နေသော မြင်ကွင်းကိုပဲ ထိုင်ကြည့်နေခဲ့ရသည်။

အန်တီမြတ်ဟာ ကုန်သည်လည်းလုပ်ချင်သည်၊ ကုမ္ပဏီလုပ်ငန်းများလည်း အောင်မြင်ချင်၏။

"ဘာဖြစ်လဲ ငါတို့မှာ ညီအစ်မလေးယောက်တောင်"ဟု အမြဲတမ်း လက်မထောင်ခဲ့၏။

လုပ်ပြီဆိုတော့လည်း ဟိုပြေးလိုက် ဒီပြေးလိုက် သူပဲ ဖတ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



မောအောင် လှုပ်ရှားသွားတာ သိပ်တော့ မဆိုးလှ၊ နှိုင်း ကူညီရသည်က မန်နေဂျာရေးမှတ်နေသည့်ဘောမှာထိုင်လျက် ကွန်ပျူတာခလုတ်တွေပေါ်မှာ လက်ချောင်းကလေးတွေ လှုပ်ရှားသွားနေတာနဲ့ပဲ ပြီးပါသည်။

ဟိုဆီကို တစ်ချက်တစ်ချက် လှမ်းကြည့်၍ ကိုယ့်အလုပ်ကိုယ်လုပ်ရင်း တစ်ခါတစ်ခါကျတော့လည်း စိတ်ပါလက်ပါဖြစ်သွားပြန်သည်။

ထိုစဉ် နောက်တစ်ခါ မျက်လုံးဝင့်အကြည့်မှာ အလုပ်သမားနှစ်ယောက်နှင့် စကားရပ်ပြောနေသော ကောင်လေးတစ်ယောက်ကို သဘောထားလိုက်မိ၏။

ပိန်ရှည်ရှည် ခပ်နွဲ့နွဲ့နှင့် မသပ်မရပ်ရှည်ကျနေသည့် အနည်းငယ်ကောက်ချင်သော ဆံပင်တွေ...

နှိုင်း လက်တွေ ရပ်တန့်သွားကာ နေရာမှထလိုက်မိ၏။

အလုပ်သမား နှစ်ယောက်ကလည်း ဒီဘက်ကို လှည့်ကြည့်တာ နှင့်ဆုံကာ ကောင်လေးကိုပါခေါ်၍ သုံးယောက်သား နှိုင်းဆီကိုပဲ တည့်တည့်လျှောက်လာကြ၏။

ဘာကိစ္စတွေ ဖြစ်ကြမှန်းမသိပေမယ့် နှိုင်းမျက်လုံးတွေက ကောင်လေးကိုပဲ စူးစိုက်ကြည့်နေခဲ့သည်။

တစ်ခါစက်ရုံရှေ့မှာ တွေ့ခဲ့တုန်းက ရိုင်းဟု သူ့ကိုယ်သူပြောခဲ့သည့်ကောင်လေး ဂျင်းပင်န်တိုနံ့နံ့နဲ့ နွမ်းနေပြီဖြစ်သော စပို့ရှပ်လက်တိုကို ဝတ်ထားသည်။ ကောင်လေးဆိုပေမယ့် ကလေးအရွယ်တော့ မဟုတ်ပါ။





နှိုင်း ရိုင်းမျက်နှာထက်မှ အကြည့်ကိုမခွာဘဲ မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

"ဒီကောင်လေးက ပဲအိတ်ထမ်းမလို့တဲ့"

တစ်ယောက်က ရိုင်း ပခုံးကို ပုတ်ပြရင်းဖြေသည်။

"သူကတော့ နိုင်တယ်လို့ပြောတာပဲ ဒီမှာလည်း လူလိုနေတော့"

နောက်တစ်ယောက်က ဝင်ပြောလိုက်သည့်စကားကို နှိုင်းက အဆုံးသတ်ခွင့်မပြု....

"အစိပ္ပာယ်မရှိတာ လူကပိန်ပိန်နွဲ့နွဲ့နဲ့ တစ်ခုခုဖြစ်သွားရင် ကိုယ့်တာဝန်လာဦးမယ်"

နှိုင်းစကားကြားတော့ ရိုင်းက ရှေ့ကိုတစ်လှမ်းတိုးရပ်၏။

"ကျွန်တော်က တစ်ကောင်ကြွက်ပါမမ ကျိုးကျိုးကန်းကန်း သနားရှာမယ့်သူမရှိပါဘူး၊ ကျွန်တော်နိုင်လို့ ကျွန်တော်ထမ်းတာ ဘယ်သူ့ကိုမှလည်း အပူမတပ်ပါဘူး ကျွန်တော် ပဲအိတ်ထမ်းပါရစေ"

ပြောပုံက လူပုံလေးနဲ့ မလိုက်...

မျက်နှာမှာရော စကားလုံးကရော ဘာကိုမှ ဂရုမစိုက်...

ကြောက်ရွံ့ခေါင်းငုံ့သွားမည့်ဟန်လည်း နည်းနည်းမှမပေါ်။

စာရင်းထည့်နေသည့် မန်နေဂျာက ခေါင်းထောင်ကြည့်ကာ ဘာမှဝင်မပြောဘဲ ပြန်ငုံ့သွား၏။

"ရှင်တို့သွားတော့လေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမား နှစ်ယောက် လှည့်ထွက်သွားကြသည်။

ရိုင်းက တုတ်တုတ်မျှမလှုပ်ပဲ နှိုင်း၏ နှုတ်ခမ်းလွှာတို့ကိုသာ စိုက်ကြည့်နေ၏။

"မင်းက ပဲအိတ်ဘာဖြစ်လို့ ထမ်းချင်နေတာလဲ အိတ်နဲ့လူကော အရပ်ချင်းတိုင်းကြည့်မိရဲ့လား"

"တိုင်းကြည့်ဖို့ မလိုပါဘူး၊ ထမင်းစားဖို့အတွက် အလုပ်က လုပ်ကိုလုပ်ရမှာပါ"

ပြောပုံက...

"အလုပ်ဆိုတာလည်း ကိုယ်နဲ့တန်ရာသင့်တာကို ရှာဖွေလုပ်ရမှာပဲ မင်းအရွယ်နဲ့ မင်းလုပ်နိုင်တာကိုရှာပေါ့ ဒီမှာ မဖြစ်ဘူး"

ရိုင်းဆိုသည့် ကောင်လေးမျက်နှာ ညို့ခနဲဖြစ်သွား၏။

အောက်နှုတ်ခမ်းသားကို ခပ်ဖိဖိကိုက်၍ မျက်နှာငုံ့သွားတော့ နှိုင်းက မျက်တောင်ဖျားတို့အောက်က မျက်ဝန်းများကို အမိအရ လိုက်ကြည့်၏။

ထိုစဉ် ရိုင်းဖျတ်ခနဲ မော့လာကာ...

"ဘယ်မှာမှ ရှာလို့မရလို့ပါ မမ ပဲအိတ်ထမ်းရင်း ကျွန်တော် တစ်ခုခုဖြစ်ရင် ကိုယ့်တာဝန်ကိုယ်ယူပါ့မယ် ကျွန်တော် ထမ်းပါရစေ"

မန်နေဂျာမျက်နှာ နောက်တစ်ခါမော့လာပြန်သည်။

မျက်မှန်ကိုချွတ်၍ ရိုင်းမျက်နှာကိုကြည့်၏။ ပြီးတော့ တစ်ကိုယ်လုံး ဝေ့ကြည့်လိုက်ပြီး...





"မင်း ဒီမနက်စာအတွက် ရေလိုနေတာမို့လား"

ရိုင်း မျက်ခုံးလေးတွန့်ခနဲဖြစ်သွားပေမယ့် ဘာစကားမှမပြန်ဘဲ နေ၏။ မန်နေဂျာပြောစကား မှန်သွားတာတော့ သေချာပါသည်။

"ရော့ ဒီမှာလာယူ မင်းနှစ်ရက်လောက်တော့ ဖြေရှင်းလို့ရပါတယ်"

မန်နေဂျာ လက်ညှိုးနှင့် လက်ခလယ်ကြားမှာ ညှပ်ထားသည့် တစ်ထောင်တန် သုံးရွက်ဆီကို နှိုင်းလှည့်ကြည့်လိုက်၏။

ရိုင်း မော့ကြည့်သည်။

မျက်ဝန်းများမှာ လိုချင်တပ်မက်ခြင်း ဖြစ်မသွားဘဲ သိသာစွာ ညှတ်လျက်ကျသွားသော မျက်ခုံးတန်းလေးတွေက နှုတ်ခမ်းအစုံကိုပါ အဖော်ညှိသွား၏။

ရိုင်း နှုတ်ခမ်းတင်းတင်းစေ့သွားလျက် ချက်ချင်းပြန်ဖြေသည်။ ခဏချင်းမှာ ဖြစ်ပေါ်သွားတဲ့ မာနတွေ သိမ်ငယ်ခြင်းတွေ အားလုံးကို နှိုင်းက တစ်ဆင့်ခြင်း တစ်ခုချင်းမြင်၏။

ဘာမှမပြောဘဲ ဒီတိုင်းပဲ ကြည့်နေလိုက်တော့ ရိုင်း ခေါင်းခါလိုက်ခြင်းကို တအံ့တသြ မြင်လိုက်ရ၏။

"ကျွန်တော် ဘာမှမလုပ်ရဘဲနဲ့ ဒီအတိုင်းမလိုချင်ပါဘူး"

မန်နေဂျာနှုတ်မှ 'ဟ'ဆိုသည့် အသံနှင့်အတူ ညွှတ်ကွေးနေသော ကိုယ်ကမတ်မတ်ဖြစ်သွား၏။

"မင်းက မာနလေးနဲ့ပါလား အဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြုံးပြုံးနှင့် နှိုင်းကို မော့ကြည့်သည်။

"ဘာလဲ လူအထင်ကြီးအောင် ထွင်တာလား"

ဘယ်လိုကောင်လေးလဲဆိုသည့် သိချင်သည့်စိတ်နှင့် မန်နေဂျာ ဝင်ပြောလိုက်မှန်း နှိုင်းကသိသည်။

ဒါပေမဲ့ ရိုင်းကတော့ မသိပါ...

စားပွဲကလူ၏ ပြုံးစစနှုတ်ခမ်း အထင်အမြင်သေးသော အကြည့် ကိုင်ထားဆဲရှိသည့် တစ်ထောင်တန်တို့ကိုပါ ခပ်ရိုင်းရိုင်း ဝေ့ကြည့်ကာ နောက်ကို ချာခနဲပြန်လှည့်သည်။

ဘယ်သူ့ကိုမှ နှုတ်မဆက် စကားလည်းမပြောဘဲ ထွက်သွား သွားလေသည်။ မန်နေဂျာက ခပ်ဟက်ဟက်ရယ်၍ နှိုင်းကို မေး ဆတ်ပြသည်။

နှိုင်းက နေရာမှာ ပြန်ထိုင်လိုက်ကာ

"ပြန်ခေါ်လိုက်ပါ ဦးလွင်"

မန်နေဂျာက ဆတ်ခနဲခေါင်းညိတ်ပြီး 'ဟေ့' လို့ အသံပေးရင်း လက်ခုပ်တီးလိုက်၏။

ရိုင်းခြေလှမ်းအနည်းငယ် တုံ့သွားသည်။

ထို့နောက် ခပ်ဖြည်းဖြည်းလှမ်းရင်း နောက်လှည့်ကြည့်၏။

မန်နေဂျာက လက်ယပ်ခေါ်လိုက်တော့ ပြန်လှည့်လာသည်။ ဒီတစ်ခါ မန်နေဂျာရှေ့တည့်တည့်မှာ ခြေစုံရပ်၍...

"ကျွန်တော် ပဲအိတ်ထမ်းရမှာလား"





ဟုမေးလျှင် မန်နေဂျာက နှိုင်းကို လက်မဖုင့် လက်ပြန်ထိုး ပြပြီး

"သူပြောလိမ့်မယ်"

ရိုင်းက နှိုင်းဘက်ကို တိုးရွှေ့၍ နေရာပြင်ရပ်သည်။

ကိုယ်မှာ လက်နှစ်ဖက် ဆန့်ချထားသည်က အမိန့်ကို နာခံရန် အသင့်ပုံစံမျိုးဖြစ်သော်လည်း စူးရဲသော မျက်လုံးများက ကျေနပ်ဖွယ်မရှိ။

နှိုင်းကိုမြင်တိုင်း မမိုတ်မသုန် ကြည့်တတ်သော ထိုမျက်လုံး တွေကို စိတ်ထဲမှာ မနှစ်မြို့ပါ။

ဒါပေမဲ့ ထမင်းစားဖို့ မရှိတာကြောင့် ရိုးသားစွာ အလုပ်လုပ် ခွင့်တောင်းလာသူကို ဒီအတိုင်း ပြန်မလွှတ်တာက သပ်သပ်၊ ဘာပဲ ဖြစ်ဖြစ် မာနကြီးတဲ့သူဆိုလျှင် ဘာကြောင့် မာနကြီးနေတာပဲဖြစ်ဖြစ် ထိုမာနကို နှိုင်းစိတ်ဝင်စားသည်။

အထူးသဖြင့် လောလောဆယ်မှာ စားစရာမရှိဘဲ အငတ်ခံ၍ မာနကြီးပြနေသော ကောင်ကလေး...

"မင်း ပဲအိတ်သွားထမ်းလို့ရပြီ"

"ဟုတ်ကဲ့ မမ"

နှိုင်းခွင့်ပြုလိုက်သည်နှင့် မန်နေဂျာဦးလွင်က အလုပ်သမား ခေါင်းဆောင်ကို လက်ခုပ်တီးခေါ်လိုက်၏။

"ကောင်လေးကို စာရင်းသွင်းလို့တော့ မဖြစ်ဘူးထင်တယ် နှိုင်း"

နှိုင်းက ခေါင်းညိတ်လိုက်ပြီး...

"သူ့ကို သပ်သပ်ထုတ်ရှင်းပေးလိုက်ပါ။ ထမ်းသလောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကို လုပ်စေချင်နေကြပုံရသည့် အလုပ်သမား ခေါင်းဆောင် ပျာပျာသလဲ ခေါင်းညိတ်ပြီး အလုပ်လုပ်ချင်နေသော ကောင်လေးမျက်နှာလည်း ဝင်းလက်သွားသည်။

မန်နေဂျာလည်း ပြုံးပြုံးကြီးနှင့် ခေါင်းညိတ်နေသည်။

"အဟွန်း မာနက ကိုက်စားလို့ မရဘူးတဲ့ ခုတော့ ရသားပဲ"

ဟု ပြော၍ နှိုင်းကိုကြည့်သည်။

နှိုင်းက မပြုံးဘဲ ကွန်ပျူတာခလုတ်တွေပေါ် လက်ပြန်တင်၏။ ယောကျာ်းအတော်များများနှင့် ရယ်ပြုံးမဆက်ဆံတတ်တာက အကျင့်တစ်ခုလို ဖြစ်နေခဲ့သည်။ ငယ်စဉ်ကတည်းက ကြားနေခဲ့ရသမျှ ယောကျာ်းများနှင့် ပတ်သက်သော စိတ်ပျက်ညစ်ညူးဖွယ်များသာ။

"အယ်... ဒီကောင်လေး ဘယ်ဆိုးလို့တုံး"

မန်နေဂျာအသံကြားတော့ နှိုင်းမော့ကြည့်သည်။

မြင်ကွင်းကြောင့် မျက်မှောင်ကုတ်သွားမိကာ မန်နေဂျာ ဘာဖြစ်လို့ ချီးမွမ်းလိုက်သည်ကို နားမလည်နိုင်။

ပဲအိတ်နဲ့လူကမမျှ။ ပဲအိတ်ကြီး သူ့ဟာသူသွားနေသလို အောက်မှာလူကပျောက်ကာ သွားနေပုံက ယိုင်နဲ့နဲ့...

နှိုင်းမျက်နှာပျက်သွားတာကို မန်နေဂျာက သိသည်။

"သူထမ်းတာ လေးအိတ်တောင်..ရှိ...ဟာ"

နှစ်ယောက်လုံး မတ်တပ်ရပ်လိုက်မိကြလေသည်။

ခွေခနဲ လဲကျသွားသည့် ကောင်လေးဘေးမှာ အလုပ်သမား





တချို့ ပြေးလွှားရောက်သွားကြကာ...

"တောက် အဲဒီလိုဖြစ်မှာကို သိလို့ပြောတ"

နှိုင်းပြောလိုက်တာ ဒေါသလား ဂရုဏာလား မန်နေဂျာ ခွဲခြား ချိန်မရ။

ေ ေ ေ



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"ဘာ... ဘာပြောတယ်"

ဒေါ်မြတ်ညို ဖုန်းကိုင်ရင်း ဆတ်ခနဲ ထရပ်သည်။

"ဘယ်က ကောင်လေးလဲ ဘာကိစ္စနဲ့ သူက ဆေးရုံတင်ပေးရတာလဲ တောက်"

ဖုန်းကိုဖိဆုပ်ကိုင်ကာ ဆိုဖာနဲ့ စားပွဲကြားကထွက်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။

ရင်ဘတ်ထဲမှာ ဒေါသကြောင့် ဆောက်တည်ရာမရနိုင် ကြားနေရသမျှကို ဘာစကားမှ ပြန်မပြောမိဘဲ အံကြိတ်နေခဲ့မိ၏။

"မမြတ် ဘာဖြစ်လို့လဲ"

ညီအစ်မနှစ်ယောက်သား အပြင်က ပြန်လာခဲ့ပြီး ရောက်တာမှ မကြာသေး နည်းနည်းမှ ချွေးထွက်မခံနိုင်သော လတ်က ရေချိုးခန်းထဲ ပြေးဝင်သည်။

ဒေါ်မြတ်ညိုကတော့ အအေးတစ်ပုလင်းနှင့် ဧည့်ခန်းထဲမှာ





ထိုင်ကျန်ခဲ့သည်။

"ရေချိုးမှာလား မမြတ်" လို့ပြောတော့ "ကမ်းနားဆင်းရဦးမှာအေ စိတ်က လောနေရင် ရေချိုးလို့မရပါဘူး၊ ငါက အေးအေးဆေးဆေး ချိုးတတ်တာ" ဟုပြောပြီး ဒေါ်မြတ်လတ်ကို စောင့်နေခဲ့၏။

ဒေါ်မြတ်လတ်က ပါးပြင်က သနပ်ခါးကို သွားပွက်တံနှင့် ပွတ်နေလျက်တန်းလန်းနှင့် တအံ့တဩထွက်လာသည်။

"ဘာဖြစ်တာလဲ မမြတ်ရယ် နှိုင်းလေးလား"

"ဟုတ်တယ် ဟုတ်တယ်"

ဒေါ်မြတ်ညို ဆောင့်အောင့်ပြောရင်း ဖုန်းကို ဆိုဖာပေါ် ပစ် တင်လိုက်သည်။

"သင်းက အလုပ်သမားကောင်လေးတစ်ယောက်ခေါ်နိုင်းပြီး အခု ဆေးရုံတင်လိုက်ရသတဲ့လေ"

"ဘယ်လို အလုပ်သမားကောင်လေး ဟုတ်လား"

"ဟုတ်တယ်"

ဒေါ်မြတ်ညိုက ဒေါ်မြတ်လတ်ပုံစံကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး စားပွဲပေါ်မှာ ချထားဆဲရှိသည့် လက်ပွေ့အိတ်ကြီးကို ကောက်ယူလိုက်၏။

"ကဲ ညည်းလက်ထဲက ဥစ္စာကိုချထားခဲ့ ငါလည်းဟိုရောက် မှ သိမှာ၊ ဟွန်း ဒီလောက်သေသေချာချာမှာ သေချာတင်းကျပ်ထားတဲ့ကြားထဲက မပြောလိုက်ချင်ဘူး သံကွန်ချာနဲ့အုပ်ထားတာတောင်



www.burmeseclassic.com

www.burmeseclassic.com



မရဘူးဆိုတဲ့စကား သွေးထွက်အောင်မှန်တယ်”

ဒေါ်မြတ်ညို မြည်တွန်တောက်တီးလျက် ကားပေါ်ကို ဆောင့်ဆောင့်အောင့်အောင့် ဝင်ထိုင်သည်။

ဒေါ်မြတ်လတ် သွားပွတ်တံကို သွားမသိမ်းနိုင်တော့ဘဲ လက်မှ့အိတ်ထဲပဲထည့်ကာ ကမန်းကတန်း ဆင်းလိုက်ခဲ့ရ၏။

နှိုင်းမရဆိုတဲ့ ကောင်မလေး ဘာတွေလုပ်ထားပြန်ပြီလဲမသိ





အခန်း (၈)

ဆေးရုံကို တန်းရောက်သွားပေမယ့် ဆေးရုံရောက်တော့ အရေးပေါ်မှာလည်းမရှိ ရိုးရိုးလူနာမှာလည်းမရှိ။

ဖုန်းဆက်တော့ ဖုန်းကခေါ်လို့မရ၊ စောစောကဆက်လိုက်တာ ဘယ်သူမှန်းမသိလိုက် ဘယ်ကမှန်းမသိ။

“မမြတ်ကလည်း သေချာမေးတာမဟုတ်ဘူး”

စိတ်မောလူမောနှင့် ဒေါ်မြတ်လတ်က အပြစ်တင်သည်။ ယောကျ်ားလေးတွေနှင့် သူမတို့မပတ်သက်ခဲ့တာ နှိုင်းက ကိုယ်တိုင်ကိုယ်ကျ အလုပ်သမား တွေဘာတွေခေါ်လို့ မံလို့...

တွေးမိလေ ဒေါသဖြစ်ရလေ၊ ယောကျ်ားလေးတွေအကြောင်း သင်းကဘယ်လောက်သိလို့လဲ၊ ပြီးတော့ အခု ဆေးရုံရောက် ဆေးခန်းရောက် အကြီးအကျယ်တွေဖြစ်ကုန်ပြီ။

မျက်စိသူငယ် နားသူငယ်နဲ့ နှိုင်းလေး ဘယ်လိုဖြေရှင်းနေရပြီလဲ။ နှစ်ယောက်လုံးရင်ထဲတွင် မကျေမချမ်းဖြစ်နေတာကတစ်ခြမ်း၊ စိုးရိမ်လွန်နေမိတာက တစ်ဘက်နှင့် ဟိုပြေး ဒီပြေး ဖြစ်ရင်း နှိုင်းကို တွေ့တော့ ဘာကဘယ်လို စမေးရမှန်းပင် မသိ။



www.burmeseclassic.com

www.burmeseclassic.com



မရွှေနှင်းမရက ကမ်းနားပွဲရုံမှာ အေးဆေးပါလား။

"ပြောစမ်းပါဦး ညည်းလေး ဘာတွေလျှောက်လုပ်ထားသလဲ ကျုပ်တို့ရွာမှာ ဆေးရုံလည်းရောက်ခဲ့ပြီးပြီ မေတ္တာမွန်ကိုလည်း ဖုန်းဆက်တယ်။ ဘယ်ကကောင်ကိုခေါ်ခိုင်းပြီး ဘာတွေဖြစ်သွားတာလဲ"

နှင်းက မျက်နှာလေးခပ်ပြုံးပြုံးဖြစ်သွားပြီး စားပွဲကနေထ လာသည်။

"ဘာဖြစ်လို့လဲ အန်တီမြတ်ရဲ့ အလုပ်သမားပဲ အိတ်ပိလို့ ဆေးခန်းပို့ပေးရတာပါ ဘာမှမဖြစ်ပါဘူး"

"ဘယ်က အလုပ်သမားလဲ အခု ဘယ်မှာလဲ"

ဒေါ်မြတ်လတ်က အလျင်စလိုမေးလိုက်ပြီး ရုံးခန်း၏ တံခါးရွက်တိုလေးကို ဆွဲပိတ်ပစ်လိုက်သည်။

ဒီတံခါးပိတ်ထားလျှင် တံခါးမခေါက်ဘဲ ဘယ်သူမှမဝင်ရဲ...

"ဟဲ့ ပြောစမ်း အလုပ်သမားအသစ်ခေါ်ထားတာဆို ညည်းလေးက ဘာမို့လို့ ငါတို့အမိန့်မရဘဲ အလုပ်သမားအသစ်တွေ ခန့်ရတာလဲ အဲဒါညည်းလေး လုပ်စရာလားလို့...ကဲ"

"ဖြေစမ်းကွယ်မြန်မြန် ဟင်း..ကလေးဆိုလည်း ပခုံးနှစ်ဖက် ကနေ ဆွဲဆွဲဆောင့်ပြီး တင်ပါးကို ဖြန်းခနဲ ဖြန်းခနဲရိုက်ပစ်လိုက်ရကောင်းသား"

နှစ်ယောက်စလုံး ဘာဖြစ်လာကြမှန်းမသိ၊ ဦးလွင်ရော သူ့ဇနီးရော ဘယ်သူမှလည်း ဖုန်းမဆက်ဘဲ ဘယ်လိုကဘယ်လိုသိကုန်ကြမှန်းတွေးမရဘဲ နှင်းမျက်နှာလေး ရှုံ့မဲ့သွား၏။





"နေပါဦး အန်တီတို့ ဖြစ်လာကြတာနဲ့ ဘယ်ကစပြောရမှန်းကိုမသိတော့ဘူး စိတ်ညစ်တယ်"

"ဘာ..ဘာပြောတယ် စိတ်ညစ်တယ် ဟုတ်လား အမလေး ညစ်နေတဲ့ရုပ်တဲ့လား ဒါရုပ်က"

နှင်းလည်တိုင်လေးကို လက်ဖဝါးတစ်ဖက်နှင့် ပွတ်သပ်ရင်း စားပွဲနောက်မှာ ပြန်ဝင်ထိုက်လိုက်သည်။

ထိုအခါကျမှ နှစ်ယောက်သားရှေ့မှာ ထိုင်လိုက်မိကြရင်း...

"အလုပ်သမားက အခု ဘယ်မှာလဲ"

"ပြန်သွားပြီ"

"ဘာဖြစ်သွားတာလဲ ဘယ်မှာလုပ်တာလဲ ကျုပ်တို့မှာ စက်ရုံမှာ ညည်းမထိုင်ဘူးဆိုပြီး အေးအေးဆေးဆေးနေကြတာ ပြောစမ်းပါဦး ဒီမှာပဲနေတဲ့ကိစ္စက အလုပ်သမားဆေးခန်းရောက်ရအောင် ဘာဖြစ်တာလဲ"

"ပဲအိတ်ပိတာပါဆို"

"အေးလေ ပဲအိတ်ကပိစရာလားလို့ ကဲ ပိတယ်ပဲထား ဘယ်လိုပိတာလဲ"

နှင်း နှုတ်ခမ်းလေးတစ်ချက်မဲ့သွားပြီးမှ တင်ပါးပေါ်ထိ ဖြန့်ဝဲကျနေသည့် ဆံပင်တွေကို လက်နဲ့သပ်တင်သည်။

ပြီးတော့ အံဆွဲဖွင့်ကာ အထဲက ခေါင်းစည်းကွင်းကလေးနှင့် ဆံပင်တွေကို ဖြစ်သလို စုသိမ်းထားလိုက်၏။

သူမလုပ်နေသမျှကို မကျေနပ်သော်လည်း ဒေါ်မြတ်ညိုတို့ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ဘဲ ဒီတိုင်းစောင့်နေခဲ့ရ၏။

တစ်ခါတစ်ခါ နှိုင်းမရဒီလိုပဲ ဂျစ်ကန်ကန် အရွဲ့တိုက်နေတတ်တာတွေ ကြုံခဲ့ရတာ ရိုးနေပါပြီ။

အားလုံးပြီးစီးမှ သူမလေးက မျက်နှာမော့လာ၏။

"ကောင်လေးက ထမင်းမစားရသေးဘူးဆိုလို့ အလုပ်တောင်းတာနဲ့ ပဲအိတ်ထမ်းခိုင်းလိုက်တာ"

ဟု စပြောလာလျှင် ဒေါ်မြတ်လတ်ကလည်း မကျေနပ်တာကပဲစ၏။

"အမလေး ကောင်လေးတဲ့ ဒီလိုကလိန်ကကျစ်ပြောလာပြီး ချဉ်းကပ်တိုင်း ညည်းကလက်ခံရသလား ထမင်းမစားရသေးဘူးပဲ ပြောတာကို ယုံစရာလား နှိုင်းလေးရယ် ဟင် ဒီလိုပဲ ညည်းကို လိုချင်လွန်းလို့ နည်းမျိုးစုံနဲ့ ချဉ်းကပ်ကြတာတွေ မကြုံဘူးခဲ့လို့လား၊ ကားရှေ့ကို ပြေးဝင်ပြီး ဒဏ်ရာရအောင်လုပ်တဲ့ လူကလုပ်၊ ဆင်းရဲတဲ့ပုံနဲ့ အလုပ်လာလျှောက်တဲ့လူကလျှောက် အိမ်ကိုဘောလုံးမှန်အောင်ကန်ပြီး ပြတင်းပေါက်မှန်ကွဲအောင်လုပ် ပြဿနာရှာတာတွေ ဒါမျိုးတွေ ရိုးနေပါပြီအေ၊ ညည်းမသိဘူးလား၊ အခု ကြည့်စမ်း၊ နောက်တစ်မျိုးလာပြန်ပြီ အဲဒါနဲ့ ညည်းကဆေးခန်းပို့ပေးရ နေ့တိုင်းသွားခေါ်ရ၊ ဒီဒဏ်ရာမပျောက်မချင်း ဇာတ်လမ်းတွေဖြစ် အမလေး ကောင်းရော ကောင်းရော ခေတ်မိန်းကလေးတွေ လုပ်နေပြီး ဒီလောက်အရသလား နှိုင်းလေးရယ်"

ဒေါ်မြတ်ညို တစ်သီတစ်တန်းကြီး ပြောချသွားပြီး စကား





အဆုံးမှာ ရင်ဘတ်ထုလေသည်။

နှိုင်းဘဝကြီး တစ်ခုလုံးပဲ ရေစုန်မျောသွားပြီလိုလို...

"ဘာမှကို မပြောရသေးဘူး အန်တီမြတ်တို့က ထင်ရာစွတ် တွေးနေတာပဲ တကယ်သိနေကြရင်လည်း မပြောတော့ဘူး"

နှိုင်း နှုတ်ခမ်းစူကာ ထရပ်တော့မလိုလို လုပ်တော့မှ...

"အလိုတော် ရှင့်ကို စိတ်ပူလွန်းလို့ပြောနေတာများ နားမလည်ဘူးလား လူကြီးဆိုတာ အရှည်ကိုမြင်ပြီး ဖြစ်လာနိုင်တာ မဖြစ်နိုင်တာကို ခွဲခြားစိတ်ဖြာရတာမျိုး ထိုင်စမ်း၊ ပြန်ထိုင် ဘယ်မှာလဲ ဟိုမန်နေဂျာလွင်ဦးဆိုတဲ့ကောင်က ကြည့်ကောင်းကောင်းနဲ့ ကြည့်နေသလား"

"သူလည်း ရှိတာပဲ အလုပ်လုပ်ချင်တဲ့ကောင်လေးက ဆယ့်လေးငါးနှစ်ပဲရှိသေးတာ အန်တီမြတ်တို့ ပြောတဲ့ပုံစံဘာမှမဟုတ် ဘူး"

"ဟဲ့ ကောင်လေးဆိုတော့ရော ခုခေတ်မှာ ဒီအရွယ်ပိုးတတ် ပန်းဘတ်နေပြီ လူပို့ပေါက်စဆိုတာ ဖွဲမိဖွဲရာကို ရှုးကြတဲ့အရွယ်ပဲ၊ ဘယ်ယောကျ်ားကိုမှ ညည်းသနားဖို့ မလိုဘူး"

"ဟုတ်တယ် ညည်းအခုပဲ ဒီကလေးမနိုင်မနင်း ထမ်းပိုးရှာတယ်ဆိုပြီးသနားနေပြီမို့လား အဲဒီစိတ်ကို ဖျောက်ပစ်စမ်း ဘယ်မှာလဲ အဲဒီကောင်လေးကိစ္စ ညည်းဘာမှ စီမံပေးစရာမလိုဘူး"

သနားခဲ့မိတာ ဟုတ်မဟုတ်တော့ မသိပါ။ ကောင်လေးကို ဆေးခန်းပို့ပေးခဲ့တာကတော့ သူမကိုယ်တိုင်ပဲ ဖြစ်လေသည်။ ဒါပေမဲ့...

"ပြီးသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု နှိုင်းမရ မျက်နှာခပ်လွဲလွဲနှင့်ပြော၏။

"ဘာ ပြီးတာလဲ"

"သိပ်ဖြစ်တာမှ မဟုတ်ဘဲ ခြေသလုံးနည်းနည်းထိသွားလို့ ဆေးစည်းပေးလိုက်ရတာ"

ဒါ အမှန်တရားပဲဖြစ်သည်။ သို့သော် မပြီးခဲ့သေးတာက ရင်ထဲမှာ

ဆေးခန်းမှာ ဆရာဝန်ဆေးစည်းပေးနေတာကို ခံနေရင်း သူမရှိရာကို မကြာခဏလှည့်ကြည့်တတ်ပြီး ထွက်လာတော့ ကားပေါ်ကို လုံးဝမတက်ခဲ့သည့် ရိုင်း....

"ကျွန်တော် လျှောက်နိုင်တယ် မမ ဒီကပဲသွားတော့မယ်"

ဟု ဆေးခန်းနံရံကို ပခုံးစောင်းနှင့် မှီရပ်၍ ခေါင်းခါနေသည်။

"မင်းမှ မလျှောက်နိုင်တာ လိုက်ခဲ့လေ ဘယ်ကို ပြန်ပို့ပေးရမလဲ"

ရိုင်းက ခေါင်းခါ၍ ကားဦးလှည့်ထားသည့် ဆန့်ကျင်ဘက်ရှိ နံရံကိုကိုင်လျက်နှင့် လျှောက်ထွက်သွားသည်။

ရိုင်း တမင်လုပ်နေတာလား။ ကျွန်တော့်အတွက် တာဝန်မရှိ စေရ ဘူးဆိုသည့် စကားကြောင့် ကတိတည်ချင်နေတာလား စိတ်က ချီတုံချ တုံနှင့် နှိုင်းရပ်ကျန်နေခဲ့သည်။

ကားပေါ် ဖွတ်ဆွဲတင်ဖို့ထိ ဘယ်လိုမှ မာနက မလိုက်လျောသော် လည်း လူလူချင်း စာနာသောစိတ်ထားကြောင့် ရိုင်းဆိုသည့် ကောင် လေးတရွေ့ရွေ့ပျောက်ကွယ်သွားခဲ့သည်အထိ မျက်လုံးက ကပ်ငြိပါ သွားခဲ့သည်။





နောက်ထပ်၍ သတိရလိုက်သည်က ဒီကောင်လေး ထမင်း မစားရသေး၊ ဆေးဖိုးကုန်လိုက်သည်နှင့် ပတ်သက်၍ ကောင်လေးက မတောင်းဝံ့ခြင်းဖြစ်သည်။

ဖြူလွန်းသည့် အသားပေါ်မှာ နီမြန်းနေရမည့် နှုတ်ခမ်းပါးတို့ဟာ ချို့တဲ့မှုကြောင့် ဖြူလျော့လျော့ ခြောက်သွေ့နေခဲ့သည်။

ပင်ပန်းတကြီး ကြိုးစားထမ်းခဲ့ပြီးမှ ခြေထောက်လည်း ထိသွားသည်။ ဘယ်လိုရှာစားမလဲ။

ကားမောင်းပြန်ခဲ့ရင်း နှိုင်းရင်တွေ ပူလောင်လာခဲ့သည်။ ကောင်လေးပါမလာနိုင်မှန်း သိလျက်နှင့် နောက်ကြည့်မှန်ထဲသို့ မကြာခဏ မျက်လုံးက ရောက်ရောက်သွား၏။

သူမ ဘဝမှာ တခြားလူတစ်စုံတစ်ယောက်အတွက် ပထမဆုံး ပေးခဲ့ရသော နင့်သည်းလွန်းသည့် ဝေဒနာဖြစ်လေသည်။

ထို့ကြောင့်....

မိန်းမတစ်ယောက်ကြောင့် ဘဝကိုရင်းပြီး ကြိုးစားခဲ့တဲ့ ယောကျ်ားဟာ လူမိုက်ဆိုရင် ကျွန်တော် လူကောင်းမဟုတ်ခဲ့တာ သေချာပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဘဝ၊ မာန အနာဂတ်အား လုံးဟာ ဒီမိန်းမတစ်ယောက်အတွက်ပဲ ဖြစ်နေခဲ့လို့ပါ။

ဘယ်သူဘာပြောပြော ကျွန်တော့်ဘဝဟာ သူပါပဲ။

သူ့ကို ပိုင်ဆိုင်နိုင်ဖို့ ဘဝကို စခဲ့တာ ကျွန်တော်ပါ။

ကျွန်တော် သူ့ကို သိပ်ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

ညစဉ်လိုလို မက်ခဲ့သော အိပ်မက်များထဲမှာ နှိုင်းသည် ဆံနွယ် သွဲ့သွဲ့နွဲ့နွဲ့ဖြာလျက် သူရှိနေသော နေရာတိုင်းသို့ ရောက်လာခဲ့၏။

စိမ်းကားရက်စက်ချင်သော စကားသံတို့၏ နောက်ကွယ်က မျက်ဝန်းထောင့်မှာ အကြင်နာစိတ်တွေ ဖိတ်လျှံနေတာကို သူခံစားခဲ့မိသည်။

ဘုတ်သိုက်ဖရိုဖရဲ အမြဲဖြန့်ချထားမြဲဖြစ်သည့် ရိုင်း၏ ဆံပင်တွေက လေတိုး၍ တဖျပ်ဖျပ် လွန်လူးနေသော ခန်းဆီးစလေး အတိုင်း အလိုက်သင့် လှုပ်ခတ်နေ၏။

ဟိုတုန်းက ရိုင်းဆိုသော ကောင်လေးဘဝကို သူမမေ့နိုင်။ မမေ့နိုင်သည်က ဆိုးဝါးခဲ့သော ဘဝကို မဟုတ်ပဲ နှိုင်းမရဆိုသည့် မိန်းမတစ်ယောက်ကြောင့် ဖြစ်လေသည်။

သူမကြောင့် သူ့ဘဝကို ဓာတ်မြုပ်ပစ်ခဲ့သည်။ ခဏခဏ သူမ





ျက်စိအောက်ကို ရောက်သွားစေမည့် ခရီးလမ်းကို ရှောင်သည်။ ပ်ကွက်နယ်ပယ်ကို ရှောင်ခဲ့သည်အထိ ရည်ရွယ်ချက်က ကြီးမား ခဲ့၏။ သူမ မျက်လုံးထဲမှာ ရိုင်းဆိုကဲ့ကောင်လေး ဟု ဖြစ်နေမည့်ဒ တစ် ကို လက်မခံချင်။

သူဟာ နှိုင်းမရဆိုသည့် မိန်းမကို ပိုင်ဆိုင်ဦးဆောတိမြတ်တို့ ယောကျ်ား၊ သူမထက် အမြဲတမ်း တစ် ကြီးနေရမည်။

ထိုတစ်နေ့ကို ရောက်ဖို့အတွက် သူကြိုးစားခဲ့သည်။ ပြဲတော ဘံခါးမှာရပ်ရင်း ညို့နေသော တောတန်းတို့ဆီ ငေးနေမိ၏။ ဘယ်ကြည့်ကြည့် ဘယ်လိုတွေးတွေး စိတ်မျက်ဝန်းထဲမှာ နှိုင်းမရ...

"ရိုင်း...ဟေ့"

သူ ဘယ်လိုမှ မေ့မရနိုင်ခဲ့သည့် ညတစ်ညပါ။ ဒဏ်ရာက ကိုက် ခိုက်ကဆာနှင့် မမွာရုံတစ်ခု၏ အမိုးရိပ်စွန်းကလေးမှာ ဒူးနှစ်ဖက် ကိုပြန်၍ ပွေ့ဖက်ကာ အံကြိတ်ခံစားနေဆဲ...

သူမျက်စိရှေ့အလင်းရောင်ကျနေသော နေရာမှ ဆံပင်ရှည် ဖား ယျားနှင့် ပုံရိပ်ကလေး ပေါ်လာသည်။

သူ မော့ကြည့်လိုက်တော့ နှိုင်းမရပဲ ဖြစ်နေ၏။

အရွယ်မတူသော မိန်းမတစ်ယောက်ကို တိတ်တခိုးမြတ်နိုး စွဲ သမ်းခဲ့သည့် ဆယ်ကျော်သက်အရွယ် ရိုင်း လူငယ်တစ်ယောက် ဟာ အရူးလား၊ ဒါဆိုလည်း သူအရူးပါ။

စက်ရုံရှေ့မှာစ၍ မြင်ဖူးကတည်းက မျက်လုံးလွှဲမဖယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် လှနေသော နှင်းဆိုသည့် မိန်းမဟာ ရိုင်းရင်ဘတ်ထဲမှာ သပ်စွဲထားသည်ထက်ပို၍ ခိုင်မာစွာ စွဲထင်နေခဲ့သည်။

မေ့ဖျောက်မရခဲ့သည့် သူမနဲ့ပဲ ထပ်ဆုံခဲ့ရ၏။ နှင်း၏ အထင်တတ်သော မျက်ဝန်းတွေကို သူသိနေသည်။

က်တတ်သည့် စကားလုံးတို့ကို ဖယ်ရှားကာ အကြင်နာတွေကိုပဲ ဖို့ ကြိုးစား၏။

ယိုညမှာ သူမရောက်လာခဲ့ခြင်းသည် သူ့ဘဝကို အသက်ဆက်ခွင့်ပြုခဲ့သော အားဆေးပမာ...

နှင်း၏မျက်ဝန်းတွေမှာ သူ့အတွက် စိတ်မကောင်းကြီးစွာ ဖြစ်နေတာတွေ ပေါ်လွင်၏။ ပြောဆိုမရ ဂျစ်ကန်ကန်ပုံစံကို အားမလို အားမရနှင့် ဂရုဏာဒေါသတွေရှိနေတာကိုလည်း ခံစားမိသည်။

“မင်းမှာ တကယ်နေစရာမရှိဘူးလား ရိုင်း၊ မိဘမရှိရင်တောင် ဆွေမျိုးဘာညာ”

ရိုင်းက ထမင်းစားရင်း မေးသမျှကို ခေါင်းတွင်တွင်ခါနေသည်။

“ဥပမာကွာ မိဘဆွေမျိုးမရှိခဲ့ရင်တောင် မင်းဘယ်အရပ်မှာနေခဲ့တယ် ဘယ်လိုဘဝမျိုးဖြစ်ခဲ့တယ်ဆိုတာမျိုး”

ထမင်းကို သူမထင်ထားသလို ပလုတ်ပလောင်းစားသောက် တာမျိုးမရှိဘဲ ဣန္ဒြေရရစားလျက် မော့လည်းမကြည့် မေးတာကိုလည်း သေချာမဖြေ။

မေးတိုင်းခေါင်းခါသည်။ ပြောတာကို ခေါင်းညိတ်၏။





နှင်း ကျွတ်ခနဲစုတ်သပ်၍ ခေါင်းခေါက်ပစ်ချင်လောက်အောင် အားမလို အားမရဖြစ်နေခဲ့သည်။ ဒီကောင်လေး ဘာလေးလဲ...

တစ်နေကုန် ဦးလွင်ကို ပတ်ရှာခိုင်းလိုက်ရတာ တစ်သက်နဲ့ တစ်ကိုယ် သူမမလုပ်ခဲ့ဘူးသော မုသားတွေလည်း သုံးခဲ့ရသည်။

ရိုင်း၏ကိစ္စကိုပဲ မရမကမေး၍ မယုံကြည်သော အန်တီမြတ်တို့ သုံးယောက်၏ မျက်လုံးတွေကိုလည်း ရင်ဆိုင်ခဲ့ရ၏။

တစ်နေ့လယ်လုံး ရိုင်း ထွက်သွားသည့် ချိနဲ့နဲ့ခြေလှမ်းတေ အောက်မှာ နှင်း၏ စိတ်တွေပိပြားကြေမွသွားခဲ့သည်လား။

“ဦးလွင် အဲဒီကောင်လေးကို လိုက်ရှာပေးစမ်းပါ၊ ခေါ်လို့ မရရင် ထမင်းကျွေးခဲ့ ဆေးဖိုးရော စားဖို့ရော ပေးခဲ့လိုက်တော့ ကိုယ့်အလုပ်လုပ်ရင်း ဖြစ်ရတာ ကိုယ့်မှာတာဝန်ရှိတယ်”

နှင်း ဘယ်လိုခံစားနေရတာကို ဦးလွင်ကသိသည်။

အစကပြုံးနေသော်လည်း နောက်တော့ မပြုံးခဲ့ပါ။ ဒေါ်မြတ်ညို့တို့ မသိအောင် ကူညီလှုပ်ရှားပေးခဲ့သည်။

ညနေစောင်းတော့မှ...

“ကောင်လေးကိုတွေ့တယ် ဓမ္မာရုံထဲမှာ အိပ်နေတယ်”

ဟု သတင်းပြန်ပေးသည်။

“ဦးလွင် မနှိုးခဲ့ဘူးလား”

“နှိုးတယ် အိပ်လိုက်လို့ မဆာတော့ဘူးတဲ့ ခြေထောက်ပြန် နာမှာစိုးလို့ လမ်းလည်းထမလျှောက်ချင်ဘူးဆိုပြီး ကွေးကွေးလေး ကျန်ခဲ့တယ်”



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဝယ်ပြီး သွားကျွေးဖို့က ဖြစ်စိမ့်မဖြစ်နိုင်တာ။

"အင်း တွေ့ဖူးသမျှတော့ ရှားမှရှားပဲကွာ ဒီအရွယ်လေးနဲ့များကြီး လိုက်တဲ့မာန"

ဦးလွင်က ခေါင်းတခါခါ ဖြစ်နေသည်။

နှိုင်း အပြင်ထွက်ချင်ပေမယ့် ဆူပူနေကြသည့် ကြိမ်းဝါးသံများ ကြောင့် မိုးချုပ်တော့မှ ထွက်လို့ရခဲ့၏။

ကောင်လေးရှိနေပါ့မလားဟုတွေးရင်း ဦးလွင်ပြောသည့် ခမ္ဘာရုံကို သွားခဲ့သည်။ တွေ့တော့ ခမ္ဘာရုံက ပိတ်နေပြီဖြစ်ကာ အပြင်အမိုးရိပ် စွန်းကလေးမှာ ငုတ်တုတ်လေး။

ဦးလွင်ကို ငြင်းသလိုသာ ဒီကောင်လေး ငြင်းလိုက်လျှင် ခေါင်းကို ဆွဲခေါက်ပစ်ဖို့ထိ ဒေါသကပါလာခဲ့ပြီးသား။

ဒါပေမဲ့ 'ထ ထမင်းသွားစားမယ်'ဟု ပြောသည်နှင့် ကောင် လေး ပါလာသည်။ ကားပေါ် တက်ခါနီး ခြေထောက်က ကွေးလို့မရ ဖြစ်နေ သဖြင့် နှိုင်းကိုယ်တိုင်ဆွဲတင်ပေးရသည်။

အကောင်းဆုံး စားသောက်ဆိုင်မှာ သေချာမှာကျွေးခဲ့တာပါ။ ဒါ တောင် ကိုယ်တော်လေးက မလှုပ်တလှုပ်...

သိချင်တာမေးသမျှ ဘာတစ်ခုမှ ရေရေရာရာမဖြေတော့ နှိုင်း ဒေါသဖြစ်တော့သည်။

"နေစမ်းပါဦးကွ လူတစ်ယောက်မှာ ဘဝဆိုတာရှိကိုရှိရမှာပဲ နောက် ကြောင်းဆိုတာကို မှတ်မိခဲ့ရင်တောင် မင်းရဲ့ မနေ့တစ်နေ့က အတိတ်"





ဘာမှမဖြေသည့် ရိုင်း၏ဘဝကိုပဲ နှိုင်းကလည်း မရမက မေးနေ မိ၏။ ရိုင်းက တာဝန်ကျေစွာ ခေါင်းခါသည်။

"ဒီလိုပဲ ကျွန်တော်ရှာဖွေစားနေခဲ့ရတာပါ ကျွန်တော့်ဘက်မှာ ဘယ်သူမှ မရှိဘူး"

ဝါကျတစ်ခုကို တစ်ဘဝလုံးအတွက် အာဂုံဆောင်ထားခဲ့သည် ထင်၏။

"ဒါဆို မင်းအိပ်တော့ရော"

"အခုလိုပါပဲ မမ၊ အဲဒါ ကျွန်တော့်ဘဝတကယ်ပါ"

ထမင်းကို တစ်ပန်းကန်တောင် မကုန်ဘဲ ဇွန်းခက်ရင်းကိုချပြီး မျက်နှာမှောလာသည်၊ စားသောက်ပုံသေသပ်ကျနတာကအစ ကလေ ကချေပါလို့ ပြောတိုင်းယုံရခက်နေသည်။

ဒါပေမဲ့ ဖြစ်နေတာက တကယ်ကို ကလေကချေပါပဲ။

"မင်း စာသင်ခဲ့ရလား"

"ရေးတတ်ဖတ်တတ်ပါတယ်"

"မဟုတ်ဘူးလေ ဘယ်နှစ်တန်းဆိုတာမျိုးတော့ ရှိခဲ့မှာပေါ့"

"ရေးတတ်ဖတ်တတ်ပဲ သင်ခဲ့ရတာပါ"

ဒါပဲထပ်ဖြေတော့ နှိုင်း ဒေါသထိန်းမရတော့ပါ။ ဒီကောင်လေး ဘာစိုးတစ်ရာကြောင့် တစ်ခုခုကို တမင်တကာ ဖုံးကွယ်နေတာ သေချာ ပြီ ဘာပဲဖြစ်ဖြစ် ကိုယ်က စေတနာထားမိတော့ ရင်နာသည်။ သင်းက မာနနဲ့ပဲ၊ စားပွဲရှေ့ကနေပဲ ချက်ချင်းထရပ်မိသည်။

www.burmeseclassic.com



စလင်းဘက်ကို ကောက်လွယ်လိုက်ပြီးမှ ပြန်ဖြုတ်ချသည်။ အကြောင်းနာမစင်ခဲ့သော ဒေါသက လွတ်လွတ်ခါခါ ထွက်သွားခြင်းပဲ....

"ရော့ အဲဒါ မင်းအတွက် ဆေးဖိုးဝါးခ အလကားပေးတာ မဟုတ်ဘူး။ ငါတို့ရှေ့မှာ ဖြစ်သွားတဲ့ ဒဏ်ရာအတွက် ကုဖို့ပေးတာ မင်းခေါင်း မခါနဲ့နော် ငါထွက်သွားပြီးမှ မလိုချင်ရင် လွှင့်ပစ်လိုက်"

တင်းမာစွာပြော၍ တစ်ထောင်တန်တစ်အုပ်ချပေးခဲ့သည်။

တစ်ထောင်တန်အုပ်ကိုကြည့်၍ ရိုင်းမျက်ဝန်းတွေဖျတ်ခနဲ ပွင့်လာတော့ ဝေ့ဝဲနွဲ့ခါသွားသည့် နှိုင်း၏ ဆံနွယ်ရှည်များနှင့် ကျောပြင်လှလှလေးကိုပဲ မြင်လိုက်ရသည်။ ဒါနောက်ဆုံးပါပဲ။

ရိုင်း ဆုံးဖြတ်ခဲ့တာဟာ နောက်ဘယ်တော့မှ သူမနှင့် ထပ်မဆုံဖြစ်ဖို့ နှိုင်းမရဆိုသည့် မိန်းမ၏ဘေးမှာ ဘယ်ယောကျာ်းရှိနေသလဲဆိုသည့် မျက်လုံးတစ်စုံမှလွဲ၍ သူ့ စိတ်ရောကိုယ်ပါ ကျောခိုင်းထားခဲ့သည်။

လိုချင်တာကို ချုပ်တီးကျောခိုင်းရင်း ကြိုးစားခဲ့သည့် ကာလမှာ သူ့စိတ်တွေကြမ်းချင်တိုင်း ကြမ်းခဲ့သည်။

နေမရိုင်းနာမည်ပျောက်ကာ လူရိုင်းဆိုသည့် နာမည်တစ်ခုက ဒေါ်မာယာ၏ နှုတ်ဖျားမှစ၍ တွင်ကျန်ခဲ့တာ ဖြစ်သည်။

အတိတ်၏ ပုံရိပ်တို့ကို ပြန်လည်စဉ်းစားရင်း ရိုင်း အိပ်ရာပေါ်မှာ ကန့်လန့်ဖြတ် လှဲချလိုက်မိသည်။

လက်ထဲမှာ ဆုပ်ကိုင်ထားသည့် ကာလပ်ဖန်ခွက်လေးထဲက ဝိုင်





ချိုက ဘယ်ကိုမှ ဖိတ်စင်မသွားဘဲ ရင်ဘတ်ပေါ်မှာ ငြိမ်ငြိမ် သက်သက်ရှိနေ၏။

ပက်လက်ကနေပဲ ဖန်ခွက်ကို နှုတ်ခမ်းမှာတေ့သည်၊ မျက်နှာကြက်ကို ငေးနေရင်း ဝိုင်ကို တစ်ကျိုက်ချင်း မျိုချသည်။

ထိုစဉ် အနားမှာရှိနေသည့် ဖုန်းသံလေးထမြည်လာ၏။

ဖုန်းကို လက်ပြန်ကောက်ပြီး နားထောင်လိုက်သည်။

"ဆရာ...မနက်ဖြန် တောင်ကြီးက ဆင်းလာမလား၊ ကျွန်တော်လာကြိုလည့်မယ်"

"မလိုဘူး ငါပြန်ချင်တဲ့အချိန်ပြန်မှာ ဘယ်သူ့ကိုမှ ပြောမထားနဲ့"

"ဟုတ်ကဲ့"

"ငါ ခိုင်းတာတွေ ဘယ်လိုလဲ"

"အားလုံး ကွက်တိပါပဲ"

ပြီး၍ သူ ဖုန်းကို ပြန်ချထားလိုက်သည်။

ဖုန်းဆက်လျှင် ဘယ်တော့မှ နှုတ်မဆက်တတ်တာ သူ့အကျင့်၊ စိတ်ကူးနှင့် အိပ်မက်များအားလုံးကို အနာဂတ်မှာထားကာ ကျောနောက်မှာ နှိုင်းမရကို ပူးကပ်ထားခဲ့သည်က ခွန်အားအတွက်...။

ဝိုင်ကို အကုန်မော့လိုက်ပြီး ဖန်ခွက်ကို လွှဲပစ်ချလိုက်သည်။ ဧစောက သူ့ရပ်ခဲ့သော တစ်ချပ်ပွင့်နေသည့် ပြတင်းပေါက်ကနေ ဖန်ခွက်လေး လွင့်ပျံထွက်သွား၏။

သူရင်းနှီးခဲ့ရသော ဘဝနှင့် ကျပ်သိပ်စွာဖြစ်တည်ခဲ့သော ဓာ်မား



www.burmeseclassic.com

www.burmeseclassic.com



ချက် ချစ်ခြင်းအားလုံး အဆုံးသတ်ဖို့ အချိန်တန်ပြီ။ နောက်ထပ် သူ့ဘဝ တစ်ဆစ်ချိုးမှာ နေမရိုင်း လိုချင်တာကိုရအောင်ယူမည်။

အိပ်မက်အားလုံးကို ဆုပ်ဖမ်းနိုင်ဖို့ သူရင်းနှီးခဲ့ရတာတွေ လုံးဝ ရပ်တန့်လိုက်ဖို့ ဆုံးဖြတ်သည်။

အမြဲတမ်း စေ့ပိတ်၍ အေးစက်စက်ရှိနေခဲ့သည့် သူ့မျက်နှာ သူ့နှုတ်ခမ်းတို့မှာ ခပ်လွန့်လွန့်အပြုံးနှင့်.....

ရေ ရေ ရေ





အခန်း (၁၀)

ဖုန်းကိုအသံမြည်အောင် ဂွပ်ခနဲပစ်လိုက်ကာ ဒေါ်မာယာ တက်ခေါက်၏။ နေရာမှာပဲ တောင့်တောင့်ကြီးရပ်နေပြီးမှ တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် စာကြည့်ခန်းထဲ ခပ်သုတ်သုတ်ဝင်သည်။

ပြီးတော့ အရေးကြီးသော စာရွက်စာတမ်းတွေ ရှိနိုင်သည့်နေရာတွေ အကုန်လျှောက်ဖွ၍ရှာသည်။

သုံးလေးထပ်ရှိ သည့် အံဆွဲတွေကိုဆွဲဖွင့် ဒိုင်းခနဲပြန်ပိတ် မတွေ့လေ ဒေါသဖြစ်လေ...

ထိုစဉ် သူမနောက်သို့ ဘုရိပ်တစ်ရိပ်ရောက်လာကာ..

"ဘာတွေ ဒီလောက် သဲကြီးမဲကြီးဖြစ်နေတာလဲ မာယာ"

ဒေါ်မာယာ ဆတ်ခနဲဖြစ်သွား၏။

ရုတ်တရက် မျက်နှာပျက်သွားပြီးမှ နောက်ကိုလှည့်ရပ်လိုက်သည်။

"ကိုကို့သားလေ ကိုကို့သား ပြဿနာရှာပြန်ပြီ"

ဦးနေစိုးမျက်မှောင်တစ်ချက်တွန့်သွားပြီး ကျောခိုင်းလိုက်၏။

"ကိုကို"

ဒေါ်မာယာက ဦးနေစိုးရှေ့ကိုရောက်အောင် ပြေးသွားပြီး ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ကိုတွန်းထားလိုက်သည်။

မျက်လုံးချင်းဆုံမိကြသော်လည်း အမြဲတမ်းဥပေက္ခာထား ခဲ့သော မျက်ဝန်းတို့မှာ သူမအတွက် နေရာမတွေ့။

"ဒီလောက်နှစ်တွေ အများကြီး မာယာသည်းခံနေခဲ့တာတောင် ဖွဲ့ဆုလေးဖြစ်ဖြစ် ကိုကို မပေးချင်ဘူးလားဟင်"

ဦးနေစိုးက ဒေါ်မာယာကို အေးဆေးစွာကြည့်၍ စာကြည့် စားပွဲဆီပြန်လျှောက်သွား၏။

စားပွဲမှာ လက်နှစ်ဖက်ထောက်၍ မွန်းကြပ်သော လေပူတစ်ချက်ကို မှုတ်ထုတ်သည်။

"မင်းနဲ့ငါ ပြိုင်ပွဲဝင်နေကြတာမှာ မဟုတ်ဘဲမာယာ အနိုင်အရှုံးတွေ အဆုံးအဖြတ်တွေကို ဘာဖြစ်လို့ မျှော်လင့်နေတာလဲ"

"မမျှော်လင့်ခဲ့ဘူးလေ ဒါပေမဲ့ စပြီးရင် အဆုံးဆိုတာ ရှိရမှာပဲမဟုတ်ဘူးလား၊ ကိုကိုနဲ့ မာယာဘယ်လို စခန်းသွားကြမှာလဲ ကိုကိုကြိုးစားခဲ့သမျှက တစ်သက်လုံး ကိုကို့သားအတွက်ပဲလား ဟင်"

ဦးနေစိုးက ခေါင်းခါလိုက်ပြီး လှည့်ကြည့်သည်။

"ငါ့မှာ ဘာရည်ရွယ်ချက်မှ မရှိခဲ့ဘူး မာယာ အစကတည်းက ငါ့ရည်ရွယ်ချက် ငါ့စိတ်ကူးတွေထဲမှာ မင်းလည်းမပါဘူး၊ ရိုင်းလည်း မပါခဲ့ဘူး၊ အခုလည်း မရှိဘူး"

ဦးနေစိုး မျက်နှာပြန်လွှဲ၍ စားပွဲမှာဖြည်းလေးစွာ ထိုင်ချလိုက်၏။

"ငါ့ရဲ့အတိတ် ငါ့ရဲ့ အနာဂတ် အားလုံးဟာ သူမရှိတော့တဲ့





နောက်မှာ ဘာမှကိုမရှိတော့တာ"

"ခဏခဏ ကြေညာမနေပါနဲ့ကိုကို ကိုကိုအသည်းနှလုံး ကုန်းကောက်စရာမရှိအောင် အရည်ပျော်ပျက်ကျနေတာကို သည်းခံပေါင်းသင်းခဲ့တာပါ၊ ဒါပေမဲ့ ကိုကို့ဇနီးဆိုတဲ့ နေရာကနေ မာယာ နေရာမှန်လေးတော့ ရထားချင်တယ်"

"အခု မင်းကို ဘယ်သူက ဖြုတ်ချနေလို့လဲ"

"ဖြုတ်ချလိုက်တာနဲ့အတူတူပဲ ကိုကို ကိုကို့သားလုပ်သမျှ လက်ညှိုးထိုးတိုင်း ကိုကိုဖြစ်စေခဲ့တာ ခုထိဖြစ်ခွင့်ပေးနေတုန်းပဲ အဲဒါ ဘယ်လိုစိတ်ထားတွေနဲ့လဲ ကိုကို ကိုကို့သားက အခု နိုင်ငံတကာနဲ့ ဖက်စပ်လုပ်ငန်းတွေ အကြီးအကျယ်ဖြစ်ပြီး နေမရိုင်းဆိုတဲ့ နာမည် တစ်လုံးနဲ့ပဲ လက်တံရှည်ကြီးဖြစ်နေပါပြီ သူ့မှာ မလိုအပ်ဘဲ ဒီမှာယိုင်နဲ့နဲ့ ထဲကအမွေခွဲပေးပါဦးဆိုတာဘာလဲ ဒါ သက်သက်ယုတ်မာတာ မဟုတ်ဘူးလား"

"မာယာ"

ဦးနေစိုးက စားပွဲကနေ ပြန်ထရပ်သည်။

"မင်း ပြောနေတာ သူ့ရဲ့အဖေရှေ့မှာဆိုတာ မမေ့နဲ့"

"သြော် ကိုကိုက နာတယ်ပေါ့"

ဒေါ်မာယာ မျက်ဝန်းတို့မှာ အရောင်လက်လာကြ၏။ မျက်ရည်ရောင်လား ဒေါသရောင်လားဆိုတာ မသိနိုင်။

"ဒီလိုပြောတာ မာယာတစ်ယောက်တည်းမဟုတ်ဘူး ကိုကို ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



သား ဘယ်လိုပုံစံဖမ်းတယ်ဆိုတာ လူတိုင်းကသိလို့ ပြောနေကြတာ သူ ကိုကို့ထက် အများကြီးချမ်းသာသွားပြီ ငွေကို ဘယ်လိုရှာမလဲ ကွက်ကျော်ရိုက်သွားပြီဆိုလည်းသူပဲ ဖြတ်စားသွားပြီဆိုလည်း သူ၊ တပည့်တပန်းတွေ ထားလိုက်တာကလည်း ပွထလို့ ချမ်းသာလွန်းလို့ နေမရိုင်းဆိုတဲ့ ပင်မစီးပွားရေးက ဥပဒေဘောင်ထဲက ဟုတ်ရဲ့လားလို့တောင် အားလုံးသံသယဝင်ခဲ့ကြတာ"

ဦးနေစိုးက မျက်မှောင်ကုတ်၍ ငြိမ်သက်နေခဲ့၏။ သူသည် ဒေါ်မာယာပြောသမျှကို နားဝင်ချိုစွာ သောတဆင်နေခဲ့တာ မဟုတ်၊ ကိုယ့်စိတ်နှလုံးသားကို မွန်းကြပ်ပိတ်လှောင်လျက် အတိတ်ရယ် အနားက ဇနီးသည်ရယ် ပြီးတော့ နေမရိုင်းဆိုသော သားနှင့် နံရံသုံးဘက်ထဲမှာ စုံးစုံးမြုပ်နေသော ကိုယ့်အဖြစ်ကိုသာ သုံးသပ်မရနိုင်ခဲ့ခြင်းဖြစ်၏။

ဟိုတုန်းကတည်းက သူချစ်ခဲ့တာ ချစ်သူတစ်ယောက်တည်း၊ ထိုမိန်းမဟာ ကြွေရုပ်သွင်ပဲဖြစ်၏။

သူ့မျက်ဝန်းထဲမှာ ကြွေရုပ်သွင်ကဲ့သို့ ကျက်သရေမင်္ဂလာ ပြည့်စုံ၍ ချစ်ခင်မြတ်နိုးဖွယ်ကောင်းသည့် မိန်းမမရှိ၊ သွင့်ကို သူ မြတ်နိုးလို့ မဝမီ ခွဲခွာခဲ့ရသည်။ တက္ကသိုလ်တက်ကြသည့် ဘဝမှာ ချစ်သူတွေ ဖြစ်ခဲ့ကြတော့ သွင့်ဘဝက ချို့တဲ့ရှာသည်။

ဆွေမျိုးတစ်စု၏ ထောက်ပံ့မှုဖြင့် ကျောင်းတက်ရရှာသော သွင်နှင့် သူ့ကို မေမေတို့က ဘယ်လိုမှ သဘောမတူနိုင်။ ကျောင်းတွေပြီးကြတော့ သွင်ပြန်သွားခဲ့၏။





သွင်ကလွဲ၍ ဘယ်မိန်းကလေးကိုမှ စိတ်မကူးသော သူ့ဆုံးဖြတ်ချက်များကို ရိပ်မိသွားခဲ့သော မိဘတွေက သူ့ကိုပြန်၍ လိုက်လျောခဲ့၏။

မိဘများနှင့် အပြင်းအထန်ရင်ဆိုင်လိုက်ရတာမျိုး မဖြစ်ခဲ့ပဲ ပေါင်းစည်းခွင့်ပေးလိုက်ပေမယ့် သွင်နဲ့သူ့အတွက် ပေါင်းဆုံခွင့်က ဒါလောက်ပဲ ပါလာခဲ့သည်။

မေမေတို့ကိုယ်တိုင် သွင့်ကို တောင်းရမ်းပေးခဲ့သည်။ အကျဉ်းချုံးပြီး လက်မှတ်ထိုးခဲ့ကြပြီး ရန်ကုန်မှာ အကြီးအကျယ်မင်္ဂလာဆောင်ပြီးမှ ပေါင်းသင်းကြဖို့ ပျော်ရွှင်စွာ ထွက်လာခဲ့ကြသည်။

သို့သော် ရန်ကုန်မရောက်မီ ကားအက်ဆီးဒင့်ဖြစ်ခဲ့သည်။ သွင်က ထိုအဖြစ်မှာပဲ တစ်ခါတည်း ဆုံးသွားခဲ့ရကာ သီရိကို သူလက်ထပ်ခဲ့ရတော့ သွင်ဆုံးခဲ့တာ ကိုးလပဲရှိသေးသည်။

သီရိဟာ မိဘတွေအစကတည်းက စေ့စပ်ပေးထားခဲ့ဘူးသည့် မိန်းကလေး၊ ဆရာဝန်တစ်ယောက်လည်းဖြစ်ကာ သူ့အပေါ် တစ်ဖက်သတ်မြတ်နိုးစိတ်လည်း ရှိခဲ့ဖူးသူဖြစ်သည်။

ကားမှောက်သည့်ဒဏ်ရာများနှင့် သူ့ကို သီရိကိုယ်တိုင်လာရောက်ပြုစုစဉ် အသောက်အစားဖက်နေခဲ့သော သူ့အဖြစ်က မြင်မြင်သမျှ သွင်ပဲဖြစ်နေသောကြောင့်...

ဦးနေစိုး လုံးဝမတွေးရဲခဲ့သောဘဝ၏ နောက်ထပ်တစ်ဆစ်ချိုးဘဝမှာ မာယာ။

သီရိကို သူ၏မှားယွင်းမှုကြောင့် သတ္တိရှိရှိ တာဝန်ယူခဲ့ရသည်။

www.burmeseclassic.com



မာယာကတော့ သူမက လိုချင်၍ ရအောင်ယူလိုက်တာဖြစ်သည်။

မာယာဟာ သူ့ကိုပဲ တမ်းတမ်းစွဲသဘောကျလျက် မိန်းမငယ်လေးပီပီ ပြောရဲဆိုရဲရှိသည်။

ပွင့်လင်းလွန်းသည်။ နောက်ဆုံး လက်ထပ်ခဲ့ကြသည်အထိ "မင်းကိုငါမချစ်နိုင်ဘူး"ဟု ပြောခဲ့တာတောင် "ကိုကိုမချစ်ရင်နေ မာယာက ချစ်နေရရင်ပြီးရော"ဟု ပြောရဲခဲ့၏။

ထိုသို့သော ကိုယ်တိုင်များခဲ့တာတွေ ရှောင်ထွက်မရခဲ့တာတွေ ရောထွေးကာ ဦးနေစိုးဟာ ရုပ်ချောသလောက် ပွေရှုပ်တတ်တဲ့ ယောကျ်ားအဖြစ် နာမည်ပျက်တွေ ရှိလာခဲ့သည်။

သူပြုံးလိုက်တိုင်း မာယာဟု မြင်ကြသည်။ ဘယ်သွားသွား ဘယ်လာလာ ခြေလှမ်းပျက်တဲ့သူ အပြစ်ပဲမြင်ကြ၏။ ရှိပါစေတော့။

သူဘယ်လို သွားပုတ်လေလွင့်စကားကိုမှ မဖြေရှင်းခဲ့ပါ။ ရင်ထဲမှာ ချစ်ခင်ကြင်နာတတ်တဲ့စိတ်အပြင် ရှက်ကြောက်ဂရုစိုက်တတ်သည့်စိတ်တို့လည်း မရှိတော့သလို ထုံပေပေနေတတ်လာခဲ့၏။

သီရိနဲ့သူရခဲ့တာ နေမရိုင်းတစ်ယောက်ပဲ ရှိသည်။

မချစ်တတ်သည့်စိတ်က ကလေးကိုပါ ကူးစက်သွားခဲ့သည် ထင်၏။ သီရိနှင့် ကလေးကို ဂရုမစိုက်စွာ သွားမြဲတိုင်းသွား လာမြဲတိုင်းလာရင်း သီရိအိပ်ယာထဲလဲခဲ့တဲ့အထိ ဖြစ်သွား၏။

သီရိဆုံးပြီး မာယာကို သူလက်ထပ်လိုက်ရသောအခါ သူရှုပ်ပွေနေတာသိလို့ သီရိအသက်တိုရသည်ဟု ပြောဆိုစရာတွေ ဖြစ်လာခဲ့၏။





တကယ်တော့ သွင်မရှိတော့သော နောက်ထပ်သူ့ဘဝတစ်ခုလုံးဟာ စက်ရုပ်တစ်ရုပ်သာ...

"ကိုကိုက မချစ်ဘူး မချစ်ဘူးနဲ့ တကယ်တော့ ကိုကို့သားကိုပဲ ကိုကိုချစ်ခဲ့တာ သူ့ဘာလုပ်လုပ် အမြဲလိုက်လျောတယ်၊ သူဘာ တောင်းတောင်း ခေါင်းညိတ်ခဲ့တယ်။ မာယာကို သားသမီးမရခဲ့အောင် တားဆီးခဲ့တဲ့အထိ နေမရိုင်းကို ကိုကိုချစ်တာ"

ဟု မာယာက စွပ်စွဲလာ၏။

"မင်း မဆိုင်တာတွေ မပြောနဲ့ သားသမီးမရတာ ငါ့မှာ ဘာမှပြစ်ချက်မရှိဘူး၊ ငါ ဘာမှလည်း ကာကွယ်ခဲ့တာ မရှိဘူး မင်းကိုမင်း ပြန်စစ်'

ဒါကိုပဲ နားပူလွန်းတော့လည်း အော်ထုတ်ပစ်လိုက်မိသည်။

မာယာတကယ် စစ်ဆေးခဲ့ပါသည်။ ကလေးမရနိုင်တာက သူမအပြစ်ပဲဖြစ်နေခဲ့၏။

ထိုအချိန်ကတည်းက နေမရိုင်း ကို သေအောင်မုန်းခဲ့သော မာယာ.

"အိမ်ထဲမှာဘာတွေဖြစ်နေသလဲဆိုတာ နည်းနည်းတော့ ပြန်ကြည့်စေချင်တယ် မောင်စိုးရယ် ဦးချစ်က ဘာမှတော့ ပြောခွင့်မရှိဘူး၊ ဒါပေမဲ့ ရိုင်းရဲ့ စိတ်ဟာမင်းနဲ့သိပ်တူနေတာ တစ်ဖက်စောင်းမာကျောတတ်တဲ့စိတ်နဲ့ ဒီအတိုင်း ဥပေက္ခာတွေနဲ့ဆက်ပြီး ကြီးပြင်းသွားမယ်ဆိုရင် ဒီကလေး ပျက်စီးသွားမှာ"

ခြံစောင့်ကြီး ဦးချစ်က သတိပေးလာမှတော့မှ နေမရိုင်း အတွက်ကို သူခေါင်းထဲထည့်ဖို့ သတိဝင်လာ၏။ သို့သော် နေမရိုင်းက ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့ဆီရောက်မလာတော့ပါ။

"ငါတို့က မင်းအဖေဆီသွားလို့ အားကိုးတကြီး လက်ညှိုးထိုး လိုက်ပေမယ့် မင်းကမကြုံဆိုတော့ ကလေးက တစ်လွဲရောက်သွား တာပေါ့ နေစိုးရယ်၊ မင်းရက်စက်လိုက်တာ မင်းအိမ်ကို ကလေး ရောက်သွားတယ်၊ ရောက်ကိုရောက်တယ်၊ မင်းမိန်းမကြောင့် ခုလို လွင့်ထွက်သွားရတာ လာမရှာနဲ့ ဒီမှာလုံးဝမရှိဘူး"

ကလေးကို ခေါ်သွားကြသည့် သီရိ၏ အစ်မတွေဆီမှာ သူ သွားရှာတော့ မျက်ရည်စက်များနှင့် နှင်လွှတ်ခြင်းခံခဲ့ရင်း...

ရှူဥလိပ်လို မြုပ်ကွယ်သွားခဲ့သော သီရိနှင့် သူ၏ရင်သွေး နေမရိုင်းသည် နောက်တစ်ချီပြန်ပေါ်လာတော့ ဘဝတစ်ခုတည်းကို မျက်လှည့်ပြသွားသလို ပြောင်းလဲမှုများစွာနှင့်...

"ကျွန်တော် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံပြီး အခြေချချင်တယ် ဖေဖေ ကျွန်တော့်ကို ထူထောင်နိုင်ဖို့ ဖေဖေနေရာပေးပါ"

ဟု ဆက်သွယ်လာသော ပထမဆုံး နေမရိုင်း ကိုယ်ယောင် ပြလာခြင်းဖြစ်၏။ ဒီတုန်းကလည်း ကိုယ်ဟာဖခင်ဝတ္တရားရှိသည့် အတိုင်း ပေးဝေနိုးရင်းဆိုသော တာဝန်ကို ကျေစေခဲ့တာဖြစ်သော် လည်း မာယာက မကြည်လင်။

"သူ့အဒေါ်တွေရှိနေတာပဲ ကိုကို ဆင်ကြုံတော့ ကျွဲတဲ့ မွဲနေပြီ ဆိုတာအလကားပြောတာ ကိုကိုတစ်ယောက်တည်း ရင်းနှီးထည့်ဝင် ဖို့ မလိုပါဘူး၊ နေမရိုင်းရဲ့ တာဝန်ကို ငယ်ငယ်ကတည်းက သူတို့ပဲယူ





မယ်ဆိုပြီး ခွဲထုတ်သွားပြီးသား"

တစ်ဦးတည်းသောသားဆိုသည့် ဖျောက်ဖျက်မရနိုင်သော သွေး စည်းကြောင့် အခုလို မာယာက ခုတ်ဖြတ်ဖို့ ကြိုးစားခဲ့၏။

နေမရိုင်းဆိုတာ ဦးနေစိုး၏ရင်သွေး၊ ပြီးတော့ သီရိမှစ၍သူ့ဘက်က မှားယွင်းမှုများစွာမှာ ရင်သွေးကိုပင် ထားခဲ့မိသည်အထိ အဆုံးမသတ် နိုင်ဖြစ်ခဲ့သည်။ ဒါကို ပြန်ပေးဆပ်ဖို့ဆုံးဖြတ်ခဲ့တာရော မှားသွားသလား။

နေမရိုင်းလိုချင်တာပေးဖို့ အဆင်သင့်ပြင်ထားခဲ့တာဟာ ဖခင် တစ်ယောက်၏ မေတ္တာစိတ်အပြင် သူ့မှာ ဘာပယောဂမှ မရှိခဲ့ပါ။

မာယာကတော့ သူ့မကို တမင်တကာ ဖွဲ့ချချိုးနှိမ်နေသည်ဟုသာ သက်သက်စွပ်စွဲနေခဲ့ရင်း....

တိတ်ဆိတ်သွားခဲ့သော အခန်းထဲမှာ မာယာ၏ အသက်ရှူသံ ပြင်းပြင်းကိုပင် ကြားလာရ၏။

"အခု ပြောပါဦး ကိုကို ကိုကို့သားက ကုမ္ပဏီမှာ ရှယ်ယာတွေ ဖြုတ်ခိုင်းနေပြန်ပြီ ကိုကို့လုပ်ငန်းတွေကိုပဲ သူလိုက်ဖြုတ်ခိုင်းတာ သား သမီးတစ်ယောက်က ထားတဲ့မေတ္တာတွေလား သူ့ဘက်က အတိုင်းအ တာတစ်ခုတော့ရှိတယ်ကိုကို မတော်တဆမဟုတ်ဘဲ တမင်တကာ ဆိုတာကြီးကို ကိုကိုက ငုတ်တုတ်အသေခံနေပေမယ့် မာယာမခံနိုင်ဘူး"

ဦးနေစိုး ဖျတ်ခနဲလှည့်ကြည့်သည်။ ဟိုတုန်းက ချောမွေ့တည် ကြည်နေခဲ့သော ဦးနေစိုး၏ သူ့မတပ်မက်ခဲ့သည့်မျက်နှာသည် ခုနစ်နှစ် ရှစ်နှစ်ဆိုသော ဆယ်နှစ်တာကာလအတွင်းမှာ အများကြီး ယိုင်နဲ့ခွေ



www.burmeseclassic.com

www.burmeseclassic.com



ကျသွားခဲ့၏။

ထိုယောကျ်ားသည် သူ့စိတ်ကိုယ်ဟာ တစ်သီးတစ်ခြားစီ လွင့်ပါလျက် ဘဝကို ဘယ်လိုပုံစံနှင့် ရှန်းကန်နေခဲ့မှန်း သူ့ကိုယ်သူပင် ဂရုစိုက်ပုံမပေါ်။

နှုတ်ဖျားမှ အားမနာတမ်းတင်ထားခဲ့သည်က မင်းကို ငါမချစ်ဘူးမာယာ ဆိုသော စကား။

"ဒီမှာ မာယာ"

ဦးနေစိုးက မာယာကိုကြည့်၍ တည့်တည့်လှည့်ရပ်၏။

"ငါနဲ့ ငါ့သားကြားမှာ အမုန်းဘဲဖြစ်ဖြစ် အချစ်ပဲဖြစ်ဖြစ် မင်းစိတ်ဝင်စားဖို့မလိုဘူး မင်း စိတ်ရှိတိုင်း ကြဲခဲ့စဉ်ကလည်း ငါအပြစ် မတင်ခဲ့ဖူးဘူး၊ ရိုင်းကို မင်းဘယ်လိုသဘောထားခဲ့သလဲ ဘယ်လိုမောင်းထုတ်ပစ်ခဲ့သလဲ"

မျက်နှာကြည့်၍မေးတော့ ဒေါ်မာယာမဖြေနိုင်။

ရှုံးစိုက်ကြည့်ပြီး ဦးနေစိုးက ဆက်ပြော၏။

"ငါ ဦးဆောင်နေတာ ညံ့ဖျင်းတယ်ထင်ရင် မင်းနည်းလမ်း မင်းရှာနိုင်တယ်၊ နေမရိုင်းဟာငါ့သားဖြစ်နေတဲ့အတွက် နေမရိုင်းကို ငါဘယ်တော့မှ မကိုက်ခိုက်ဘူး"

"ဒါဆို မာယာ့အနေနဲ့တော့ တိုက်ခိုက်ခွင့်ရှိတာပေါ့ ဟုတ်လားကိုကို မာယာ့ကို ခွင့်ပြုလိုက်တာလား၊ ဟွန်း ယောကျ်ားနဲ့မိန်းမပါ သူ့အတွက် အခွင့်အရေးမရှိတာတွေ မာယာ့မှာရှိတယ် စိန့်လိုက်"





ဦးနေစိုးက ခပ်မဲ့မဲ့ပြုံး၍ တစ်ဘက်လှည့်သွား၏။

"နေမရိုင်း" အင်ပါယာကို မင်းဘယ်လိုဖြိုမလဲ ကြိုးစားလိုက်ပါဦး...

ဆဆဆ



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၁)

"နေမရိုင်းက တော်တော့်ကို လွန်နေပြီ မမမြတ်ရယ် သက်တို့လည်း အကြံကုန်ပြီ ဖော်မြူလာအသစ်တွေရတော့လည်း ထုတ်ဖို့ ကုန်ကြမ်းကမရှိ ကုန်ကြမ်းတွေရတော့ အင်တိုက်အားတိုက် လုပ်ကြမယ့် သက်တို့ဆီက ပညာရှင်တွေအားလုံးကို တစ်ယောက်ချင်းဖဲ့ယူသွားခဲ့တာကြည့်စမ်း"

"တော်စမ်း မိသက်၊ ဘာဖြစ်လို့ ဟိုးအစကနေ ပြန်လှန်တူးဖော်နေဘာလဲ အားလုံးချွတ်ခြုံကျကုန်ပြီ ဘာမှမရှိတော့ဘူး၊ ကုမ္ပဏီလုပ်တော့လည်း လိုက်ဖျက်၊ ကုန်သည်လုပ်တော့လည်း သင်းနဲ့မလွတ်၊ ဒီကြားထဲ မြက်မြက်ကလေးစားရမလားလို့ စိန့်ပွဲစား လုပ်ကြည့်ပါတယ် သူက ကိုယ့်ထက်တတ်နေသေးတယ် ငါတို့က သူ့အတွက် စစ်တုရင်ပေါ်က နယ်ရုပ်တွေလား"

ဒေါ်မြတ်ညို အိပ်ရာထဲကနေမလှုပ်နိုင်ပဲ မျက်ရည်စမ်းစမ်းနှင့် ဖြစ်လာသည်။ ဒေါ်မြတ်သက်အားပေးနေရပေမယ့် ရင်ထဲမှာမချိပါ။





ဘာဘာကိုယ်တိုင် အားထုတ်ပျိုးထောင်ပေးခဲ့သော မြတ်ရတနာကို ဆုံးရှုံးမခံနိုင်သောကြောင့် ပိုင်ဆိုင်သမျှကို ဟိုကဖဲ့ထုတ် ဒီကဖဲ့ထုတ်နှင့် မယိုင်လဲအောင် ကျားကန်ထားခဲ့ရတာ နှစ်တွေ မနည်းတော့ပြီ။

နေမရိုင်း ကွန်စထရက်ရှင်၊ နေမရိုင်း ဟိုတယ်၊ နေမရိုင်း ရောင်းဝယ်ရေးစသော ဘယ်လုပ်ငန်းတွေပဲ ထိုးဖောက်ကျော်ကြားလာပါစေ အားလုံးက နေမရိုင်းချည်းပဲ ဖြစ်နေခဲ့၏။

ခက်နေသည်က ဘာကိုမှယှဉ်သာခဲ့သည်မဟုတ်ဘဲ အမှတ်တမဲ့ ကွေ့လေးတွေမှာ နေမရိုင်းနဲ့ချည်း သူမတို့ ဆုံမိနေခဲ့သည်။ အရှုံးပေါ်နေခဲ့သည့်လုပ်ငန်းတို့က တစ်ခုပြီးတစ်ခု ပြုတ်နေတော့သည်။

"အဲဒါတွေ ခဏမေ့လိုက်ပါ မမမြတ်ရယ် ညနေ မြတ်သက်အားကုန်ပြီရဦးမှာ နားလိုက်ဦး"

အားလုံးရင်ထဲမှာ မငြိမ်းချမ်းပေမယ့် ဒေါ်မြတ်သက်မှာ ပြောစရာစကားက ဒါပဲရှိသည်။

စီးပွားရေးအကြောင်းပြောမိတိုင်းလည်း ဘာမှပြန်ပြင်ယူလို့ ရတာမရှိ။ ညည်းညူစိတ်ပျက်ရင်းနဲ့ တမြေ့မြေ့ သေဆုံးရဖို့သာ ရှိတော့သည်။ ဘယ်ဘဝက ဝဋ်ကြွေးလဲ...

"နားလို့ရမလား မိသက်ရယ် ဒီမျက်လုံးကြီးကို ဖွတ်ပိတ်ထား ရတာ ဘယ်လောက်ပင်ပန်းတယ်ထင်လဲ အချိန်တိုင်း နေမရိုင်းကိုပဲ မြင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အခု သူ့အဘိုးလည်း မရှိတော့ဘူး၊ သူ့မအေခမျာလည်း ဆုံးသွားရှာပြီ စီးပွားရေးအခြေယိုင်နေပြီဆိုတာလည်း သူသိပါတယ်၊ သိလို့အခုဆို ပြောဖို့တောင်မှမလိုဘူး သက်တို့ကိုယ်စား ဝင်ဝင်လုပ်သွားတာ အဆင်ကိုပြေလို့ ကြည့်ပါလား"

ဒေါ်မြသက်သဘောက မနိုင်မနင်းဖြစ်ကြရလို့ ကူညီခိုင်းနေတာမျိုးမဟုတ်ဘဲ နှိုင်းကို ဦးစီးဦးဆောင်လုပ်သွားစေချင်တာဖြစ်သည်။

ဘာပဲဖြစ်ဖြစ် အားလုံးကြိုးစားနေကြတာ သူ့မလေးအတွက် ချည်းပါပဲ ရှာဖွေသမျှတင်ကျန်ခဲ့တာကိုရမည်။

မျှော်သွားရင်တော့ ကုန်ပြီလို့ပဲ မှတ်ရတော့မည့်ကိစ္စ၊ ဒါကို အစစအရေးတွေးတက်လျှင် ဝိုင်းကူညီရင်း စည်းဝိုင်းထဲကို တကယ်ဝင်၍ မားမားမတ်မတ် ရပ်ဖို့ကောင်းပြီ။

အိမ်မှာကြွေလွင့်သွားကြသူတွေက စီးပွားရေးကို ဦးဆောင်နိုင်သူတွေတော့ မဟုတ်ကြပါ၊ ဒါပေမဲ့ လူတစ်ယောက်လျော့သွားတိုင်း တစ်အားငယ်သည်။

လူကြီးပေမယ့် လူကြီးအဖြစ်နဲ့ တည့်မတ်ထိန်းကျောင်းပေးဖော်ရသည်။ မြခွာညိုကလည်း မသန်စွမ်းရှာသည့်ကြားကပဲ တိုင်ပင်ကြည့်လို့ရသည်။

အကြံကောင်း ဉာဏ်ကောင်းလေးတွေ ပေးတတ်သည်။ ခုတော့သူ့မတို့မှာ အသိုင်းအဝိုင်းအင်အားမဲ့နေကာမှ စီးပွားရေးက ထိုးဆင်းသွားလိုက်တာ ဘယ်လိုမှကို အဖတ်ဆယ်လို့ မရတော့ပေ။





"မမြတ်ရယ် သက်တို့လည်း မြင်ဖူးသိဖူးတာ မဟုတ်ဘဲနဲ့"

"အဲဒါကြောင့်ပြောတာ ငါတို့နဲ့မှ တိုက်ဆိုင်နေရတာ ထူးကိုထူးလွန်းတယ် ကြားဖူးတာက နေမရိုင်းက လူငယ်တစ်ယောက်ပါ ငါတို့က လူကြီးတွေ ပြီးတော့ လုပ်ကြတဲ့အရှိန်အဝါချင်းကော တူလို့လား တို့ကိုနိုင်တာ သူဂုဏ်ရှိသွားတာမှ မဟုတ်တာ"

ဒေါ်မြတ်သက် သက်ပြင်းချလိုက်ပြီး ဆေးပုလင်းတွေကို ကိုင်သည်။ မမြတ်ကို ဆေးတိုက်ရဦးမှာပါ။

"အဲဒါကြောင့် သက်ပြောတာ မြတ်ရတနာကို နှိုင်းလေးနဲ့ပဲ လက်လွှဲထားလိုက်ပြီး လူငယ်ဆိုတဲ့ နေမရိုင်းနဲ့ အတွေးသစ် အမြင်သစ်ချင်းယှဉ်ကြည့်ချင်တာ လူငယ်မို့လို့ မမြတ်က စိတ်မချတာမို့လား တစ်ခါတစ်လေ လူငယ်တွေရဲ့ စိတ်ကူးအစီအစဉ် တွေက လူကြီးတွေထက် နသစ်လာပသွားတာတွေ ရှိပါတယ် မမြတ်ရယ်"

"မဟုတ်တာအေ တို့ကလေးကိုက စိတ်ဝင်စားတာမှမဟုတ် တာစီးပွားရေးလုပ်တာငွေရှိလို့ ရင်းနှိုင်တိုင်း အောင်မြင်လို့လား ဝါသနာပါမှ နဲ့ရှိမှ ဖောက်ချလုပ်တတ်တဲ့ အကျင့်လည်း လိုတယ်။ စီးပွားလုပ်တာ ဟိုခုန်ဒီခုန်ဆို ဘယ်တော့မှ မအောင်မြင်ဘူး၊ နှိုင်းလေးက ဝါသနာမှ ပါတာ သူက သူ့စမ်းသပ်ခန်းထဲမှာ အကောင်ပလောင် ပုပုရွရွတွေနဲ့ နေချင်တဲ့ဥစ္စာ"

နှိုင်းကို ကလေးဟု ခုချိန်ထိ ခေါ်နေကြဆဲရင်ထဲမှာ စီးပွား ရေးသောကထဲ လုံးဝဆွဲသွင်းဖို့ကျတော့ စိတ်မချနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ လတ်တို့ တိုင်ပင်ကြတာပေါ့ ညည်းတို့ကလေးကိုလည်းမေး၊ သူခေါင်းညိတ်တယ်ဆိုရင်တော့ ရွှေပင်ငွေပင်မှာကျန်နေသေးတဲ့ ရှယ်ယာတစ်စုကို တောင့်ခံထားလိုက်တာပေါ့"

ညီအစ်မနှစ်ယောက်တိုင်ပင်လိုက်ကြတာ နှိုင်းကိုပဲ အားကိုးကြဖို့...

☆☆☆





အခန်း (၁၂)

သတ္တိမရှိလို့တော့ မဟုတ်ပါ။ ဒါပေမဲ့ ဗုဒ္ဓဘာသာပီပီ ခလုတ်ထိတော့ အမိတသည်။

ကိုယ်တိုင်ဦးဆောင်ပြီး စီးပွားရေးလုပ်ရတော့မည်ဆိုတော့ ကံမြင့်ဖို့တို့ လာဘ်လာဘရှင်ဖို့တို့ အမျိုးမျိုးလိုအပ်လာ၏။

နှိုင်းအနေနဲ့ဆို လုပ်ဖြစ်မှာ မဟုတ်ပေမယ့် အားလုံးကို အဒေါ်သုံးယောက်ကပဲ စီစဉ်ပေးကြသည်။

ဗေဒင်ဆရာမတစ်ယောက်ကို အမြဲတမ်းလက်စွဲထားတတ် သည့်ဒေါ်မြတ်ညိုက အကြောင်းကိစ္စရှိတိုင်း ဆရာမဆီ ပြေးတတ်သူ။ ခုလည်း နှိုင်းတကယ်ခေါင်းညိတ်လိုက်သည်နှင့် ဝမ်းသာအား ရပြေးသည်။

ဗေဒင်မေးတာနှင့် ယတြာပါလာပြီး စီစဉ်ပေးလိုက်သမျှ ပန်းအမည်တွေ ဆီမီးဘယ်နှစ်တိုင် အမွေးတိုင်ဘယ်လောက်စသဖြင့် စာရွက်ကို ငုံ့ကြည့်လိုက် အစီအစဉ်အတိုင်း ပူဇော်သွားလိုက်နှင့်နှိုင်းတို့ရား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တစ်မနက်စာ ကုန်တော့သည်။

နောက်ဆုံး နှင်းဆီအနီရောင်သုံးပွင့်နှင့် တံခွန်သုံးခုကို သော ကြာနံဘုရားမှာလှူပြီး ပုတီးကို ပတ်စိပ်ရသည်။

ကိုးပတ်ပြီးလို့ မျက်လုံးဖွင့်လိုက်သည်နှင့် မဖွယ်မရာသော မြင်ကွင်းက မျက်စိရှေ့မှာ ကြုံဆိုနေခဲ့၏။

ကြက်သွေးရောင်ရင့်ရင့် ဘောင်းဘီရှည်နှင့် ရှပ်အင်္ကျီအဖြူ လက်ရှည်ကို ဝတ်ထားသည့်သူ ကောက်ကွေးသော ဆံပင်တွေက ဘုတ်သိုက်ကြီးဖြစ်ကာ ပခုံးအောက်ထိဝဲကျနေ၏။

အတော်မြင့်မားသော တောင့်တင်းသည့်ကိုယ်ဟန်နှင့် ဆံပင်ရှည်ပုံက နိုင်ငံခြားသားကြီးနှင့်တူတာ မဟုတ်တာလည်း သေချာ၏။

အဘယ်ကြောင့်ဆိုသော် မြန်မာလိုဖြူဝင်းနေသော သူ့အသားရောင်ကို မေးဖျားမှလည်တိုင်စပ်အဖြစ် မြင်နေရ၏။

ပြီးတော့ ခိုပြာရောင်သမ်းသော မျက်မှန်နက်တစ်လက်၏ မစို့မပို့ ထောင့်စွန်းကိုလည်း မြင်ရသည်။

ထိုသူသည် အလွန်ထွားကျိုင်း ကျစ်လျစ်၍ ချောမောခန့်ညားသည့် ပုံစံရှိမည်ဟု ခန့်မှန်းနိုင်သော်လည်း မိန်းမဆန်သော အပြုအမူမျိုး လုပ်နေသည်က အတော့်ကို မဖွယ်ရာသော ကိစ္စတစ်ခုပါ။

သူသည် နှိုင်းထိုးစိုက်ထားသော ပန်းခိုင်များနှင့် တံခွန်သုံး ခုကိုပါ ပန်းအိုးထဲကနေ ယုတ်နှုတ်ဖယ်ချကာ သူ့ပန်းခိုင်တွေကို ထိုးစိုက်နေ၏။

ဒေါသက ထောင်းခနဲဖြစ်သွားကာ ပုတီးကိုင်ထားသော လက်ဖ





ဝါးလေးတင်းကျပ်သွားခဲ့၏။ ရှေ့ကိုလည်း ခြေတစ်လှမ်း ဖျတ်ခနဲ တိုးပြီးပြီ။ သို့သော်...

နှိုင်း နှုတ်ခမ်းလေးကို ပြန်ပိတ်သည်။

အလှမာန်ဝင့်နေတာမျိုး မဟုတ်သော်လည်း သူမနှင့် ပဏ်သက်ဖို့ အမျိုးမျိုးကြိုးစားခဲ့ကြသည့် ယောကျ်ားတွေကို သတိရတာကြောင့် ပြင်ထားမိသည့် ခြေလှမ်းကိုပါ ပြန်ဆုတ်လိုက်၏။

ထိုအချိန်မှာပဲ သူက ဖျတ်ခနဲလှည့်ကြည့်သည်။

မျက်ဝန်းတွေကို မမြင်ရသော်လည်း နှုတ်ခမ်းများကတော့ အနည်းငယ်မျှပင် ပြုံးယောင်မသမ်းဘဲ နှိုင်းရပ်ကြည့်နေသည်ကို နားလည်သွားပုံနှင့်...

"ဆောရီး မင်းက လှူပြီးပြီမို့လား မင်းရဲ့ ဒါနကို ဘုရားက အသိအမှတ်ပြုပြီးပြီပေါ့ ပန်းအိုးက ကျပ်နေလို့"

စကားတစ်ခွန်းမှ မပြောဘဲ နှုတ်ခမ်းတင်းတင်းစေ့ထားသည့် နှိုင်းကို စိုက်ခနဲကြည့်၍ တစ်ဖက်ပြန်လှည့်၏။

နှိုင်းလည်း ကျောခိုင်းထွက်ခဲ့သည်။ ရင်ထဲမှာတော့ မျိုသိပ်ကျိတ်မှိတ်ထားလို့ရသည့် စကားလုံးတွေ ဒေါသတွေ စုပြုံတိုးဝှေ့နေသည်။

အနီရောင်ဝတ်သွားရမည်ဟု အန်တီမြတ်ညွှန်ကြားသည့် အတိုင်း ဝတ်ထားခဲ့ရသည့် အနီရောင်ဆွယ်တာကလည်းကပ် လက်တိုလေး။

ခုလောက်ဆို နှိုင်းမျက်နှာဟာ အင်္ကျီရောင်နှင့်အပြိုင် နီရဲနေ



www.burmeseclassic.com

www.burmeseclassic.com



မှာ သေချာပါသည်။

"စိတ်ကောက်နေတာမို့လား ခေါင်းခါမနေစမ်းပါနဲ့ ကလေး ရယ်၊ ညည်းလေးစိတ်ဆိုးလာရင် ဟောဒီမျက်ခမ်းစပ်လေးတွေ နှာသီးဖျားလေးတွေ ပြီးတော့ ဟောဒီပါးပြင် နှုတ်ခမ်း အကုန်လုံးကို ရဲဖွတ်လာဘတ်တာ တစ်ပြိုင်တည်းမီးလုံးလေးတွေလိုပဲ"

ဟု အဒေါ်သုံးယောက်ကရယ်မောချော့မောနေကျ၊ ငယ်ငယ်တုန်းကဆို နှိုင်းအလွန်ဒေါသကြီးတတ်သည်။

နည်းနည်းလေး အရွယ်ရောက်တော့ ဒေါသမကောင်းကြောင်းတွေ ဘိုးဘိုးပြောသမျှ နားဝင်လက်ခံခဲ့ပြီး စိတ်ကောက်တဲ့အကျင့်ဖြစ်ခဲ့ပြန်သည်။ ခုကျတော့ အားလုံးကို ဆင်ခြင်နိုင်ခဲ့ပြီး စိတ်ရောင်စုံကိုတော့ ဖျောက်ဖျက်လို့ မရခဲ့သေးပါ။

စနေနံဘုရားမှာရေသပ္ပာယ်ရန် ကျန်သေးသည်မို့ ဆွဲခြင်းလေးကို အနားမှာပဲချကာ လက်ကိုင်အိတ်လေးကို လက်ဖျံမှာပဲ ချိတ်ထားလိုက်သည်။ ပြီးတော့ လည်တိုင်မှာ ပတ်ခွေထားသည့် အနီရောင်ပဝါပါးလေးကို ပခုံးမှာပြောင်းတင်လိုက်ပြီး ရေသပ္ပာယ်သည့် ကော်ခွက်ကလေးကို ကိုင်လိုက်မိစဉ်...

သူမနောက်မှာ အရိပ်တစ်ရိပ်...

ကိုယ့်ကိုစောင့်နေတာများလားဟုတွေးမိကာ စိတ်ထဲမှာ စနောင့်စနင်း ဖြစ်သွားမိသေးသည်။ ရေသပ္ပာယ်ရင်း အာရုံပြုထားရမှာရှိသေးသည်မို့ ကိုယ့်နောက်မှာ တန်းစီနေတာကျတော့ စိတ်မဖြောင့်နိုင်တော့ပေ။





သို့သော် ထိုလူရိပ်က စောင့်နေတာ မဟုတ်ပါ။ သူမရပ်နေသော တစ်ဖက်မှာ ဝင်ရပ်လာ၏။

ရေဖြည့်၍ ဒီအတိုင်းလေးချပြီးသာရှိသော ရေခွက်ကို လှမ်းယူသည်။ သင်းပျံ့သောရေမွှေးနံ့တစ်ချက်နှင့်အတူ ရှည်လျားသည့် မွှေးညှင်းတို့ဖုံးနေသော လက်တစ်ဖက်က မကြည့်ချင်သည့် မျက် လုံးအောက်ကိုပဲဝင်လာသည်။ ပြီးတော့ လှပသော ခေတ်မီဒီဇိုင်း ပုံစံနှင့် နဝရတ်လက်စွပ်။

မျက်လုံးကို နည်းနည်းလေး ထပ်ရွှေ့လိုက်တော့ ကြက်သွေးရင့်ရောင် ဘောင်းဘီရှည်ကို သတိထားမိလိုက်၏။

နှိုင်း နှုတ်ခမ်းကို လိုတာထက်ပို၍ စေ့ပိတ်ပစ်လိုက်သည်။ လှပသွယ်ဝန်းနေသော မျက်ခုံးတန်းလေးတွေ တွန့်ကွေးသွားကြ၏။ ဘာတွေကို အာရုံပြုမှန်း မသိတော့ပါ။

အထူးတလည် ရုန်းကြွနေတာကတော့ ဒေါသတွေပဲဖြစ်၏။ ဒီလူတမင် လိုက်နှောင့်ယှက်နေတာက သိသာလာ၏။

ဒါပေမဲ့ ဒီအဖြစ်လောက်က တိုက်ဆိုင်တာပါလို့ ပြောလို့နေ သေးသည်။ နှိုင်း ထိုမျက်နှာကို တစ်ချက်မှ မျက်လွှာပင့်မကြည့်။

ဖလားကြီးထဲကရေကိုခပ်လိုက်တာက အတူတူ၊ ဆင်းတုတော်များ ရေသပ္ပာယ်တော့လည်း ပြိုင်တူပဲဖြစ်၏။ ထို့ပြင်...

"အရှင်ဘုရား တပည့်တော်မျှော်လင့်စောင့်စားခဲ့ရသမျှ ရှည် ကြာခဲ့သော ကာလများ ဒီနေ့မှစ၍ ကုန်ဆုံးပါပြီ တပည့်တော်တို့ ချစ်သူနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရာသက်ပန်ပေါင်းရပါစေ”

ထိုလူက တိုးတိတ်စွာ ဆုတောင်း၏။ နှိုင်း ရေခွက်ပြန်ချတော့လည်း သူချသည်။ နှိုင်း ကိုယ်လေး တုန်ခါသွား၏။

ရှက်စိတ်နှင့် ဒေါသတို့စုပြုကာ ထိုမျက်နှာကို စူးစူးရဲရဲ မော့ကြည့်ပစ်လိုက်သည်။

“ဒီမှာ”

“ဟင်”

သူက မေးဆတ်၍ထူး၏။

“ရှင် ဘာလုပ်တာလဲ”

“ဘာဖြစ်လို့လဲ”

“ရှင်…ရှင်ဆုတောင်းလိုက်တာ ဒီနားမှာ ရှင်နဲ့အတူ ဘယ်သူရှိနေလို့လဲ”

“မင်းပဲ ရှိတာ”

“ဘာပြောတယ်”

“ဟုတ်တယ်လေ မင်းနဲ့တို့ပဲရှိတာ မဟုတ်လို့လား”

သူက ဘေးဘီကိုတောင် ဝေ့ကြည့်လိုက်သေးသည်။

“ရှင် ဆုတောင်းပုံက ဘေးလူတွေကြားရင် ဘယ်လိုထင်မလဲ”

“မင်းကလွဲရင် ဘယ်သူမှ မကြားပါဘူး”

မျက်မှန်နက်တပ်ထားပေမယ့် စူးလက်နေသည့် အတွင်းက မျက်ဝန်းတွေကို နှိုင်းမြင်နေရသည်။ ထိုလူ နှိုင်းတစ်ကိုယ်လုံးကို စူးစူးစိုက်





စိုက် ရှုန်းရှုန်းစားစားကြီး ကြည့်နေတာလည်း သေချာ၏။

ဒါပေမဲ့ နှုတ်ခမ်းဖျားက သမာဓိအားကောင်းနေကြသည်။ တမင်လုပ်နေမှန်းသိလျက်နှင့် စကားလုံးတို့က သူ့ဘက်မှာပဲ အလေးသာနေပြီဖြစ်ရာ နှိုင်းခပ်ကြိတ်ကြိတ် တက်ခေါက်ပြီး မျက်နှာလွှဲလိုက်၏။

အနားမှာ ချထားသည့် ဆွဲခြင်းကို ငုံ့ကောက်လိုက်စဉ် ပခုံးပေါ်က ပုဝါလေးက လေအသော့မှာ ဝေ့ခနဲ လွင့်ကျသွားသည်။

နှိုင်းကမန်းကတမ်း ဖမ်းလိုက်ပေမယ့် ပဝါတစ်စက သူ့လက်ထဲမှာ မရည်ရွယ်ဘဲနှင့် မျက်လုံးချင်းဆုံသွားကြပြန်သည်။

ပဝါတစ်ထည်ကို ထစ်ဖက်စီဆွဲ၍ ခပ်ကြောင်ကြောင် ကြည့်နေမိကြသော နှိုင်းနဲ့သူ့ကို ဖြတ်သွားသူတချို့ ပြုံးသွားကြသည်။

နှိုင်း ပါးပြင်လေးနှစ်ဖက် နီမြန်းသွား၏။

“လွှတ်လေ”

ခပ်ဆောင့်ဆောင့်ဆွဲလိုက်တော့မှ သူကလွှတ်လိုက်ကာ…

“ရေဖလားကြီးထဲ ကျသွားမှာစိုးလို့ပါ မင်းက ဒေါသကြီးလှ ချည်လား”

စိတ်ရှိလက်ရှိသာ ရိုက်ခွင့်ရမည်ဆိုလျှင် အဲဒီပါးနှစ်ဖက် စလုံး ပုပ်သွားနိုင်သည်။ နှိုင်း ယဉ်ကျေးသိမ်မွေ့ဖို့ စိတ်ကူးတွေ ပျက်ကုန်သည်။

ဒေါသနှင့် ခြေလှမ်းတို့က ဓာတ်လှေကားဆီသွားဖို့ပင် သတိမရတော့ဘဲ လှေကားအတိုင်း မြန်မြန်ဆန်ဆန်ကြီး ဆင်းနေခဲ့မိ၏။ ဖိနပ်ရွေးယူပြီး ချစီးနေတုန်း…

“မမ မမ စာကလေးတွေ လွှတ်ပါလားဟင် တစ်ကောင်မှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ရာတည်းပါ၊ လွှတ်သွားပါ မမရယ်နော်”

တစ်ကောင်တစ်ရာဆိုတော့လည်း စိတ်ဝင်စားသွား၏။ ဈေးချို လှချေလားဟုတွက်၍ ကောင်မလေးကို ပြန်ကြည့်မိသည်။

ဒီကောင်မလေးတွေ ဘုရားမှာ ကျင်လည်နေကြတဲ့ ကောင်မ လေးတွေပါပဲ၊ မှားတာမဖြစ်နိုင်....

ဟိုတလောကပဲ အန်တီမြတ်တို့ပြောတာ ကျတော့ 'စာတွေသက် စေ့လွှတ်ဖို့ ယတြာထဲမှာပါလာတော့ မွဲကြောပဲဟေ့ တစ်ကောင် သုံးရာကို လေးဆယ့်နှစ်ကောင်လွှတ်ရမှာ တွက်ကြည့်ကြပါဦး'တဲ့။

“တစ်ကောင်တစ်ရာလား”

ဟု နှိုင်းထပ်မေးတော့ ကောင်မလေးနှစ်ယောက်လုံးက ပြုံး စိစိ နှင့် ခေါင်းညိတ်ကြ၏။ ဘုရားလာပြီး ကုသိုလ်မရဘဲ ဒေါသတွေချည်း ထမ်းပိုးပြန်ရမည့်အစား ဇီဝိတဒါနလေးတော့ ပြုခဲ့ဦးမှ စိတ်ကူးလိုက် သည်။

နှိုင်းလက်ထဲက ဆွဲခြင်းကိုချလိုက်တော့ ကောင်မလေး နှစ် ယောက်လုံးက စာလှောင်အိမ်လေးတွေ အလုအယက်ထိုးပေး၍...

“မမရယ် နှစ်ယောက်ပေါင်းမှ ဆယ့်ငါးကောင်ထဲရှိတာ ထောင့် ငါးရာဖိုးထဲကို အကုန်လွှတ်ခဲ့ပါနော်”

“အို...များနေပြီ”

“မများပါဘူး မမရဲ့ တကယ်ဆို တစ်ကောင်သုံးရာပါ သမီး တို့က ပြန်ချင်လို့လျှော့ပေးတာ ကြည့်ပါဦး ကျန်ခဲ့မယ့်စာလေး တွေ သနား





တယ် လွှတ်ပေးလိုက်ပါနော်”

ကောင်မလေးကိုကြည့်၍ နှိုင်း ပြုံးလိုက်မိသည်။

သနားရင်ဘာလို့ လှောင်အိမ်ထဲထည့်ထားခဲ့လဲဟု မမေးဖြစ် ဘဲ ပိုက်ဆံထောင့်ငါးရာထုတ်လိုက်သည်။

ပြီးတော့ ကိုယ်တိုင်နှိုက်ယူပြီး သေချာမေတ္တာပို့ဆုတောင်း ပြီးမှ လွှတ်လိုက်၏။ ဘုရားလာခဲ့သမျှ စိတ်ကြည်နူးစွာ ဒါနပြု လိုက်နိုင်တာ ဒါလေးပဲရှိပါလားဟု တွေးမိပြီး ထောင့်ငါးရာကို ကျေကျေနပ်နပ် ပေး လိုက်တာပါ။ သို့သော်....

“ဟေး”

ကောင်မလေးနှစ်ယောက်လက်တစ်ဖက်စီနှင့် ဖျန်းခနဲ လက်ဝါး ချင်းရိုက်၍ ထခုန်ကြတော့ နှိုင်းခြေလှမ်းတုန့်သွား၏။

“ရပြီဟေ့ လာ ဟိုမှာ ထောင့်ငါးရာသွားတောင်းမယ်”

လက်ချင်းချိတ်ပြီး နှိုင်းကိုလည်း ရယ်ပြသည်။ ကားပါကင် နေ ရာဆီသို့လည်းပြေး၏။ ခဲပုတ်ရောင် ပရာဒိုကားကြီးတစ်စီး၏ ဘေးမှာ ကောင်မလေးနှစ်ယောက် ခုန်ဆွခုန်ဆွ ရပ်သွားကြသည်။

တင်ထားသည့် ပါဝါဝင်းဒိုးမှန်က လျှောခနဲ ကျသွားသည်။ ဖြူ ဝင်းသော မျက်နှာတစ်ခြမ်းပေါ်လာ၏။ ပြီးတော့ ပိုက်ဆံလှမ်းပေး လိုက်သည်။ ကောင်မလေးတွေ ခုန်ပေါက်ပြေးလွှားသွားကြလေသည်။

နှိုင်းတစ်ကိုယ်လုံး တောင့်တင်းသွား၏။ ထိုသူသည် နှိုင်းကို ခပ် စူးစူးကြည့်နေရင်း မှန်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်တစ်ဆုံးပိတ်ပြီးသွားမှ ပါကင်ကတွက်၏။ ထောင့်ငါးရာစီ စပ်တူလှူသတဲ့ ဒါဘာသဘော လုပ်သွားတာလဲ။

"မျှော်လင့်တောင့်စားခဲ့ရသမျှ ရှည်ကြာခဲ့သော ကာလများ ဒီနေ့မှစ၍ ကုန်ဆုံးပါစေ"တဲ့။

"ချစ်သူနှစ်ယောက်ရာသက်ပန် ပေါင်းရပါစေ"ဆိုတာကော ဒါတွေ ဘယ်သူ့ကို ရည်ရွယ်ခဲ့တာလဲ။

သူနဲ့ ငါဘယ်တုန်းက သိခဲ့ဖူးသလဲ။ နှိုင်း ဒေါသတွေကို တောင်မေ့နေခဲ့လေသည်။

☆ ☆ ☆





အခန်း (၁၃)

"ပါလာပြန်ပြီ နေမရှိင်း"

ဒေါ်မြတ်ညို တီဗီကြော်ငြာကို မကြည့်ချင်တော့ပဲ လှမ်းပိတ်ပစ်လိုက်၏။ ဘယ်လုပ်ငန်းပဲ ဘယ်ကြော်ငြာပဲဖြစ်ဖြစ် နေမရှိင်းပဲဖြစ်နေတာကို ဘယ်လိုမှ မနှစ်မြို့နိုင်ပါ။ ဒါဟာ မနာလိုစိတ်ဆိုရင်လည်း မတတ်နိုင်တော့။ ပုထုဇဉ်စိတ်ကတော့ ဒီလိုပဲ ဖြစ်မည်ဟု ကိုယ့်ကိုယ်ကို ဖြေယူလိုက်သည်။

"အန်တီမြတ် နေမကောင်းဘူးလား"

နှိုင်းအသံလေးကြားမှ ခေါင်းထောင်ကြည့်မိ၏။

"ကောင်းပါတယ် သမီးရယ် အဲဒီကြော်ငြာတွေကြည့်ရင်း ရောဂါတက်တာ"

နှိုင်းက ပြုံးလိုက်ပြီး ဒေါ်မြတ်ညိုခြေရင်းက ပုံကျနေသည့်



www.burmeseclassic.com

www.burmeseclassic.com



စောင်ကို ခါးပေါ်ထိဆွဲခြုံပေးလိုက်သည်။

"မကြည့်နဲ့ပေါ့ အန်တီမြတ်ရယ် ကြည့်တော့ကြည့်လိုက်သေးတယ် ပြီးတော့ ဇကိုယ့်စိတ်လည်း မနိုင်ပဲနဲ့"

"ဒါကတော့ အေ..."

"ကဲပါ ပုတီးစိတ်ပြီး တရားကိုပဲ အာရုံပြုနေပါ အန်တီမြတ်ရယ်၊ အန်တီမြတ်တို့ စိတ်ချမ်းသာအောင် နှိုင်းက စိတ်ရော ကိုယ်ပါ နှစ်ထားခဲ့ရတာ"

ဒီတော့မှ နှိုင်းမျက်နှာကို မော့ကြည့်၍ ဒေါ်မြတ်ညိုပြုံးရယ် လာနိုင်၏။

"သာဓုပါကွယ် သာဓု သာဓု ငါ့သမီးလေး တစ်ဘဝလုံး မှတ်ခြင်ယင်မနားဘဲ အပျိုကြီးဘဝနဲ့ သန့်သန့်ခန့်ခန့်ကြီးနေနိုင်ပါစေ ကြီးပွားချမ်းသာပါစေ"

တစ်ခါတစ်လေကြားတဲ့လူဆို အန်တီမြတ်တို့ပေးတဲ့ဆုက ထူးဆန်းနေမှာပါ။ နှိုင်းကတော့ နားယဉ်နေခဲ့ပြီမို့ အပြုံးလေးနှင့် ခေါင်းညိတ်မိ၏။ ဒီတူမလေးတစ်ယောက်ကို ဘယ်ယောကျ်ားနဲ့ မှ မပါမခံနိုင်ဘဲ ထားစရာမရှိအောင် ချစ်ခဲ့သမျှ...

"ငါ့သမီးလေး ချစ်တဲ့သူနဲ့ ပေါင်းရပါစေ၊ ကြင်ဖော်ကြင်ဖက်ကောင်းတွေ့ပါစေ" စသော ဤဆုမျိုးကို ဘယ်သောအခါကမှ မပေးခဲ့ပေ။

ဘိုးဘိုးရှိတုန်းကဆို...

"ငါ့မြစ်မလေး အရည်အချင်းကောင်းရှိပြီး ယုယမြတ်နိုး တတ်





တဲ့ ကြင်ဘက်ကောင်းနဲ့ ဆုံဆည်းပါစေ"

ဟု ဆုပေးပြီဆိုလျှင် မတားဆီးရဲကြသော မျက်လုံးတွေက ဘိုးဘိုးဆီသို့ တဝင့်ဝင့်နဲ့ပါ။ ပြီးတော့လည်း ကြာကြာအောင့်မနေ နိုင်ကြဘဲ...

"ဘဘကလည်း သိပ်ခက်တာပဲ ဖြူစင်အေးချမ်းတဲ့ ကလေးရဲ့ စိတ်ကို သက်သက်အရောင်ဆိုးပေးသလိုပဲ သူ့ဟာသူ မသိလိုက် မသိဖာသာနေတဲ့ကိစ္စ ကန့်တော့တိုင်း ဒီဆုကြီးပေးပြီး သတိပေးနေကောင်းလား"

"ဟ..ဒါသတိပေးတာ မဟုတ်ဘူး ကောင်းတဲ့ဆုပေးတာတို့ ဘုရားတောင်မှ လူပျိုဘုရားမရှိဖြားတဲ့ ဘဝရယ် လောကဓံရယ် ဆိုတာ မိသားစုဘဝတစ်ခုထူထောင်နိုင်မှ သိရတာ ရယ်နေတာကောင်းပေမယ့် ငိုဖူးမှ ရယ်နိုင်တဲ့ အရသာကို တကယ်ခံစားမိ တာမျိုး အမြဲတမ်းနိုင်နေတဲ့သူနဲ့ ကျားကုတ်ကျားခဲကြိုးစားရင်း ရှုံးချိနိုင်ချိဖြစ်နေတဲ့သူ နှစ်ယောက်ယှဉ်မေးကြည့် အရှုံးကို ဘယ်သူ ခံနိုင်ရည်ပိုရှိသလဲ ဘယ်သူ့လက်ထဲက အောင်နိုင်ခြင်းက ပိုအဓိပ္ပာယ်ရှိသလဲ"

ဘိုးဘိုးက ပြောပြီဆို စကားကြောတော်တော်နဲ့ မပြတ်ပဲ ရှိုတတ်၏။

"အချို့နယ်တွေမှာ အခုထိ အယူရှိကြသေးတယ် လူပျိုကြီး အပျိုကြီးသေကုန်ရင် အခေါင်းထဲကို ငှက်ပျောတုံးတစ်ရပ်စာ ဖြတ်ထည့်ပေးရတာတွေ အဲဒါ နောက်ဘဝလူဖြစ်တဲ့အခါ ဒီဘဝမှာလို လူပျိုကြီး အပျိုကြီးဆက်ဖြစ်မှာ စိုးလို့ပေါ့ ဘဝမှာ ချစ်ခင်ယုယဖော်မရှိပဲ လောကီ ခည်းစိမ်ခံစားရတယ်ခေါ်မလား ဒီတိုင်းတစ်ကိုယ်တည်း ရုန်းကန်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခြောက်သွေ့သွေ့ကြီး သေရတာ ကောင်းသလား ညည်းတို့ဘဲ တစ်ယှူသန်ကြတာ၊ ငါကတော့ ပေးချင်တဲ့ဆုကို ပေးမှာပဲ ကြင်ဖော် ကြင်ဖက်ဆိုတာ မရှိမကောင်း ရှိမကောင်းဆိုတာ လက်ခံတယ် ရှိရင်မ ကောင်းဘူးဆိုတာ မှားတယ်၊ ဒါပဲ”

ဘိုးဘိုးကို သတိရရင်း နှိုင်းပြုံးလိုက်တာကို လှစ်ခနဲမြင်ကာ ဒေါ်မြတ်ညို ခေါင်းထောင်သွား၏။

“နှိုင်းလေး ဒီဘက်ပြန်လှည့်စမ်း အမလေး သူက မခို့တရို့ ပြုံးလို့ ပါလား ရီးမှရီးရဲ့လားအေ ပြောစမ်း အဲဒါကြောင့် ငါစိတ်မချတာ စီးပွား ရေးလောကဆိုတာ လူစုံတက်စုံပေါင်းသင်းဆက်ဆံရတာ”

သခွားရောင်ပိုးဖျော့ကိုယ်ကျပ်အိအိလေးနှင့် ဆံပင်တွေဖြန့် ချ ထားသော နှိုင်းကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်သေးသည်။ ပြီးတော့ ရင်ဘတ်ဖိပြီး....

“လှလိုက်တဲ့ ရွှေရုပ်လေး”

ဟု မချိသလိုသံကြီးနှင့်ဆိုရင်း ခေါင်းငိုက်စိုက်ကျရှာသည်။

ဟိုတုန်းကဆို နှိုင်းမရဟု နာမည်လေးပေးပြီး ဘယ်သူနဲ့မှ နှိုင်းမ ရအောင် လှနေတာကိုပဲ သူတို့မှာအရိပ်တကြည့်ကြည့်...

ကျောင်းထားတော့လည်း အစောင့်အရှောက်အပြည့်နှင့် ထားခဲ့ သည်။ တက္ကသိုလ်တက်တုန်းကလည်း အပေါင်းအသင်း ထားတာက အစ သူတို့ရွေးချယ်ပေးခဲ့သည် အထိပါ။ နှိုင်း၏ သူငယ်ချင်းတွေက...

“အန်တီမြတ်သိလား နှိုင်းက သမီးတို့မေဂျာမှာ ကွင်း”





ဟု အားရပါးရပြောရှာသော်လည်း ဒေါ်မြတ်သက်က ဘာမထီ မျက်နှာပေးနှင့် မဲ့ရွဲ့လိုက်သေးသည်။

“ဒါ မဆန်းပါဘူးကွယ် ကျုပ်တို့သမီးက မေဂျာမှာဖြစ်ဖြစ် တစ်မြို့ လုံးနဲ့ပြိုင်ပြိုင် အလှဘုရင်မပဲ”

ဟု ပြော၍ လက်မထောင်ခဲ့သူ...

ခုတော့ တစ်သက်လုံးက တယုတယသိမ်းဆည်းထားခဲ့သည့် ရွှေ ရုပ်လွှာလေးလို လှပုံတောထဲ ထိုးထည့်ခဲ့ရပါပြီ။

“ဘာဖြစ်လို့လဲ အန်တီမြတ်ရယ် နှိုင်းက ဘိုးဘိုးပြောခဲ့ ဆုံးမခဲ့ တာတွေကို သတိရပြီး ပြုံးလိုက်တာပါ။ မရီးသားတာ ဘာမှမပါဘူး၊ တက္ကသိုလ်တက်တုန်းကတောင် ရည်းစားသနားမထားခဲ့ ဘဲနဲ့ ခုကျမှ စိတ်ကစားပါ့မလား အန်တီမြတ်ကလည်း”

ဒေါ်မြတ်ညို မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ခေါင်းငုံ့သွား တာ မြင်တော့ မျက်ရည်ကျတော့မည်မှန်း နှိုင်းသိလိုက်သည်။

ထို့ကြောင့် သွားစရာရှိတာကို ဖြောင့်ဖြောင့်မသွားနိုင်တော့ ဘဲ ဒေါ်မြတ်ညိုဘေးမှာ ထိုင်ချလိုက်မိ၏။

တကယ်ပါ ဒေါ်မြတ်ညို ပြန်လှည့်လာတော့ မျက်ဝန်းထောင့် မှာ မျက်ရည်စတွေနှင့်...

“ကလေးရယ် ယောကျ်ားဆို ဘယ်ယောကျ်ားကိုမှ အထင်မကြီး လိုက်ပါနဲ့ ဘယ်သူမှ မကောင်းဘူး သစ္စာမရှိဘူး သူတို့က လှတာမြင် ဘိုင်း ခံစားချင်ကြတာ အန်တီလေးသမီးလေး အလှပလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



နှမြော်လွန်းလို့ပါ သမီးရယ်"

"စိတ်ချပါ အန်တီမြတ်ရယ် နှိုင်းလည်း အဲဒီလိုစိတ်ကူးမျိုး ရှိတဲ့သူပါ"

ဒါဟာ မုသားစကားမဟုတ်ပါချေ။

တကယ်တမ်း မြတ်မိသားစု၏ အဖြစ်သနစ်များစွာထဲမှာ အစဉ်အဆက်ကတည်းက ယောကျ်ားများကြောင့် ဒုက္ခရောက်ခဲ့ ကြသူတွေသာ ဖြစ်ခဲ့ကြ၏။

ချောတိုင်းလှတိုင်း လင်ယောကျ်ား၏ မြတ်နိုးယုယမှုကို ရရှိ နိုင်တာမဟုတ်၊ မြတ်မိသားစု၏ မိန်းမသားတို့ အစဉ်အဆက်တွင် အကြောင်းအမျိုးမျိုးနှင့် အိမ်ထောင်ရေး ပျက်ပြားခဲ့ကြသည်။

မာနပြိုင်ကြရင်း သေသည်အထိ မပေါင်းဖြစ်ခဲ့တာတွေ၊ နောက်တစ်ယောက်နှင့် ဘာလိုလို သတင်းတွေကြောင့် အမှိုက်ကစ ပြဿဒ်မီးလောင်ဆိုတာမျိုးတွေ ပြီးတော့ မယားကြီးရှိနေတာကို ဖုံးဖိလိမ်ညာ၍ လက်ထပ်ခဲ့သည်။

ပြီးတော့မှ အရက်ကွဲကုန်တာ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံမလိုဖြစ်တဲ့သူတွေဖြစ်၊ မျိုးဆက်တိုင်းမှာ ရာဇဝင်မကောင်း ခဲ့သည့် ယောကျ်ားတွေကို စိတ်တူကိုယ်တူ ရွံမုန်းခဲ့ကြပြီး လေးယောက်စလုံး ဆုံးဖြတ်ခဲ့ကြတာက ဘယ်တော့မှ အိမ်ထောင်မပြု ကြဘူးဟူ၍ ဖြစ်၏။

ဒီကြားထဲကနေ ဒေါ်မြခွာညိုက ဖောက်ဖျက်ခဲ့သည်။ ဥပဒ်ကြောင့်ပဲ ဥပါဒါန် ဖြစ်သွားသည်လား။ ယောကျ်ားတိုင်း တကယ် ဒီလိုပဲ





လား မသိတော့ပါ။ နှိုင်းလေးကိုမွေးပြီး လင်မယားနှစ်ယောက် စက်ဘီးအတူစီးကြစဉ် ကားကိုရှောင်ရင်း စက်ဘီးမှောက်၏။

ဘာမှ မဟုတ်လောက်သော အဖြစ်လေးတစ်ချက်နှင့် ဒေါ်မြခွာညိုခြေထောက်တွေ အဖြစ်ဆိုးသွားသည်။ ဆရာများတော့ သားသေဆိုတာမျိုး စိုးရိမ်လွန်းကာ ဟိုဆရာပြ ဒီဆရာပြနှင့် အနှိပ်ခံတာတွေလည်း စုံသွားကာ နောက်ဆုံးမှာ ဝှီးလ်ချဲပေါ် ရောက်ခဲ့ရသည်။

သိပ်မကြာခင်မှာပဲ ယောကျ်ားဖြစ်သူက နောက်တစ်ယောက် ယူသွားခဲ့၏။ သူမတို့မှာ လိုချင်ဦးဟဲ့ ယောကျ်ားဟု ခေါင်းခေါက် အပြစ်တင်၍လည်း မရခဲ့တော့ပါ။ ကိုယ့်ညီမလေးကိုပဲ သနားကြင်နာစွာ ပြုစုအားပေးရင်း ယောကျ်ားမုန်းခြင်းက ထပ်၍တစ်မှတ် တိုးသွားခဲ့၏။ ဒါတွေအားလုံးကို နှိုင်းသိခဲ့သည်။

"ယောကျ်ားဆို ညည်းအဖေကအစ ကောင်းခဲ့လို့လား" ဆိုသော စကားတစ်ခွန်းနဲ့ပဲ သူမဘဝမှာ လုံလောက်သွားပါပြီ။

ဒါကိုလည်း ကတိတွေအထပ်ထပ်ပေးခဲ့ပြီးပြီ။ ဒေါ်မြတ်ညို က နှိုင်းလက်ဖဝါးလေးကို စိတ်မချစွာ ဆုပ်ကိုင်ထားဆဲ။ ပြီးတော့ ခပ်ဖြည်းဖြည်းထထိုင်လိုက်ကာ...

"နှိုင်းလေးရယ် အချစ်စိတ်ဆိုတာ ဖြစ်လာပြီးရင် သံကွန်ချာနဲ့ အုပ်ထားလို့တောင်မရဘူး ဆိုတာကို အန်တီယုံတယ်၊ သိလို့ စိတ်မချနိုင်တာပါ ဒီခေတ်ကြီးထဲမှာ အယူဝါဒတစ်ခုကို တရားသေ ဆုပ်ကိုင်ပြီး အတင်းအကျပ်လုပ်ခိုင်းလို့မရဘူး၊ ချစ်စမ်းဟဲ့ မုန်း လိုက်ဟဲ့လို့ နိုင်ဖို့က



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးခက်ပါတယ် သမီးကိုယ်တိုင် လက်ခံမှ ဖြစ်မှာ အထင်မကြီးနိုင်တဲ့ စိတ်မွေးနိုင်အောင် မွေးစမ်းပါကွယ် သမီးရဲ့ မေမေဆိုရင်လေ အဲဒီလို ကတိကွေပေးရင်းနဲ့ပဲ..."

ဒေါ်မြတ်ညို မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြ၏။

"မငိုပါနဲ့တော့ အန်တီမြတ်ရယ်"

သွားလာခါနီးမှ ဒေါ်မြတ်ညိုကို ပြုစုရန်စိသိမ့်ရန်နှင့် ထွက်လာတော့ နောက်ကျနေပါပြီ။ ပွဲက ဒေါ်မိုးသည်း၏ မွေးနေ့ပွဲ..

မတက်လို့မဖြစ်သည်က ဒီပွဲနောက်ခံမှာ စီးပွားရေးလုပ်ငန်း ရှင်များနှင့် ဆွေးနွေးပွဲရှိနေသည်။

နှိုင်းကားရပ်ခဲ့ပြီး သော့ကိုလက်ပွေ့အိတ်ထဲ ထည့်ဖို့ပင် သတိမရဘဲ လူတွေစည်ကားနေပြီဖြစ်သည့် ညှိခံပွဲဆီ ခြေလှမ်း တွေမှန်မှန် လျှောက်ဖို့ ပြန်ထိန်းရ၏။

မင်္ဂလာပွဲ၊ ပါတီ မျိုးစုံတက်ခဲ့ဖူးသည်။ ခုလို စီးပွားရေး ကိစ္စမပါပါ။ ဒီပွဲမှာတော့ အနည်းငယ် ရင်ခုန်နေခဲ့မိသည်။

အောင်မြင်နေကြသော စီးပွားရေးလုပ်ငန်းရှင်တွေကို အတော်များများတွေ့ရမှာသေချာနေသည့် အဖြစ်ကြောင့် လုပ်ငန်းနှင့် ပတ်သက်သော မေးခွန်းတွေကော အဖြေတွေကိုပါ စိတ်ထဲမှာ စီစဉ်နေရ၏။

ခင်းကျင်းထားသော နှစ်ဖက်စားပွဲများကြား လမ်းကလေးမှာ ခြေချမိလေမှ...

"အမေ့"





နောက်ကနေ ဒေါက်မြင့်ခုံကို တက်နင်းတာမဟုတ်ဘဲ ခြေဦးထိပ်နှင့် ကန်လိုက်မိသလိုမျိုး...

ခြေလှမ်းမှန်အောင် လျှောက်ခဲ့သော်လည်း စိတ်နဲ့လူက သိပ်မကပ်ခဲ့သောကြောင့် ဟန်ချက်ပျက်သွားသည်နှင့် နှိုင်းယိမ်း ထိုးသွားလေသည်။ ဒါပေမဲ့ ပခုံးစွန်းကလေးမှ သိမ်းဖက်၍ ထိန်း ပေးလိုက်သော လက်တစ်ဖက်ကြောင့် ကိုယ်ဟာအချိန်မီလေးပဲ မတ်မတ်ပြန်ရပ်နိုင်ခဲ့၏။ ဘယ်သူလဲ၊ အရပ်က မြင့်နေသဖြင့် မော့ကြည့်ရသည်။

"ဟင်"

နှိုင်း ထိုမျက်နှာကို တအံ့တသြကြည့်ဖြစ်သွားခဲ့ရင်း၊ သူက လည်း ဖက်ထားလျက်နှင့် ပြန်ကြည့်စဉ်...

စက္ကန့်များစွာ ဖြတ်သန်းသွားခဲ့သော ခရီးမှာ ဒေါ်မိုးသည်း၏ နှုတ်ဆက်သံက မီးနီပြလိုက်လေသည်။

"ဟော ရှိုင်းတို့ပါလား ရှိုင်းနဲ့ သမီးတို့လာကြ လာကြ"

ရှိုင်းနဲ့ သမီးတို့ဟု ပူးတွဲသုံးနှုန်းမှုကို သတိရတော့မှ ပခုံးမှာ ဖက်ထားသည့် သူ့လက်ကို ကမန်းကတန်း တွန်းချပစ်လိုက်ရသည်။

"မင်းလဲသွားမှာစိုးလို့ ဆောရီးနော်"

"ဘာဆောရီးလဲ ရှင် တမင်"

နှိုင်းစကားမဆုံးမီ ဒေါ်မိုးသည်းအနားရောက်လာ၏။ နှစ်ယောက်လုံးကို ချစ်ကြည်နူးသော မျက်ဝန်းများနှင့် ကြည့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားကို့အတူလာကြမယ် မထင်ဘူး၊ သိပ်ကိုလိုက်ဖက်တာပဲ ကွယ် အန်တီသိတ္တာယ်သိလား မြတ်ရတနာမှာ နှိုင်းမရလေးကို ဘယ်လိုမှ ဝှက်ထားလို့ မရနိုင်ဘူးဆိုတာလေ ဟင်း..ဟင်း"

"အို မဟုတ်တာ မဟုတ်ဘူး အန်တီ"

"ဟော ကဲ ရက်နေပြန်ပြီ လာကြလာ ဟိုထိပ်စွန်က စားပွဲကလေးကို သီးသန့်ထားတာ"

လက်ကိုဆုပ်ဆွဲထားတာမို့ ရုန်းထွက်လိုက်လို့မတော်။ နှိုင်း သူ့ကို အံခဲထားရင်းမော့ကြည့်သည်။

မျက်မှန်မပါပေမယ့် ဒီဆံပင်ရှည်ဘုတ်သိုက်နှင့် ဒီအရပ် အမြင့် ဒီမျက်နှာပုံကို ဘာမှ မှားယွင်းစရာမရှိ။ သူကတော့ နှိုင်းကို ငုံ့မကြည့်ပါ။

ဒေါ်မိုးသည်းက စားပွဲမှာ နှစ်ယောက်အတူထိုင်စေပြီး ဧည့် သည်တွေကိုလည်း ဧည့်ခံသည်။ မကြာခဏလည်း လာထိုင်၏။

ထို့ပြင် ဆယ့်နှစ်နှစ်အရွယ်မြေးမလေးကိုလည်း ထားပေး ထား၏။

လက်အိတ်ခြေစွပ်အဖြူ ဂါဝန်အထပ်ဖားဖားဖြူဖြူလေးနှင့် သည်းသည်းလှုပ်ဆိုသော ကောင်မလေးကလည်း စကားတတ်လွန်း ပါ၏။

စားပွဲတွေတစ်ခုံပြီးတစ်ခုံ ကူးနေတာ သူမအသံချည်းပဲဖြစ်ကာ ဒီဘက်မှာ လာထိုင်သည်နှင့်...

"မမနဲ့ ဦးက သိပ်လှတာပဲ ဖေဖေနဲ့ မေမေလိုပဲ လင်မယား





တော်တာလားဟင်"

"အို"

ထူနက်သော မျက်ခုံးနှစ်ဖက်အနည်းငယ် တွန့်သွားကာ သူက ပြုံး၍ နှိုင်းကိုငဲ့ကြည့်သည်။

တိုစိပ်စိပ်မျက်တောင်များနှင့် မေးစင်းကြည့်ပုံက အတော် ကြည့်ကောင်းပါသည်။ ဒါပေမဲ့ နှိုင်းမျက်နှာလေးတစ်မျိုး ပြောင်းသွား၍ ဖြစ်

ရှိုင်းဆိုသော နာမည်တစ်ခုကို အမှတ်တရဖြစ်ခဲ့ရင်း ကြည့် သည့် မျက်ဝန်းတစ်စုံကို မသကာတော့ပါ။

ဒီလိုမျက်တောင်တိုစိပ်စိပ်တို့ရှိခလျက် ဟိုတုန်းကတော့ ခုလို မြင့်မားကျစ်လျစ်သော ကိုယ်ဟန်နဲ့ မဟုတ်။

ဝင်းစိုနုဖွက်နေသည့် အသားအရေမျိုးလည်း မဟုတ်ခဲ့ဘဲ ရှိုင်းဆို သည့် ကောင်လေးဟာ ခမ်းမွှမ်းနွမ်းအဝတ်တို့နှင့် ဖြူခြောက် ခြောက်တေ လေကလေး ကလေးမေးတာကို ရှိုင်းကမငြင်းဘဲ ပြုံးနေသည်။

နှိုင်းက မငြင်းတာမဟုတ်ဘဲ အာရုံက မျက်နှာပေါ်မှာသာ ရှိနေခဲ့၏။

ထိုအချိန်မှာ ဝင်းခနဲ ဖျတ်ခနဲ ဓာတ်ပုံရိုက်ချက်တွေ ဝေ့ဝဲ သွား သည်။ နှိုင်းသတိရလိုက်တော့ ကင်မရာက တစ်ပွဲလုံးကို ဝေ့ပတ်ဆွဲ သွားပြီဖြစ်၏။

"ရှိုင်း"

နှိုင်း ဒီဘက်ကိုပြန်လှည့်လာတော့ စားစရာပေါ်မှာ အာရုံရှိ တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ တမင်တကာ စိုက်ချထားသည့် မျက်တောင်ဖျားတို့က ရယ်မြူးရိပ်နှင့် ဝင့်တက်လာ၏။ နှိုင်းက စူးလက်သော မျက်ဝန်းလေးများနှင့် စိုက်ကြည့်ကာ...

"ရှိုင်း...မင်း..မင်းက ရှိုင်းပေါ့"

"အင်း ဟုတ်တယ်လေ ဘာဖြစ်လို့လဲ သိလို့လား"

ပြော၍ရယ်သည်။

လေးဂ်ုရင့်သော နှုတ်ခမ်းသားရောင်နှင့် ရှိုင်းကရယ်တော့လည်း ကြည့်ကောင်းနေပြန်သည်။ ငါ မှားသွားပြီလား။ နာမည်တူ ရှိနိုင်သလား...

သူတကယ်ဟုတ်ခဲ့လျှင် ကိုယ်ကတောင်မှတ်မိနေတာ သူမသိဘူးဆိုတာ မဖြစ်နိုင်ပါ။ ဒါကို လှောင်ရယ်ရယ်တာ ဘာကြောင့်လဲ၊ နှိုင်းတွေးနေရင်း ရှက်စိတ်တို့ဖြစ်လာသည်။

ဘာဆိုင်လဲ သူဟုတ်ဟုတ် မဟုတ်ဟုတ် အစကတည်းက ဘာဆိုင်ခဲ့လို့လဲ၊ စိတ်ကိုတင်း၍ စားစရာဆီ မျက်လုံးတွေကို ပြန်ရောက်စေလိုက်၏။

ပြန်ချင်ပါသည်ဆိုမှာ တစ်မျိုးပြီးတစ်မျိုးလာချပေးနေသည့် စားစရာတို့က မကုန်နိုင်။

ပိုဆိုးသည်က မျက်လုံးမလွှဲပဲ ကြည့်နေသော ရှိုင်း၏ ရဲတင်းမှုကြောင့် စိတ်က ဘယ်လိုမှ မတည်ငြိမ်နိုင်ခဲ့ဘဲ ရှိ၏။

"ဦးက စားဦးလေ မမကိုပဲ ကြည့်နေတာပဲ တော်တော်ချစ် တယ်





ထင်တယ်"

"ဟုတ်လား ချစ်ရင်ကြည့်ကြသလား မီးမီးက အကဲခတ် တော်တာပဲကွ"

ကြည့်စမ်း၊ နှိုင်းမျက်နှာ ရဲတွတ်သွားသည်။ မနေနိုင်သည့် မျက်လုံးတွေက သူ့ကိုလှည့်ကြည့်လိုက်မိတော့ ရင်တုန်ပန်းတုန် ဖြစ်လောက်စရာ ရှိုင်း၏မျက်ဝန်းတို့က ညှို့ရီလျက်...

ဒေါ်ဘ တို့သည် ရှက်ကြောက်တတ်ခြင်းကို အနိုင်ယူထိုး ဖောက်.. သာနိုင်ဘဲ နှိုင်းဒီနေရာမှ အမြန်ဆုံးပြန်ချင်စိတ်တို့သာ ဖြစ်လာခဲ့၊

"အံမယ် ရယ်လို့ ပြုံးလို့ပါလား အန်တီမြေးနဲ့ ရှိုင်းတို့ မိတ်ဆွေတွေဖြစ်ကုန်ကြပြီထင်တယ်"

ဒေါ်မိုးသည်း ရောက်လာမှ နှိုင်းထရပ်လိုက်ကာ...

"အန်တီ နှိုင်းပြန်တော့မယ်နော် အဟွန်း နှုတ်ဆက်မလို့ စောင့်နေတာ"

"အို သမီး နေဦးလေ တော်ကြာအထဲမှာ ခွေးနွေးပွဲစတော့မှာ"

"ဟုတ်ကဲ့ ခေါင်းတွေသိပ်ကိုက်နေလို့ မတက်တော့ဘူး ခွင့် ပြုပါဦးနော်"

"ဟာ အန်တီကလည်း မပြန်သေးနဲ့ဦး မုန့်တွေထပ်ကျွေးဦးမှာ"

သည်းသည်းလှုပ်က နှိုင်းကိုဆွဲထားမတတ် လှမ်းတားသည်။ နှိုင်းငြင်းပြီး လက်ပွေ့အိတ်လေး ကောက်ယူလိုက်တော့ ရှိုင်း က နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခုံနုနုလေးကို ထုပ်ဆုပ်ထားလိုက်ပြီး....

"ကားသော့ မပါဘဲ ဘယ်ကို ပြန်မှာလဲ"

"အို မကိုင်ပါနဲ့"

နှိုင်း လက်ကို ဆောင့်ရုန်းပစ်မိသည်။ ရိုင်းက မလွှတ်ဘဲ ခပ်တင်းတင်းဖိကိုင်ထားကာ ဘယ်တုန်းကလွတ်ကျခဲ့မှန်းမသိသော ကားသော့ကို လက်ဖဝါးလေးဖြန့်၍ ထည့်ပေး၏။ ပြီးတော့ ပြန်၍ ဖိဆုပ်စေသ က်ပြီး...

"ခုန မင်းယိုင်သွားတော့ ဒီသော့ ကိုလက်ထဲရောက်လာတာ"

နှိုင်း စူးစူးရဲရဲကြည့်နေတော့ ရိုင်းကပြုံး၍ မျက်နှာလွှဲလိုက်၏။ ပြီးတော့ လက်ကိုဖွဖွလေး လွှတ်ပေးသည်။

သူ့အမူအရာ သူ့မျက်လုံးတို့က ဝိုင်းဝန်းအကဲခတ်နေကြသူတွေအတွက် သို့လော သို့လော တွေးစရာတွေ ဖြစ်ကုန်မှာပါ။

နှိုင်းဘယ်လိုနည်းနဲ့မှ ကျေနပ်မှာမဟုတ်သော မျက်ဝန်းများနှင့် ကြည့်ပစ်လိုက်ပြီး ခြေလှမ်းရွှေ့၏။

"သားက လိုက်ပို့လိုက်ဦးလေ"

ဒေါ်မိုးသည်း တကယ်အကဲမခတ်မိတာလား မသိချင်ယောင်ဆောင်နေသည်လား ဘာမှန်းမသိသလို ပြောနေသော်လည်း ချော်လဲရောထိုင်ပြောနေသူက ပို၍အသည်းယားဖို့ ကောင်းနေသည်။

"သူ့ စိက်ဆိုးနေတယ် အန်တီ မပို့တော့ဘူး"





ဟု ခပ်တိုးတိုးဖြေ၍ အပြုံးမပျက် ပြန်ထိုင်သည်။ လုပ်ထားလိုက်စမ်း။

နှိုင်း ကားသော့ကို ဖိဆုပ်ရင်း မခံချင်စိတ်တို့ကြောင့် မျက်ရည်တွေဝေ့တက်လာခဲ့သည်။

ရွှေတိဂုံဘုရားမှာလည်း သူ့အကွက်ကျကျ အနိုင်ယူသွားခဲ့ သည်။ ခုလည်း သူ့လက်တစ်ဖက်ထဲမှာ နှိုင်းက အရုပ်တစ်ရုပ်လို

မင်းဟာ ဘယ်တုန်းက ရိုင်းပဲဖြစ်ဖြစ် ငါနဲ့ ဆိုင်သလား။ ကားတံခါးကို ဆောင့်ဆွဲဖွင့်၍ စတီရင်ယာရှေ့မှာ ထိုင်မိသည်။ မမောင်းဖြစ်သေးပါ။ ရောင်စုံမီးတွေနှင့် စည်ကားနေသော ညှော်ခံပွဲက မျက်ဝန်းထဲမှာ တလက်လက်ဖြာနေ၏။

ပြီးတော့ မီးပွင့်တွေကြားမှာ မျက်နှာနှစ်ခု....

တစ်ယောက်သည် ပိန်လှီဖြူလျော့သော မျက်နှာကလေးနှင့် မာကျောကျော၊ တစ်ယောက်ကျတော့ အောင်နိုင်သော အပြုံးနှင့် အားပြင်းစွာဆွဲနေညို့နေသည့် မျက်ဝန်းများဖြင့်....

နှစ်ယောက်ဟာ တစ်ယောက်တည်း ဖြစ်နိုင်ပါ့မလား။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

တစ်နေကုန် ဘာလုပ်လို့မှ အလုပ်ထဲမှာ စိတ်မပါ။ နေ့လယ်ပိုင်းကျတော့ အလွန်ရှားပါးသော ဘဝဲမျိုး ငါးလေးတစ်ကောင်ကို ဓာတ်ရောင်ခြည်ပေးနေရင်း သူ့မလက်ထဲမှာပဲ သေသွားခဲ့၏။

နှိုင်း စမ်းသပ်ခန်းထဲက ထွက်လာခဲ့သည်။

"ဆောရီး ကိုဝေ၊ အေးကိုလည်း တောင်းပန်ပါတယ်၊ ဆရာတို့ကိုရောပဲ တကယ်တော့ နှိုင်း ဒီစမ်းသပ်ခန်းတွေနဲ့ မိတ်ဆွေ ဆရာသမားနဲ့ လမ်းခွဲရတော့မှာပါ၊ ဒါတွေကို ဝါသနာပါပေမယ့် နှိုင်းတကယ်ကျင်လည်ခွင့်ရတာက ဒီမှာမဟုတ်ဘူး"

ဆရာဦးသောင်းကလည်း နားလည်စွာ ခေါင်းညိတ်သည်။ ကထိက ဒေါ်မာယာသိန်းက နှိုင်းလက်ကလေးကို ဆုပ်ညှစ်၍ ခွင့်ပြု၏။

"သမီးမှန်ပါတယ် အားလုံးလက်ပန်းကျသွားတဲ့အချိန်မှာ သမီးပ





ခုံးပြောင်းယူသင့်ပါတယ် ဆရာမတို့အလုပ်ကတော့ တိုင်းပြည်တာဝန်ပေါ့ ဝါသနာလည်း ပါရတယ်၊ မိသားစုတစ်ခု ဘဝတစ်ခုအတွက် လောလောဆယ် လုံခြုံတဲ့အရိပ်မိုးတစ်ခု မဖြစ်နိုင်ဘူးလေ၊ တို့တွေရဲ့ ဟောဒီဆုံရပ်ကြီးက သမီးကို အမြဲကြိုဆိုနေမှာပါ မိဘကိုပဲ စိတ်ချမ်းသာအောင် ပြုစုကူညီလိုက်ပါ"

"အေးဟာ အချိန်မရွေးတို့ဆီ ဝင်လာလို့ရတာပဲ အန်တီတို့လည်း နာမကျန်းဖြစ်နေကြတာ နင် အနားမှာနေပြီး နွေးထွေးသင့် ပါတယ် တို့လည်း လာဦးမှာပါ"

ဆရာ ဆရာမတွေကိုရော အပေါင်းအသင်းတွေကို အားလုံးနှုတ်ဆက်ကာ နှိုင်းထွက်လာခဲ့သည်။

တကယ်တော့ သူ့မခေါင်းထဲမှာ ဝါသနာကို စွန့်လွှတ်ဖို့ထိ ...ည်းမဆုံးဖြတ်သေးပါ။

စီးပွားရေးလုပ်ချင်လွန်း၍ သို့မဟုတ် ဘယ်လိုမှ ဝါသနာ မပါခဲ့၍လည်း မဟုတ်ဘဲ ယောကျ်ားတစ်ယောက်၏ အမျိုးမျိုး လှည့်စားနေခြင်းကို ခံနေရသော ကိုယ့်အဖြစ်ကို ခံပြင်းနေခဲ့ခြင်းဖြစ်သည်။

စတွေ့လိုက်ကတည်းက တမင်တကာလိုလို မတော်တဆ လိုလိုပြီးတော့ တည့်တည့်ချိန်ပစ်သွားခဲ့သည်က ကိုယ့်ကိုပဲဖြစ် ၏။

နောက်ထပ်တွေ့တော့လည်း တမင်ဖန်တီးသွားလိုက်တာ မတော်တဆလိုလိုနှင့် ဖက်လိုဖက် ဆွဲလိုဆွဲ၊ ခုတော့ နှိုင်းမရက အခေါ်တွေဘယ်လိုပဲ သိမ်းဝှက်ထားထား ကွယ်ရာမှာ အတွဲနဲ့ ခြေပုန်းခုတ်နေပြီဆို



www.burmeseclassic.com

www.burmeseclassic.com



သည့်သတင်းက ဖုံးဖိချိန်မရလိုက်ဘဲ ပြန့်ကားသွားခဲ့သည်။

အန်တီမြတ်လည်း ဒီသတင်းကို ကြားသွားပါပြီ။ အန်တီသက် နဲ့ အန်တီလတ်တို့ ရင်ဘတ်ကို တဖြန်းဖြန်းရိုက်ပုတ်၍ မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကုန်၏။

"မဟုတ်ဘူး နှိုင်း မဟုတ်ဘူး အဲဒါအထင်လွဲကုန်ကြတာပါ အန် တီမြတ်တို့ ဘာဖြစ်လို့ မယုံကြတာလဲ"

နှိုင်းဘယ်လိုမှ ငြင်းလို့မရတော့ ကိုယ့်ခေါင်းကိုလက်နှစ်ဖက်နဲ့ စုံထု၍ငိုချလိုက်မိသည်။

ထိုအခါကျမှ 'ဒါဆို ဘာတွေဖြစ်ကုန်တာလဲပြော' ဆိုသည့် အမေး စကားလေး ထွက်လာခဲ့၏။

ဒီလိုမေးတော့လည်း နှိုင်းလိပ်ပတ်လည်အောင် ရှင်းမပြနိုင်ပါ။

သူ လုပ်ကိုင်သွားပုံတွေကို အဒေါ်တွေကို ဘယ်လိုပြန်ပြော ရမ လဲ။ ယောကျ်ားဆို မျက်လုံးနဲ့တောင် စွေမကြည့်နဲ့ဟု တွင်တွင် မှာ တတ်သည့် လူတွေရှေ့မှာ ပခုံးကိုဖက်လိုက်တာ လက်ကိုဆုပ် ကိုင်ပစ် လိုက်တာ နားဝင်ချိုအောင် ဘယ်လိုပြောမလဲ။

"ဘယ်သူမှန်း နှိုင်းမသိပါဘူး အဲဒါတကယ်ပါ အသိလိုလို မိတ် ဆွေလိုလိုနဲ့ လူတွေရှေ့မှာ အဲဒီလူဖွတ်ကြီးဝင်ရောတာ ဒါပဲ ဘာမှ မဟုတ်ဘူး"

"အမလေး ဖွတ်ကြီးဝင်ရောတာနဲ့ မတူပါဘူးအေ ကျုပ်မြင် ရတဲ့ ဓာတ်ပုံထဲမှာတော့ ညည်းနဲ့တစ်စားပွဲတည်းထိုင်နေတာ တခြားလူကို





ပါဘူး တစ်ယောက်ကိုတစ်ယောက်ကြည့်နေလိုက်ကြတာ တခြား ဘာကိုမှ မသိတော့သလိုပဲ"

အန်တီလတ် ပိတ်ပြောချလိုက်တော့ အန်တီမြတ် ဖုန်းဖုန်းလဲပါ တော့သည်။ ဒီထက်ပိုပြီး နှိုင်းရှင်းမပြတတ်ပါ။

"ကျေနပ်သွားအောင် တစ်ခုခုပြောပြီး ကတိပေးလိုက်ပါ နှိုင်း လေးရယ်"

အန်တီသက်တို့ တိုက်တွန်းကြပုံက နှိုင်းတကယ်ရည်းစား ထား နေ၍ ကတိတောင်းနေတာမျိုးဖြစ်၏။

"နှိုင်းက ဘာပြောရမှာလဲ"

တစ်နေ့တစ်နေ့ ဒီကိစ္စကြောင့်ပဲ စိတ်ညစ်နေရတာ အန်တီ မြတ် ကော အန်တီလတ်ပါ နေထိုင်မကောင်းတော့ အန်တီသက်လည်း အ ပြင်ထွက်မရ။

နှိုင်းကို မသွားမလာစေချင်သော်လည်း ကြည့်နေကြရရင်း အ ပြင်ထွက်ခါနီးတိုင်း တတွတ်တွတ်မှာကြတာက "အဲဒီကောင်ကို ဂရုမ စိုက်နဲ့"ဟူ၍ ဖြစ်၏။ ဟုတ်တယ် ဒါပဲ။

နှိုင်းကားမောင်းနေရင်း ဆုံးဖြတ်ချက်ချ၏။ ဒီတစ်ခါ ဘယ် လိုပုံစံ တွေပဲထွင်ထွင် ဥပေက္ခာထားနိုင်ဖို့သာ၊ ကားက မထင်မှတ်ဘဲ တုန့်ခနဲ ထိုးရပ်သွားသည်။

ဗိုက်ဆာပြီမို့ မပြန်ခင် တစ်ခုခုဝင်စားဖို့ စိတ်ကူးလိုက်ကာမှ ကား ပျက်သွားသဖြင့် ကျွတ်ခနဲ စုတ်သပ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ကားသွားကားလာ မပြတ်သော်လည်း ကားပြင်ဖို့ကတော့ ခက်လိမ့်မည်။ တတ်သလောက် မှတ်သလောက် ဆင်းကြည့် တော့မှ လည်း ဘာဖြစ်သွားမှန်းကို အဖြေရှာမရပါ။

နောက်ဆုံးဝပ်ခ်ရှော့ကိုပဲ ဖုန်းဆက်ရတော့သည်။ ကားပြင် မယ့်သူ မလာမချင်း စောင့်ဖို့အပြင် ဘာမှမရှိတော့သဖြင့် ဖုန်းကို ဆုပ်ကိုင်ထားလျက်နှင့် ကားမှာ ခပ်နွဲ့နွဲ့မှီရပ်နေစဉ်...

"အို"

ပရာဒိုကားတစ်စီးက အနားကျမှ ကပ်ကပ်လေးဖဲ့ဝင်လာ၏။ ထိတ်လန့်သွားပေမယ် နှိုင်းရှောင်ဖို့သတိမရတော့ပေ။ ကား ကလည်း လူကို မတိုက်ပါ။ နေပူလိုက် မိုးရွာလိုက်နှင့် အကြိမ် ကြိမ်ဖြစ်နေသော်လည်း အမြဲတမ်းရေဝပ်နေဆဲရှိသည့် လမ်းမ ခလယ်က ဗွက်အိုင်ကိုသာ ခုန်ပေါက်ဖြတ်သန်းသွားခဲ့တာဖြစ်သည်။

"ဗွမ်း"

"အား"

နှိုင်း၏ ထမီအနားစမှ ခါးစပ်အထိ ရွှံ့ဗွက်ရေတွေ အင်နှင့် အားနှင့် ပစ်ဝင်သွားခဲ့သည်။

ရင်ဘတ်ကိုပါ အစက်အပေါက်ကလေးတွေ စင်ကုန်သဖြင့် သပ်ခါချရင်း နှိုင်းအသားများပင်တုန်၏။

ထိုစဉ် ကားက အတော်လွန်သွားပြီးမှ နောက်ပြန်ဆုတ်လာသည်။ ကြည့်နေရင်း ကားကို နှိုင်းတဖြည်းဖြည်း မှတ်မိလာ၏။ ခဲပုတ်ရောင်





ပရာဒိုနဲ့....

ရိုင်း....

နှိုင်း စူးစိုက်ကြည့်နေဆဲမှာ ကားကရပ်သွား၏။

မှန်မချဘဲ တံခါးပွင့်သွားကာ ရိုင်းဆင်းလာသည်။ ဘောင်းရှည်အနက်နှင့် အနက်ရောင်ကုတ်အင်္ကျီကို ရင်ဖွင့်ဝတ်ထားကာ တွင်းက အဝါရောင်စပို့ရှပ်နှင့်ဖြစ်၏။

"စိတ်ဆိုးသွားလား ဆောရီးနော်"

နှိုင်းက တင်းပြတ်မတတ် စုပုတ်ထားမိသည့် မျက်နှာကို ချက်ချင်းဖြေချသည်။ ရိုင်းကို ရှုံ့ရှာစက်စုတ်သလို ခြေပြန်ခေါင်းပြန် ကြည့်ပစ်လိုက်ပြီးမှ မျက်နှာလွှဲ၏။

"ဒေါ်နှိုင်းမရ ခင်ဗျားသိပ်လှပါတယ်"

ရိုင်းက နှိုင်းမျက်နှာလွှဲသည့်ဘက်ကို ပိတ်ရပ်ပစ်လိုက်ပြီး မျက်နှာချင်းဆိုင်အောင် လိုက်ငုံ့ကြည့်၏။

"ဒါပေမဲ့ အဲဒီမျက်လုံးမျိုးနဲ့ နောက်ထပ်မကြည့်နဲ့ ရိုင်းဆိုတဲ့ နာမည်ကြီးနေတာ အလကားမဟုတ်ဘူး"

နှိုင်းပါးစပ်ပိတ်နေလိုက်သည်။ ဒီလိုလူနဲ့ စကားတွေ အသွား အပြန်မလုပ်ဖို့ ဆုံးဖြတ်ပြီးသား။

"ခင်ဗျားကို တမင်ရန်စလိုက်တာကို သိတယ်မို့လား ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ"

"မပြောချင်လို့လေ နားလည်ရင် ရှင်ထွက်သွားလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား"

ရိုင်းက ကုတ်အင်္ကျီနှစ်ဖက်စကို သိမ်းဖယ်၍ ခါးထောက်ရယ်သည်။

"ဒီစကားမျိုးပြောခွင့်ပေးလိုက်တာ မင်းတစ်ယောက်ပဲရှိသေးတယ်နော် အဲဒါမယုံမရှိနဲ့ ကားပျက်နေတယ်မို့လား လိုက်မလား"

နှိုင်းမျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။ ရိုက်ချပစ်လိုက်ချင်သည့် လက်ဖဝါးကို တင်းနေအောင် ဆုပ်ပစ်လိုက်ရပြီး သက်ပြင်းရှိုက်၏။

ထိုစဉ်မှာပဲ ဝပ်ခ်ရှော့ကကား ရောက်လာသည်။ ကားပေါ်က ဆင်းလာကြတာ လေးယောက်၊ အားလုံး လူငယ်တွေချည်းဖြစ်ကာ ကပြားပုံစံဆံပင်ကောက်ကောက်နှင့် နှစ်ယောက်က သွားကြီးတွေ တဖြဲဖြဲနှင့်...

"ကားပျက်နေတာ ညီမလေးလား"

ဟု မေး၍ ရှေ့တက်လာ၏။ ရိုင်း မျက်မှောင်ကုတ်၍ စိုက်ကြည့်သည်။

"ကားပြင်ဖို့လာတာ လူတွေများလှချေလား ပြင်မှာလား ကားကို လူလေးယောက်နဲ့ ဆွဲမှာလား"

"ဟိတ်ကောင် မင်းဘာစကားပြောတာလဲ"

ရှေ့ဆုံးက ထွက်လာသည့် ကုလားလိုလိုလူက ရင်ဘတ်ကြီးကော့ပြီး မေးဆတ်၏။





ရိုင်းက ထိုသူ၏ရင်ဘတ်စကို တစ်ဖက်တည်းနှင့် ဆုပ်ဆွဲ၍ ဆောင့်ခါပစ်လိုက်သည်။

"ရန်စလိုက်တာလေ ငါက မိန်းမမြင်ရင်မေးတတ်တဲ့ မျက်လုံးတွေကို သိပ်ကြည့်လို့ မရဘူး"

"ဟာကွာ လူပါးဝလို့ ကဲ"

ဘေးက တစ်ယောက်က အသင့်ကိုင်ထားသည့် ဂွရှည်ကြီးနှင့် လွှဲရိုက်၏။ ရိုင်းက ဖျတ်ခနဲကိုယ်ကိုလှည့်ကာ ကိုင်ထားသည့် လူနှင့် လှည့်ခံပေးလိုက်သည်။

"ဒုတ်"

"အား"

အော်သံက စူးစူးဝါးဝါး၊ သွေးတွေဖြာခနဲ ရဲဆင်းလာ၏။

"အွန့်"

ဟာခနဲ ငေးကြောင်သွားသော ဂွကိုင်ထားသူ၏ မိုက်ကို ရိုင်ထိထိမိမိ ကန်ထည့်လိုက်၏။ ထိုသူလည်း နောက်ပြန် ဝုန်းဒိုင်းကြဲလျက် လဲကျသွား၏။

"မင်း... မင်းရိုင်းစိုင်းလှချည်လား"

သွေးတွေကိုမြင်တော့ နောက်နှစ်ယောက်မကပ်ရဲတော့ဘဲ မျက်လုံးတွေ ပြူးနေကြ၏။ ရိုင်းက ဒဏ်ရာအကြီးအကျယ်ရသွားသည့် လူကို ထိုနှစ်ယောက်ထံ တွန်းပစ်လိုက်ပြီးမှသည်။

"ဟုတ်တယ် နာမည်လည်း မှတ်သွားဦး ရိုင်းတဲ့၊ ဒီကားမြင် ဖို့



www.burmeseclassic.com

www.burmeseclassic.com



လည်း မလိုတော့ဘူး သွားလို့ရပြီ”

“တောက်”

မကျေမချမ်းတက်ခေါက်သော်လည်း ကိုယ့်လူကိုယ်ဆွဲကာ ကားပေါ်ပြန်တက်သွားကြလေသည်။

နှင်း ရှိုင်း၏ ထိတ်လန့်ဖွယ်ကောင်းသော လက်ယဉ်လွန်းသည့် ညဉ်ဆိုးတစ်ခုကို နောက်ထပ်မြင်လိုက်ရတာ အသက်ရှူဖို့ပင် မေ့နေခဲ့၏။

ခြေထောက်နှစ်ဖက်စလုံးပင် မရွေ့ခဲ့ဘဲ တစ်ချက်တည်း လှုပ်ရှားသွားကာ လူနှစ်ယောက် ခွေခနဲ...

ထိုနေ့က နှင်း၏ကားကိုလည်း ရှိုင်းကပဲ ကိုယ်တိုင်ဖွင့်၍ပြင်သည်။

“ရပြီ သွားတော့”

ဟုပြောပြီး တံခါးကိုလည်းသူပဲ ဖွင့်ပေး၏။ ပြန်ပိတ်ပေးရင်း နှင်းမျက်နှာလေးကို သေချာငုံ့ကြည့်ကာ...

“မင်းနဲ့ကိုယ်ရန်ဖြစ်ဖို့ ကြိုးစားဦးမှာ”

ဟုပြောလေသည်။ နှင်း နားမလည်ပါ။

☆ ☆ ☆





**အခန်း (၁၅)**

ဒီနေ့ရှယ်ယာကိစ္စတွေလည်း ရှင်းမည်။ ဒါရိုက်တာ အသစ် ရွေးမည်။ အားလုံးသောကိစ္စများထက် ပို၍ စိတ်ဝင်စားဖွယ် ကောင်းသည်က ရှယ်ယာလေးပုံသုံးပုံကို ပိုင်ဆိုင်ထားပြီဖြစ်သော လူငယ်လုပ်ငန်းရှင်ဖြစ်သည့် နေမရှိုင်းဟာ ဘယ်လိုလူ ဘယ်လိုပုံစံလည်း ဆိုတာပဲဖြစ်သည်။

သိကျွမ်းခင်မင်ကြသူ တစ်ချို့ရှိပါသည်။ မသိကြသူတွေလည်း များ၏ နေမရှိုင်း၏ဘက်က စီးပွားရေးလက်ခွဲကုမ္ပဏီများမှ တက်ရောက်ကြသူတွေလည်း စုံသည်။

တခြားဖိတ်ကြားထားသည့် လုပ်ငန်းရှင်တွေလည်း ရောက်နေ ပါပြီ ထိုထဲမှာ နှင်းလည်းရှိနေ၏။ သူမတို့ လုပ်ကိုင်သမျှ စီးပွားရေးခွင်အားလုံးကို လိုက်ငြိနေသည့် နေမရှိုင်းကို နှင်းသိချင် မြင်ချင်နေသည်။

နောက်ဆုံးလက်ကျန် ရွှေပင်ငွေပင် ကုမ္ပဏီမှာ ဝင်ထားသည့် ရှယ်ယာကိုတောင် အမ်းယူဖို့ကြိုးစားနေတဲ့ နေမရှိုင်း။



www.burmeseclassic.com

www.burmeseclassic.com

"မြတ်ရတနာဆိုတာ နေမရိုင်း အင်အားနှင့် ဘယ်လိုမှ မယှဉ်သာပါ။ ဒါကို နေမရိုင်းက မပြုတ်ပြုတ်အောင် တိုက်ချနေပါသည် ပြောတော့ကော ဘယ်သူယုံမှာလဲ"

"တောင့်ထားသမီး ဆွေးနွေးပွဲမှာ ပြန်အမ်းဖို့ငွေဘယ်လောက်ပဲ ပုံပေးပေး လုံးဝနောက်မဆုတ်နဲ့ ရွှေပင်ငွေပင်က မအောင်မြင်သေးပေမယ့် တက်လမ်းတွေအများကြီးရှိတယ်၊ ရှေ့ဆက်ပြီး နေမရိုင်း လက်ထဲရောက်ရင် ဟိုက်ခနဲ ခုန်တက်သွားမှာ အန်တီတို့မှာ အားကိုးစရာ ဒါပဲရှိတော့တာ အလျှော့မပေးခဲ့နဲ့နော်"

အန်တီသက်က ကားနားထိတတွတ်တွတ် လိုက်မှာသည်။ နှိုင်းကိုယ်တိုင် ဘာဖြစ်ဖြစ် လုံးဝမနုတ်ထွက်ဘူးဟု ဆုံးဖြတ်ချက် အခိုင်အမာနှင့် ထိုင်စောင့်နေမိခဲ့သည်။ သို့သော်....

"လာပြီ နေမရိုင်း"

"အဲဒါ နေမရိုင်းပဲ"

ရုတ်တရက်ခန်းမထဲမှာ တိတ်ကျသွားကာ တီးတိုးသံတွေ ထွက်လာ၏။ နှိုင်း သိချင်ဇောနှင့် တံခါးဝဆီ လှည့်ကြည့်လိုက်မိ၏။

"ဟင် ရိုင်း"

နေမရိုင်းနှင့် ရိုင်းကို ဘာဖြစ်လို့ ဆက်စပ်မတွေးမိခဲ့တာလဲ၊ ရိုင်းလို ရိုင်းစိုင်းသော လူတစ်ယောက်ကို နေမရိုင်းလို အောင်မြင်ကျော်ကြားနေသည့် လုပ်ငန်းရှင်ကြီးတစ်ယောက်အဖြစ် ဘယ်လိုမှ မတွေးမိခဲ့တာ သူမ ညံ့ခဲ့သည်လား။





ရိုင်းက အနက်ရောင်အနောက်တိုင်း ဝတ်စုံနှင့် ဆံပင်တွေ ကတော့ ဒီတိုင်းပခုံးထက်မှာ အုပ်ခဲ့ဝဲကျနေသည်။

ဘေးမှာ အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်နှင့် သူ့အရွယ်လူလတ်ပိုင်းတစ်ယောက်အတူ ပါလာ၏။

"ရှေ့ဆုံးထိပ်ခုံမှာထိုင်နေတာ ဦးနေစိုးလေ နေမရိုင်းရဲ့အဖေပဲ အခု သူကိုင်ထားတဲ့ ရှယ်ယာသုံးစုထဲက တစ်စုက ဦးနေစိုးဟာပဲ"

သူ့အကြောင်းကြားတော့ နှိုင်းနားထောင်နေမိသည်။

"ဪ သူ့အဖေဆီက ပြန်တောင်းယူထားလိုက်တာလား"

"ဘယ် ဒီလိုဟုတ်မလဲဗျ ဒါရိုက်တာအသစ်လွှဲတာ ဒီလောက် လွယ်တာမှ မဟုတ်ဘဲ ဦးနေစိုးကိုယ်တိုင် မဟာန်နိုင်လို့ အပ်လိုက်ရတာ"

"ဟုတ်ပါ့မလား"

"ဟုတ်တယ် ဒီတိုင်းပဲ ဒီပြင်လူတွေကတော့ နေမရိုင်း ဘယ်လို ပြန်အမ်းပစ်လိုက်သလဲ မသိဘူး သူ ရှင်းဖို့က တစ်ပုံပဲ ကျန်တော့တာ"

မကြာခင် မျက်လုံးတွေ သူမဆီရောက်လာကြတော့မှာကို သိ၍ နှိုင်းမျက်နှာကို ခပ်တည်တည်လေးပြင်၍ မသိသလိုနေလိုက်၏။ တတယ်လည်း သူမရှိရာသို့ မသိမသာ လှမ်းကြည့်ကြကာ...

"ဦးနေစိုးတောင် မခံနိုင်တာ အပျိုကြီးအုပ်စုက ဘယ်လောက်တောင့်တင်းမှာလဲ"

"အေးလေ အခု သိရမှာပေါ့ ကျုပ်တို့ကတော့ လေ့လာရုံ ဝေဖန်ရုံ ထက်ခဲ့ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



“နေမရိုင်းက လက်မထောင်လာတာလည်း မပြောနဲ့ သူပိုင်သမျှ ကုမ္ပဏီတိုင်းမှာ ရှယ်ယာလုံးဝထားခဲ့တာ မရှိဘူးတဲ့”

နှိုင်းဟာ ဒီစည်းရဲ့အပြင်ကို မုချထွက်ပေးရမှာပဲလို့ ပြောလိုက်တာလား၊ နှိုင်း မျက်နှာကို ပို၍တင်းသည်။ ဂရုမစိုက်သလို ပို၍ ပင့်ထားလိုက်၏။

ကိုယ်က နေမရိုင်းကို စိတ်ဝင်စားလို့ ချဉ်းကပ်နေတာမဟုတ်၊

“ရွှေပင် ငွေပင်” အား စတည်ကတည်းက မြတ်ရတနာဟာ နံပါတ်နှစ်နေရာကနေ ဝင်ရပ်ထားခဲ့တာ။

နှိုင်းနှင့်တစ်ယောက်ကျော်မှာထိုင်နေသော နံပါတ်တစ် ရွှေပင်ငွေပင် ဒါရိုက်တာဟောင်း ဦးကျော်ထွန်းက နှိုင်းရောက်လာကတည်း က မကြာခဏလှည့်ကြည့်တတ်ကာ နှိုင်းဘယ်လို ခံစားနေရသည့် အဖြစ်ကိုလည်း စာနာမိသည့် မျက်နှာနှင့် မျက်လုံးချင်းဆုံတော့ ပြုံးပြသည်။ ထိုအပြုံးကို နှိုင်းနားလည်ပါသည်။

ရှယ်ယာအားလုံးကို သူတို့တွေ ပုံအပ်ပစ်လိုက်ရသည့် အတွက် အကြောင်းအရာကို မပြောသော်လည်း ရှင်းပြနေသကဲ့သို့ပါ။

ပြီးတော့ မတူဘဲမတုချင်ပါနဲ့တော့ ကလေးရယ်လို့ ထပ်၍ ဖျောင်းဖျနေသလိုမျိုး အားလုံးအကြည့်များကလည်း နှိုင်းဆီမှာ ဝေ့လာကြ၏။

ရွှေပင်ငွေပင်ကို နေမရိုင်းက လွှဲပြောင်းယူလိုက်သည့်ကိစ္စမှာ မြတ်ရတနာသာ ခံမနေဘူးဆိုရင် ဒီဆွေးနွေးပွဲမှာပဲပြတ်သည်။





မဟုတ်လျှင် ဘယ်လိုရှင်းကြမလဲဆိုသည့် သို့လော သို့လော အကြည့်တွေ။

“အဟမ်း”

စင်မြင့်ထက်မှ ဝေ့ကြည့်သည့် မျက်လုံးများက မျက်မှန်နက်၏ နောက်ကွယ်မှာပဲဖြစ်သည်။

ရိုင်းက စကားမစသေးဘဲ ခဏငြိမ်သက်ရပ်နေပြီးမှ မျက်မှန်ကို ခပ်ဖြည်းဖြည်း ဆွဲချွတ်၏။

သူ့ရှေ့မှာ မည်သည့် စာရွက်စာတမ်းမှမရှိပါ။ လက်ထဲမှာ လည်း မျက်မှန်မှလွဲ၍ ဘာမှ ကိုင်မထားခဲ့။ သူသည် စားပွဲထိပ်မှာ လက်တစ်ဖက်ထောက်ရပ်နေလျက်...

“ဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ စီးပွားရေးလုပ်ငန်း ရှင်များအားလုံးကို ကျေးဇူးတင်ပါတယ်။ တကယ်တော့ ဒီဆွေးနွေးပွဲဟာ ပထမအကြိမ်၊ ဒုတိယအကြိမ်မှာ မပြီးပြတ်ခဲ့တဲ့ တတိ ယအကြိမ်မြောက် ရွှေပင်ငွေပင် ရှယ်ယာရှင်များနဲ့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။”

မပြီးပြတ်ခဲ့ခြင်း အကြောင်းကို တမင်တကာထည့်ပြော လိုက်သည်မဟုတ်မှန်း တလက်လက်တောက်နေသော သူ့မျက်လုံးများက ဖော်ပြနေကြသည်။ ပြီးတော့ စကားပြောနေဆဲ အပြတ်အတောက်များမှာ နှုတ်ခမ်းလှာတို့ကို စေ့ပိတ်ပစ်တတ်၏။

ထိုအခါ လှုပ်ခတ်သွားသော အောက်မေးဖျားတို့က အံကြိတ်ပစ်လိုက်သလိုလို သရုပ်ပေါ်သွားခဲ့၏။ မပြီးပြတ်သော ရှယ်ယာ ကိစ္စများ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် စိတ်တိုင်းမကျဖြစ်နေခြင်းက သူ့မျက်လုံး နှုတ်ခမ်းကအစ အားလုံးမှာ ပေါ်လွင်နေသည်။

"ကျွန်တော် စိတ်မရှည်တတ်တဲ့အတွက် တက်ရောက်ပေးကြတဲ့ လူတွေအားလုံးကိုလည်း စာနာမိပါတယ်။ ဒါကြောင့် လိုရင်းတိုရှင်းပဲ ဆွေးနွေးတဲ့ထဲမှာ လိုအပ်တာ မရှင်းလင်းတာကို ဆွေးနွေးပါ ဒီဆွေးနွေးပွဲရဲ့ အဓိက ရည်ရွယ်ချက်က တစ်ခုပါပဲ"

ရိုင်းမျက်လုံးတွေက နှိုင်းမျက်နှာလေးပေါ် တည့်တည့်ရောက်လာ၏။ ပြီးတော့ ဖျတ်ခနဲပြန်ရွှေ့သွားကာ...

"ကျွန်တော်က နေမရိုင်းပါပဲ နိုင်ငံတော်တော်များများမှာ ကျွန်တော့်ဖက်စပ်လုပ်ငန်းတွေ ရှိပါတယ်။ အကြီးအကျယ်မဟုတ်သေးပေမယ့် နိုင်ငံခြားမှာ ပညာသင်ရင်း လေ့လာရင်းနဲ့ နီးစပ်မှုနဲ့ ကြိုးစားပြီ အုတ်မြစ်ချခဲ့တာပါ။ မြန်မာနိုင်ငံကို ပြန်လာခဲ့တာလည်း မကြာသေးဘူး ကျွန်တော်ပြောချင်တာက ကုမ္ပဏီလုပ်ငန်းတွေကို ကျွန်တော် ဝါသနာပါပေမယ့် ရှယ်ယာတွေအများကြီးနဲ့ မီးရထားတွဲကြီးလို ခရီးရှည်ကြီးကိုဆက်ဖို့မဟုတ်ဘူး၊ ခေါင်းချင်းဆိုင်ပြီး ဆုံးဖြတ်တာဟာစည်းလုံး ညီညွတ်မှုနဲ့ကြည့်ရင် ကောင်းပါတယ်၊ ဆုံးဖြတ်တဲ့နေရာမှာ မကောင်းဘူး အလုပ်တစ်ခုမှာ တိုးတက်တယ် ဆုတ်ယုတ်တယ် ဘာလုပ်မလဲဆိုတာ အဖြေက တစ်ခုပဲရှိတယ်။ လူသုံးယောက်လေးယောက်ရှိနေလည်း ဆုံးဖြတ်ချက်က သုံးလေးခုမလိုဘူး"

ရိုင်းက လူတွေသူ့ကို ဘယ်လိုဝေဖန်မလဲဆိုတာ နည်းနည်း





ဂရုမစိုက်သည့်မျက်ဝန်းများနှင့် အပြတ်သားဆုံးပြော၏။ ဘယ်သူကမှလည်း တစ်ခွန်းမှဝင်မပြောခဲ့ဘဲ ငြိမ်သက်စွာရှိနေခဲ့ကြသည်။

"ကျွန်တော်ကတော့ လုပ်ပြီဆိုရင် အောင်မြင်ဖို့ပဲ ဖြစ်နိုင်တယ်ဆိုတာထက် ဖြစ်တယ်ဆိုတာပဲဆုပ်ကိုင်ထားတာ လက်ဖဝါးမှာ သွေးခြေဖဝါးမှာ ကျောက်ပျော့တာဟာ ဘယ်လိုပဲ နင်းမိ နင်းမိ ဂရုမစိုက်တတ် မနာတတ်အောင် ကျွန်တော်လေ့ကျင့်ထားခဲ့တယ်၊ အဲဒါ ကျွန်တော့်ဘဝပဲ ရဲတဲ့သူသေခဲ့တယ် ဆုံးရှုံးမှာကို တွေးမကြောက်တဲ့ ကျွန်တော် ဒီနေ့ထိ မရှုံးခဲ့ဖူးဘူး။ ပြောရရင် ကျွန်တော့် ကိုယ်ကျွန်တော်ထက် ဘယသူ့ကိုမှ အားမကိုးဘူး၊ ရွှေပင်ငွေပင်က ရှယ်ယာအားလုံးကို ကျွန်တော် ဝယ်ပြီးပါပြီ"

ထိုစကားအရောက်မှာ နှိုင်းဆီကို မျက်လုံးတစ်ချက်ဝေ့လာသည်။ မျက်ဝန်းချင်းဆုံမိပြီးမှ မျက်နှာလွှဲ၍ စကားဆက်သည်။

"ဆုံးရှုံးမှုမရှိသေးဘူးဆိုပေမယ့် တိုးတက်ဖို့အများကြီးလို နေသေးတဲ့ ရွှေပင်ငွေပင်ကို ကျွန်တော် စိတ်ဝင်စားခဲ့တာ လောလောဆယ် အကျိုးအမြတ်မပါသေးဘူး၊ လေးယောက်ထူထောင်ထားတဲ့ ကုမ္ပဏီကို ကျွန်တော့်လက်ထဲမှာ ဘယ်လိုကြိုးစားမလဲဆိုတဲ့ ကိုယ့်အရည်အချင်းကိုပဲ စိတ်ဝင်စားနေတာ သက်သက်ပဲ ဒီတော့ ကျွန်တော့်အနေနဲ့ ရှယ်ယာလုံးဝမလိုချင်ပါဘူး၊ ကျွန်တော်နဲ့အတူ အလုပ်လုပ်မယ်ဆိုရင်တော့ အဲဒီလူဟာ ကျွန်တော်ရဲ့ ဘဝကြင်ဖော်ဆိုတဲ့အထိ ရင်းနှီးပတ်သက်မှုရှိနေမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းကိုယ်လေး ဆတ်ခနဲခါသွား၏။ မျက်နှာပြင်တစ်ခုလုံး ဖြူဝင်းသောအသားကလေးတွေ ပျောက်ကွယ်ကာ အဝတ်စနီ တစ်စလို ရွှေးရွှေးနီလျက်၊ ရိုင်းက နှင်းကိုမကြည့်ပါ။

"ကျွန်တော် ရိုင်းသွားရင် ခွင့်လွှတ်ပါ၊ အများသိအောင် ပြောပြနိုင်ဖို့က ဒီလိုပြောမှပဲဖြစ်မှာ ကျွန်တော်နဲ့ လုပ်ငန်းတွဲလုပ်ချင်ရင် ကျွန်တော့်အရိပ် ကျွန်တော်နဲ့ နှစ်ကိုယ့်တစ်စိတ်လိုလူ အဲဒီလို ကျွန်တော်ကိုယ်တိုင် သတ်မှတ်တဲ့လူမှ ဖြစ်မယ့်အကြောင်းများကို အခုသိပေးကြေညာပါတယ်"

ပြောရင်း ရိုင်း၏မျက်လုံးတွေ နှင်း၏တလွန့်လွန့် တုန်ယင်နေသော နှုတ်ခမ်းဖူးလေးများဆီ တန်းခနဲ ရောက်လာ၏။

"ရွှေပင်ငွေပင်မှာ နောက်ဆုံးရှယ်ယာကျန်နေတဲ့ ဒါရိုက်တာ ဒေါ်မြတ်ညိုကိုယ်စား ဒေါ်နှင်းမရကို မေးပါမယ်၊ နေမရိုင်းကို လွှဲပြောင်းပြီးတဲ့နောက်မှာ ဆက်လက်ပြီး ရှယ်ယာဝင်ထားဖို့ ဆန္ဒရှိပါသလား"

အစကတည်းက ယဉ်ကျေးမှုအရ မသိသလိုနေပေးခဲ့သူတွေ အားလုံး နှင်းဆီကို ငဲ့စောင်းကြည့်လာကြသည်။

နှင်းတစ်သက်လုံးမှာ တုန်လှုပ်ချောက်ချားရဆုံးနေ့ပါ။ ပြီးတော့ ရှက်သည်။ ဝမ်းနည်းတာလည်း မဟုတ်ပဲ ငိုချင်လာ၏။

ဒီနေရာမှာ ဒီလိုစကားမျိုးနှင့် ချည်တုပ်ပြီး ဤသို့သော မေးခွန်းတွေအမေးခံရနိုင်သည်ဟုလည်း နည်းနည်းမှ မတွေးမိခဲ့ပေ။





ဒါ မြတ်ရတနာကို တမင်နောက်ဆုတ်သွားစေချင်၍ ပြောသောစကားလား။ မြတ်ရတနာဟာ အပျိုကြီးသုံးယောက်ဦး ဆောင်နေတာ မသိတဲ့လူမရှိ။ ဒါပေမဲ့ အားလုံးက သူဒီလိုပြောရဲ လောက်အောင် ရှယ်ယာတစ်ယောက်မှမရှိပါ။

မြတ်ရတနာကိုယ်စားနေရာမှာ နှင်းလက်မှတ်ထိုး၍ ဒီဆွေးနွေးပွဲကို တက်ခဲ့၏။ အလုပ်နှင့် ပတ်သက်၍ နှင်းနဲ့သူဆုံခဲ့တာ ဒါပထမဆုံးပဲဖြစ်သည်။

ဒီနေရာမှာ အစားဝင်လာတာ နှင်းမှန်းသူသိလျှင်တောင် စားပွဲထိပ်ကို မဝင်မီ မိနစ်အနည်းငယ်အတွင်းမှာပဲဖြစ်နိုင်သည်။

သူပြောသွားတဲ့ ဆုံးဖြတ်ချက်တွေ အစီအစဉ်တွေက နှင်းကို မြင်မှ ကမန်းကတန်းကြီး ပြောင်းလဲပြောပစ်လိုက်တာ ဖြစ်နိုင်သလား။ နောက်မဆုတ်နဲ့ သမီးလို့ တတွတ်တွတ်မှာလိုက်သော အန်တီသက်ကို သတိရလိုက်မိသည်။

အန်တီသက် ဒါတွေကိုကြားရင်ကော ဘယ်လိုဆုံးဖြတ်ခိုင်းမှာလဲ၊ နှင်း ဘာပြောမလဲဆိုတာကို အလွန်အမင်းသိချင်နေကြသည့် အားလုံးဟာ အသက်ပင်ပြင်းပြင်းမရှူဘဲ ကြည့်တဲ့သူက ကြည့်...

အကြည့်မရောက်စေဘဲ နားစွင့်နေသူတွေလည်းရှိ၏။ ရိုင်းက နှင်းမျက်ဝန်းလေးတွေကို စူးစိုက်ကြည့်၍...

"ဒေါ်နှင်းမရ ဒါဆုံးဖြတ်မယ့်ပွဲပါ ဆုံးဖြတ်ပြီးမှ လာခဲ့တာလို့ သည်းထင်တယ် အားလုံးက လွှဲပြောင်းအတည်ပြုကြဖို့ စောင့်နေပါတယ်"

နှိုင်း နဖူးဆံစလေးတွေမှာ ချွေးလေးတွေစို့ထွက်ကာ ပြောင်ပြောင်လက်လက်လေးဖြစ်လာ၏။

သို့သော် အဆုံးစွန်ထိ ကျိုးပျက်လုလုဖြစ်သွားခဲ့သော စိတ်ထဲမှာ အလင်းရောင်က တစ်ချက်လက်သွားခဲ့ပြီး....

"ဒေါ်မြတ်ညိုရဲ့ ဆုံးဖြတ်ချက်ကို ကိုယ်စားတင်ပြသူအဖြစ် ဆက်လက်ရှယ်ယာဝင်ဖို့ကိုပဲ ကျွန်မတည်စေပါ့မယ်"

"အဲဒါ မရပါဘူး၊ ကျွန်တော် လက်မခံဘူး၊ ကိုယ်စားတင်ပြကြသူဟာလည်း ဆုံးဖြတ်ခွင့်ရှိသူလို့ ယူဆရမယ်၊ ရွှေပင် ငွေပင်မှာ ရှယ်ယာအစုရှိနေကြကတည်းက ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး အနေနဲ့ အစည်းအဝေးမှန်မှန်မတက်ရင်[illegible]ဒါရိုက်တာများနဲ့ တန်းတူအခွင့်အရေးမရှိစေရလို့ စည်းကမ်းအပိုဒ် (၇) မှာ ထည့် သွင်းထားတာတွေ့ရပါတယ်၊ ဒီစည်းကမ်းအရ ဖြစ်သင့်တာက ရွှေပင်ငွေပင်မှာ ပထမဆုံးဖယ်ရှားပစ်သင့်တဲ့ ရှယ်ယာရှင်ဟာ နံပါတ်နှစ် ဒါရိုက်တာ ဒေါ်မြတ်ညိုလို့ အဖြေရပါတယ်၊ ကုမ္ပဏီရဲ့ အစည်းအဝေးတွေအပြင် ဆွေးနွေးဖို့ဆုံးဖြတ်မှုတွေမှာ မပါဝင်နိုင်ခဲ့တာ ငါးလနဲ့ ရှစ်ရက်ဆိုတာ အတိအကျရှိနေခဲ့တာပါ"

နှိုင်းလက်သီးလေးနှစ်ဖက်ဆုပ်၍ ထရပ်မိတော့မလိုဖြစ်ပြီးမှ အံကြိတ်နေလိုက်၏။

"ဒါက ဘယ်သူမှရှောင်လွှဲလို့မရတဲ့ ကျန်းမာရေးကြောင့်ပါ။ အန်တီမြတ်မဟုတ်ပေမယ့် ကုမ္ပဏီကို အန်တီသက်နဲ့ အန်တီလတ်တို့ အဝင်





အထွက် မပြတ်ခဲ့ကြဘူး"

ရိုင်းက နှိုင်းပြောပြီးတဲ့အထိ စောင့်နေသည်။ ပြီးမှ တစ်လုံးချင်းဆက်ပြော၏။

"အစဉ်အထွက် မလိုပါဘူး၊ လိုအပ်တာလုပ်အား၊ အစည်း အဝေးတိုင်းမှာ ကိုယ်စားလက်မှတ်ထိုးရုံနဲ့ တက်ပေးခဲ့တာကို အသိအမှတ်ပြုဘူးဆိုရင် တရားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အများတင်ပြချက်ကို သူနားထောင်ဝေဖန်ရုံပဲရှိတာ ဆုံးဖြတ်ခွင့်မရှိဘူး၊ ဒါက နံပါတ်တစ်ပယ်လိုက်တဲ့ ကိုယ်စားလှယ်အနေနဲ့ အခွင့်အရေး နံပါတ်နှစ်က ဘယ်လိုလူမှ တရားခံမအားသေးတဲ့ ခဏဆိုပြီး စီရင်ချက်ချတာကို အပျင်းပြေအစားနားထောင် မပေးဘူး၊ ဒီလိုမဖွယ်မရာ မလေးမစားလုပ်ခွင့်ကိုလည်း ဘယ်ရုံးတော်ကမှ ခွင့်မပြုဘူး၊ နံပါတ်သုံး ဒေါ်နှိုင်းမရ ဒီအစည်း အဝေးကို ကိုယ်စားတက်တာ မှန်ပေမယ့် လက်မှတ်ထိုးခဲ့တာကို သေချာပြန်ကြည့်ပါ။ ကိုယ်စားမဟုတ်ဘူး၊ ဒါရိုက်တာ နေရာမှာ"

နှိုင်းအသက်ရှူရပ်မတတ် တစ်ကိုယ်လုံးအေးခဲသွားလေသည်။

သူ့လက်နက်နဲ့သူ့ကို ပြန်ရိုက်သတ်ဖို့ ရည်ရွယ်လိုက်တာ သွားပြီ။ အားလုံး သူမတို့နှစ်ယောက်၏ မျက်နှာများကိုသာ စိတ် ဝင်တစားကြည့်နေကြသည်။ သူက ယောကျ်ားလေး ကိုယ်က မိန်းကလေး....

သူစကားတတ်သလောက် ကိုယ်မတတ်နိုင်ခဲ့သော အဖြစ်ဟာ သူ့ကိုညစ်ချင်မိလို့ ကိုယ့်ကိုပတ်တာမျိုးလား။

ဇနီးလို့သတ်မှတ်ချင်ရင် ဒေါ်မြတ်ညိုကိုသာ သတ်မှတ်ပေးတာ

www.burmeseclassic.com



ဆိုသည့် လှောင်ပြုံးနှင့် ကြည့်ချင်သည့် သူမမှာ...

"ဒီတော့ ဒီအစည်းအဝေးခန်းမထဲကို ရောက်ရှိလာသူ အားလုံးကို ဒီနေ့ဆုံးဖြတ်မယ့်ပွဲမှာ အတည်ပြုပေးနိုင်သူ ဆုံးဖြတ် ခွင့်ရှိကြသူတွေအဖြစ်နဲ့ လွှဲပြောင်းအတည်ပြုဖို့ စခဲ့တာဖြစ်တဲ့ အတွက် နံပါတ်နှစ်ရှယ်ယာရှင် ဒေါ်နှိုင်းမရ ဆုံးဖြတ်လိုက်တာကို ကျွန်တော် အတည်ပြုပါတယ်"

နှိုင်းနေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ အနားမှာ ကပ်လျက်ရှိနေသော ဒါရိုက်တာ ဒေါ်မြမြဝင်းက နှိုင်းလက်ကလေးကို ဆုပ်ကိုင်လိုက်ကာ ခပ်ဖိဖိပြန်ဆွဲချ၏။

နှိုင်းမချိတရိလေး ပြန်ခွေကျသွားမှ အနားနားကပ်ကာ...

"အများတကာ အထင်မြင်သေးတယ် သမီး၊ ဒေါသဆိုတာမျိုး သိပ်နိုင်ရတယ် ဒါမင်္ဂလာဆောင်လိုက်ရတာမှ မဟုတ်ဘဲကွယ် သူက အကိုးအကားနဲ့ ပြောသွားတာကို ကိုယ်ကဒေါသနဲ့ ရန်တွေ့ရင် သမီးဘာဖြစ်သွားမလဲ အချိန်တွေရှိပါသေးတယ်"

နှိုင်းမျက်ရည်တွေ ချက်ချင်းကျပ်ကျပ်သိပ်သိပ်ဖြစ်လာခဲ့၏။ အများရှေ့မှာလည်း ဟန်မဆောင်နိုင်။

ကော့နက်ထူပိတ်သော မျက်တောင်ရှည်တို့နှင့် ဘယ်လိုပဲ ပုတ်ခတ်သိမ်းဆည်းပေမယ့် မရပါ။

နှိုင်း မျက်ရည်ခံထိုးချင်တာမဟုတ်၊ ဘယ်လိုမှ သည်းမခံနိုင်ဘဲ ပေါက်ကွဲခွင့်လည်း မရခဲ့သော မာနတို့ ဖိတ်လျှံပြိုဆင်း လာခဲ့ခြင်းဖြစ်သည်။





အတည်ပြုကြ ထောက်ခံကြနှင့် လက်မှတ်ချင်း ဖလှယ်ကြသည်။ အားလုံးပြီးတော့ အစည်းအဝေးကို ရုပ်သိမ်း၏။

"ရွှေပင်ငွေပင်ရဲ့ ဒါရိုက်တာလေးဦးနဲ့ သီးသန့်ဆွေးနွေးဖို့ ရှိပါတယ်၊ ခဏသည်းခံပြီး နေခဲ့ပေးဖို့ တောင်းဆိုပါတယ်"

နှိုင်းအံကြိတ်လျက်နှင့် မော့ကြည့်မိသည်။ ဒါပေမဲ့ ဝေဝါးနေသော မျက်ရည်များကြောင့် သူ့မျက်နှာ ကိုယ့်ကိုကြည့်နေသည် ဆိုသည့် အဖြစ်မှလွဲ၍ ဘာမှသေချာမမြင်။ အားလုံးပဲ အသီးသီး ထပြန်ကုန်ကြသည့် အသံတွေ ကြားနေရ၏။

နှိုင်းမျက်နှာငုံ့ပစ်လိုက်ကာ မျက်လုံးတွေကို ပိတ်ချပစ်လိုက်သည်။ မျက်ရည်ပူတွေ တလိမ့်လိမ့် ဆင်းကျသွားကြ၏။ သူမ မျက်ရည်သုတ်ပြီး မတ်မတ်ပြန်ကြည့်ချိန်တွင်...

"ဒေါ်နှိုင်းမရအနေနဲ့ စည်းဝေးပွဲမှာ တင်ပြခဲ့တာနဲ့ပတ်သက်ပြီး မကျေလည်ခဲ့တာ ရှိမယ်လို့ ကျွန်တော်ထင်တယ်၊ အဲဒါကို အခုဆွေးနွေးလို့ရပါပြီ ကျန်တဲ့မိတ်ဆွေတွေအားလုံး ပြန်လို့ရပါ ပြီခင်ဗျာ"

"ဟင်"

နှိုင်းမရနားမလည်နိုင်ဖြစ်သွား၏။ သူ့ဘေးက လိုက်ပါခြံရံခဲ့ကြသူတွေပါ အကုန်လုံး တဖြုတ်ဖြုတ် ထွက်ကွယ်သွားကြပြန်သည်။ ဒါဘာလဲ၊ နှိုင်းနေရာမှ ဆတ်ခနဲ ထရပ်တော့ ရိုင်းက သူမအနားမှာ လာရပ်လျက်...

"ကျွန်တော်ယုတ်မာလိုက်တာလို့ မထင်ဘူးလား မ"



www.burmeseclassic.com

www.burmeseclassic.com



စောစောကနှင့် ဘယ်လိုမှ ဆက်စပ်မရနိုင်သော ရိုင်း၏ စကားသံက နူးညံ့ညင်သာနေလျက်...

"မ ကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ဖမ်းထားနိုင်ဖို့ ကျွန်တော်ကြိုးစားခဲ့တာ အခုမှ မဟုတ်ဘူး"

"ရှင်ဘာတွေ လာပြောနေတာလဲ"

ကျယ်ဝန်းရှည်လျားသော ခန်းမကြီးက ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်ကျသွားသဖြင့် နှိုင်း ထိတ်လန့်ကာ ထွက်ပေါက်ရှာ၏။ ရိုင်းက နှိုင်းကိုယ်လုံးလေးကို စားပွဲစွန်းနှင့် ညှပ်ပိတ်၍ ရပ်ပစ်၏။

"မ"

စားပွဲစွန်းနှစ်ဖက်မှာ လက်ထောက်၍ ငုံ့လိုက်တော့ သူ့ရင်ခွင်ထဲမှာ နှိုင်း အဖက်ခံထားရတာလည်း မဟုတ်ဘဲ မျက်နှာဘယ်လိုထားရမှန်းမသိ၊ အသက်မရှူရဲနှင့်...

"ဘာလုပ်တာလဲ ရှင် ဘာလုပ်တာလဲ ဖယ်ပေးနော်"

"ရှင် မဟုတ်ဘူး မ တစ်ချိန်တုန်းက သနားခဲ့ဖူးတဲ့ ရိုင်းဆိုတဲ့ ကလေးကချေကောင်လေးပါ။ မ မ ကျွန်တော့်ကို မသိတာလား မသိချင်ယောင်ဆောင်နေတာလား"

ရိုင်း...

ထင်ပေမယ့် ဖြစ်နိုင်ဖွယ်မရှိတာမို့ ဖယ်ထားခဲ့သည့်အဖြစ်တွေ နှိုင်းငေးခနဲဖြစ်သွားစဉ် ရိုင်းက တစ်ကိုယ်လုံးကို သိမ်းဖက် ပစ်လိုက်၏။



BURMESE CLASSIC .com



"မကို ကျွန်တော်ချစ်တယ်"

နှိုင်းဘယ်လိုမှ တုံ့ပြန်မရနိုင်အောင် ဖွတ်အတင်း ဖြန့်ကျက် လာသော အနမ်းများက မီးကိုမကြောက်သော ပိုးဖလံကောင်လေးတွေလို...

ဒေါသ မာန အမုန်းစသည်နယ်ပယ်မှာ နှိုင်းသည် အိပ်မက်တစ်ခုဟု သတ်မှတ်၍ မရနိုင်သော...

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၆)

"ဘာတဲ့လဲ ဘာတဲ့လဲ"

"နေဦးလေ မမြတ်ကလည်း"

ဖုန်းနားထောင်ရတာတစ်မျိုး ပြန်လှည့်ပြောနေရတာနှင့် ဒေါ်မြတ်သက်မျက်နှာ ရှုံ့မဲ့နေသည်။

"ဟုတ်လား အင်းပါ အေးပါကွယ် ပြီးရောနော်"

ဖုန်းချပြီး ဒီဘက်လှည့်လိုက်တော့ အိပ်ရာထဲမှာ ပျော့ခွေ နေတဲ့ လူမမာက သူမနောက်မှာ မတ်တပ်ကြီး...

"မလာဘူးတဲ့လား"

"သြော် အဲဒါနဲ့မူးလဲဦးမယ် မမြတ်ရယ် ထိုင်နေပါ ပြောပြမှာပေါ့"

"ပြောတာကို မစောင့်နိုင်တော့ဘူး၊ ငါလည်း ဖုန်းထဲကဟာ ကြားမလားလို့ ထလာတာပေါ့ ခင်သဲတို့ ပါတီကိုလည်း မသွားဘူးတဲ့မို့လား"

ဒေါ်မြတ်သက်က ဒေါ်မြတ်ညိုကိုတွဲ၍ ခုတင်ပေါ်မှာ ပြန်ထိုင်





စေပြီး...

"မမြတ်က အတင်းမေးခိုင်းလို့သာ မေးရတာ ပါတီပွဲကို နှိုင်းလေး ဘယ်လိုမှ ဆက်ဝင်မှာမဟုတ်ဘူးဆိုတာ သက်သိသားပဲ အပေါင်းအသင်းတွေဆီသွားလာလည်ပတ်ရအောင်လည်း ဆယ့်ခြောက်နှစ်သမီးလေးမှ မဟုတ်ဘဲ"

"ဒါဆို ကျုပ်တို့ကလေးက ဘယ်ပျောက်သွားတာလဲ နေ့လယ် ကအစည်းအဝေးသွားတာ အခုမိုးချုပ်နေပြီ"

"ခက်တာက သူဖုန်းထည့်မယူသွားဘဲ ထားခဲ့တာပဲ လက် ကိုင်ဖုန်းဆိုတာ ကိုယ်နဲ့မကွာထားရတဲ့ဥစ္စာ ပြီးတော့ ရန်ကုန်မြို့မှာ ဘယ်နေရာမှာဖြစ်ဖြစ် ဖုန်းဆက်လို့ရတာပဲ"

ဒေါ်မြတ်ညိုမျက်နှာကြီး ပြူးပြဲမည်းမှောင်လာကာ...

"အလို မိသက် ညည်းပြောပုံက ဖုန်းကိုပစ်ထားခဲ့ပြီး နှိုင်းလေး ယောကျ်ားနောက်လိုက်ပြေးပြီဆိုတာမျိုးလား"

"လုပ်ပြီ မမြတ်ရယ် ခက်တော့တာပဲ ဘာမှမသိလို့ ဟိုတွေး ဒီတွေးနေကြတဲ့ လူချင်းအတူတူ"

"မဟုတ်ဘူးလား ညည်းပြောတာ ဒီတစ်လမ်းပဲရှိတော့တာ လေ အဲ့မဟုတ်ရင် ကလေး ကားတင်ခံရပြီလား"

"အဲဒါလည်း ဖြစ်နိုင်တာပဲ"

"မြတ်စွာဘုရား"

ဒေါ်မြတ်ညို မျက်လုံးကြီးမြူးကာ ခွေလဲကျသွားလျှင်...

"မမြတ် မမြတ်ရေ လုပ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မရှိဘဲ လုပ်ကြပါဦးအော်ရင်း ဒေါ်မြတ်ညိုကို လှုပ်ခေါ်၍ မျက်ရည်တွေကျလာခဲ့၏။

ဒေါ်မြတ်ညို၏ လက်တစ်ဖက်က ညီမဖြစ်သူ လက်ကောက်ဝတ်ကို အားနည်းစွာ ဆုပ်ကိုင်လာကာ သူမဘာမှမဖြစ်ကြောင်းကို သိစေခဲ့၏။

သို့သော် ခွေဆင်းသွားခဲ့သော ဒေါ်မြတ်ညိုမှာ မျက်လုံးကို ပင် မဖွင့်နိုင်ရှာတော့ပါ။

"ငါ့ကလေးကို ဘယ်ကောင်မှ မယူရဘူး"

ဟု တီးတိုးရွတ်နေရင်း အံကြိတ်ရှာ၏။

ဒေါ်မြတ်သက် ငိုချလိုက်မိလေသည်။ ကံမကောင်းပါဘူးဆိုမှ နယ်က အလုပ်ကိစ္စအတွက် ထွက်သွားရသည့် မလတ်ခမျာလည်း ကိုယ့်ကားပေါ်မှာ ဒရိုင်ဘာမဟုတ်တရုတ်တွေ လုပ်ခဲ့သဖြင့် ရုံး ရောက် အမှုတွေရင်ဆိုင်ရင်း ပြန်မလာနိုင်သေး။

ဒီက သွားကူချင်သော်လည်း လူမမာနှင့် လုပ်ငန်းကို စိတ် မဝင်စားချင်သည့် မကျွမ်းကျင်သော နှိုင်းကိုလွှဲခဲ့လို့ မရသေးတာကြောင့် ဖုန်းနဲ့သာ အကြံပေး ဆက်သွယ်နိုင်သည်။

ခုတော့....

"ဟော ကား...ကားသံ မမြတ်..ဒါ နှိုင်းလေးရဲ့ကား"

"ဟေ"

လူမမာ မျက်လုံးတွေ ဖျတ်ခနဲပွင့်လာသည်။ သူ့ကို ထူပေးဖို့ ဒေါ်မြတ်သက်လက်တွေကို မလွှတ်တမ်း ဆုပ်ကိုင်ထား၏။

ဒေါ်မြတ်သက်မှာ တူမဖြစ်သူ ဟုတ်မဟုတ် ပြေးကြည့်ချင် သော်





လည်း မသွားနိုင်တော့ဘဲ လူမမာကို ဆွဲထူနေရ၏။

ထိုစဉ် နှိုင်း အခန်းဝမှာ ပေါ်လာသည်။

"နှိုင်းလေး သမီးရယ် ဘယ်ကိုလျှောက်သွားနေတာလဲ သွားစရာရှိရင်လည်း ဖုန်းလေးဘာလေးဆက်ပါလားကွယ် လူကြီးတွေ စိတ်ပူတတ်တာ သိသားနဲ့ ဘာတဲ့လဲ အစည်းအဝေးမှာ နေမရိုင်းက ဘယ်လို ဆုံးဖြတ်သွားလဲ ဟွန်း သိပ်မာနကြီးတဲ့ နေမရိုင်း ဖယ်မပေးနိုင်ဘူး ဆိုတော့ ဘာတတ်နိုင်မှာလဲ"

ဒေါ်မြတ်သက်က လူမမာကို ထိန်းနေရင်း မေးလည်းမေးသည်။ စိတ်ထဲရှိတဲ့အတိုင်း ထင်ကြေးတွေပေးကာ သဘောတွေ ကျနေ၏။ နှိုင်း နေရာမှာပဲ တောင့်တောင့်လေးရပ်ကြည့်ရင်း စကားတစ်ခွန်းမှမဆို။

"ညည်းကလည်း ကလေး မနားရသေးဘူး၊ ဖွတ်မေးနေတာပဲ သွားသမီးသွားနား ညစာစားရင်းမှပဲ ကုမ္ပဏီက ကိစ္စပြောကြပေါ့"

ဒေါ်မြတ်ညိုက ခပ်တိုးတိုးဝင်ပြော၍ အိပ်ရာထဲမှာ အသာ ပြန်လှဲ၏။ ခွင့်ပြုချက်ရသည်နှင့် နှိုင်းထိုနေရာမှ ခွာလာခဲ့သည်။

နားထဲမှာ အန်တီသက်၏ စိတ်ကူးထဲက အသံတွေကိုကြားကာ မခို့တရိုလေးမဲ့၏။ ဘာတတ်နိုင်သေးလဲတဲ့။ သူတတ်နိုင်တယ် အန်တီသက်၊ နှိုင်းပဲ ရှုံးခဲ့တာ၊ အခန်းထဲဝင် တံခါးပိတ်၍ ကျောဖြင့်ကပ်လိုက်ချိန်တွင် ပင့်မော့လိုက်သော မေးဖျားလေးမှာ မျက်ရည်စက်တို့ ခိုတွဲလျက်.....

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

နှိုင်း သူ့ကို မုန်းခဲ့သည်။

သူနဲ့ပတ်သက်လာတိုင်း ပဟေဠိတွေနှင့် လုံးထွေးရင်း မရှင်းလင်းခဲ့သမျှမှာလည်း မခံချင်ဒေါသများနဲ့သာဖြစ်၏။

သူ့ကိုယ်သူ ဟိုတုန်းက ရိုင်းဆိုသောကောင်လေးအဖြစ် ဝန်ခံခဲ့သော်လည်း သူသည် ဟိုတုန်းကလို နှိုင်းရှေ့မှာ မတ်မတ်ရပ်ရင်ခေါင်းငုံ့မနေတော့ပါ။

အတင်းအကျပ် ချုပ်နှောင်ဖက်တွယ်၍ နှိုင်းမကြည်ဖြူဘဲ အနမ်းတွေနှင့် နာကျင်စေခဲ့သည်။ ချစ်ဖို့ရာ ချစ်လမ်းမရှိဘဲ ချစ်ပါသည်ဟု တွင်တွင်ပြောကာ...

"လွှတ်..လွှတ်..မင်း..မင်း မယုတ်မာနဲ့နော် ရိုင်း"

ရုန်းနေသည့်ကြားကနေ သူ့လက်နှစ်ဖက်ထဲမှာ နှိုင်းကိုယ်လေး ဖွေ့ခနဲမြောက်ပါသွား၏။ ပြီးတော့ အလွန်ကျယ်ဝန်းသော စည်းဝေးခန်းမကြီး၏ ထိပ်ဆုံးမှ စေ့ပိတ်ထားတဲ့တံခါးတစ်ချပ် ကို ခြေထောက်နှင့် ကန်ဖွင့်လိုက်၏။

အထဲမှာ အပြာရောင်နုနုနှင့် တစ်ယောက်အိပ်မွေ့ရာခင်းနှင့် ခု





တင်တစ်လုံး။ နှိုင်းမျက်လုံးထဲမှာ အိပ်ရာတစ်ခုဆိုတာကို သိလိုက်သည်နှင့် အားလုံးမှောင်အတိကျသွားခဲ့၏။

မွေ့ရာထက်သို့ သူမပစ်ကျကာ နစ်မြုပ်ပျောက်ကွယ်သွားခဲ့သည်။ ထို့နောက် မျက်ဝန်းထောင့်မှာ တဖျတ်ဖျတ် လွင့်ခါနေသော ပြတင်းပေါက်က ခန်းဆီးစလေး လိုလို၊ ဒါမှမဟုတ် သူမ၏ ပျို့မျစ်နယ်ခြင်း အားလုံးကို နောက်ဆုံးလက်ပြသွားခဲ့သော နှုတ်ဆက်ဂုဲခြင်းလား။

မျက်ဝန်းထဲမှာရော စိတ်အာရုံထဲမှာကော မြင်မြင်သမျှမှာ မသဲကွဲခဲ့ဘဲ ငိုရှိုက်ရင်း ငြင်းဆန်ရင်း...

"လွှတ်..လွှတ်..လူယုတ်မာ"

ပွေ့ဖက်စီးမိုးနေခဲ့သည့် ကိုယ်ကြီးကို အားရှိပါးရှိ တွန်းဖယ်ကာ နှိုင်းအတင်းကျုံးထလိုက်မိ၏။

"ဟင်"

နှိုင်း အိပ်မက်မက်နေတာပါလား။ သူမ အိပ်မက်နေခဲ့သည်။

အိပ်ရာထက်မှာ အလန့်တကြား လက်ပိုက်မိလျက် တစ်ခန်းလုံးကို မမြင်ဘူးခဲ့သလို လှည့်ပတ်ကြည့်မိသည်။

စားပွဲတင်နာရီလေးဆီအကြည့်ရောက်တော့ ညဉ့်တစ်နာရီ ကိုတို၊ အခန်းထဲမှာ လေအေးစက်ဖွင့်ထားလျက်နှင့် သူမကိုယ်မှာ ချွေးတွေနှင့်စိုနေ၏။

အိပ်ရာထဲမှာနေပြီး တလှိုက်လှိုက်ထနေဆဲ ရင်အစုံက သူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မောဟိုက်နေဆဲဖြစ်ခဲ့တာလဲ။

အိပ်မက်ထဲမှာ နှင်းသူ့ကို မုန်းတီးခါးသီးစွာ ငြင်းဆန်ခဲ့သည်။ ရုန်းထွက်နိုင်ခဲ့သည်။*တကယ်ကျတော့...

နှင်း နှုတ်ခမ်းနှစ်လွှာကို လက်ဖဝါးနှင့် ဖိပိတ်ပစ်ကာ ဟီးခနဲ ငိုချလိုက်မိသည်။ နှင်းသူ့ကို တကယ်မှ မနိုင်ခဲ့တာ၊ သူ့ကို နှင်း အရှုံးပေးခဲ့ရတာ။

"သမီး နှင်းလေး"

"ဒေါက်...ဒေါက်"

တံခါးခေါက်သံပေါ်လာသည်။

မရှေးမနှောင်းမှဝင်လာတော့မည်မှန်း သိကာ နှင်းမျက်ရည်ကို ကမန်းကတန်းသုတ်ပစ်လိုက်ပေမယ့် နောက်ကျသွားခဲ့၏။

"ဟင် ကလေး ငိုနေတယ်"

ဒေါ်မြတ်သက်...

ညစာစားပါဆိုတာတောင် ထွက်မစားဘဲ ဘာမှလည်း ထွက်ပြော ဆိုဖော်မရဘဲ လာကြည့်တော့ နှင်းအိပ်ပျော်နေတာမြင်လို့ မျက်နှာကို သေချာကပ်ငုံ့ကြည့်ခဲ့သေးသည်။ မျက်တောင်ဖျားမှာ မျက်ရည်ဥတွေ ခိုတွဲနေသလိုလို တလက်လက်တောက် နေတာလေးတွေကို မြင်သည်။

တို့ထိကြည့်လိုသော်လည်း နိုးသွားမှာလည်းစိုး၍ စောင်ပါး ကလေး ခါးပေါ်ဆွဲတင်ပေးကာ လေးအေးစက်တောင် ဖွင့်ပေးခဲ့ သေးသည်။ ပြန်ထွက်လာခဲ့တဲ့အထိ နှင်းလေး တစ်ခုခုဖြစ်လာပြီ





စိတ်ထဲမှာ တထင့်ထင့်တွေးနေမိခဲ့သည်။

"သမီးလေး"

အခန်းဝမှာပဲ အံ့အားတသင့်ကြီးရပ်၍ တစ်ဘက်ထောင့်မှာ လွင့်ကျနေပုံရသော ဖက်လုံးကြီးနှင့် ငုတ်တုတ်လေးထိုင်နေသည့် နှင်းမျက်နှာပေါ်က မစင်တစ်ဝက် စင်တစ်ဝက် မျက်ရည်တွေကိုရော ငေးကြည့်နေသည်။

"ကလေး ဘာဖြစ်လို့လဲ အန်တီသက် ကလေးအော်လိုက်သံကြားလို့ဝင်လာတာ ဘာတွေ ဖြစ်ကုန်တာလဲကွယ်"

မေးနေရင်း အသံတွေတုန်လာကာ နှင်းဘာမှမပြောသေးဘဲ ဒေါ်မြတ်သက် မျက်ရည်ကျ၏။ ပြီးတော့ နှင်းဘေးမှာဝင်ထိုင်ကာ

"ပြောစမ်း အန်တီသက်ကိုပြောစမ်း နေမရိုင်း သူ့ခွေးက တို့မြတ်ရတနာရှယ်ယာနှုတ်မပေးနိုင်တဲ့ကိစ္စကို ဘာတွေ ငဲဆေ ပြောလိုက်သလဲ၊ ဒီလိုပဲ စီးပွားရေးသမားချင်း ခြေလှမ်းအမှားကို စောင့်ပြီး ပုတ်ခတ်ချင်ကြတာ"

ဒေါ်မြတ်သက်က နှင်းပခုံးလေးကိုပွေ့ဖက်၍ ထင်ရာတွေ ပြောနေသည်။ နှင်းမျက်ရည်သုတ်ကာ မပြောမဖြစ်တော့သည့် နောက်မှာ အဆင်ပြေဆုံး တစ်ခုခုကိုပြောဖို့ စဉ်းစားသည်။

"နေမရိုင်းသူ့ခွေးက လူတွေပြောနေကြသလိုပဲမို့လား သိပ်တော်ပြီး သူ့ဘက်ကပဲကြည့်တတ်တဲ့ စီးပွားရေးသမားသက်သက်တဲ့ အခုကိစ္စကိုသူဘာပြောသလဲ လူပုံအလယ်မှာ သမီးကို ဘယ်လို စကားတွေနဲ့ ချိုးနှိမ်လိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြတ်သက်သည် မေးခွန်းတွေသာမေးနေပြီး ပြန်ဖြေတာကိုလည်း မစောင့်၊ နှင်းဘာမှမပြောသေးဘဲ နေသည်ကို သတိထားမိတော့မှ...

"ပြောပါဦး သမီးရယ် သမီးဘာဖြစ်လို့ မျက်ရည်ကျနေရတာလဲ"

ဟု သေချာမေးဖို့ သတိရသွား၏။

"အန်တီသက်"

"ဟင်...ပြောလေသမီး"

"အန်တီသက်တို့ ဘာဖြစ်လို့ နေမရှိင်းနဲ့မှ လက်တွဲလုပ်ချင် နေရတာလဲဟင် အဲဒီက လူဟာ သိပ်ကို ရိုင်းစိုင်းလွန်းတဲ့လူ"

နှင်း ခံစားချက်အပြည့်နှင့် အံကြိတ်ပြောလိုက်မိပေမယ့် ဒေါ်မြတ်သက်က သတိမထားမိရှာ။

"သမီးရယ် နေမရှိင်းဆိုရင်ပဲ စီးပွားရေးလောကမှာ သူ့အလိုလိုနေရာရပြီးသားဖြစ်နေခဲ့တာ သမီးသိမှာပါ၊ ပြီးတော့ အဲဒီသူ့ဌေးကလူငယ် ထက်မြက်တယ် သတ္တိရှိတယ် နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှာ ကျွမ်းကျင်တဲ့သူပြီးတော့ အရမ်းချမ်းသာတယ်၊သူ ဘာဖြစ်လို့ ဒီလိုတော်နေသလဲ ချမ်းသာသလဲဆိုတာ လူတိုင်းက စိတ်ဝင်စားကြတာပဲ သူနဲ့လက်တွဲဖို့ အားလုံးအလို ရှိနေကြတဲ့အထဲမှာ..."

"သူက ဘယ်သူနဲ့ကော လက်တွဲခဲ့လို့လဲ အန်တီသက် စီးပွားရေးလောကထဲကို ဝင်လာတာကိုက ကိုလိုနီဆန်ဆန်လာတဲ့သူ သူ့အရည်အချင်းကို သဘောကျပေမယ့် သူ့ရဲ့သရုပ်က ပေါင်းဖက်ချင်စရာ





ဘာမှမရှိဘူး၊ အခုလည်းသူနိုင်တဲ့ ဘက်ကနေ ကျွမ်းကျင်သလို လုပ်ယူသွားလို့ ရွှေပင်ငွေပင် သူ့လက်ထဲကို ရောက်သွားတာ ရောက်ပါစေတော့ ရှယ်ယာသုံးပုံလုံး သူရနေက မှ ခြေကစ်ဖဝါးစာကို သတိတရကုတ်တွယ်ပြီး သူ့ကို အားကိုးဖို့ ကြိုးစားနေတာ နှင်းရှက်တယ်၊ အဲဒါအရမ်းကို သိသာမနေဘူးလားဟင် ပြီးတော့ နှင်းတို့က မိန်းမသားတွေ"

"အို မိန်းမသား ဘာဖြစ်လဲ အဲဒီစကားမျိုး ညည်းအန်တီမြတ်ရှေ့မှာများ သွားမပြောလိုက်ပါနဲ့ နှင်းလေးရယ် သူ့ခမျာ ဒီမာနလေးနဲ့အသက်ဆက်နေရှာတာတို့တွေ တစ်သက်လုံး အများနဲ့ တန်းတူရပ်တည်နိုင်ခဲ့တာ ဘာဖြစ်လို့လဲ မိန်းမသားပေမယ့် အားမသေးဘူးဆိုတဲ့မာနကြောင့်ပဲ"

"ဟုတ်ပါတယ် လုပ်သမျှ ကိုင်သမျှ အဆင်ပြေနေတဲ့ အချိန်မှာအားလုံး ဘာလုပ်လုပ်ဟုတ်နေမှာပါ ဆီနဲ့ရေ ရောသမမွှေပြီး ဘယ်လိုပဲချာလပတ်ရမ်းနေနေ ငြိမ်သက်သွားရင် ဆီကဆီ ရေကရေတစ်လွှာစီပဲ"

"အိုကွယ် ယောကျ်ားနဲ့ မိန်းမက ဆီနဲ့ရေမှ မဟုတ်ဘဲ ယောကျ်ားမိန်းမဆိုတဲ့ သတ်မှတ်ချက်က ဘာလဲ အလုပ်လုပ်တာ ကြံစည်ကြိုးစားတာမှာ ဒီကွာဟမှုကို ရွေးချယ်ပိုင်ခြားခဲ့တာရှိလား"

"မရှိခဲ့ပေမယ့် မတူညီတာတွေရှိတယ် ဟိုတစ်ချိန်က ဘိုးဘိုး ပြောခဲ့ဖူးတာတွေ မှန်ပါတယ်၊ နည်းနည်းပြန်စဉ်းစားကြည့်ပါ အန် တီသက်ရယ် ဘဝကို ရုန်းကန်ကြတဲ့နည်းတွေအများကြီးရှိတာပဲ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ တန်းတူကြိုးစားခွင့် ရှိနေတယ်ဆိုတာလည်း မှန်တယ်၊ ဒါပေမဲ့ လျော့သင့်တဲ့နေရာမှာလျော့ ပြန်လိုက်နိုင်မယ့် နေရာမှာလိုက် အခု အန်တီသက်တို့ တစ်လျှောက်လုံး ကြိုးစားခဲ့ပြီးပြီပဲ...”

ဒေါ်မြတ်သက်သည် စောစောကနှင့် လုံးဝမတူသော မျက်ဝန်းများနှင့် မျက်ရည်မခြောက်ဘဲ ဆတ်ခနဲ ထရပ်လိုက်သည်။

“ဘယ်လိုပြောလိုက်တာလဲ သမီး တစ်သက်လုံး လက်မ ထောင်လာခဲ့ကြတဲ့ မြတ်ရတနာရဲ့ လုံ့လဝီရိယတွေက အခု လူတွေ ဗုန်းဗုန်းလဲတာနဲ့ အားလုံးမြောင်းထဲရောက်ကုန်ပြီလား အဲဒီလို သဘောထားလိုက်တာလား တကယ်ဆို ညည်းလေးက ကျုပ်တို့တွေရဲ့ ခွန်အား ကျုပ်တို့အားလုံးရဲ့ မျိုးဆက်၊ ဒီလို စကားမျိုး ထွက်လာတာ ကျုပ်အံ့ဩလို့ မဆုံးဘူး”

နှင်းကလည်းရင်နင့်အောင် ကြေကွဲနေတဲ့သူ၊ ဒေါ်မြတ်သက် ပေါက်ကွဲသမျှကို နားလည်မပေးနိုင်ပါ။ မတူညီတဲ့ ကွာခြားချက်တွေ နှင်းယှဉ်လိုက်ကြတဲ့အထဲမှာ သူမဘဝက မြေဇာပင်လား၊ ဒါမှမဟုတ် ပြင်းထန်တဲ့ စစ်တလင်းအလယ်က သစ်ငုတ်တိုလား။

တပေါက်ပေါက် စိမ့်ကျလာသည့် မျက်ရည်တို့ကိုတောင် သုတ်မယူမိဘဲ ဒေါ်မြတ်သက်ကို မော့ကြည့်သည်။

“နှင်းက ပိုပြီးအံ့ဩတာ ယော်တုန်းက ယော်တဲ့မာနနဲ့ ထားလိုက်ပါ ကိုယ်လုပ်ခဲ့သမျှလည်း အဆင်ပြေနေခဲ့တယ် အခု ကိုယ်က လူကြီး ဟိုကလူငယ် မိန်းမနဲ့ယောကျ်ား မယှဉ်နဲ့လို့ ပြောတာမဟုတ်ဘူး၊ ဆင်





ခြင်ကြည့်ဖို့ပဲ အခြေအနေနဲ့ အချိန်အခါကို နည်းနည်းဖြစ်ဖြစ် လက်ခံဖို့ ကြိုးစားကြည့်ပါ အန်တီသက်ရယ် အခု နှင်းတို့တစ်ဦးပဲ ပေကပ်ကျန်ခဲ့ရတာ ဘယ်လောက်အဆင်ဆိုးသလဲ၊ ဒါ ကိုယ့်အခွင့်အရေးနဲ့ကိုယ် သူဆွဲထုတ်ပစ်လို့မရဘူးဆိုတဲ့ အားကိုးတစ်ခုနဲ့ ကျန်ခဲ့တာ နှင်းရှက်တယ်သိလား၊ နေမရိုင်းနဲ့ မြတ်ရတနာက အခု အခြေအနေမှာ အများကြီး ကွာခြားနေပြီ သူ့ကို မတုချင်ပါနဲ့တော့ မာနနဲ့ လက်မထောင်နေပေမယ့် တစ်ဖက်သားကို အားကိုးနေတာ အရမ်းသိသာတယ်”

“မှန်တယ် ဒါပေမဲ့ အားနွဲ့လို့ အားကိုးတာမှ မဟုတ်ဘဲ ညရောက်လို့ မီးထွန်းကြတာနဲ့ တစ်လောကလုံး ကန်းနေပြီလို့ ပြောနိုင်သလား နေ့နဲ့ညဆိုတဲ့ကွာခြားချက်အတိုင်း အဆင်ပြေသလို နေထိုင်ကြရတာ ကျုပ်တို့ရည်ရွယ်ချက်က အဲဒါပဲ နှင်းလေး ကိုယ့်မိသားစု ကိုယ့်သွေးသားကိုကိုယ်တိုင် ဒီလိုဝေဖန်ပြစ်တင် လိုက်တာတော့ အံ့လည်းအံ့ဩတယ် ရင်လည်းနာတယ် ညည်းဘယ်လို စိတ်ကူးတွေနဲ့ ဆန့်ကျင်ဖို့ဖြစ်လာတာလဲ ပြောစမ်းပါ”

“စိတ်ကူးမဟုတ်ဘူး နှင်းခံစားခဲ့ရတာ အားလုံးပဲ ဆုံးဖြတ်ချက်တွေ ကိုယ်စီနဲ့ ဆုတ်သွားကြတဲ့အထဲမှာ နှင်းကျန်ရစ်ခဲ့တော့ ဘာကြောင့်လဲဆိုတာတွေ ရောက်လာတယ်၊ နှင်းမှာ အဖြေမှ မနိကာ စည်းဝေးပွဲမှာ သူအားလုံးပြောသွားတယ် ရွှေပင်ငွေပင်ကို လွှဲယူလိုက်သလို လုပ်ငန်းအားလုံးကိုလည်း ဒီတိုင်းထားမှာမဟုတ်ဘူး အိပ်စ်ပို့ အင်ပို့လို သပ်သပ်ခွဲမယ် construction နဲ့တွဲမယ်၊ သူပိုင်ထားသမျှ နေမရိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဘယ်လုပ်ငန်းမဆို အဆင်ပြေသလို တွဲစပ်သွားဖို့လည်းပါတယ်၊ ဒါကြောင့် သူစိတ်သူ့သဘောလုပ်မယ် ဘယ်ရှယ်ယာမှမပါစေချင်ဘူးလို့ အတိအလင်းပြောသွားတာ နှိုင်းတို့က သူထင်သလို ရောသမမွှေမယ့် လုပ်ငန်းတွေထဲမှာ ကိုယ်မကျွမ်းကျင်တဲ့ အပိုင်းမရှိခဲ့ရင် ဘာလုပ်ကြမှာလဲ”

ဒေါ်မြတ်သက် စူးစိုက်ကြည့်နေသော်လည်း ဘာမှမပြောတော့ပါ။

“ကုမ္ပဏီလုပ်ငန်းဆိုတာ ရှယ်ယာဝင်တွေနဲ့မှ တိုးတက်တဲ့ ပူးပေါင်းလုပ်ငန်းတစ်မျိုးပါ၊ ကြီးကျယ်တဲ့ ကုမ္ပဏီလုပ်ငန်းကြီးတွေမှာ တစ်ဦးတည်းပိုင်ဖြစ်ဖို့ သိပ်ကိုခဲယဉ်းတယ်။ ဒါပေမဲ့ သူက ဖြစ်အောင်လုပ်ခဲ့တာ တစ်ခုမကတော့ဘူး၊ ဒါအထင်ကြီးစရာ ဖြစ်နိုင်ပေမယ့် တကယ်တမ်းကျတော့ စီးပွားရေးလောကမှာ မာန်တက်ပြီး လက်မထောင်ချင်တဲ့ သူလို့ သတ်မှတ်နိုင်တယ်၊ အထင်သေးလို့ မရတဲ့သူပါပဲ၊ ဒါပေမဲ့ အထင်တကြီး ပူးပေါင်းဖို့သင့်တဲ့ လူမဟုတ်ပါဘူး”

နှိုင်းလေသံပျော့သွားသည်။

ဒေါ်မြတ်သက်၏ လက်ဖဝါးနှစ်ဖက်ကို တွဲယှက်ဆုပ်ကိုင်လိုက်ကာ...

“အန်တီသက်ရယ် နှိုင်းတို့ ရုပ်ပျက်ဆင်းပျက် ယိုင်နဲ့သွားခဲ့တဲ့ အခြေအနေကို အဖတ်ဆယ်ဖို့ ကြံမိကြံရာဆိုတာ နှိုင်းသိပါတယ်၊ ဘယ်လိုလူမျိုးရဲ့ သေးသေးတင်ကိုမှ မခံခဲ့ဘဲ ခုချိန်မှာ ဘာဖြစ်ဖြစ် မျက်လုံးစုံမှိတ် စွန့်စားလိုက်တာကိုလည်း နှိုင်းနားလည်တယ် ဒါပေမဲ့ ကံဇာတာ





နိမ့်ပါးတဲ့အခါ ဘူးသီးလည်လှီးတာတောင် ဆိတ်လည်လှီးပါတယ်လို့ စွပ်စွဲခံရတာ အန်တီသက်သိပါတယ် ဒီကိစ္စကို ထားလိုက်ပါ နှိုင်း အဲဒီကုမ္ပဏီမှာ ရှယ်ယာဝင်အဖြစ် မနေနိုင်ဘူး”

ဒေါ်မြတ်သက် ခေါင်းငုံ့သွားကာ အတန်ကြာ ငြိမ်သက်နေ ပြီးမှ...

“မဖြစ်နိုင်ဘူး မမြတ်ကလည်း လက်ခံမှာမဟုတ်ဘူး တို့မှာ နေမရှိုင်းအင်အားကိုမှီမှ ထွက်ပေါက်ရှိတော့မှာ ဒါအမိကပဲ သူ့ကြောင့်ပဲ တို့ရဲ့ စီးပွားတွေပြုတ်ခဲ့ဖူးတာ ရှိပေမယ့် နေမရှိုင်းက မြတ်ရတနာကို ရည်ရွယ်ခဲ့တာမှ မဟုတ်ဘဲ ဒါကိုဖယ်ပြီး သူ့ကို...”

“ဟင့်အင်း နှိုင်းသဘောမတူဘူး နေမရှိုင်းကို နှိုင်းမုန်းတယ် အဲဒီလူကြောင့် နှိုင်းဘဝပျက်တယ် နှိုင်းသေရမယ်ဆိုရင်တောင် အန်တီသက်တို့က လက်တွဲမှာပဲလား”

“ဘာ..ဘယ်လို”

နှိုင်း ဟီးခနဲ ငိုချကာ အိပ်ရာထဲ ပစ်လှဲချလိုက်စဉ် ဒေါ်မြတ်သက်မျက်လုံးတွေ ချောက်ချောက်ချားချား လှုပ်ရှားနေကြ၏။ နှိုင်းတော့ မကြည့်တော့ပါ။ ရှိုင်းဆိုတဲ့ ကောင်လေးတစ်ယောက် အကြောင်း....

နေမရှိုင်းဆိုတဲ့ သူဌေးတစ်ယောက်အကြောင်း မပြောချင် ကြားလည်းမကြားချင်တော့၊ ဒါကို မပြောချင်လို့ အလုပ်အကိုင်နဲ့ ပတ်သက်သမျှ ဘယ်လိုခြွင်းချက်နဲ့ပဲ ထောက်ပြပြ ဘာနဲ့မှ အန်တီသက်တို့ လက်ခံတော့မှာမဟုတ်၊ ဒီ့ထက် ဘာပိုပြောမလဲ။



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းခံစားခဲ့ရတယ်၊ ပြီးတော့ နှိုင်းဘာဖြစ်ခဲ့တာ...ဟင့်အင်း၊

"သမီးရယ် ညည်းခါးခါးသီးသီး ငြင်းနေတာ အလုပ်အဆင် မပြေနိုင်တာ တစ်ခုတည်းကြောင့် မဟုတ်ဘူးမို့လား"

ဒေါ်မြတ်သက်လေသံက သနားစဖွယ် တုန်ယင်နေပြန်၏။

"အန်တီသက်မမေးတော့ပါဘူး တို့ကိုယ်တို့တောင် သမီးလေးလောက် အရေးမထားကြတဲ့သူတွေပါ အဲဒီလောက်တောင် ဖြစ်နေရင် မလုပ်ပါနဲ့ ကလေးစိတ်ချမ်းချမ်းသာသာနေ အခက်အခဲဆိုတာ ခဏပါကွယ်"

နှိုင်း မော့ကြည့်လိုက်တော့ ဒေါ်မြတ်သက်ကျောခိုင်းသွားပါပြီ။ ဒီလိုဖြစ်လာတော့လည်း နှိုင်းရင်ထဲမှာမချိ၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည်။ ဟိုးအရင်ကတည်းက မျိုးရိုးစဉ်ဆက် ချမ်းသာလာခဲ့ကြတာ မဟုတ်သော မြတ်ရတနာ မိသားစုဟာ ပူလောင်သော အိမ်တွင်းရေးသောကတို့ ငြိမ်းစေသည်မရှိခဲ့ဘဲ တလှိုက်လှိုက် နွေးလျက်နဲ့ပဲ ဘဝအတွက် အဆင့်အတန်းတစ်ခုမှာ ရပ်တည်နိုင်ဖို့ သောကမာနတွေနှင့် ရစ်ပတ်ကြိုးစားခဲ့ရသည်။

ယိုင်နဲ့လာပြီဆိုတော့လည်း အခြေမခိုင်သော တည်ဆောက်မှုက ဝုန်းခနဲပြုတ်ကျဖို့အတွက် လှုပ်လှုပ်ကလေးသာ...

နှိုင်းစိတ်မကောင်းပါ၊ အုပ်ထိန်းသူတွေ၏ အခက်အခဲကို သိနေပေမယ့် သူမရင်ထဲမှာ...

☆☆☆





အခန်း (၁၈)

"ဘယ်က ပြန်လာတာလဲ သမီး"

နှိုင်းခြေလှမ်းတုံ့သွားကာ မျက်နှာကို ပုံမှန်အတိုင်း အပြုံး လှလှလေးတစ်ပွင့် ဖန်ဆင်းပြီးမှ ဒေါ်မြတ်ညိုတို့ရှိနေသည့် အခန်းထဲကို လှမ်းဝင်ခဲ့၏။

"ဟိုလေ ဒေါက်တာဒေါ်ဖြူဖြူကို ပို့ရင်းနဲ့ လေးနဲ့တွေ့လို့ အလုပ်ကိစ္စပြောနေကြတာ"

စကားပြောရင်း ထိုင်ချလိုက်ရင်း နှိုင်းမျက်လုံးတွေက စားပွဲပေါ်က စာချုပ်တစ်စောင်နှင့် စာရွက်စာတမ်းတွေကို မြင်သွား၏။ နှိုင်းမျက်မှောင်လေး ကုတ်သွားစဉ်...

"လေးဆိုတာ ခင်မေလေးကိုပြောတာမို့လား တစ်မျိုးလုံးတစ်ဆွေလုံး နိုင်ငံခြားမှာ ခေါင်းချမယ်ဆိုတဲ့ ဟာတွေ"



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းခေါင်းညိတ်လိုက်တော့ ဆေးလုံးပါးစပ်ထဲသွင်း၍ ရေသောက်လိုက်သည့် ဒေါ်မြတ်ညို၊ မျက်နှာကြီးက ဆေးကြောင့် မဟုတ်ဘဲ ရှုံ့ရှုံ့မဲ့မဲ့ကြီးဖြစ်သွား၏။

"ဘာလဲ စက်ဘုကို သွားအလုပ်လုပ်မလို့လား သူများနိုင်ငံသွားပြီး"

"ရရာအလုပ်လုပ်ဖို့ အိုးသွန်ခွက်သွန်သွားမှာမှ မဟုတ်ဘဲ အန်တီမြတ်ရယ် ဟိုမှာရှယ်ယာဝင်ဖို့ ခံ့ခံ့ညားညားသွားမှာပဲ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့ နှိုင်းကိုလူငယ်မို့ စွန့်စားကြည့်တော့ဆိုတဲ့ ခွင့်ပြုချက်ပေးပြီးမှတော့ စွန့်စားခွင့်ပြုပါ"

"မပြုနိုင်ပါဘူး နိုင်ငံခြားမပြောနဲ့ မျက်စိအောက်က တစ်ညက လေးပျောက်တာတောင် မခံနိုင်ဘူး ကျုပ်တို့မှာ လုပ်ငန်းတွေ မရှိတော့ပေမယ့် အိုးအိမ်တိုက်တာရှိသေးတယ် ညည်းလေး ဒီလောက်ထိ စွန့်စားဖို့မလိုဘူး"

"အန်တီမြတ်ရယ် ဟိုတုန်းကတော့ မိန်းမနဲ့ယောကျ်ား..."

"အို ရင်ဘောင်တန်းပြီး ကြိုးစားခဲ့ကြတာ ဘာဖြစ်လဲ ဒါက ကိုယ့်နိုင်ငံ ကိုယ့်မြေပေါ်မှာ တခြားနိုင်ငံမှာ ဘယ်လိုမှမဖြစ်ဘူး ကျုပ်တို့ ဟောဒီခြံတစ်ဝက်ကိုရောင်းဖို့ စရံတောင်ယူထားပြီးပြီ"

"ဟင်"

နှိုင်းမျက်လုံးတွေ စာချုပ်ဆီ ရောက်သွား၏။

"ဘယ်လို ဘယ်လိုပြောတယ် အန်တီမြတ်"

နှိုင်း ဖျတ်ခနဲ ပြန်ထကာ စားပွဲနားရောက်သွား၏။ ပြီးတော့ စာ





ချုပ်နဲ့ စာရွက်စာတမ်းတွေကို ကောက်ကြည့်ကာ အံ့သြငေးငိုင်နေဆဲ။

ဒေါ်မြတ်သက်က အပြင်ထွက်ခါနီး အဝတ်အစားပြင်ဆင်ထားပုံနှင့် ဘာမှလည်းဝင်မပြောတော့ဘဲ နေရာမှထလိုက်သည်။

အပြင်ထွက်ကာနီးတိုင်း မျက်မှန်တပ်ကြတာ ညီအစ်မသုံးယောက်အကျင့် နှိုင်းလှည့်ကြည့်တော့ လက်ပွေ့အိတ်ထဲက မျက်မှန်ကိုသေချာထုတ်တပ်ရင်း တံခါးဆီလျှောက်သွားပြီဖြစ်၏။

နှိုင်းမေးမှာတွေကို မဖြေချင်သည့်သဘော..

အားရပါးရပြောချလိုက်ပြီးမှ နှိုင်းမျက်နှာလေးကိုမြင်တော့ ဒေါ်မြတ်ညိုလည်း မျက်နှာမှာ ညှိုးရော်သွားခဲ့လျက်....

"စိတ်မကောင်းမဖြစ်ပါနဲ့အေ ဝက်ဖြစ်မှတော့ မစင်ကြောက်လို့မှ မဖြစ်တော့ဘဲ မနေ့တစ်နေ့က အန်တီမြတ်တို့ လှုပ်လှုပ်ရှား ရှားဖြစ်ခဲ့ရတာ ညည်းလေးရဲ့ ရှေ့ရေးအတွက် ခြေမကိုင်မိလက် မကိုင်မိဖြစ်ကုန်လို့ပါ ဒါကိုမှ ညည်းမကြိုက်ဘဲ ရှိပါစေတော့လေ တို့အတွက် ဘာမှမလိုဘူး ကလောကခြံတွေဆက်လုပ်ဖြစ်ကြမလား ဖြုတ်ကြမလား မိလတ်အကြောင်းကြားလာရင် ဘာဖြစ်ဖြစ် အမြတ်နဲ့အရင်း ဒါပဲလေ အဲဒီလုပ်ငန်းက အရင်းအနှီးရယ် ဒီခြံတစ်ဝက်ရောင်းလို့ရတဲ့ငွေရယ်..."

"အန်တီမြတ်ရယ် အန်တီမြတ်တကယ်လုပ်ပစ်တယ် နှိုင်း မထင်ခဲ့ဘူး သိလား ကိုယ့်ခြံဝင်းကိုဖဲ့ခြမ်းရောင်းရလောက်အောင် နှိုင်းတို့မှာ အဖြစ်ဆိုးနေပြီလား"

ဒေါ်မြတ်ညိုက မသိတတ်ရနိုးကော ကလေးရယ်ဆိုသည့် မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းများနှင့် ငေးကြည့်သည်။

"ဟုတ်တယ် အရမ်းဆိုးနေလို့ပေါ့ ကလေးရယ် ကျုပ်တို့တွေ ညည်းလေးကို ဖုန့်ဖက်ထုပ်လေးလိုထုပ်ပြီး ဘယ်အချိန်ဖြစ်ဖြစ် လူမမယ်လေးလိုပဲ တယုတယ ဘေးဖယ်ထားခဲ့တာ ဘာမှမခိုင်းရက် မတိုင်ပင်ရက်လို့ အိမ်မှာဘယ်အခြေအနေထိ ဖြစ်နေပါတယ် ဆိုတဲ့စကားလုံးဝ မပြောခဲ့တာပေါ့။ ဒီလောက်သာ မဆိုးခဲ့ဘူးဆိုရင် ကျုပ်တို့ဘယ်လိုမှ ကြည့်မရခဲ့တဲ့ နေမရိုင်းနဲ့ လက်တွဲဖို့များ မိုက်မိုက်မဲမဲ စဉ်းစားခဲ့ပါ့မလား သူဘယ်လောက်တော်တော် ကိုယ့်မှာလည်း မာနနဲ့ပဲ"

နှိုင်း နှုတ်ခမ်းလေးကိုက်ရင်း နားထောင်နေမိ၏။

"တို့တွေ ခုလိုဖြစ်ရတာ နေမရိုင်းပေါ်လာမှဖြစ်တာ ပြောရရင် သူ့ကြောင့်ပဲ သူကိုယ့်ကိုရည်ရွယ်တာမသိဘူး၊ ပျက်ခဲ့ရတာတွေ ကတော့ သူ့ကြောင့်...."

☆☆☆





အခန်း (၁၉)

"ဟုတ်တော့ ဘာဖြစ်လဲ နှလုံးသားစစ်ဆင်ရေးတစ်ခုမှာလို အပ်တဲ့လက်နက်သုံးခွင့်ရှိတယ် မကို သိမ်းပိုက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုအတွက် ရှင်းရမှာအားလုံးကို မီးပဲရှို့ရရှို့ရ တစ်ယောက်တစ်ချက်ခားနဲ့လိုက်ခုတ်ဖို့လိုရင် ခုတ်တယ်မကို ကျွန်တော် လိုချင်တယ်ဒါပဲ"

"တောက်"

နှိုင်း မုန်းတီးစွာကြည့်၍ တောက်ခေါက်၏။ လမ်းက ကျဉ်းနေသည်။

ရှေ့မှာ ကန့်လန့်ဖြတ်ပိတ်ရပ်ထားသည့် သူ့ကားကို ရုတ်တရက်ကွေ့ပတ်ထွက်ဖို့ကမလွယ်။ စကားပြောရအောင် ဆင်းပါ ဟုပြောပြီး သုပဲမရမက ဆွဲချသည်။ ပြောသမျှလည်း တစ်ခွန်းမှ အဆင်ချောတာ မရှိပေ။

နှိုင်းဒေါသတွေထွက်နေသမျှလောက် ရိုင်းကလည်းမာသည်။ ကိုယ်ကအော်လိုက်လို့ သူကချော့တာလည်းမရှိခဲ့။ ဒါကိုပြော လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူပဲချစ်တတ်သည်၊ သူပိုင်ဆိုင်ဖို့ ကြိုးစားသည်တဲ့။

"မင်း... မင်းလိုချင်တာရပြီးပြီမို့လား"

"ဘာ"

"ငါ့ကိုချမ်းသာပေးပါ မင်းကိုငါ ငါ့ဘဝကိုကော ငါ့မာန ငါ့အနာဂတ်အားလုံး ပုံချပေးပြီးပါပြီ နောက်ထပ်..."

"မ"

"အို... မကိုင်နဲ့"

လက်မောင်းလေး နှစ်ဖက်ကို ရိုင်းက ခပ်ကြမ်းကြမ်း ဆွဲယူ၏။

နှိုင်း ရုန်းပေမယ့် မရပေ။ လမ်းသွယ်ကလေးပေမယ့် လမ်း ဆုံမိန်းလမ်းကြီးထိပ်ကနေ တကူးတက လှည့်ကြည့်လျှင် မြင်ကြသည်။

ရိုင်းက နှိုင်းတစ်ကိုယ်လုံးကို အရိုင်းဆန်စွာ စီးမိုးငုံ့ကြည့်ကာ...

"ဘာကိုရပြီးတာလဲ တစ်ယောက်ကိုတစ်ယောက်ချစ်လို့ လက်ထပ်ဖို့ ကြိုးစားကြတဲ့လူတွေမှာ ခဏပေါင်းဖို့ စိတ်ကူးတွေ ပဲရှိကြသလား ဦးဆွေးဆံမြွေ ရိုးမြေကျဆိုတဲ့ စကားတွေက ဘယ်ကဖြစ်လာတာတွေလဲ"

နှိုင်းက နှုတ်ခမ်းမဲ့၍ စိမ်းစိမ်းကားကား ကြည့်ပစ်လိုက်၏။

"အဲဒီစကားတွေမပြောစမ်းပါနဲ့ မင်းနဲ့မတန်ဘူး၊ မင်းဟာ သိပ်ကြမ်းကားတဲ့လူရိုင်း"

ရိုင်းက နဖူးပေါ်အုပ်ကျလာသည့် ဆံပင်တွေကို မျက်နှာမော့၍ ဆတ်ခနဲခါထုတ်ပစ်ကာ အေးစက်စက်မဲ့သည်။





"ဒါ မဟုတ်သေးဘူး မ ဒီထက်အများကြီးကို ရိုင်းခဲ့တာ နေမရိုင်းဆိုတဲ့ နာမည်ကို အလုပ်နာမည်ပဲထားပြီး ကိုယ့်ကိုယ်ကို ရိုင်းလို့ပဲ သတ်မှတ်ခဲ့တာ ရိုင်းကို ရိုင်းချင်လို့ပဲ"

ရိုင်းက နှိုင်းကိုကိုင်ထားသည့် လက်တွေကို ဖြေချလိုက်ပြီး ခါးထောက်ရပ်သည်။

ကကြီးပုံမဟာဆန်သော နဖူးပြေပြေလေးမှ တန်းဆင်းလာသော ဆံနွယ်ပျော့ပျော့လေးတွေ တလွင့်လွင့်မျောလျက် လှချင်းတိုင်းလှနေသော နှိုင်းကို စူးစိုက်ကြည့်ပြီးမှ...

"ဘဝဆိုးခဲ့တဲ့ ကျွန်တော့်လိုလူအတွက် မြန်မာနိုင်ငံကို တမ်းတမ်းတတပြန်ပြီး ခြေဦးလှည့်ဖို့ဘာမှမရှိဘူး၊ ကျွန်တော့်ဘဝထက်ခင်ဗျားကိုပိုပြီး မက်မောခဲ့တာ အားလုံးကို စိတ်ပျက်မုန်းတီးနေ တဲ့နှလုံးသားနုနုမှာ ဖျတ်ခနဲမြင်ပြီး တမ်းတမ်းစွဲအောင်လှတဲ့ ခင်ဗျားကိုမှ ရူးသွပ်ခဲ့မိတာ"

"တကယ်ဆန်းပါတယ် အရွယ်မရောက်သေးဘူးဆိုတဲ့ အရွယ် မှာပဲ ခင်ဗျားကို ကျွန်တော် စွဲလန်းသွားခဲ့တယ်"

ရိုင်းလေသံက တဖြည်းဖြည်း ပြောင်းလဲသွားကာ...

"ရိုင်းဆိုတဲ့ ကောင်လေးတစ်ယောက်အဖြစ် ကလေကချေ ဆန်ဆန် နောက်ထပ် မရှေ့ကို မရောက်ဖြစ်အောင် ဆုံးဖြတ်ချက် အခိုင်အမာချခဲ့တယ် အဲဒါ လွယ်လွယ်လေးရခဲ့တယ်မှတ်နေလား မ ကလေးကနေဘဝဆိုတာ တစ်နေ့ရာကိုပဲ ထပ်ခါထပ်ခါရောက်ဖို့လမ်းတွေ အများ

www.burmeseclassic.com



ကြီးဖြစ်နေတာ ဘယ်လိုရှောင်မလဲ”

နှိုင်းမျက်နှာကိုလွှဲ၍ ငြိမ်သက်နေခဲ့သည်။

ရိုင်းက နှိုင်းဘေးကိုတိုးရပ်ပြီး ကားဘော်ဒီမှာ ပစ်ခတ်မှီချ လိုက်၏။ ထိုအခါ နှိုင်းမျက်နှာလွှဲနေသည်နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားခဲ့သည်။

“ကျွန်တော် ချမ်းသာချင်လာတာ မကို ရဖို့ပါ မရဲ့ အသိုင်းအဝိုင်း မချမ်းသာတာ အားလုံးကို ကျွန်တော်က လွှမ်းမိုးနိုင်ဖို့ ထောင်နှုတ်ခမ်းလည်း နင်းခဲ့ဖူးတယ် မကောင်းမှုဆိုတဲ့ အလုပ်တွေထဲ ရောက်ခဲ့ဖူးတယ်”

နှိုင်း မျက်တောင်လေး ဖျတ်ခနဲပင့်တက်လာ၏။ သို့သော် ရိုင်းထံ မရောက်မီ ချက်ချင်း ရုတ်သိမ်းသွားသည်။

နှိုင်း၏ နှုတ်ခမ်းနှုတ်ခမ်း မျက်ခုံးလေးတွေကအစ ယှက်ဖြာ ငြိမ် သက်၍ စင်းချထားသော မျက်တောင်ဖျားလေးတွေ အကုန် မလွတ် တမ်းစိုက်ကြည့်နေသည့် ရိုင်းက နှိုင်းလှုပ်ရှားသမျှကို မြင်နေသည်။

သူ့စကားမှာ နှိုင်း အနည်းငယ် စိတ်လှုပ်ရှားသွားတာကို သိလိုက် သဖြင့် ပခုံးချင်းထိသွားသည်အထိ အနားကိုတိုးရပ်ကာ...

“ဖြတ်လမ်းက ချမ်းသာအောင်ကြိုးစားရင်းနဲ့ ကြာလာရင် ပိုေ တော့မှာပဲဆိုတာကို သိလာခဲ့တယ် ဒါကြောင့် နောက်ဆုံး စက်ာပူ ရောက်ပြီးတော့ ဂျပန်၊ အားလုံးက ကျွန်တော့်ဘဝရဲ့ ထုထောင်းမှု ပါ ဒီလိုကောင်ကမကြမ်းရင် ဘယ်ကောင်ကြမ်းမှာလဲ တကယ်လူမို





တွေကို ပေါင်းရဲရင် ကျော်လွှားဖို့ပညာလည်း တတ်ရတယ်၊ အလင်းနဲ့ အမှောင်က ထိစပ်နေချင်နေမယ် ခြေတစ်လှမ်းတည်းနဲ့ ကူးလူးသွားလို့ မရတာတော့ မသိမှာပါ မှောင်ပြီးရင် လင်းခွင့်မပေးချင်တဲ့ အသိုင်းအဝိုင်းကို ကျွန်တော် ဘယ်လိုကျော်လွှားခဲ့ရလဲ သိလား”

နှိုင်းသူ့ကို မော့ကြည့်လိုက်မိသည်။ လက်စသတ်တော့ ဒီကောင်လေးဟာ ဒီဘဝရောက်ဖို့ကို ရောင်စုံနယ်ပယ်များစွာ ဖြတ်သန်းပြီးမှ ထုသားပေသား ကျခဲ့သူပါလား၊ စကားပြော ရိုင်း တာတွေကို ပြန်ကြားလာသည်။

ထစ်ခနဲရှိ လက်ပါတတ်တာကို နားလည်လာသလိုရှိ၏။ ရိုင်းဟာ မကောင်းမှုနယ်ပယ်ထဲမှာ ဘယ်လောက်ကြာအောင် မျောနေခဲ့ပါသလဲ။

မမွှာရုံမှာ သွားခေါ်ပြီး ထမင်းကျွေးပြီးတော့လည်း နောက်နေ့မှာ သူနဲ့သင့်တင့်မယ့်နေရာလေးပေးပြီး တော်ရာမှာခိုင်းဖို့ သွားရှာခဲ့ပါသေးသည်။

မတွေ့တော့လည်း ရက်များအတော်ကြာအောင် သတိရနေမိကာ သွားလာရင်း သတိရတိုင်း ရှာဖွေမိခဲ့သည်။ သူကတော့ ကိုယ့်ကို ပိုင်ဆိုင်ဖို့ ချမ်းသာအောက်ကြိုးစားနေသည်တဲ့။

ဟိုအရင်ဆုံဆည်းခဲ့စဉ် ပုံရိပ်တို့ကို နှိုင်းပြန်မြင်ယောင်လာမိသည်။ သူမကို မြင်တိုင်း စူးစူးရဲရဲကြည့်တတ်သည့် ထိုမျက်လုံးတွေကိုပဲ မုန်းခဲ့ဖူးပါသည်။

ခပ်ရိုင်းရိုင်း ဂျစ်ကန်ကန်အကြည့်နှင့် နာမည်မေးတော့ နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုလည်း ဒေါသစိတ်က ထောင်းခနဲ၊ ကိုယ်ကတော့ ငယ်ရွယ်တဲ့ ကောင်လေးတစ်ယောက်လိုမြင်သည်။

သနားစရာကလေကချေကောင်လေးရယ်လို့ စေတနာထားခဲ့မိ၏။ သူက ကိုယ့်ကို မရိုးသားစွာပေးတာလည်း မယူချင်၊ ကျွေးတာလည်း မစားချင် ဟိုတုန်းကရိုင်းနှင့် အခုနေမရိုင်းဟာ ယှဉ်ကြည့်လိုက်တော့ တစ်ထပ်တည်းပါပဲ။

ရိုင်းက နှိုင်း လက်ဖဝါးလေးကို အမှတ်တမဲ့ ဖိဆုပ်ပစ်လိုက်ကာ...

"စဉ်းစားမိတယ်မို့လား တွေးလိုက်စမ်းပါ မကို ကျွန်တော်က ခုမြင်ခုကြိုက်ပြီး သွေးဆူလွယ်လွယ်နဲ့ စော်ကားခဲ့တာလား ဒီလိုယုတ်မာပြီး လှည့်ပြန်သွားမယ့်ကောင်လား"

နှိုင်း လက်ကိုပြန်ရုန်းသည်။ ရိုင်းက ပြန်ဆွဲထားကာ နှိုင်း ခါးလေးကိုပါ သိမ်းဖက်လိုက်၏။

"ကျွန်တော် အချိန်တွေအများကြီး စတေးခဲ့ရပြီးမှ ထပ်မစောင့်နိုင်တော့ဘူး၊ အဲဒါကြောင့် မနဲ့ ပတ်သက်တဲ့ အဆောင်အယောင်ပကာသနတွေကို ဖြိုချပစ်ခဲ့တာ မရဲ့ လူကြီးတွေ အားမတန် မာန်လျှော့ကုန်တဲ့အထိ ရည်ရွယ်ပြီးလုပ်တာ"

"မာန်လျှော့လိုက်ရတာ ဖြစ်ချင်ဖြစ်မယ် မင်းခြေရင်းကို ထိုးကျွေးတဲ့အထိ ဘယ်သူမှ မတုံးဘူး ရိုင်း၊ သူတို့ကော ငါကော မင်းကို သိပ်မုန်းတယ်"

"မရဘူး ဘယ်သူမုန်းမုန်း ခင်ဗျားမုန်းလို့မရဘူး"





ဒေါသဖြစ်ပြီဆို ရိုင်းက ကြမ်းချင်လာ၏။

"အစည်းအဝေးပြီးတော့ မှားသွားခဲ့တာကတော့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့တဲ့ကိစ္စပါ၊ အဲဒါကို မ ယုံစေချင်တယ် ပြန်တွေ့ကြတော့ မက ဟိုတုန်းကထက် ပိုလှတယ် မာနတွေပိုကြီးနေတယ် တစ်သက်လုံး ကျွန်တော့်အိပ်မက်ထဲမှာ ရင်နှီးနေခဲ့တဲ့ မကို ထိတွေ့လိုက်ရချိန်မှာ ဘယ်လိုမှ ထိန်းလို့မရခဲ့တာ"

"ရိုင်း မင်းအထပ်ထပ်ရိုင်းဖို့ ကြိုးစားနေတာလားဟင် လွှတ်စမ်း"

ပါးပြင်လေးနားမှာ ဝေ့ဝဲနေသည့် သူ့မျက်နှာ ပြန်ခွာသွား၏။

"ကျွန်တော့်ကို မရိုင်းစေချင်ရင် မ ငြိမ်ငြိမ်လေးနေပေးပါ၊ အချစ်ကိုပဲ ကိုးကွယ်ထားခဲ့တဲ့ ကျွန်တော်က ခပ်ပေါပေါကောင် ပဲ ရင်ခုန်သံတွေဟလွဲပြီး ဘာကိုမှ ဂရုမစိုက်တတ်တာ မသိစေချင်တယ်"

နှိုင်း၏ ရုန်းဖယ်မှုတွေ ရပ်ဆိုင်းသွား၏။ ရိုင်းက ပင့်သက်ရှိုက် ကာ ခါးလှလှလေးဆီ သိမ်းဖက်ထားသည့်လက်ကို ဖယ်သည်။ လက်ဖဝါးလေးကိုတော့ ဆုပ်ကိုင်ထားလျက်....

"မနဲ့ ကျွန်တော် လက်ထပ်ရအောင်"

"ဦးနေစိုးက မင်းရဲ့အဖေဆို"

"အဲဒါ လိုအပ်လို့လား"

နှိုင်း ကိုယ့်ကိုယ်ကိုယ်တောင် ဘာဖြစ်လို့မေးလိုက်မိမှန်း မသိ။

"ကျွန်တော့်ဘဝမှာ ကျွန်တော့်အသက်ရယ် မ ရယ်ကလွဲပြီး ဘာမှမရှိခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှင်းက ခပ်ဖွဖွဖြစ်သွားသည့် သူ့လက်ထဲကနေ ဆတ်ခနဲ ရုန်းထွက်လိုက်ကာ...

"မင်းနဲ့ ငါ့ရဲ့အခြေအနေက မထူးစိတ်ပိုက်ပြီး လက်ထပ်ရတော့မယ့်အနေအထားဖြစ်နေပြီဆိုပြီး အပိုင်တွက်လိုက်တာများလား"

"ဘာ... ဘာတွေပြောနေတာလဲ"

ရိုင်း ချက်ချင်းကြီး ဝုန်းဒိုင်းထကြဲသည်။

"စကားတွေ ဒီလောက်အများကြီး ကျွန်တော် ဘယ်သူ့ကိုမှ မပြောခဲ့ဖူးဘူး။ မ မဟုတ်တာတွေချည်းပဲ ဘာဖြစ်လို့ လှည့်ပတ် ဆွဲယူနေတာလဲ မထူးစိတ်ပိုက်ပြီး လက်ထပ်ရအောင် ကျွန်တော် ကကော အိုင်တွေ့လို့ ခြေဆေးခဲ့တာလား ကျွန်တော့်ရင်ထဲမှာ မက နှစ်ပေါင်းများစွာကတည်းက ရှိခဲ့တာ ရည်ရွယ်ချက်မဲ့ စိတ် ကူးယဉ်ရုံလေးရှိခဲ့တာ မဟုတ်ဘူး။ တစ်နေ့ ငါပိုင်ဆိုင်ရမယ်ဆိုတဲ့ အနာဂတ်ကို ခေါင်းမှာ ရွက်ထားခဲ့တာ"

"မသိဘူး မင်းဘာဖြစ်နေနေ ငါမသိချင်ဘူး အဲဒါမင်းကိစ္စ ငါ မင်းကို လုံးဝလက်မထပ်ဘူး။ ယောကျာ်းတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ရောက်ရမယ့် အရေးကိစ္စနဲ့စာရင် ငါ့ဘဝဘာဖြစ်ဖြစ် ခွင့်လွှတ်နေကြမယ့် ငါ့အသိုင်းအဝိုင်းရှိသေးတယ်၊သူတို့အားလုံးက မင်းနဲ့ဆိုရင် ပိုပြီး တားဆီးကြဦးမှာ"

"အသိုင်းအဝိုင်းနဲ့ပေါင်းမှာမဟုတ်ဘူး အဲဒါတွေ ကျွန်တော် ဘာမှ ထည့်မတွက်ဘူး အခု မကို ကျွန်တော် ကားတင်ခိုးသွားဖို့ကော မလုပ်





ရဲဘူးထင်နေလို့လား"

ရိုင်းက ကားနားကခွာ၍ နှင်းရှေ့မှာ တည့်တည့်လာရပ်၏။

နှင်းမျက်နှာကို တင်းထားရသော်လည်း ထိတ်လန့်စိတ်ကြောင့် နှုတ်ခမ်းဖျားလေးတွေ တုန်ယင်နေ၏။ လက်ဖျားတွေလည်း အေးစက်လာခဲ့သည်။ ရိုင်းက နှင်းဆံပင်ရှည်တချို့ကို ခပ်ဖွဖွဆွဲယူ၍ လက်ဖဝါးပေါ်တင်ကာ အကြာကြီးငေးကြည့်နေသည်။ ပြီးတော့ မြတ်မြတ်နိုးနိုး ဆုပ်ကိုင်ထားလိုက်ပြီး....

"မကို ကျွန်တော် သိပ်ချစ်လို့စောင့်နေတာ ကျွန်တော်ရဲ့ အနိုင်ယူချင်တဲ့စိတ်တွေ လိုချင်ပြီဆိုရင် ခုမှခ စိတ်မရှည်တတ်တဲ့ အကျင့်ပေါ့ ပြီးတော့ ဘာကိုမှ ကြောက်ရမှန်းမသိတဲ့စိတ်"

စကားရပ်၍ ကိုင်ထားသည့် ဆံပင်တွေကို တယုတယငုံ့နမ်းသည်။

"မနဲ့ကျမှ အားလုံးကိုပြောင်းလဲဖို့ကြိုးစားနေရတာ အဲဒါ သိရဲ့လား မကြည်ဖြူတဲ့ အချစ်တွေကို ဓားပြတိုက် မယူချင်လို့ မုန်းသွားမှာကိုကြောက်တာ ဒါပေမဲ့ အဲဒီထဲမှာ ဘယ်သူ့အသိုင်း အဝိုင်းမှမပါဘူး မကို ကျွန်တော် အချိန်နည်းနည်းပေးမယ် လက်ထပ်ဖို့ စဉ်းစားပေးပါ မြန်မာနိုင်ငံကနေ ဘယ်ကိုပဲ သွားသွား စကြာဝဠာအပြင်ဘက်ထိထွက်ပြေးလည်း လိုက်မှာပဲ၊ ကျွန်တော် ပြောပြီးသားနော် အချစ်ကြောင်ကြောင်နေတဲ့ ခပ်ပေါပေါကောင် ကျွန်တော်ပဲ မိန်းမတိုင်းကိုချစ်ဖို့ မဟုတ်ဘူး နှင်းမရဆိုတဲ့ မိန်းမ တစ်ယောက်ပဲ"

ရိုင်းက နှင်း၏ကားတံခါးကို ဆွဲဖွင့်လိုက်သည်။ နှင်းဝင်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးမှ သေချာပိတ်ပေးပြီး တံခါးမှာတံတောင်နှင့်ထောက်၍ မျက်နှာကို ငုံ့ကြည့်၏။

"အိပ်မက်တွေထဲမှာထက် ပိုချိုတယ် ဘာလဲ သိလား မ"

နှိုင်း ကားစက်နှိုး၍ သူ့ကို မော့မကြည့်ဘဲ နေသော်လည်း...

"မရဲ့ နှုတ်ခမ်းလေးတွေ"

"အို"

နှိုင်းပါးပြင်လေးနစ်ဖက် ရဲခနဲဖြစ်သွားသည်။ ရိုင်းက ပြုံးကာ မလေငွေ့နွေးနွေးနှင့် လှမ်းမှုတ်သည်။

"သိပ်ချစ်တာပဲ"

ဟုပြောကာ စက်နှိုးပြီး မထွက်နိုင်သည့် နှိုင်းအဖြစ်ကို ရယ်၍ ကားဆီပြန်သွား၏။ လမ်းကျဉ်းကလေးမှာ နံရံတစ်ဖက်နှင့် ကားကြားထဲသို့ နောက်ဆုတ်ဝင်ပစ်လိုက်တာ အသည်းယားစရာ။

ကားကို ကလေးကစားစရာ စမ်းသပ်နေသည့်အတိုင်း နှိုင်း မျက်မှောင်လေးကုတ်၍ စောင်းကြည့်တော့ မျက်စိတစ်ဖက် မှိတ် ပြ၏။

နောက်ကြည့်မှန်ထဲကနေ သူ့ကားဒီအတိုင်းရပ်ကျန်ခဲ့တာကို ကွယ်တဲ့အထိကြည့်နေခဲ့မိတာလည်း နှိုင်း ကိုယ့်ကိုယ်ကိုယ် သတိမထားမိပါ။

ရိုင်းနှင့် ပတ်သက်လာတိုင်း သူမဘယ်တော့မှ မနိုင်နိုင်ဘူး ဆိုသည့်အဖြစ်ကို တွေးဖြစ်ခဲ့ရင်း လက်ထပ်ဖို့ဆိုတာကို ဖြစ်နိုင်ချေရာနှုန်း ဘယ်လောက်နှင့် ထည့်သွင်းရမလဲ စဉ်းစားကြည့်သည်။





ဘယ်လိုမှ မဖြစ်နိုင်...

"ညည်းလေး ရှည်းစားထားတယ်ကြားတာနဲ့ ကျုပ်တို့ရောဂါရမှာပဲ"

"ဟုတ်တယ် လင်ရပြီဆိုတာနဲ့ ဘဝဆုံးပြီ"

"အိမ်ထောင်တဲ့ အပြစ်ထောင်မဟုတ်ဘူး အဲဒါဘဝထောင် ကြီးပဲ ရှေ့ရှေ့မှာ ကြွေလွင့်သွားခဲ့တဲ့ ဘဝတွေကို မမေ့နဲ့ ဘယ်ယောကျ်ားမှ မကောင်းဘူး"

"ဟုတ်ပါတယ်အေ တက္ကသိုလ်တက်ခိုင်းတာနဲ့ ရည်းစား ထားခွင့်ရပြီ မထင်နဲ့နော် ယောကျ်ားတွေနဲ့ ပတ်သက်ဖို့ ကြိုးစားတာနဲ့ သတ်ကိုပစ်မှာ မျက်စိရှေ့မှာတော့ လင်နှိပ်စက်လို့ လင်ပစ်လို့ အမျိုးမျိုးဒုက္ခတွေခံစားနေရတာကို တစ်သက်လုံးထိုင်ကြည့် မနေဘူး မယုံမရှိနဲ့နော် တကယ်သတ်မှာ"

အဒေါ်တွေက အမျိုးမျိုး ကြိမ်းဝါးခဲ့ကြသည်။ သတ်ပစ်မယ် ဆိုသူတွေက မျက်ရည်တွေကျလို့ပါ။

"အချစ်ကြီးတော့ အမျက်ကြီးသတဲ့ ညည်းကိုသတ်ပြီး ကျုပ်တို့လည်း သေမှာပါပဲ ရင်ကွဲနာကျပြီးသေမှာလေ"

ဒေါ်မြတ်ညိုဟာ အဆိုးဆုံးပါ။ နှိုင်း အလှပြင်တာမြင်တိုင်း လှလိုက်တာဟုလည်း သူမပဲ ချီးမွမ်းတတ်ကာ...

"လှတာလည်း အန္တရာယ်ပဲနော် မပြင်ဘဲလည်း လှနေတာများ နောက်ကို ဒီလောက်မပြင်နဲ့ တော်ကြာယောကျ်ား လေးတွေက ပိုးပန်း



www.burmeseclassic.com

www.burmeseclassic.com



မရရင် ကားတင်ပြေးတတ်တာမျိုး”

ဘယ်ဘက်ကမှ မလွတ်အောင် ပူတတ်လွန်းတာလည်း ဒေါ်မြတ်ညိုပဲဖြစ်၏။ နှိုင်းကလည်း မထိတထိ ပြန်ပြောတတ် တော့ ပို၍စိတ်မချနိုင်ရှာ...

“အဲဒါလည်း ကောင်းတာပဲ အန်တီမြတ်ရယ် ကားတင်ခံရလို့ မထူးတော့လို့ပါဆိုပြီး အကြောင်းပြကောင်းကောင်းနဲ့ ယောကျ်ား ယူလိုက်ရုံပေါ့”

ဟုပြောတော့...

“ဘာလဲ ဘာမထူးတော့လို့လဲ”

ဟု ဆတ်ဆတ်ခါ ထအော်ခဲ့ဖူးသည်။

“မထူးစိတ် ဘယ်တော့မှ မပိုက်ဘူး မယ်နှိုင်းမရရေ ကိုယ်က လွန်ကျူးတာမဟုတ်ဘဲ မှားလို့များတော့ ငါတို့သမီးဘာပဲဖြစ် လာလာ လုံးဝဂရုမစိုက်ဘူး အတောင့်ရှည်တော့ အစေ့များတယ် နောက်ထပ် ခဏခဏ ထပ်မှားရအောင် ကျုပ်တို့က မထူးစိတ် ပိုက်စရာလား”

ကားကို မီးပွိုင့်မှာ အရှိန်လျှော့လိုက်ရရင်း နှိုင်းသက်ပြင်း လေး ချမိသည်၊ သူမ ဘာလုပ်မလဲ...

ရိုင်းကို လက်ထပ်ဖို့ စိတ်ထဲမှာ မပြင်ဆင်ခဲ့ဘူးပါ။ အခု မတွေ့မီ အချိန်လေးထိ ညှိုးနွမ်းခဲ့ရသည့် ကိုယ့်ဘဝအတွက် သူ့ကို မုန်းတီးနာ ကျည်းစိတ်မှလွဲ၍ ဘာမှမရှိ။

ခုကော ကာလများစွာ ကတည်းက ချစ်ခဲ့ပါသည်ဆိုသော စကား





ရိုင်းအပိုတွေမပြောခဲ့ဘူးဆိုတာ စိတ်ထဲမှာ လက်ခံမိပေခဲ့သလိုရှိ သည်။ ဒါပေမဲ့ မယုံကြည်ပါ။

ရိုင်းလွန်းသည့် သူ့စိတ်ကို ဘယ်လိုမှ လက်ခံစိတ်ကမဖြစ်၊ သူ သက်သက်ခြိမ်းခြောက်လိုက်တာ မဟုတ်မှန်းလည်း သိကာ လက်ထပ် နိုင်ဖို့ ကိစ္စဟာ မဖြစ်မနေ စဉ်းစားဖို့ရှိနေပြီကလည်း သေချာပါသည်။

အန်တီမြတ်တို့နဲ့ ရိုင်း....

မီးပွိုင့်စိမ်းသွားတာကို နှိုင်းရုတ်တရက် သတိမထားမိလိုက်ပေ။ နောက်က ကားဟွန်းသံတွေ စီခနဲ ကြားလိုက်မှ ကမန်းကတန်း မောင်း ထွက်လိုက်ရသည်။

“တို့ကိုယ်တို့တောင် သမီးလေးလောက် အရေးမထားကြတဲ့ လူ တွေပါ”တဲ့။

နှိုင်းကိုပေးဖို့ သူတို့ ကြည်ဖြူမလား။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



အ[illegible] ([illegible])

"ဘယ်လောက်[illegible]

"သုံးထောင်"[illegible]

နောက်မှီမှာ ခပ်လျော့လျော့ မှီကြည့်နေသည့် ရိုင်းနှုတ်ခမ်း ပို၍ ဖိပိတ်သွားသည်။ တပ်ထားသည့် မျက်မှန်ကို ချွတ်လိုက် တော့ မျက်လုံးအစုံမှာ အထက်စီးဆန်သော စူးရဲသည့် အကြည့် များနှင့်....

"ဒါဆို ငါးရာပဲချန်ပြီး စရံသတ်ခဲ့တာပေါ့"

"ဟုတ်တယ် အဲဒီအတိုင်းပဲ"

ဦးဈောက ခေါင်းညိတ်ပြီး ဘီယာလက်ကျန်ရှိနေသည့် ဖန် ခွက်ကိုကောက်ကိုင်လိုက်သည်။

သူ့ဘေးမှာထိုင်နေသည်က တူဖြစ်သူ တိုင်းကျော်၊ နောက် ခပ် လှမ်းလှမ်းမှာ ရပ်နေကြသည့် လူရွယ်နှစ်ယောက်က သူတို့ အဆင်သင့် ပြင်ထားသည့် လက်သီးတွေကို မြင်အောင်ပြ၍ လှမ်းကြည့်ကြည့် နေကြ၏။ ရိုင်းက ဘယ်မျက်နှာကိုမှမကြည့်၊ ဦးဈော၏ မရိုးသားသော





မျက်လုံးတွေကိုပဲ မလွှတ်တမ်းကြည့်၍....

"တစ်ခြလုံးပေါင်းမှ လေးခွဲလောက်ပဲတန်တဲ့ မြေကို တစ်ဝက် တည်းသုံးခွဲပေးဝယ်လိုက်တာ အံ့သြစရာပဲ"

"ဟား..ဟား..ဟား"

ဦးဈောက ကိုင်ထားသည့် ဖန်ခွက်ကို မော့သောက်ပြန်ချ ခြင်း အား အလျှင်စလိုလုပ်၍ ဟက်ဟက်[illegible]ပက်ရယ်သည်။

"ဟုတ်လား နေမရိုင်း[illegible] အံ့သြသွားတယ်ဆိုတော့ ဒါကဝင်မြင့်လောက်စရာပဲ ဟဲ[illegible]

ပြောသမျှ ရယ်သမျှကို ရိုင်းက ဒ[illegible]င်းကြည့်နေပြီးမှ ခါးမတ် မတ်ပြင်ထိုင်သည်။

"အဲဒီကိစ္စကို ကျုပ်ဆွေးနွေးချင်တယ်"

ဦးဈောက ရယ်ပြန်သည်၊ ဒါပေမဲ့ အသံမထွက်ဘဲ နှုတ်ခမ်းမဲ့၍ ပုခုံးနှစ်ဖက်ကိုပါ တွန့်ပစ်လိုက်သဖြင့် ရိုင်းပြောတာကို အပြတ်အသတ် ပယ်ချလိုက်ကြောင်း အမူအရာအားဖြင့် ပြလေသည်။

"ဒီည ခုနစ်နာရီမှာ လက်ကျန်ချေပြီး စာချုပ်တော့မှာဆိုတော့ မင်းရောက်လာတဲ့ စိတ်ကူးက နောက်ကျသွားပြီထင်တယ်"

ရိုင်းက နှုတ်ခမ်းမဖွင့်ဘဲ ခပ်မဲ့မဲ့ရယ်လိုက်၏။

"ခင်ဗျား စာချုပ်ပေါ်မှာ လက်မှတ်မထိုးရသေးမီ အချိန်ထိ ပြင် ဆင်ပြောင်းလဲခွင့်ရှိတယ် စရံသတ်ထားတဲ့နှစ်ဆ ကျုပ်ပြန် လျော်မယ် အဲဒီခြံကို စွန့်လွှတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးချောက ဆက်တီကျောမီမှာ လက်တစ်ဖက်ဆန့်တင်၍ မှီထားလိုက်ပြီး ရှိင်းကိုမဲ့တာ ပြုံးတာမပါဘဲ စိုက်ကြည့်၏။

"အမိန့်ပေးတာကို ဝါသနာပါနေတာဆိုရင်လည်း ကိုယ်က သည်းခံလိုက်ပါ့မယ် မင်းတစ်ခုထပ်သတိထားဖို့က ကိုယ်လည်း မင်းလိုလူပဲ နာခံတတ်တဲ့ အကျင့်မရှိဘူး"

"ဒီမှာ ကိုယ့်လူ"

နဂိုကတည်းက ခပ်ချဉ်ချဉ် မျက်လုံးများနှင့် ကြည့်နေသည့် တိုင်းကျော်က ဂျယ်ထောင်ထားသည့် သူ့ဆံပင် ထိုးထိုးထောင် ထောင်တွေကို မထိရဲ ထိရဲလက်ဝါးနှင့် တစ်ချက်သပ်၍..

"ဘယ်လို နှစ်ဆပေးမှာလဲ"

ကိုယ်လုံးကြီးရှေ့ကို တမင်ကိုင်းချကာ မျက်နှာရှေ့တိုး၍ မေး၏။ ရှိင်းက ဘာမှမပြောသေးဘဲ ကြည့်နေသည်။

"မင်း ချမ်းသာသလောက် ဘယ်သူမှမချမ်းသာနိုင်ဘူးလို့ ထင်သလား မင်းလိုလူကို ဘယ်သူမှ မလွန်ဆန်နိုင်ဘူးလို့ကော တွက်ထားသလား"

သူ့စကားမဆုံးခင် ရှိင်းလက်တစ်ဖက်က မေးဖျားအောက်က နေဖိညှပ်ကိုင်ပစ်လိုက်ကာ...

"မင်း မျက်နှာကြီးက မလှဘူး"

အံကြိတ်ပြောရင်း သူ့လက်ကိုပုတ်ချဖို့ ဖြတ်ဝင်လာသော တိုင်းကျော်၏ နောက်ထပ်လက်တစ်ဖက်ကိုပါ ဖမ်းဆုပ်ထားလိုက်ပြီး...





"နောက်ဆုပ်နေလိုက် မဟုတ်ရင် မင်းမျက်နှာ စုတ်သွားလိမ့်မယ်"

ပြောပြီး ခပ်ဆတ်ဆတ်တွန်းပစ်လိုက်သည်။

တိုင်းကျော်ကိုယ်ကြီးဆက်တီနောက်မှီမှာ ပစ်ခတ်လန်ကျ သွား၏။ ထို့နောက် ဒေါသတကြီး ချက်ချင်းပြန်ကျုံးထ၏။

နောက်က နှစ်ယောက်ကလည်း ရှိင်းဘေးနားကို လွှားခနဲ ပြေးကပ်သည်။

"ဟေ့ နေကြစမ်း"

တင်း..င်းမာမာ ထဖြစ်တော့မည့် အခြေအနေကို ဦးချောက နီရဲသောမျက်နှာကြီးနှင့် အော်ဟစ်၍ တားဆီးသည်။ ဦးချောအော်သံက မလိုအပ်ဘဲနှင့်ကျားဟိန်းသံထက် ပိုပြင်းသွားသည်။

ဒေါသက ဖြစ်ချင်သူ့ဆီမရောက်ဘဲ ကိုယ့်လူတွေဆီ ပြန်ပတ်သွားတာ ဖြစ်သည်။

မေးနေတာကို ဖြေလိုက်ရုံပဲဟာ ဘာဖြစ်လို့ ပြူးပြူးပြဲပြဲ စိန်ခေါ်သလို ဝင်လုပ်တာလဲ ဒါသူတို့နဲ့ သက်ဆိုင်တဲ့အပိုင်းလည်း မဟုတ်သေး။

လာကတည်းက ကိုယ့်ခြံကိုယ့်အရိပ်တဲကို တစ်ယောက် တည်းလာရဲတဲ့သူ။ နေမရှိင်းရဲ့ ရာဇဝင်ကိုလည်း ပြောပြထားပြီးသား။

လူပေါင်းစုံ အလွှာစုံထဲမှာ ပါးပါးလေး ဖြတ်လျှောက်လာတဲ့ ကောင်၊ မနိုင်ဘဲ အရှုံးပေးရမှာထက် ရင်မဆိုင်မိကြရင် မကောင်းဘူးလား။

ခွေးကောင်တွေ

ဦးချောမျက်နှာကြီး ဘယ်လိုမှ ဟန်ဆောင်မရဘဲ တင်းမာခဲ



www.burmeseclassic.com

www.burmeseclassic.com



ထန်လာ၏။ ဘာမှန်းညာမှန်းမသိ လက်စွမ်းပြချင်နေသည့် ကိုယ့်လူတွေကိုကော အိမ်ရှင်ကို ဂရုမစိုက်စွာ ကိုယ်ထိလက်ရောက် စော်ကားလိုက်သော ရိုင်း၏ကိုပါ ခြုံငုံကြည့်ပစ်လိုက်ပြီး...

“ရပ်လိုက်ကြစမ်း ကိုယ့်ခြံကိုယ့်ဝန်းထဲမှာ ဧည့်သည်လိုပဲ ဆက်ဆံ”

ဦးချော ဒေါသကြီးနေတာကို ရိုင်းက မထိတရိပြုံး၍ လျှော့ရိလျှော့ရဲ ပြန်မိလိုက်၏။ အားလုံး နောက်ဆုတ်သွားသည်။ တိုင်းကျော်က ပခုံးနှစ်ဖက်ကို စုံတွန့်ကာ အင်္ကျီပုံစံကျအောင် ပြင်ရင်း မကျေမချမ်း စိုက်ကြည့်နေ၏။

ဦးချောက စိတ်ထိန်းသည့်အနေနှင့် လက်ဖဝါးချင်းပွတ်ကာ ပင့်သက်ရှိုက်လိုက်သည်။ ရိုင်းမျက်နှာကို အေးအေးဆေးဆေး ပုံစံမျိုးနှင့် ကြည့်၍...

“ကိုယ်ပြောမယ် နေမရိုင်း မင်းအတွက် ဒီခြံမြေကိုရဖို့ ဘယ်လောက်ပေးရပေးရ ငွေက အဓိကမကျသလို ကိုယ်လည်း ဒီလိုပါပဲ အဟွန်း မင်းပြောသလိုလေ ကိုယ်လိုချင်လို့ပဲ အံ့သြလောက် ပေးဝယ်ခဲ့တာပေါ့”

“ဘာကြောင့် လိုချင်တာလဲ”

ဦးချောမျက်နှာမှာ လှောင်ပြုံးတစ်ချက်ပေါ်သွားတော့ ရိုင်းက တူညီသောအပြုံးနှင့်....

“မေးခွန်းက ရိုင်းချင်ရိုင်းလိမ့်မယ် ဒါပေမဲ့ မသိလို့မေး တာမဟုတ်ဘူးနော် နောက်ထပ် ကျုပ်ပြောချင်တဲ့ စကားတွေ အဓိပ္ပာယ်ရှိ





လာအောင်လို့”

“ကောင်းပြီ ပြောပါဦး”

“လွန်ခဲ့တဲ့ ရှစ်နှစ်ကျော်က မိန်းမတစ်ယောက်ရဲ့ ခြေတစ်လှမ်းစာနောက်မှာ ကျန်ခဲ့ရတဲ့ အဖြစ်နဲ့ အရှုံးကြီးရှုံး အရှက်ကြီး ရှက်ပြီး ခင်ဗျားရန်ငြိုးဖွဲ့ခဲ့တာ ဘယ်သူ့ကိုလဲ”

ဦးချောမျက်လုံးကြီး ဝင်းဝင်းလက်လာသည်။ ရိုင်းကိုကြည့်သည့် အကြည့်တွေထဲမှာ ရန်လိုခြင်းတွေ သိသာစွာပါလာ၏။ ဒီအဖြစ် တွေက ကြာခဲ့ပြီ။

အခု အနားမှာရှိနေကြသည့် ကောင်တွေတောင် သိတာမဟုတ်၊ ဒီပြင် ဘယ်သူမှလည်း မသိကြပေ။ ကန်ထရိုက်တာ ဦးချောဝေဟာ ဒီနေ့အထိ လူပျိုကြီး၊ ရင်ထဲမှာ ရှိခဲ့သည့် ရှက်ရန်ငြိုးက အပျိုကြီးတွေကို ပိုးပန်းမရ၍ ငြိုးခဲ့တာလည်းမဟုတ် ချစ်ခင်ရင်းနှီးကြဖို့လည်း ဘာအကြောင်းမှမရှိခဲ့။

မြတ်ရတနာ၏ ဦးစီးခေါင်းဆောင် ဒေါ်မြတ်ညိုဟာ နာမည် တစ်လုံးနှင့်စ၍ ရပ်တည်လာကတည်းက သူနဲ့မျဉ်းပြိုင်...

လူတိုင်းသတိထားမိခဲ့တာက လူပျိုကြီးနှင့် အပျိုကြီးအုပ်စု၊ တကယ်တမ်းကျတော့ သူ့ရင်ထဲမှာ အမြဲတမ်း အနိုင်ရဖို့သာ တွေးနေခဲ့သည့် မောဟများနှင့်သာ ပြည့်နှက်နေခဲ့တာ လူမသိ။

ထိုအချိန်မှာပဲ သူနောက်ကျကျန်ခဲ့ရသည့် ရှက်ဖွယ်အလွန်ကောင်းသော ခြေတစ်လှမ်း အမှားကြောင့် မမွှးဘဲ နောက်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့တာ ဒီနေ့ထိပါ။ ဒီရန်ငြိုးတွေထဲမှာ ချစ်ကြိုက်ပိုးပန်းတာ ဘာမှ မပါဘူးဆိုတာ သူမှလွဲ၍ ဘယ်သူမှမသိ၊ အခု မြတ်ရတနာ ကို သူဝယ်လိုက်တာဟာ သို့လော သို့လောများစွာ ပေါ်လာမည့် ဘာလိုလို သတင်းစကားများနောက်မှာ မြတ်ရတနာအုပ်စု ဘယ်လိုမှ ခေါင်းမ ဖော်ရဲအောင်ဖြစ်သည်။

ဘာအတွက်ဆိုတာ လက်ညှိုးထိုးပြစရာမရှိပေမယ့် မြတ် ရတနာအုပ်စုဟာ ကျိုးပျက်ကျတော့မည့် တာတမံ နှုတ်ခမ်းက ပုရွက် ဆိတ်အုံလို ဖြစ်သွားမည်။

"ဒေါ်မြတ်ညိုက အခုခင်ဗျားရဲ့ ပြိုင်ဘက်မှမဟုတ်တော့တာ သူ့ရဲကောင်းဆိုတာ ဓားကိုဓားချင်း လက်ဆိုလက်ချင်းပဲ ယှဉ်တယ် လက်နက်မဲ့လို့ အနိုင်မယူဘူး သူရဲကောင်း မဟုတ်ရင်တောင် ခင်ဗျား ယောကျ်ားမဟုတ်ဘူးလား၊ ကိုယ်က နှစ်လေး သုံးလေးသာနေလျက်နဲ့ ထပ်ပြီး လက်မြောက်ခိုင်းတာ မျောက် ဆရာလောက်တောင် ချီးမွမ်း စရာမရှိဘူး"

"နေမရိုင်း မင်းကိုကိုယ်က အသက်ယယ်ပေမယ့် လုပ်ငန်းရှင် တစ်ယောက်မို့လို့ အရည်အချင်းကို လေးစားပြီး နားလည်ပေးခဲ့တာ"

"မလည်ပါနဲ့ ကျုပ်လာတာ ခင်ဗျားနဲ့ နားလည်မှုယူပြဖို့မှ မဟုတ် တာ ခင်ဗျားနဲ့ကျုပ်ရဲ့ရှေ့မှာ စစ်တုရင်ခုံလည်း မရှိဘူး၊ ကျိတ်ကြိတ် နေကြေးပေါ့"

"ဒါဆို ရှင်းပါကယ် မင်းဆွေးနွေးမှာကို ကိုယ်လက်မခံဘူး ပြန်ပေး





ရပြီ"

ရိုင်းကရယ်၍ ခပ်ဖြည်းဖြည်းထရပ်လိုက်၏။ ပြီးတော့ ဦးချော ဘေးထိ လျှောက်သွားပြီး...

"ကျုပ်က ခင်ဗျားပြန်ခွင့်ပြုမယ့် အမိန့်ကိုစောင့်နေတာမှ မဟုတ် ဘဲ ခင်ဗျားခေါ်လို့လာတာလည်း မဟုတ်ဘူး၊ အဲဒီတော့ လိုရင်းကိုမ ရောက်သေးဘဲ လက်ပြတာက သတ္တိနည်းရာကျပါတယ်"

"ဘာဖြစ်လို့ လိုရင်းကို မရောက်ရမှာလဲ မင်းပြောတာကို ကိုယ်မှ သဘောမတူဘဲ"

"မတူလို့မဖြစ်တဲ့အကြောင်းတွေရှိတယ် ဦးချော နားထောင် ကြည့်ဦး"

ရိုင်းက ပေကပ်ကပ်ရပ်နေကြသည့် နှစ်ယောက်ကြားထဲမှာ တိုးတိုက်ရပ်ပြီး ဦးချောကို မေးဆတ်ပြောသည်။

ဦးချောက ဘာလဲဆိုသည့် မျက်လုံးကြီးနှင့် မော့ကြည့်နေ ၏။

"ခင်ဗျား ကျုပ်ပေးမယ့် စရံပြန်လျော်မယ့် နှစ်ဆကိုယူရင် အ မြတ်ရဦးမယ် ဒီည စာချုပ်လိုက်မယ်ဆိုရင်တော့ လွန်ခဲ့တဲ့ ရှစ်နှစ်က လို ခံစားသွားရနိုင်တယ်"

"ပြောကြည့်လိုက်ပါဦး"

ဦးချောမျက်လုံးတွေက မကြားရဲပေမယ့် မယုံကြည်သော အ ကြည့်များနှင့် ရိုင်းပြောလာမည့် စကားတို့ကို စိန်ခေါ်နေသည်။

တိုင်းကျော်က နေရာမှ ထရပ်ကာ ရိုင်းနဲ့ ထောင့်မှန်ကျကျမှာ



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကြည့်နှင့်ရပ်၏။ ရိုင်းက ဘယ်သူ့ကိုမှ ဂရုမစိုက်။

"ခင်ဗျား ဒေါ်မြတ်ညိုနဲ့စာချုပ်ခဲ့တာမို့လား ဂရံပေါက်မြေ ပိုင်ရှင်က ဒေါ်မြတ်ညိုမှန်ပေမယ့် တကယ်ပိုင်တာက ဒေါ်မြတ်ညိုမဟုတ်ဘူး"

ဦးချော မျက်မှောင်ကြီး ကုတ်သွားသည်။

"ဒေါ်မြတ်ညိုပိုင်ဆိုင်သမျှ ခြံမြေတိုက်ကား လုပ်ငန်းအား လုံးကို နှိုင်းမရပိုင် လွှဲပြောင်းပေးခဲ့ပြီးသား"

"ဘာ"

ဦးချော မျက်နှာကြီး မှောင်ကျသွား၏။

"နေမရိုင်း"

"ခဏနေဦး"

ရိုင်းက ရှည်ကျနေသည့် ပခုံးက ဆံပင်ကို တစ်ချက်ဖွ၍ အေးစက်စက်ပြုံးသည်။

"သူတို့ရဲ့တူမ ဘွဲ့ယူတဲ့နေ့ အသက်နှစ်ဆယ့်တစ်နှစ်ပြည့် တစ်နေ့တည်းပဲ အဲဒီနေ့မှာ ရှေ့နေအသိသက်သေတွေနဲ့ လွှဲပေးခဲ့ တာ ဘာဖြစ်လို့ စောစီးစွာ ယုံယုံကြည်ကြည် လွှဲပေးထားခဲ့တယ် ဆိုတာတော့ မသိဘူး ဒါအမှန်တရားတွေပဲ ခင်ဗျားမမေ့ဖို့က သူများတွေ ကောလဟာလတွေနဲ့ ရေစုန်မျောသွားအောင် ခင်ဗျား ဖန်တီးနိုင်သလို ခင်ဗျားလည်း မျောသွားနိုင်တယ်ဆိုတာပဲ"

ဦးချောစကားတစ်ခွန်းမှ မဆိုဘဲ နီရဲသော မျက်နှာနှင့် ငြိမ်





သက်နေလေသည်။

"ခင်ဗျားဝယ်ဖို့ စရံသတ်ထားတဲ့ သဘောတူစာချုပ်မှာ ဒေါ်မြတ်ညိုနဲ့ ဒေါ်မြတ်သက်ပဲပါတယ် တကယ့်ပိုင်ရှင်မပါဘူး ကန့်ကွက်ခွင့်ရှိနေသေးတဲ့ ဒေါ်မြတ်လတ်မပါတာရယ်"

ရိုင်းက စကားခဏရပ်လိုက်ပြီးမှ....

"ခင်ဗျားက မတန်တဆပုံပေးပြီးဝယ်တယ် ကန့်ကွက်တဲ့ သူတွေကကန့်ကွက်ကြမယ် အဲဒီမှာ ခင်ဗျားဘာဖြစ်သွားမလဲ သိလား"

"ဖြစ်တော့လည်း ရင်ဆိုင်ရုံပဲနေမရိုင်း ငါဝယ်တာက..."

"ခင်ဗျားမှာပြစရာမရှိပါဘူး ဒါပေမဲ့ ထရှုပ်ကုန်ရင်တော့ ပရိသတ်က အလိုမတူတဲ့ ဘက်ကဖြစ်မယ်၊ ခင်ဗျားကသာ ပိုးကြေး ပန်းကြေး မရမက ဝယ်ချင်..."

"ဟေ့"

ဦးချော ထိုင်ရာမှ ဝုန်းခနဲထရပ်သည်။

"မင်းက"

တိုင်းကျော် အခွင့်သာသည်နှင့် မကြေပွဲနွဲ့ဖို့ လှစ်ခနဲ ဝင်ထိုး၏။ ရိုင်းက လက်သီးကို မျက်နှာနားကျမှ ပုတ်လုတ်ပစ်လိုက်ပြီး မေးဖျားကို ခြေဖျားနှင့် ပိတ်ကန်ပစ်လိုက်၏။

ခွပ်ခနဲ မြည်သံကပြင်းသည်။ နောက်ကနစ်ယောက် ဟန်ပြင် ရင်းရုတ်တရက်မဝင်ရဲဘဲ ဖြစ်နေစဉ်...

"နေကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဦးချော ဟန်ဆောင်တာတွေ ဖုံးဖိတာတွေ ပျောက်ကွယ်ကုန်၏။

ကိုယ့်လူတွေ အသုံးမကျတာကို ထပ်ဆင့်ဒေါသဖြစ်ရရင်း လက်သီးဆုပ်လျက်နှင့် အော်ပစ်လိုက်၏။ တိုင်းကျော် နံရံမှာ ပခုံးစောင်းနှင့် ကပ်မှီကျရင်း နှုတ်ခမ်းထောင့်မှာ သွေးတွေစီးကျနေသည်။

ရိုင်းကအေးဆေးစွာရပ်နေလျက်...

"ပြောပြတာ ခင်ဗျားဒီလောက်ဆို စဉ်းစားလို့ရပြီပေါ့ တစ်ခု ထပ်ရှိသေးတယ် ခင်ဗျားရှေ့ဆက်တိုးဦးမယ်ဆိုရင် နေမရိုင်းက ခင်ဗျားရှေ့မှာ တစ်လှမ်းကျော်ပြီးသားပဲ"

နေမရိုင်းက သူ့ပုံစံအတိုင်း ကုတ်အင်္ကျီရင်ကွဲစနှစ်ဖက်ကို ပို၍ဖွင့်ထားပြီး ဘောင်းဘီထဲလက်နှိုက်၏။ စူးစူးစိုက်စိုက်ကြည့် ပြီးမှကျောခိုင်းသွားသည်...

"နေဦး"

ဦးချောက တားဆီးလိုက်ပြီး ရိုင်းရှေ့ရောက်အောင်သွား၏။

"မင်းတော်ပါတယ် မင်းခေါင်းထဲမှာ သိချင်တာလိုချင်တာ အားလုံးရနိုင်တဲ့ စွမ်းအားတွေရှိတယ် ငါသိထားတာထက် ပိုသိနေတဲ့မင်းကို ငါမပြိုင်တော့ဘူး၊ ဒါပေမဲ့ မင်းဘက်မှာ ဒီလိုလုပ်ခွင့် တွေရှိနေလျက်နဲ့ ငါ့ကိုဘာဖြစ်လို့ စရံနှစ်ဆလာပေးနေတာလဲ"

မေးပြီးမှ ရိုင်းက ခပ်မဲ့မဲ့ပြုံးလိုက်တော့...

"မင်းကို မယုံကြည်လို့တော့မဟုတ်ဘူး၊ ဒါ ငါမေးသင့်တဲ့ မေးခွန်းမဟုတ်ဘူးလား"





"ဟုတ်တယ် ပိုင်နေသားနဲ့ ဘာဖြစ်လို့ ငွေတွေပုံပေးနေမှာလဲ ဒါပေမဲ့ ခင်ဗျားသိဖို့မလိုပါဘူး ခင်ဗျားတောင် ခပ်ကြောင်ကြောင် အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တာပဲ တခြားကြောင်လို့ရတဲ့ နည်းတွေ အများကြီးရှိသေးတယ်"

ရိုင်း လျှောက်ထွက်သွားပြန်သည်။

"နေပါဦး"

ဦးချောသည် ရိုင်းဝင်လာစကလို အနောက်တိုင်းဝတ်စုံ တောက်တောက်နှင့် စားပွဲနောက်ကျောမှာ ခြေချင်းချိတ်ကာ မိန့်မိန့်ကြီးထိုင်မနေနိုင်တော့...

သူသည် ရိုင်းနောက်ကိုပဲ ခပ်သုတ်သုတ်လျှောက်လိုက်ရင်း...

"မင်း ဒီလိုဝင်ရှင်းနေတာ နှင်းမရဆိုတဲ့ မိန်းကလေးနဲ့ ပတ်သက်နေလို့မို့လား မင်းတို့သတင်းတွေ အများကြီးထွက်နေတာ ဒါပဲမို့လား"

ရိုင်းက တံခါးဝရောက်မှ ခြေစုံရပ်၍ ဦးချောကို ရင်ဆိုင်ကြည့်၏။

"ကျုပ်က အင်တာဗျူးဖြေရတာကို စိတ်အပျက်ဆုံးပဲ"

"မဟုတ်ဘူး...ငါ"

ရိုင်း ကားပေါ်တက်သည်။ ပြီးတော့ ဦးချောကိုလက်ပြ၍ မောင်းထွက်လာခဲ့သည်။ သူ့နှုတ်ခမ်းများမှာ လှောင်ရိပ်တစ်ခု ထင်လျက်...

နှင်းမရဆိုတဲ့ မိန်းမနဲ့သာ မပတ်သက်ခဲ့ရင် ရိုင်းမျက်လုံးများက အကန်းပဲဆိုတာပြောတော့ ပြောချင်ပါတယ်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

"မင်း ဘယ်လိုလုပ်လိုက်တာလဲ ရှိုင်းရယ်၊ ကိုချောတော် တော့်ကို စိတ်ဆိုးနေတယ်"

ဖုန်းနားထောင်ရင်း လက်တစ်ဖက်က ပီကေကိုခွာသည်။ ပါးစပ်ထဲသေချာတည့်ပြီးမှ စားပွဲစွန်းမှာ တင်ပါးလွှဲမှေးထိုင်လိုက်၍ ...

"ဘာပြောနေလို့လဲ"

"မင်း လုပ်သွားတဲ့ကိစ္စလေ"

ပီကေဝါးရင်း ရှိုင်းက ပြုံးလိုက်သည်။

"သူ့ဆီက လုယူလိုက်တာမှမဟုတ်ဘဲ ဖေဖေ သူမြတ်တောင် မြတ်သေးတယ်"

"မင်းလိုပဲပေါ့ သူ့ရည်ရွယ်ချက်အတွက် သူလည်း အကုန်ခံနိုင်တယ်လေ ဘာဖြစ်လို့ဒီလိုလုပ်ရတာလဲသားရယ် တွေးကြည့် ရင်ဒါသူများရဲ့ ကိုယ်ရေးကိုယ်တာ"

"ကျွန်တော်လည်း ကျွန်တော့်ကိုယ်ရေးကိုယ်တာ ဖြေရှင်း တာ





ဖေဖေ"

"မဟုတ်ဘူးသား"

"သိပ်ဟုတ်တာပေါ့ သူက သူ့ရန်ငြိုးကို ဖြေဖို့ကြိုးစားတာ အ အမြင်မှာ ရိုးရိုးလေး မြေအရောင်းအဝယ်ပဲ ပြီးရင်သူက အဲဒီတဆပ်ခဲ့ရ မှာ ဘာတွေလုပ်မယ်ထင်လဲ"

"အဲဒါ..."

"လုံးဝ ခွင့်ပြုလို့မရဘူး ဖေဖေ မြတ်ရတနာက နိုင်းမရဟကြား တော်နဲ့ လက်ထပ်မယ့်သူ ကျွန်တော်နဲ့ ပတ်သက်နေတဲ့ မိန်းမကို ယင် နားတောင်မခံနိုင်ဘူး။ အဲဒီကိစ္စကျွန်တော်နဲ့ တိုက်ရိုက် သက်ဆိုင်တယ်၊ ဆိုင်လို့ဖြစ်တဲ့နည်းနဲ့ ဖြေရှင်းတာမှာ မတရားတာ ဘာမှမရှိဘူး၊ သူ့ရင်ထဲက ကာလာတွေကို အဖြူရောင်ခင်းပြီး ဟိုမှာရအောင်ဝယ် တယ် ကျွန်တော်လည်း သူ့ဆီက ပြန်ဝယ်တာပဲ အဟွန်း"

ရှိုင်းက ထိုင်နေရာမှထ၍ ပြတင်းပေါက်ဆီ လျှောက်သွားသည်။

"သူ့ကို မျက်လုံးတွေနားတွေပိတ်အောင် အဝတ်နဲ့စည်းပြီး ဓက် တိုက်ခဲ့တာမှ မဟုတ်တာ သူညံ့လို့သူခံရတာ ဘာဖြစ်ဖို့ရှိသလဲ"

"ဖေဖေ မျက်နှာပူရဖို့တွေရှိတာပေါ့ကွ သူက ဖေ့ဖေ့ကို အရမ်း ကူညီခဲ့တာ"

"ကျွန်တော့်ကို ကူညီခဲ့တာမှ မဟုတ်ဘဲ"

"မင်းက ဖေ့ဖေ့သား..."

"လွှတ်ထားခဲ့တာ ကြာပြီလို့ ပြောလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိင်း"

ဖေဖေ ဒေါသထွက်သွားတာ မဟုတ်မှန်းသူသိသည်။ ခေါ်လိုက်က ရင်နင့်သွားသည့် လေသံ။

ဆက်ပြောတော့မည်ကိုလည်း ရှိင်းသိနေသေးသည်။ အကြီး တစ်ခုလုံး ဖေဖေ့ရင်ဘတ်ထဲမှာ ရှိနေပါလိမ့်မည်။

ထောင်ချင်တော့...

"ရှိင်း"

သူ့ပြုံးနေတော့ ဦးနေစိုးက ထပ်ခေါ်၏။

"ဦးချောနဲ့ ပတ်သက်ပြီး ဖေဖေပြောလို့ မထွက်တာရှိရင် ကျွန်တော့်ဆီကို လွှတ်လိုက်ပါ ကျွန်တော်အဖေအဖြစ်နဲ့ ဖေဖေ စိတ်ညစ်မခံပါနဲ့ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နောက်ထပ် ရှိင်းဖို့တွေရှိသေးတယ် ဖေဖေ့ကို အားမနာချင်ဘူး"

"သား"

"ရှိင်းလို့ပဲ ဆက်ခေါ်ပါ ဖေဖေ ယဉ်ကျေးတတ်ဖို့ ကျွန်တော် မေ့နေပြီ"

ရှိင်း ခပ်ဖိဖိ အံကြိတ်ရင်း ဖုန်းပိတ်ပစ်လိုက်သည်။ ဖေဖေ ကတော့ ဆွေးမြေ့နေတဲ့ အတိတ်ဟောင်းကြီးထဲကနေ သူ့ကို တောင်းပန်ချော့မော့ဖို့ ကြိုးစားနေဆဲပါ။

သူ့ရင်ဘတ်ထဲမှာတော့ ဘာမှမရှိတော့တာ အမှန်ပဲဖြစ်သည်။ ဒါတွေကိုသာ တစ်ချိန်လုံးရင်ထဲထည့်ပြီး ခံစားတတ်နေရင် ဒီနေ့





နေမရှိင်းဆိုတာ ဖြစ်ပေးနိုင်ဖွယ်မရှိ။

အချစ်ဆိုသည့် ဆုပ်ကိုင်မရသော ပြယုဂ်တစ်ခုကို ထွန့်တပိုးကြီး ထမ်းပြီး လူကြီးတွေက လူ့စွမ်းကောင်းလုပ်ခဲ့ကြ၏။

ချစ်သူကို ဆုံးရှုံးခဲ့ရသည့် ဖေဖေဟာ မေမေ့ကို လက်ထပ်ခဲ့ရသည်။ မေမေ့ကို မချစ်တာ သားတစ်ယောက်အပေါ်မှာထိ တာဝန်မဲ့သင့်သလား။ နောက်ထပ်မှားယွင်း၍ လက်ထပ်လိုက်ရသည့် မိန်းမကြောင့် ဖေဖေဘဝပျက်တော့လည်း ပျက်စီးနေတဲ့ အချစ်နဲ့ဘဝကြားမှာ ဖေဖေမေ့ထားခဲ့တာ ရှိင်းကိုပဲဖြစ်လေသည်။

ဖခင်က ဂရုမစိုက် မိထွေးကမောင်းထုတ်၊ ရှိင်းဆိုတဲ့ကောင် ရှိင်းစိုင်းလာတာ ဘာဆန်းတာရှိသလဲ၊ ကိုယ့်ကိုယ်ကိုယ်တောင် ကျွန်တော်ဖြစ်လိုက် ကျုပ်ဖြစ်လိုက် ရှိင်းဆိုတာ ငါပါလားဆိုတဲ့ အထိ လွင့်ပစ်ထားခဲ့တဲ့ ဘဝမှာ အဖေတစ်ယောက် ရှိနေတာကိုလည်း မေ့ထားခဲ့တာကြာပါပြီ။ ဒါ စော်ကားချင်လို့မဟုတ်။

"ကိုကို့သားက ဖအေကို လူလို့မထင်သလိုနေတာပဲရှိတာ လက်ဝါးဖြန့်ဖို့တော့ သတိရသားပဲ"

သူဖုန်းဆက်ပြီး ငွေတောင်းဖူးသည်။

ဒေါ်မာယာက သူမအသံကိုတမင်ဝင်အောင် ပြောပေးလိုက်၏။

ရှိင်းကျေနပ်သွားသည်။ ဘဝတစ်ခုကိုစဖို့ ငွေမရှိလို့ဖြစ်မလား။

အဒေါ်တွေက တစ်ခါပြောဖူးသည်၊ နှစ်ဖက်မိဘအမွေတွေ အများကြီးရှိတယ်တဲ့ ပြီးတော့ ဖေဖေ့ကို တတွတ်တွတ်ချွဲနေတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာယာကို မုန်းသည်။

ထို့ကြောင့် သုံးကြိမ်တိတိ ငွေတောင်း၍ တမင်တကာ နှိပ်စက်ခဲ့သည်။ ဒေါ်မာယာနဲ့ဖေဖေ အကြီးအကျယ်တွေ ထဖြစ်ကုန်ကြတာကြားတော့ ကျေနပ်ခဲ့၏။

သူလုပ်ခဲ့တာ ဒါပါပဲ။ နောက်ထပ် ဒုက္ခပေးဖို့တွေ ရှိသေးပေမယ့် ထိုကိစ္စအတွက် အချိန်ပေးလို့မရအောင် သူဟာအလုပ် ရှုပ်တဲ့သူ ဖြစ်နေခဲ့သည်။

ပြီးတော့ နှင်းမရဆိုသည့် မိန်းမတစ်ယောက်အပေါ် စွဲလမ်းတပ်မက်၍ အုံဖွဲ့ခဲ့ပြီးသော အချစ်စိတ်များနှင့် ယှဉ်လျှင် အားလုံးဟာ အလွန်သေးငယ်မှုန်ဝါးသွားတတ်ခဲ့ပြီ။ သူဂျာကင်ထပ်ဝတ် လိုက်ပြီး မျက်မှန်တပ်သည်။ ပြီးသည်နှင့် ဖုန်းကို ဂျာကင်အိတ်ထဲ ထည့်လိုက်ကာမှ သံစဉ်တွေမြည်လာတော့ ထုတ်ကိုင်ရင်း သူ အပြင်ထွက်လာခဲ့၏။

"ဆရာ... အလုပ်ထဲ ပြန်သွားဦးမလို့လား"

ကွန်ပျူတာရှေ့ကနေ ဖျတ်ခနဲ ထရပ်လိုက်သည့် ခရက်ကို လက်ကာပြလိုက်ပြီး ဆိုဖာမှာဝင်ထိုင်လိုက်ကာ...

"ဟဲလို"

"ဟော့ နေမရိုင်းဆိုတာလား"

နားထဲသို့ ဆောင့်ဝင်လာသည်။ ရိုင်း မျက်မှောင်ကုတ်၍ နားထောင်နေလိုက်မိ၏။ တစ်ဖက်က မိန်းမအသံ သူပြန်ဖြေတာကိုလည်း မစောင့်....





"ကျုပ်က မြတ်ရတနာက ဒေါ်မြတ်ညိုပဲ မင်းဟာ နာမည် ကျော်လုပ်ငန်းရှင်ကြီးတစ်ယောက်လုပ်စားနေပြီး သူ့စည်းကိုယ့် စည်းစောင့်ရမှန်းနားမလည်ပါလား ကျုပ်တို့ရဲ့ အရောင်းအဝယ် ကိစ္စထဲမှာ ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲ ဘယ်လို ပတ်သက်မှုနဲ့လဲ"

"နှင်းမရနဲ့ ပတ်သက်နေလို့ပါ"

"ဘာပြောတယ် ကလေး"

အပျိုကြီးဒေါ်မြတ်ညို၏ လေသံက ဖျတ်ဖျတ်လူးနေသည်။ ပြီးတော့ လူမမာဆိုတာလည်း သိထားပါလျက်နှင့် လူမမာအသံ နည်းနည်းမှ မရှိတာ အံ့ဩလောက်ပေသည်။

"သိတယ် ကြားပြီးပြီ ကျုပ်တို့က သူများနားမဆံ့မှ ကြားရတာ ဒီမယ်ဟော့ ကျုပ်တို့က ကိုယ်ပိုင်တဲ့မြေကို ရောင်းစားတာ ဘာမှ လိမ်ညာတာမပါဘူး မင်းမဟုတ်တာတွေ လျှောက်ပြောပြီး ပွဲဖျက်တာကို ထပ်တရားစွဲမယ်"

ရိုင်းက ခပ်သဲ့သဲ့ရယ်၍...

"စိတ်ချမ်းသာသလိုလုပ်ပါ ကျွန်တော်ကတော့ နှင်းနဲ့ ပတ်သက်သမျှ မသင့်တော်တာကို ရှင်းပစ်မှာပဲ"

"ဘာဆိုင်လဲ ငါတို့ကလေးနဲ့မင်းက ဘာဆိုင်လို့လဲ ကောလဟာသတွေက လေပဲ မင်းစိတ်ကူးမယဉ်နဲ့ ကျုပ်တို့က မင်းလောက်မချမ်းသာပေမယ့် နှင်းလေးကို မင်းက ရတနာနဲ့ချိန်ဆက်ပြီး ယူမယ်ဆိုရင်တောင် ဆောရီးပဲ နှင်းလေးအကြောင်း သူ့ရဲ့စိတ် အားလုံး ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



သိတယ် မင်းပဲ တစ်ဖက်သက်ခံစားပြီး ရူးလိမ့်ဦးမယ်"

"အန်တီတို့ နေမရိုင်းကို သေချာနားမလည်သေးလို့ပါ နေမ ရိုင်းက စိတ်ကူးမယဉ်ဇာတ်ဘူး"

"ဟော့ မယဉ်တတ်ရင် ဒုက္ခများအောင် ယဉ်မနေနဲ့တော့ မင်းရဲ့ ရှယ်ယာကို စွန့်လွှတ်ပြီး ကျုပ်တို့ ကိုယ့်ခြံကိုယ့်မြေကို ရောင်းဖို့ စီစဉ် လိုက်ကတည်းက မင်းနားမလည်ခဲ့ဘူးလား"

"အနားမှာ နှိုင်းမရရှိရင် ပေးလိုက်ပါ ကျွန်တော် သူနဲ့ပြောချင် တယ်"

"မရှိဘူး မရှိလို့ပြောနေတာ သူရှိနေရင် ငါတို့ကလေးဘယ်လို ပြတ်သားတယ်ဆိုတာ မင်းကိုတစ်ခါတည်း ပြောခိုင်းလိုက်မှာ"

"ဒါဆိုလည်း သူလာမှပဲ ပြောခိုင်းလိုက်ပါ ကျွန်တော် ဘယ် လောက်ချစ်တာ သူသိတယ်"

"အမလေးလေး လူပါး၀လိုက်တာ ဟော့ ဘယ်ယောကျ်ားမျိုး ကိုမှ ကျုပ်ကသဘောမတူဘူး အဲဒါမှတ်ထားစမ်း"

"ကျွန်တော်ကလည်း နှိုင်းမရကိုပဲယူမှာပါ သူသဘောတူရင် ရပြီ"

"ဘာ...ဘာ"

ဖုန်းပိတ်လိုက်ပြီးမှ ရိုင်းပြုံးပြနေသဖြင့် ခရက်က လှမ်းကြည့် ၏။ ရိုင်းက နံပါတ်တစ်ခုကို နှိပ်နေရင်း...

"ခရက်"

"ဗျာ ဆရာ"





"မင်း အဲဒါထားခဲ့"

"ဟုတ်ကဲ့ ထားခဲ့ပါပြီ"

ခရက်က ကွန်ပျူတာကိုပိတ်၍ ချက်ချင်းထလာ၏။

"ရှေ့နေဦးရွှေမိုးနဲ့ တိုင်းတရားရုံးချုပ် ရှေ့နေကြီးအဘမိုးကို ဖုန်း ဆက်"

"ဟုတ်ကဲ့ ဘာဆက်ရမလဲ"

"ငါ ပြောမယ်"

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ဘယ်လိုမှ မထင်မှတ်ဘဲ ရှုပ်ထွေးလာသည့် ပြဿနာများကြောင့် နှင်းတစ်ညလုံးလည်း အိပ်မပျော်ခဲ့။

ဒေါသဖြစ်လို့ကျလိုက် ရှက်လွန်းလို့ကျလိုက်နှင့် မျက်ရည် တွေကလည်း ချောင်းရေလျှံသလို မိုးသံကြားတိုင်း အင်အားကောင်းနေခဲ့သည်။

တစ်ညလုံး မအိပ်ခဲ့ မနားခဲ့ရဘဲ ခေါင်းတွေလည်း ကိုက်နေပြီ။

"နှင်းလေး အမလေး ညည်းက နေမရိုင်းနဲ့ အစည်းအဝေး တစ်ခုလေးသွားတွေ့ပြီး အဆက်အသွယ်တွေ အကူအညီတွေ ဖြစ်လို့ ကြည့်စမ်း ဦးချောဝေကိုသူက တားလို့ဆီးလို့တဲ့ ဟိုလူကြီးကလည်း သူများပြောတိုင်းယုံပြီး မပြောမဆိုနဲ့ အရောင်းအဝယ်ကို ဖျက်ပြီးမှ ဖွင့်ပြောတယ်"





"ကျုပ်တို့က ဒီလိုမှန်းမသိတော့ သူ့စရံအဆုံးခံပြီး နောက်ဆုတ်သွားတာကို အံ့ဩမဆုံးဖြစ်နေတာပေါ့ လက်စသက်တော့ သင်းက မဟုတ်တာတွေပြောပြီး ကြားကနေ စရံဝင်လျော်သွားသတဲ့"

ဒေါ်မြတ်သက်တို့ ဆွေ့ဆွေ့ခုန်နေကြသည်။ နှင်းဘာမှ မငြင်းနိုင်မငြင်းတတ်ဘဲ ရှိုနေလေ ဒေါသတွေ ပိုဆိုးလေ....။

"သိန်းခြောက်ထောင် သူက ကျောက်ခဲသလဲလို လုပ်ပြ လည်းကျုပ်တို့က ငွေမမြင်ဘူးတာ မဟုတ်ဘူး အထင်တကြီး ဖြစ်စရာအကြောင်းလည်း မရှိဘူး ပြောစမ်းပါ သူကဘာလုပ်တာလဲ ညည်းနဲ့ဘာလဲ ကျုပ်တို့က ယူထားတဲ့ သုံးထောင်ကို ဘယ်သွားလွှင့်ပစ်ရမှာလဲ"

အားလုံးရှုပ်ကုန်သည်။ သူမဘာမှကို မရှင်းတတ်တော့အောင်ရှုပ်ကုန်၏။ ထိုကိစ္စဟာ မနေ့တစ်နေ့ကပေမယ့် နေမရိုင်းနဲ့ နှင်းမရဆိုသော သံတူကြောင်းလွဲ နာမည်နှစ်ခုနှင့် နီးစပ်ဖွယ် မရှိသော လူနှစ်ဦး၏ ထူးဆန်းစွာ ပတ်သက်နေမှုက တစ်မဟုတ်ချင်း ပြန့်ကားသွားခဲ့ပြီဖြစ်သည်။

အားလုံးကို ဘာမှမရှင်းလင်းနိုင်ဘဲ နှင်းဖွင့်တတ်ထွက်လာခဲ့သည်။ ခြံထဲမှာဆင်းထိုင်နေရင်း စိတ်ကူးဖြစ်လာတာမို့ ပိုက်ဆံအိတ်လေး တစ်လုံးပဲဝင်ယူပြီး ပြန်လစ်ထွက်ခဲ့သော နှင်းကို အန်တီမြတ်တို့ခြံထဲမှာလို့ပဲ ထင်ကြလိမ့်မည်။

ထိုပြဿနာရပ်များနှင့် ပတ်သက်၍ အရောင်းအဝယ်တွေ ပျက်ခဲ့တာက သပ်သပ်၊ ညကျမှ မကျေနပ်လို့ထပ်မေးတော့ ဦးချောဝေက



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဒီအကြောင်းဆိုတာကို ဖွင့်ပြောခဲ့၏။

"ဒီကောင် တွေ့မယ်"

ဟု တစ်ညလုံး အံတကြိတ်ကြိတ်နှင့် မိုးလင်းတော့လည်း ဖုန်းဆက်ကြသည်။ တစ်နေကုန်ဆက်တာ မရကြ။

လက်ကိုင်ဖုန်းကော ရုံးဖုန်းကော ဘယ်မှာမှဆက်မရခဲ့ပေ။ နှင်းကိုယ်တိုင် ထိုအဖြစ်ကို ဘယ်လိုမှ မထင်ခဲ့ပါ။ ရှက်လည်း ရှက်သည်။ သူနဲ့ကိုယ်ဖြစ်ခဲ့သမျှကို ဘဝနဲ့ရင်းပြီး အံကြိတ်မျိုသိပ် ထားဖို့အလူးလူးအလဲလဲကြိုးစားနေရတုန်း လူသိရှင်ကြားဖြစ်အောင် သူထလုပ်ပစ်သည်။

မျက်နှာရှေ့ပြေးသွားပြီး စိတ်ရှိလက်ရှိကုတ်ဖဲ့ ရိုက်နှက်ပစ်ချင်မိ၏။ ဒါပေမဲ့ နှင်းမသွားဖြစ်ပါ။

"နေမရိုင်းဆိုသည့် ယောကျ်ားဟာ အရှုံးပေးတတ်တဲ့သူမဟုတ် ဒါဆိုအခု ညည်းဘာလုပ်မှာလဲ နှင်းမရ"

ရင်ထဲမှာ မာနဆိုတာရော ရှိသေးရဲ့လားဟု ပြန်တွေးမိရင်း နှုတ်ခမ်းသားလေးတွေကို ဖိကိုက်လိုက်ထားမိသည်။

ဟိုတုန်းက အားလုံး၏ ဖူးဖူးမှုတ်အလိုလိုက်ခြင်းခံခဲ့ရသည့် နှင်းမရဟာ ခနဂုဏ် အလှဂုဏ်တို့နှင့် မာနတွေ ဖိတ်လျှံနေခဲ့သည့် မိန်းကလေး။

ဘယ်လိုမှ မထင်မှတ် မတွေးဝံ့ခဲ့ဘဲ ရင်ခွင်တစ်ခုမှာ သူမ ဘဝကျဆုံးခဲ့ရပြီးသည့်နောက်မှာ မာနတွေပါ ကြေပျက်သွားခဲ့ပြီလား။ ကိုယ့်ကိုယ်ကိုလည်း ဘာမှန်းမသိတော့ပါ။ သေချာတာ တစ်ခုဟာ





ရိုင်းနဲ့သူမတွေ့ချင်စိတ်မရှိခြင်းပင်။

ကိုယ်ဟာ ကမ္ဘာလောက တစ်ခုလုံးနှင့်ဘာမှမဆိုင်တော့ဘဲ တစ်လောကလုံးက ဖယ်ကျဉ်ခံထားရသည့် လူတစ်ယောက်လိုသေးနုပ်အားငယ်စိတ်များနှင့် ဘာကိုမှ ရင်မဆိုင်ချင်...

အားလုံးကို မမြင်သလို မကြားသလိုနေချင်သည်။ မကြားမမြင်ရပါစေနဲ့ဟု ဆုတောင်း၍ တစ်ယောက်တည်းလျှောက်သွားနေချင်၏။ ထိုထဲမှာ ရိုင်းပြောခဲ့သော အချစ်ကို နှင်းဘယ်လိုမှ ရှာမတွေ့ခဲ့ပေ။ ကိုယ့်ဘဝ ရုပ်ပျက်ဆင်းပျက် နိမ့်ကျသွားခဲ့၍သာ အထင်မြင်သေးစော်ကားခံခဲ့ရသည်ဟု သတ်မှတ်၏။

ထိုအခါ နှင်းမျက်ဝန်းလေးတွေမှာ အမြဲတမ်း အရောင်လက်နေတတ်ခဲ့၏။ ဤသည်တို့ဟာ မျက်ရည်များသာ..

မျက်ဝန်းအိမ် ကဖေးစင်တာလေးက သိပ်မကျယ်ပါ၊ နှင်းက အဝင်ဝ ထောင့်စားပွဲလေးမှာ တစ်ယောက်တည်းထိုင်ကာ မှန်ချပ်၏ အပြင်ဘက်ကို ငေးနေခဲ့ခြင်းဖြစ်သည်။

ဒါပေမဲ့ ပုဗ္ဗရွရှ လှုပ်ရှားသွားလာနေကြသည်မှလွဲ၍ နီတာစိမ်းတာ နှင်းဘာကိုမှ မှတ်သားကြည့်ရှုနေခဲ့တာ မဟုတ်။

အချိန်တွေအတော်ကြီးကြာလာတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိလာတော့မှ မတို့မထိရသေးဘဲ အေးစက်သွားခဲ့သော ကော်ဖီပန်းကန်လေးကို စိတ်မကောင်းစွာနဲ့ ကြည့်မိသည်။

ပိုက်ဆံရှင်းဖို့ အိတ်ကိုကိုင်လိုက်မိစဉ် အထဲက ဖုန်းသံလေး



www.burmeseclassic.com

www.burmeseclassic.com



မြည်လာ၏။ နှိုင်း ထုတ်ယူလိုက်ပြီး....

"ဟဲလို"

"မ"

"ဟင်"

နှိုင်း ကိုယ်လေး တွန့်ခနဲဖြစ်သွား၏။

"မ ခုဘယ်မှာလဲ ဖြစ်နေတဲ့ ပြဿနာတွေကြောင့် စိတ်ညစ်ပြီး တစ်နေရာရာမှာ သွားထိုင်နေတာလား"

ကြည့်စမ်း သူမသိတာ ဘာရှိသေးလဲ။ နှိုင်းဖုန်းပိတ်ပစ်လိုက် ဖို့ လက်က တင်းခနဲဖြစ်သွားစဉ်....

"ဖုန်း မပိတ်နဲ့နော် ပြောစရာရှိသေးတယ် စိတ်ညစ်ညစ်နဲ့ ကျွန်တော့်ဆီရောက်လာမှာမဟုတ်ဘူးဆိုတာ သိတယ် ဒါပေမဲ့ လူရှင်းတဲ့ နေရာတွေ လျှောက်မသွားနဲ့နော် စိတ်မချဘူး"

"ဟွန်း"

"မ ကျွန်တော့်ကို တိုက်ခိုက်ဖို့ မကြိုးစားပါနဲ့ ကျွန်တော်က"

"နေမရိုင်း မင်းမကျေနပ်သေးဘူးလား မင်း.. မင်း ငါ့ဘဝကို ဒီ့ထက်ပိုပြီး အပိုင်းပိုင်း ရိုက်ချိုးဖို့ ကြိုးစားနေဦးမှာလား"

ပြောနေရင်း နှိုင်းငိုသံပါလာ၏။

"မ အဲလိုပဲ ထင်နေလား စိတ်မကောင်းစရာဘဲ ကျွန်တော် က မှန်တယ်ထင်ရင် ရှေ့တိုးဖို့ပဲသိတာ ကတိတွေပေးပြီး အပ်ကြောင်းထပ်ပြီးသား စကားဟောင်းကြီးတွေနဲ့ မနွဲ့တတ်ဘူး"





"မလိုပါဘူးကွ ငါက ပုခက်ထဲက ကလေးမှမဟုတ်တာ မင်း သုံးနေကျစကားလိုပဲ ညွှတ်တဲ့လူခံပေါ့ ငါညွှံခဲ့တာ ထားခဲ့လိုက်လို့ ရတယ် မင်း အခုလုပ်ချလိုက်တာ"

"ဘာဖြစ်လို့လဲ ကျွန်တော် လုပ်သင့်တာလုပ်တာပဲ မက ထားခဲ့ လိုက်လို့ရပေမယ့် ကျွန်တော်က မရဘူး၊ မ ကို ပိုင်ဆိုင် ခွင့်မရမချင်း ဒီလိုပဲ အိုးနင်းခွက်နင်းဆက်ဖြစ်ဖို့တွေ ရှိသေးတယ်၊ ခုပဲ မရဲ့ အဒေါ်တွေ ဖုန်းဆက်တယ်"

"ဟင်"

"အများကြီး ကြေညာသွားတယ်ဗျာ ကျွန်တော် မ မျက်နှာ က လေးတစ်ခုတည်းနဲ့ တစ်သက်လုံးမှာ ပထမဆုံး သည်းခံပေး လိုက်တာ ဒါပေမဲ့ မရဘူး ပြောသွားတာ အရမ်းရင့်တယ် ကျွန်တော့်ဘက်က ဒီလိုဝင်ရှင်းလိုက်တာ ရှင်းပိုင်ခွင့်ရှိလို့ ရှင်းလိုက်တာမှန်းသိအောင် တော့ တုံ့ပြန်ရမှဖြစ်မယ်"

"ဘယ်လို မင်းဘာပြောတယ် ရိုင်း ငါကကြောက်မှန်းသိလို့ ဒါကို ပဲ မင်းထည့်ပြောပြီး အနိုင်ယူနေတာလား"

"မတတ်နိုင်ဘူး ညွှတ်တဲ့လူကို ကျွန်တော်က အထင်မကြီးဘူး မ ကျွန်တော် ကိုယ်တိုင်လည်း ဘယ်တော့မှ လူညွှံမဖြစ်ရဘူး၊ နေမရိုင်း စိတ်ကူးမယဉ်တတ်ဘူးဆိုတာ အခုကြေညာတော့မယ် မ ကို အသိပေး တာပါ"

"ရိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ကျွန်တော် နားထောင်နေတယ်"

နှိုင်းပြောမည်ပြင်ပြီးမှ အံကြိတ်သည်။ ငုံ့လျှိုးနေသည့် မာန စိတ်လေးက ခံနေ့သေးရာ အသနားခံတောင်းပန်ဖို့ကျတော့လည်း ခွင့်မပြုခဲ့ပါ။

"မင်းပြောတိုင်း သူတို့ယုံမှာမဟုတ်ဘူး အဲဒါ မင်းနားလည် ဘာဖြစ်လို့လဲဆိုတော့ ငါက ဟင့်အင်းလို့ ခေါင်းခါလိုက်တာနဲ့ မင်း ပြောသမျှ အလကားဖြစ်သွားမှာမို့လို့"

ခြိမ်းခြောက်လိုက်တာမဟုတ်။ ဒါဟာ အမှန်တရားပဲ ဖြစ်သည်။

"မ အဲဒီလိုထင်ပြန်ပြီလား"

မေးပြီး ရှိုင်းအသံခဏ ပျောက်သွားကာ...

"မကို ကျွန်တော်အနိုင်မယူချင်ဘူး မ ကိုနိုင်လို့လည်း ပျော်မှာမ ဟုတ်ဘူး ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ချစ်နေတဲ့ မိန်းမကို ချစ်ချင် တာပဲရှိတယ် မနိုင်ချင်တာ တကယ်ပါ ဒါပေမဲ့"

သူ တိတ်ကျသွားပြန်သည်။ နှိုင်း ပင့်သက်ရှိုက်၍ နားစွင့် ထားခဲ့ မိ၏။ နေမရှိုင်း ဘယ်တော့မှ လက်ပြကျန်ခဲ့မှာ မဟုတ်ဘူး ဆိုတာ မသိစိတ်က လက်ခံနေခဲ့မိသောကြောင့်...

"မ"

"............"

"နားထောင်နော် အခု ကျွန်တော်က မ ကို ပိုင်ဆိုင်ပြီးကြောင်း လေတွေနဲ့ ပစ်နေမှာမဟုတ်ဘူး မီစီဒီပြားလေးတစ်ချပ်ပို့ပေးလိုက်မှာ"





"ဘာ"

"အဲဒါကို ဖွင့်ကြည့်ပြီးရင် သူတို့ လက်ခံသွားမှာပါ နေမရှိုင်း ဘယ် တော့မှ လေမပစ်တတ်ဘူးဆိုတာလည်း ယုံသွားလိမ့်မယ်"

"ဟင်...မင်း"

"ကျွန်တော် မနဲ့ ဆွေးနွေးဖို့စောင့်နေမယ် နေမရှိုင်းဆိုဒ်ခွဲ (3)ကို လာခဲ့ပါ"

"ရှိုင်း"

နှိုင်း ပတ်ဝန်းကျင်ကိုမော့ကြည့်ကာ ရှိုင်းကိုခေါ်ရင်း ထရပ် လိုက်မိသည်။ ငယ်ထိပ်မြွေပေါက်ခံရသလို နှိုင်း မသိစိတ်တွေ မူးမိုက် ပြာဝေကုန်၏။

တက္ကစီတစ်စီးတား၍ ဝင်ထိုင်လိုက်ချိန်တွင် စိုထန်းထန်း လက်ဖ ဝါးနှစ်ဖက်ဟာ အေးစက်နေခဲ့လျက်....

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

မိန်းမတစ်ယောက်၏အလှကို သူမမှတစ်ပါး ဘယ်တစ်ယောက်ကိုမှ စေ့စေ့ကြည့်၍ မခံစားခဲ့ဘူးပါဆိုလျှင် ဘယ်သူယုံ ယုံမယုံယုံ ရိုင်း ဘက်ကတော့ အမှန်တရားပဲဖြစ်သည်။

ဒေါက်မြင့်ချွန်ချွန်စီးဖို့မလိုဘဲ အရပ်မြင့်၍ အလွန်လှသော ကိုယ်လုံးနှင့် နှိုင်းဆိုသော မိန်းမတစ်ယောက်သည် ဘေး၊ နောက် သို့မဟုတ် ခပ်လှမ်းလှမ်းက ဘယ်က မြင်မြင် မျက်နှာကိုပါ ပြေးကြည့်ချင်လာအောင် ဆွဲဆောင်မှုအပြည့်ရှိ၏။

ပြီးတော့ အမြဲတမ်းလိုလို မျက်မှောက်ကုတ်တတ်သည့် မျက်ခုံးနက်နက်လေးတွေ၊ မျက်ခွံပြေပြေမှာကော့တက်နေတတ်ကြသော မျက်တောင်ရှည်ကြီးတွေနှင့် အပြစ်ဆိုစရာရှာမရအောင် ဝင်းဝင်းစက်စက် မျက်နှာလေးရှိတာလည်း နှိုင်းမရပဲ ဖြစ်လေသည်။





ရိုင်း၏ ကြည့်တတ် မြင်တတ်စ နှလုံးသားမျက်အိမ်မှာ ပထမဆုံး စွဲထင်ခဲ့သော ထိုမျက်နှာလေးဟာ ဒီနေ့ထိ စွဲမြဲဆဲမှာ ပို၍ပင် လှပနေခဲ့ပါ၏။

ရိုင်းသည် လက်ထဲမှာ မကျေမနပ်ထည့်ပေးထားခဲ့သော ကျစ်နေအောင်ဆုပ်ထားသည့် မာကျောကျောလက်ကလေးကိုပဲ လွတ်ထွက်မသွားအောင် ဆုပ်ကိုင်ထားရသည်။

ထို့နောက် သူမ လက်ကလေးကိုဆွဲ၍ အသစ်စက်စက် ဆောက်ထားသည့် နားနေဆောင်ကြီးထဲသို့ ခေါ်လာခဲ့သည်။

"ထိုင် မ တစ်ခုခုစားပါလား"

အဆောက်အဦးကြီးက ကျယ်ဝန်းကား စေ့ထားသည့် အခန်းကို လှမ်းမြင်နေရ၏။ သူမကို အလုပ်စားပွဲရှေ့မှာပဲ ထိုင်ခိုင်းပြီး ရိုင်း က ဘေးမှာခုံဆွဲထိုင်၏။

ထမီအဖြူပွင့်နှင့် ဆွယ်တာလက်ရှည်လေးကို ဝတ်ထားသော နှိုင်းသည် ရှည်လျားသော ဆံပင်တွေကိုနောက်မှာ အဖြူရောင် ရှေ့ကွင်းလေးနှင့် စုသိမ်းထားကာ သေသေချာချာကြီး မဟုတ်ဘဲ လှနေသည်။

အကြိတ်အနယ်ငိုထားပုံရှိသည့် မျက်နှာပြောင်လေးမှာ ပါးမို့လေးတွေက သွေးခြည်ဥသလို နီးမြန်းနေသည်။

ဘယ်တော့မှ တင်းခြောက်နေတာ မမြင်ခဲ့ဘူးသော နှုတ်ခမ်းပြည့်ပြည့်လေးတွေကကလည်း ဘယ်၍ဘယ်မျှ ဖိကိုက်ခံနေရ မှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ ဆေးဆိုးထားသလို ရဲတွတ်နေရှာ၏။

နားသယ်စဆံစကလေးတွေ ကပိုကရိုကျလျက် သူ့ကို မှန်းတီး နာကြည်းသော်လည်း ရောက်လာရှာသော နှိုင်းကို စူးစိုက်ကြည့်ကာ ရိုင်းစိတ်တွေ ဘာဖြစ်ကုန်မှန်းမသိ။ ရင်ခွင့်ထဲမှာ ယုယ ထွေ့ပွေ့ကာ ချော့မော့ပေးချင်သည်။

တဒိန်းဒိန်း ဆောင့်ခုန်နေသည့် ရင်ခုန်သံတွေ ငြိမ်ငြိမ်သက် သက် အသားကျသွားတဲ့အထိ မြတ်မြတ်နိုးနိုး နမ်းရှိုက်ချင်၏။

သို့သော် ရိုင်း နေရာမှ ထရပ်လိုက်မိသည်။ အမြဲတမ်း ဒီလို ပဲ ဖြစ်သလို ချထားခဲ့သည့် ဆံပင်ခပ်အုပ်အုပ်တွေထဲ လက်တို့ ထိုးသွင်း၍ မညှာမတာ ပွတ်မိပြန်သည်။ ပြီးတော့ ပြန်၍ဖိသပ်ကာ နှိုင်း၏ နောက်ကျောနောက်ရောက်အောင် ထလျှောက်သွားမိ၏။

"မင်း ဘယ်လိုဒုက္ခတွေပေးဖို့ ကြံစည်နေပြန်ပြီလဲ ရိုင်း"

ပြောမထွက်၍ ပြောဖို့ကြိုးစားရင်း သူပြောလာမလားဟု စောင့် နေနဲ့သည့် နှိုင်းသည်းမခံနိုင်ဘဲ ထရပ်သည်။

"ငါ ဘာဖြစ်လို့ရောက်လာတာလဲ မင်းသိတယ်မို့လား"

"သိတယ် မ ခဏထိုင်ပါဦး မနဲ့ ကျွန်တော် သေချာဆွေးနွေး ချင်တယ်"

"ထိုင်ဖို့မလိုဘူး ရိုင်း"

နှိုင်းက လှိုက်ခါနေသည့် အသံကို တည်ငြိမ်အောင် ထပ်၍ ကြိုးစားပြီးမှ ဆက်ပြောသည်။





"မင်းက ဒီလိုဖြစ်ဖို့ ကြိုတင်ကြံစည်ထားတဲ့သူ မင်းနိုင်ပါ တယ် ဘာဖြစ်ချင်သလဲ ဘာကိုလိုချင်သေးလဲ အသက်နဲ့အရှက် ကိုလဲဖို့ ငါအ သင့်ပဲရိုင်း ဒီခွေကိုရဖို့အတွက် ဖြစ်ချင်သလိုပြော"

"ဘာ ဘာပြောတယ် မ ကြိုတင်ကြံစည်ထားတာ ဟုတ်လား"

နှိုင်းက ထပ်မပြောဘဲ မဲ့၍မျက်နှာလွှဲသည်။ ရိုင်းက နှိုင်းမျက် နှာလေးကို သူ့ဘက်ပြန်လှည့်ယူကာ...

"ကြိုတင်ကြံစည်ခဲ့တာ ဘာမှမရှိဘူး မ ရှယ်ယာရှင်တွေ အစည်း အဝေးလုပ်ခဲ့တာက ဟိုတယ်မှာ၊ အဲဒီဟိုတယ်က အိပ်ခန်းတွေထဲမှာ ရုပ်မြင်ကင်မရာတွေရှိတယ်"

"ဟုတ်လား"

နှိုင်းက ခနဲ့၏။ ဟိုတယ်ခန်းတွေထဲမှာ ဗီဒီယိုတစ်ညလုံးဖွင့်ပေး ထားသည်ဆိုတာ ကြားဖူးသည်၊ ကင်မရာရှိတယ်ဆိုတာတော့ မသိပါ။

ဘာပဲဖြစ်ဖြစ် ရှုံးခဲ့ပြီးသည့် ကိုယ်ကတော့ မထူးတော့ပါ။ နာကျင် သည့် ရင်အစုံက မီးပြင်းတိုက်ထားသော ဒယ်အိုးထဲမှာ ထည့်လှော်ခံ နေရသည့် ငါးတစ်ကောင်လို....

မျက်ဝန်းမှမျက်ရည်တွေ ဝေ့တက်လာရင်း သူ့မျက်နှာကို နာနာ ကြည်းကြည်း လှည့်ကြည့်မိသည်။ ပြီးတော့ မေးဖျားမှာ ပင့်ကိုင်ထား သည့်လက်ကို ပုတ်ချပစ်လိုက်ပြီး...

"အဲဒီအခွေ ငါ့ကိုပေးပါ"

"မ ဘာလုပ်ဖို့ လိုချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် မင်း မေးရက်တယ်နော် အဲဒါ ငါ့ဘဝ ငါ့သိက္ခာ"

"အဲဒါ ဘာဖြစ်လဲ အဲဒီသိက္ခာတွေ ဘဝတွေကို ကျွန်တော် လိုချင်လို့ မက်မက်မောမော သိမ်းပိုက်ခဲ့တာ မ ကျွန်တော့် ရင်ခွင်ထဲကို လာဖို့ကျတော့ ဘာဖြစ်လို့ မစဉ်းစားတာလဲ သွေးဆာတတ်ရင် ဖြေစရာတွေ အများကြီးပဲ မ ကျွန်တော် အဲဒီလိုကောင် မဟုတ်ဘူး မ ကို တကယ်စွဲလမ်းခဲ့တာ ချစ်တဲ့စိတ်နဲ့ သိမ်းပိုက်တာကို စော်ကားတာလို့ပဲ ဘာဖြစ်လို့ မြင်နေတာလဲ"

နှိုင်းသူ့ကို ဆတ်ခနဲမော့ကြည့်သည်။

"မင်းက ကိုလိုနီပဲရိုင်း သိမ်းပိုက်ဖို့ပဲ တတ်မှာပေါ့ ဒါပေမဲ့ မင်း မှန်ပါတယ် ငါက မင်းရဲ့ ခြေဖဝါးအောက်ရောက်ခဲ့ရတဲ့ အဆင့်ဆိုတော့ ခြေတော်တင်ဝံ့တာ မဆန်းပါဘူး မိန်းမတစ်ယောက်ရဲ့ တန်ဖိုးကို ဘယ်ထည့်တွက်မလဲ"

"ဟာ..ကွာ...တောက်"

"ဝုန်း...ခွမ်း"

ရိုင်းက ကွန်ပျူတာကို လက်ပြန်ရိုက်ချပစ်လိုက်သည်။ ပြီးတော့ စားပွဲကိုပါ တအားလွှဲကန်ပစ်လိုက်၏။

ရိုက်ချက်ကော ကန်ချက်ကော ပြင်းပြင်းထန်ထန် မြည်ဟီးကာ ကွဲရှလဲပြိုသွားခဲ့၏။

လူရွယ်နှစ်ယောက် တံခါးဝမှာ လှစ်ခနဲ ပေါ်လာ၏။ သို့သော် ချက်ချင်းပြန်ပျောက်သွားကြသည်။





နှိုင်းလွင့်စင်ကွဲကျကုန်သမျှကို ငေးကြည့်ရင်း မျက်ရည်တွေ တပေါက်ပေါက်ကျလာ၏။

နေမရိုင်းဆိုတာ အဲဒီလို ပေါက်ကွဲတတ်တဲ့ ယောကျ်ား၊ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်၍ တသိမ့်သိမ့် ငိုချလိုက်၏။

"မ"

ရိုင်း မျက်နှာပျက်သွားကာ နှိုင်းရှေ့ရောက်လာ၏။

"ဆောရီး ကျွန်တော် မှားသွားပါတယ် မကို ခြောက်လိုက် သလိုဖြစ်သွားသလားဟင် မဟုတ်ပါဘူး ဘယ်လိုမှ ရှင်းမပြတတ် တော့ဘဲ ရင်ထဲမှာတအားမွန်းသွားလို့ လုပ်ပစ်လိုက်တာ မ ကျွန် တော်ပြောသမျှကို နည်းနည်းလေးဖြစ်ဖြစ် အကောင်းဘက်က မြင်ပေးစမ်းပါ မ ကို ကျွန်တော်ချစ်တယ်။ မရဲ့ အမြင်မှာ ပြီးတော့ လူတွေအမြင်မှာ ခုမြင်ခုကြိုက် ဘယ်လိုဖြစ်ဖြစ် ကျွန်တော့ဘဝ အစ ရည်ရွယ်ချက် အနာဂတ်အားလုံးဟာ မ ပဲ ဒီရင်ဘတ်ကြီးထဲ မှာ စုဆောင်းအုံဖွဲ့ထားခဲ့တာ ဘယ်လောက်ကြာပြီလဲ အဲဒါ ဘယ်သူသိသိ မသိသိ မနဲ့ ကျွန်တော်သိတယ် ကျွန်တော် ချစ်ခဲ့သလို မ မချစ်ခဲ့ဘူး၊ ဒါပေမဲ့ ကောင်လေးဆိုတဲ့ ဘဝက အမြင်တစ်ခုတော့ မ ရင်ထဲမှာ ရှိခဲ့ဖူးတယ်မို့လား"

ရိုင်း မချင့်မရဲစိတ်နှင့် နှိုင်းပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင် ပင့်ထူလိုက်၏။ နှိုင်းမျက်နှာလေး ရှိုက်သံမပွင့်တပွင့်နှင့် မော့ကြည့်လာသည်။

"မြင်မြင်ချင်းကြံစည်ပစ်တဲ့ကောင်ဆိုပြီး မ ဘယ်လိုမှ မေ့ပစ်ထားလို့မရဘူး ဖြစ်နေတယ်မို့လား ကျွန်တော် ချစ်ခဲ့တာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြာပြီလဲ မရယ် အဲဒီ ကာလတွေကို ကျွန်တော် အားကိုးခဲ့တာ မကို အနိုင်ကျင့်စော်ကားမိတာ ဒါပေမဲ့ အဲဒါတွေက အချစ်တွေပါ။ ဒီ့ထက် ကျွန်တော် ပိုမပြောတတ်ဘူး”

နှိုင်းက နီးကပ်နေသည့် သူ့မျက်နှာကို စူးစူးရဲရဲမော့ကြည့်၍ စကားလုံးစီသည်။ ရိုင်းက နှိုင်းတစ်ခုခုပြောလာတော့မည်ကို သိနေသည်မို့ နှုတ်ခမ်းသားတွေကို ကြည့်၍ တိတ်တိတ်ဆိတ်ဆိတ် စောင့်၏။

“မင်းကို ငါမုန်းတယ်”

ရိုင်း နှုတ်ခမ်းနှစ်လွှာ တင်းခနဲစေ့သွား၏။ လက်မောင်းသားလေးတွေမှာ ဆုပ်ကိုင်ထားသည့် လက်နှစ်ဖက်က တင်းကျပ်စွာဆုပ်ညှစ်မိပြီး ဖြစ်သွား၏။

ထို့နောက် မကြားချင်သည့် မျက်ဝန်းတို့ကို မှိတ်ပစ်လိုက် ကာခေါင်းကိုဆတ်ခနဲ ခါထုတ်ပစ်လိုက်သည်။

“ရတယ် မုန်းပါ ကျွန်တော့်နားမှာထိုင်ပြီး မုန်းနေပါ။ ကျွန်တော့်ရင်ခွင်ထဲမှာပဲ မ နေပေးပါ ကျွန်တော့်ကို လက်ထပ်ဖို့ သဘောတူရင် ကျေနပ်ပြီ”

မျက်လုံးချင်းဆုံဆည်းနေမိရင်း နှိုင်း မလိုလားစွာ မှိတ်ချပ်သည်။ ရိုင်းက မျက်တောင်ကော့ကော့လေးတွေကို ငုံ့နမ်း၏ ပြီးတော့ ပါးပြင်လေးတွေ...ပြီးတော့....

နှိုင်း ကိုယ်လုံးလေး ရိုင်း ရင်ခွင်ထဲမှာ နစ်မြုပ်သွားလေသည်။

★★★





အခန်း (၂၄)

“လုံးဝတောင်းရမ်းဖို့မလိုဘူး ဘယ်တော့မှ သဘောမတူဘူး”

တုံ့ပြန်သံက ပြင်းထန်လှသည်။

ဖုန်းဆက်တော့လည်းမကိုင် စကားလူကြုံပါးလို့လည်းမရ၊ နောက်မကြာခင်မှာပဲ သမီးအဖြစ်မှ စွန့်လွှတ်ခြင်း သတင်းစာမှာ ပါလာ၏။ နှိုင်း မငိုတတ်တော့ပါ။

စကားလုံးပေါင်းများစွာပျောက်ဆုံးခဲ့ပြီဖြစ်သည့် နှုတ်ခမ်းလွှာတို့သည်လည်း လှုပ်ခတ်ဖို့တောင် မေ့နေခဲ့ပါပြီ။ မျက်ရည်တို့လည်း ခန်းခဲ့ပြီထင်သည်။ ဒါမှမဟုတ် ဒီလိုပဲ ဖြစ်လာမယ်ဆိုတာ မျှော်လင့်ထားပြီးသားမို့ ခံနိုင်ရည်ရှိခဲ့သည်လား။

အမြဲတမ်း အလုပ်ရှုပ်နေတတ်သည့် နေမရိုင်း၏ အရှင်သခင် ရိုင်းတစ်ယောက်ကတော့ အလွန်လှပထည်ဝါသော ဂုစ်ထပ်တိုက် မြင့်ကြီးထဲမှာ နှိုင်းကို ခြွေရံသင်းပင်းများနှင့်ထားကာ ...မိုးလင်းက မိုးချုပ်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်နေတတ်ပါ၏။

ဖုန်းခဏခဏ ဆက်တတ်ပေမယ့် သူခေါ်တိုင်းလည်း နှိုင်း မကိုင်ပါ။ သူ ခေါ်ခိုင်း၍ ကောင်မလေးတွေ ဖုန်းကိုင်ပြီး ပြောလာတိုင်းလည်း ခေါင်းခါပစ်မိ၏။ တစ်ခါတစ်လေ အိပ်ယာထဲမှာလှဲ၍ တစ်ဖက်လှည့်နေလိုက်ခြင်းဖြင့် ရှောင်သည်။

"မ ပျင်းရင် ခြံထဲမှာ ဆင်းကစားကွာ ကစားကွင်းရှိတယ် ရေကူးကန်မှာရေသွားကူးနေ ကန်က သိပ်လှတာ မရဲ့လာ ဆင်းကြည့်ရအောင်"

လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးကြပြီးတော့ လင်မယား ဆိုတာဖြစ်လာသည်။ ဒါပေမဲ့ သူနဲ့ကို မျက်နှာချင်းဆိုင် ရင်းနှီးကြဖို့ အချိန်မရှိခဲ့ပေ။

ည ညဥ့်နက်မှပြန်လာသည်။ နှိုင်းက မုန်းနေတဲ့သူ ပြီးတော့ မိဘစွန့်ပစ်ခံထားရသည့် ကြေကွဲမှုနှင့် မိန်းမ၊ သူက စိတ်မြန် လက်မြန် ကဗျာမဆန်ချင်တဲ့သူ....

ရောက်လာတာနှင့် ခဏလေးအကြာမှာ စကားများရ ရန်ဖြစ်ရ။ နှိုင်းလည်း တံခါးပိတ်သည်။ ရှိုင်းကလည်း အပြင်ကနေ တံခါးတောင် မခေါက်ပါ။

ဒီလိုနှင့် မိုးလင်းသွားသည်။ ပြီးတော့လည်း သူပဲ နှိုင်းနောက် တကောက်ကောက် လိုက်၍ချော့သည်။

အပြင်သွားခါနီးတိုင်း ကောင်မလေးတွေကို မှာနေလိုက်တာ





မပြီးနိုင်...

"မ ကျွန်တော် ဖုန်းဆက်ရင် ကိုင်နော်"

ဟု မှာပြီးတိုင်း နှိုင်း ပုခုံးလေးကိုဖက်၍ ဆံပင်တွေကို နမ်းတတ်၏။ သူဟာ ချစ်တတ်သူပါပဲ။ ဒါပေမဲ့ စိတ်မြန်တတ်တာ ဒေါသဖြစ်လွယ်တာက တစ်ခါတစ်ခါ အချစ်ကိုတောင် ဘေးဖယ်ပစ်ချင်တဲ့အထိ။

မင်္ဂလာမဆောင်ဘူးဆိုတာလည်း သူကိုယ်တိုင် တစ်ကိုယ် ရေဘကာယနေလာခဲ့သည်မို့ အလုပ်ရှုပ်နေတာတွေကိုလည်း ဖြတ်မရသည်နှင့် နှစ်ဦးသဘောတူ လက်မှတ်ထိုး၍ပင် အကျဉ်းချုံးခဲ့သည်။

ညည့်ခံပွဲလုပ်ဖို့ကို ခေါင်းခါတော့ ရှိုင်းဒေါသတွေထန်သွားသည်။

"အဲဒါ ဘာဖြစ်လဲ ကျွန်တော်က မိန်းမယူလိုက်တာကို လူသိခံရဲ့ဘဲ တိတ်တိတ်ပုန်း ဒီအတိုင်းကြီးနေသွားရမှာလား နှိုင်းမရ ဆိုတာမိန်းမကွလို့ ကြွေးကြော်ခွင့်မရှိတော့ဘူးလား မရဘူး ဒီနေ့ကစပြီးကို ဘယ်ကောင်မှ စောင်းကြည့်ခွင့်မရှိဘူး"

"ရှူးမနေနဲ့"

ဟု နှိုင်းက အော်တော့ နှိုင်းပခုံးတွေကို အတင်းဆွဲခါပြီး ထိုညက စကားတွေများကြတာ အကြီးအကျယ်ပါ။ မနက်ကျတော့ ရှိုင်းကပဲ ချော့သည်။ ဒေါသဖြစ်ပြီဆိုအော်သည်။ ပြောချင်တာတော့ ပြောပစ်လိုက်သည်ပင်။ နှိုင်း မျက်ရည်ကျတော့လည်း ခြေမကိုင်မိ လက်မဆိုင်မိ။



www.burmeseclassic.com

စကားမပြောဘဲ မျိုးသိပ်တိတ်ကျသွားတော့လည်း မနေနိုင်
အပြင်က ပြန်လာတိုင်း ကလေးတွေကို မိဘတွေက မုန့်ဝယ်လာတ
သလို ရှိုင်းကိုတော့ နှိုင်းအတွက် လက်ဝတ်ရတနာတွေပဲ ပါလာတ
၏။

"ဘာလုပ်ဖို့လဲ ဒါတွေ တို့ဝတ်ဖူးတယ်"

"ဝတ်ဖူးတာ သိတယ်လေ ဟိုမှာက မိဘကဆင်တာ ဒါ
ယောကျ်ားကဆင်တာ မက ဝတ်ဖူးပေမယ့် ကျွန်တော်ကခုမှ ဝ
ဖူးတာ ပိုက်ဆံတွေလိုမှ ရှာပြီး ဘာသုံးရမှန်း မသိဘူး ခုမှပဲ အဆ
ပြေသွားတယ်"

ဟု ပြော၍ ရယ်သေးသည်။ သူရယ်နေတာကို မြင်နေပေမ
နှိုင်းတစ်ခါမှ မပြုံးမိခဲ့ပေ။ နှိုင်းကိုပြုံးရယ်လာအောင်လည်း သူမစွ
နိုင်။

ရန်ဖြစ်ကြ စကားများကြ သူချော့မော့ပြောလာတာတွေ ခ
ကြာတာနှင့် ကားပေါ်ရောက်သွားတော့သည်။

သူနဲ့နှိုင်း စကားပြောအဆင်ပြေတာ မနက်ပိုင်းအလုပ်သွား ခ
အချိန်ပဲဖြစ်၏။ ပြန်လာတဲ့အချိန်က ရန်ဖြစ်ချိန်။ လက်ထပ်ပြီး က
လည်း ဟာကူးတာကခွဲအိပ်ဖို့ မလိုဘဲ သပ်သပ်စီအိပ်နေခဲ့ ကြတာဒီ
ထိပါ။

တစ်ညတစ်လေ တံခါးလာခေါက်ဖူးသည်။

"မ ဖွံခါးဖွင့်ပါဦးကွာ မောင် အိပ်မပျော်လို့"





သူ့ကိုယ်သူ မောင်လို့ ပြောတတ်ဖူးသော်လည်း နှုးညံ့တတ်ဖို့
ကြိုးစားနေဆဲ သူ့နှုတ်ဖျားမှာ မမြဲသေးဘူးထင်သည်။

ပြောသမျှ ဖြစ်ခွင့်မရလျှင် မျက်နှာကြီးညိုကာ တစ်ခါ တစ်ခါ ချာခနဲ
ထ ညှိထွက်သွားတတ်ပြီး၊ တစ်ခါတစ်ခါကျတော့လည်း...

"နေ မကြိုက်သလိုသာနေလိုက် ဒီကောင်က လိုမှခံဖို့ ဆုံးဖြတ်ပြီး
သား"

ဟု ခပ်ရွဲ့ရွဲ့ အော်သွားတတ်၏။

နှိုင်းအဖြစ်က ဘာလဲ၊ အိမ်ထောင်သည် ဖြစ်နေရသော်လည်း အိမ်
ထောင်ရှင်မ မဟုတ်လွတ်လပ်စွာနေခွင့်ကျတော့လည်းမရ။

အိမ်မှာ ဝေယျာဝစ္စလုပ်တာချည်းပဲ မိန်းကလေးနှစ်ယောက် နှိုင်း
သားမှာ အမြဲရှိနေတာက သူသူဖော်ဆိုသည့် ကောင်မလေး။ သူ့ကို
ဖော်ဟု ခေါ်လေသည်။

သူမဟာ နှိုင်းဘေးမှာ အရိပ်လိုရှိနေတတ်ကာ နှင်ထုတ်မှ ခပ်
သိမ်းလှမ်းမှာ သွားနေတတ်တဲ့ မိန်းကလေးဖြစ်၏။

သတင်းစာဟောင်းကိုပဲ ဒီစားပွဲမှာထိုင်မိတိုင်း ထုတ်ကြည့် နေခဲ့မိ
တာကို မိဖော်က နားလည်သွားကာ ဒီမနက်မှာတော့ သတင်းစာကို
သူမသိမ်းသွားပြီမှန်းသိလိုက်၏။

မျက်နှာရိပ် မျက်နှာကဲ သိလွန်းတဲ့သူဖြစ်လျက် မိဖော်က လည်
ညည်။

ဒါပေမဲ့ သူမတို့အားလုံး ပါးနပ်လည်ဝယ်နေကြတာ ရှိုင်းအပေါ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေကြခြင်းသာမို့ နှိုင်းက ပီတိမဖြစ်ပါ။

"မိဇော်"

"ရှင် မမလေး"

မိဇော်က အမှိုက်ခြင်းကြီး တံခါးဝမှာ ချခဲ့ပြီး နှိုင်းဆီပြေးဝင်လာ၏။ လူက ဝဝပုပုလေးဖြစ်သော်လည်း ဘယ်နေရာဖြစ်ဖြစ် မိဇော်က ပေါ့ပါးသည်။

"မမလေး ဘာခိုင်းမလို့လဲဟင်"

"ဒီအောက်ထပ်က သတင်းစာတွေကော"

မိဇော်က မျက်နှာလေးငုံ၍...

"ကျွန်မ အဟောင်းထုပ်ထဲ ထည့်ပစ်လိုက်တာပါ"

"သွားပြန်ယူ"

"ရှင်"

မိဇော်က မျက်လုံးပြူးလေးနှင့် မော့လာကာ...

"မနေ့ညကမှ ကုလားဆိုင်မှာ အချိန်နဲ့သွားရောင်းပစ်လိုက်တာ ဟိုအစ်ကိုလေးက သတင်းစာ ဂျာနယ်အဟောင်းတွေ ရောင်းတဲ့ဟာ မှန့်ဖိုးယူလို့ မှာထားတာနဲ့ ကျွန်မတို့သုံးယောက်"

"ဘာ"

"ဟို ဒီလိုပါ တစ်လကုန်မှ တစ်ခါပါမမလေး တကယ်က သုံးလကြိုက်ခါကျမှ ရောင်းဖို့ရက်ပါ မစိုးက ဖိနပ်ဝယ်ချင်တယ်ဆိုလို့"

"တော်ပြီ သွားတော့"

"ဟုတ်...ဟုတ်ကဲ့"





မိဇော်တမင်လုပ်တာမှန်း သိသော်လည်း အကျိုးအကြောင်း သဖြင့် ဘာမှပြောလို့မရဘဲ ဖြစ်သွားသည်။

ထိုစဉ် ဖုန်းသံလေး မြည်လာ၏။ အခန်းဝရောက်မှ မိဇော် တုံ့ခနဲရပ်သွားသည်။ ကိုယ်နှင့်နီးမှာပဲမို့ နှိုင်းက ဖုန်းကို လှမ်းယူလိုက်၏။

ဒီတော့မှ မိဇော် ကုတ်ကုတ်လေးထွက်သွားသည်။

"မ လား"

"အင်း...ဘာပြောစရာရှိလို့လဲ"

"မ"

နှိုင်း ဖုန်းကိုင်လိုက်သဖြင့် ရိုင်းအသံက ဝမ်းသာအားရ ဖြစ်သွားကာ...

"မကို အခု ကျွန်တော်လာခေါ်မယ် ဒီနေ့လယ်အလုပ်ခဏ အားလို့ ကျိုက္ကလော့ဘုရားကို သွားမယ်လေ"

"မသွားချင်ဘူး"

"မရဘူး ဆယ်မိနစ်အတွင်း ကျွန်တော်ရောက်မယ် ဒါပဲနော်"

သူအားတဲ့အချိန်မှာ အပန်းဖြေပေးဖို့ နှိုင်းက အဆင်သင့် စောင့်နေပေးရမှာလား။

ဖုန်းကိုတောင် မချဘဲ နှိုင်း ဆိုဖာပေါ်မှာ ငုတ်တုတ်လေး အတိုင်းနေရာမရွေ့၊ အချိန်အနည်းငယ်အတွင်းမှာပဲ ရိုင်းရောက်လာသည်။

"ဟား တကယ့်ကို ကျောက်ရုပ်ထိုင်နေတာကွ"

အိမ်ပေါ်ပြေးတက်လာပြီး ရယ်ချင်သလိုလို ညည်းသလိုလိုနှင့် နှိုင်းရှေ့မှာ လာရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားမယ် ထ"

နှိုင်းက ဆိုဖာမှာ မှီချလိုက်ပြီး မတုန်မလှုပ် ပြန်မော့ကြည့်၏။

"ဘယ်ကိုလဲ အွှယ်သူက လိုက်မယ်ပြောလို့လဲ ဘယ်မှသွား ချင်စိတ်မရှိဘူး"

ရိုင်းကလည်း ဂရုမစိုက်၊ နှိုင်းလက်ကောက်ဝတ်လေးကို အမိအရဆုပ်၍ ဆွဲကိုင်ကာ...

"ဘယ်သွားချင်မလဲ တစ်ယောက်တည်း နေရတာ ကြိုက်တယ်မို့လား ခင်ဗျားက ကျေနပ်နေပေမယ့် ဒီမှာအလုပ်က မအား ပြန်လို့လည်းမရ၊ ဖုန်းဆက်တော့ ကိုင်ချင်မှကိုင် အနားကပ်တော့ မခံနဲ့ ကိုယ့်ကိုကိုယ် ဘာကောင်မှန်းကို မသိတော့ဘူး"

ပြောပြီး နှိုင်းကိုယ်လေးပါလာအောင် လက်ကိုမရမက ဆွဲယူ၏။

"ရိုင်း ငါမလိုက်ဘူးလို့ ပြောနေတယ်နော်"

"မရဘူး နေ့လယ်နေ့ခင်း ပူးရှားပါးပါးအားတာ မရယ် ထပါကွာ"

နှိုင်းဘယ်လိုမှ ငြင်းမရဘဲ မျက်နှာမသာမယာနှင့်ပါလာ၏။

ပန်းရင့်ရောင် ထမီစကတ်အကြပ်လေးနှင့် ပန်းရောင်နုနု လက်ပြတ်လေးဝတ်ထားသော နှိုင်းပုံစံလေးက အိမ်နေရင်းပုံလေး အတိုင်း ဆွဲချလာခဲ့တာတောင် ပန်းရင့်ရောင် တစ်ကိုယ်လုံးလွှမ်း ၏ကာ လှချင်တိုင်းလှနေ၏။ ဒေါသဖြစ်နေတိုင်း သိသာစွာ ရဲတက်လာတတ်သော ပါးပြင်လေး နှစ်ဖက်ကို ရိုင်း မကြာခဏ လှည့်ကြည့်မိသည်။





ပခုံးပေါ်မှာတချို့ ဆိုဖာပေါ်မှာခွေဝိုက်၍ ကပိုကရိုလေး ပုံကျနေသည့် ဆံနွယ်တို့က နက်မှောင်လက်တောက်နေသည်။

ရိုင်း တအားကြည့်နေတာကို နှိုင်းသိသည်။ မျက်နှာကို တင်း၍ တစ်ဘက်လှည့်ပစ်တော့ လက်ပြတ်ဝတ်ထားသည့် နှိုင်း၏ လုံးခန်းသော ပုခုံးစွန်းကလေးကို သူက ငုံ့နမ်းကာ...

"ဒီဘက်လှည့်နေ"

ဟု ရယ်ကျဲကျဲပြောသည်။

ဘုရားရောက်တော့လည်း သူက ဘုရားမဖူးဘဲ ဟိုလျှောက် ဒီလျှောက်နှင့် ရပ်စောင့်နေ၏။

"မင်းက ဘုရားကိုလာပြီး မတ်တပ်မတ်တပ်နဲ့ ဘာလုပ်နေတာလဲ"

ဘယ်တုန်းကမှ စကားစမပြောခဲ့ဘူးဘဲ နှိုင်းကပြောတော့ ရိုင်းချိုမချဉ် မျက်နှာနှင့် မျက်မှန်ကို ချွတ်သည်။ ပြီးတော့ ထိုင်မလိုထမလိုလုပ်နေပြီး ဆံပင်တစ်ချက်သပ်လိုက်၍ နှိုင်း လက်ကိုဆွဲသည်။

"ပြန်မှပဲ ဖူးတော့မယ် မရယ် စိတ်ထဲမှာ ဘုရားကို ခေါ်လာမိတာ ကိုယ့်အပြစ်နဲ့ကိုယ်ဘယ်လို ဘာသာပြန်ရမှန်း မသိဖြစ်နေလို့"

နှိုင်းက သူပြောတာကို စူးစိုက်ကြည့်၍ နားထောင်နေတော့ ရိုင်းက ရယ်ချလိုက်ပြီး...

"မောင်က မကို နမ်းမလို့"

"အို"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ ဒီခေါင်းက ဘာဖြစ်လို့ ဘုရားကိုလာမိမှန်း မသိဘူး”

နှင်းမျက်နှာလေး ငုံ့ပစ်ကာ လှည့်ထွက်သွားတော့ ရိုင်းက လက်ကိုဆွဲထားပြီး....

“တောင်အောက်ခဏဆင်းရအောင်”

ဟုပြော၍ ကုန်းလျှောလေးအတိုင်း ဆွဲချပြေးသည်။

“အို ရိုင်း ဒီမှာလဲတော့မယ် အား”

“ဟား...ဟား”

ကိုယ့်ခြေထောက်နဲ့ကိုယ် ခလုတ်တိုက်ကာကုန်းဆင်းကြီး မှာ ဟပ်ထိုးပြိုကျသွားသည်နှင့် ရင်ထဲမှာ လှပ်ခနဲဖြစ်သွား၏။

ဘာမှလည်း ထိန်းနေလို့မရတော့ဘဲ ဖြစ်ချင်ရာဖြစ် ဆုပ်မိ ဆုပ်ရာဆုပ်ဆွဲရင်း အင့်ခနဲ ပစ်ဆောင့်လေသည်။

ဒရောသောပါးထိုးဆင်းသွားခြင်း ရပ်တန့်သွားပြီမှန်း သိလိုက်မှ မျက်လုံးဖွင့်လိုက်သည်။

“ဟား..ဟား..ဟား”

ရိုင်းက အတန်ငယ် တုတ်ခဲသော သစ်ပင်လေးမှာ ကျောဖြင့်ကပ်မှီလျက် သူမသည် ရိုင်း၏ ရင်ခွင်ထဲမှာ သူ့ကျောပြင်ကို သိမ်းကာရံဖက်ထားလို့...

“သတ္တိကတော့ကွာ ဒီလောက်ပြေပြေလေးကို ချောက်ထဲပြုတ်ကျသွားတာကျနေတာပဲ”

“ချောက်မဟုတ်ပေမယ့် မင်း တအားဆွဲပြေးတာ ခြေထောက်နဲ့





မြေကြီးမှ မထိတော့တာ အဲဒီလောက်တောင် ဘာဖြစ်တာလဲ”

နှင်းရန်တွေ့နေတာလေးကို ငုံ့မိုးကြည့်ရင်း ရိုင်းက သဘောတွေကျနေ၏။

“ဘာဖြစ်ရမှာလဲ မ ကျွန်တော့်ကို ဖက်ထားအောင်လို့ပေါ့ အခုဘာတတ်နိုင်သေးလဲ”

“ဟွန်း”

ကိုယ်အမှတ်တမဲ့ ဖက်ထားမိတာကို သတိရပေမယ့် ရှက်ရှက် နဲ့ပဲ ဣန္ဒြေဆည်နေလိုက်ရ၏။ ကမန်းကတန်းကြီး မရှန်းဖြစ်ဘဲ ကိုယ့်လက်ကို အရင်ဖယ်ရသည်။

“မ”

ရိုင်းက နှင်းခါးလေးကို တင်းတင်းကျပ်ကျပ် ဆွဲဖက်ထား လိုက်ပြီး နဖူးချင်းထိကပ်သည်။

“ကျွန်တော့်ကို မုန်းနေတာတွေ ခဏလေး မေ့ထားပေးနော်”

“အို..ရိုင်း...မင်း”

ရိုင်း အတင်းလိုက်နမ်းနေတာကို နှင်းရှောင်ရှားရင်း ပတ်ဝန်းကျင်ကို သေလုမျောပါးလိုက်ကြည့်မိ၏။

“မင်း မရမ်းကားနဲ့လေ ဒါ ဘုရားပုရဝုဏ်”

“မဟုတ်တော့ဘူး ဟိုဘက်မှာဆို လယ်ကွင်းတွေချည်းပဲ တောထနေတဲ့လမ်းကလေးနဲ့တွေ့လား ဘုရားက ဟိုးမှာ ကျန်ခဲ့ပြီ”

“ဟာ... ကွာ... ရိုင်း”



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ဟာ လေညှင်းသွဲ့သွဲ့နဲ့နဲ့ဖွဲ့ကာ သစ်ရွက်ညှာတံကလေးများကို လက်တို့၍ တီးတိုးဘာကို ဆိုလိုနေကြမှန်း မသိ။ ဘာကိုလုပ်လုပ် ဘာဖြစ်ဖြစ် ဂရုမစိုက်တတ်သော ရှိုင်းကို သူတို့က ရယ်နေကြသလား၊ ဒါမှမဟုတ် နှိုင်းကိုပဲ ရယ်မောလှောင် ပြောင်နေလေသလား။

ဝန်းကျင်လှုပ်ရှားမှုအားလုံး ဆိတ်သုန်းနေခဲ့၏။ စကားပြော သံ ရယ်မောသံသဲ့သဲ့က ဘယ်က ပျံ့လွင့်လာမှန်းမသိ၊ ဘုရားဖူး ရှိနေကြသူ တချို့တလေကလည်း အဝေးမှာပါ။

"ဟိုမှာ ခုံတန်းလေးတွေ့တယ် သွားထိုင်ရအောင်"

ရှိုင်းက နှိုင်း မျက်နှာပေါ်က ဆံပင်တွေကို ဖယ်ရှားပစ်၍ ပခုံးလေးကို ဖွဖွဖက်၏။ နှိုင်းက လက်ကို ရုန်းဖယ်လိုက်ပြီး...

"ပြန်မယ်"

"ဘယ်အချိန်ပြန်ပြန်ရတယ်ကွာ ဒီလိုနှစ်ယောက်အတူ ထွက်ရဖို့က ကျွန်တော်လည်း မအားဘူး ခေါ်တိုင်းလည်း မက လိုက် တာမဟုတ်ဘူး၊ ဒီကပြန်ရင် အစက အလုပ်ထဲပြန်ဝင်ပြီး စာရင်းတွေပြီးအောင်စစ်မလို့ အခု မပြန်တော့ဘူး အိမ်ကိုပဲ အတူတူ ပြန်မယ် အတူတူနားမယ်"

ပြော၍ ရယ်လိုက်သေးသည်။ အရှူယှဉ်လျှောက်ရင်း နှိုင်းကို ငုံ့ကြည့်ကာ..

"စိတ်ညစ်သွားပြီလား"





နှိုင်းက နည်းနည်းမှ မော့မကြည့်ဘဲ ခေါင်းငုံ့လျှောက်၏။ နောက်ထပ်ပြန်ချင်တတယ်ပြောလည်း ပြန်ခွင့်ရမှာမဟုတ်မှန်း သိနေသည်မို့ ပါးစပ်ပိတ်နေလိုက်ခြင်းဖြစ်သည်။ ခုံတန်းလေးက ယိုင်နဲ့နေတာမျိုး မဟုတ်ပေမယ့် သစ်သားတွေပင် ဟောင်းနွမ်းနေပြီဖြစ်၏။ ပြီးတော့ ဖုံတွေအထပ်ထပ်တက်လျက်...

ဒီနေရာမှာ လူသွားလူလာ ဘယ်လောက်ထိများပြားသည် တော့ မသိ။ ခုထိလည်း နီးနီးကပ်ကပ်မှာ သွားလာနေသူ မတွေ့ခဲ့သေး။

နှိုင်းက ခုံတန်းကို ငုံ့ကြည့်ပြီး ရပ်နေသဖြင့် ရှိုင်းက ခြေဖျားလေးထောက်၍ ထိုင်ချလိုက်သည်။ နှစ်ယောက်ထိုင်ခုံလေးရှိသည့် ခုံပြားသေးသေးလေးကို ပါးစပ်နဲ့လိုက်မှုတ်၏။ ဟူးခနဲ မှုတ လိုက် ဖုန်တွေထလာသည်နှင့် မျက်လုံးတွေ မှိတ်ပစ်လိုက်...

"ဘာလုပ်တာလဲ မထိုင်တော့ဘူး"

နှိုင်းကို ရှိုင်းက ဖျတ်ခနဲမော့ကြည့်၏။ သူဖုန်မှုန်မှာစိုးတာ လား ထိုင်ဖို့လုပ်နေတာသိ၍ တမင်တကာ ကလန်ကဆန်လုပ်ချင် တာလား။

မျက်နှာကို သေချာကြည့်ပြီးမှ နောက်ဆုတ်ရပ်လိုက်သည့် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်၏။

"ကျွန်တော် အရမ်းတန်ဖိုးထားတဲ့ ဒီအချိန်လေးကို နည်း နည်းလေးမှ ဈေးမဆစ်ပါနဲ့ ထိုင်ပြီး စကားအေးအေးဆေးဆေး ပြောရအောင်နော်"

www.burmeseclassic.com



လက်ကိုဆုပ်ကိုင်ထားလျက်နှင့် သစ်သားပြားတွေပေါ်ကို ထပ်မှတ်နေပြန်သည်။ ပြီးမှ ထရပ်လိုက်ပြီ...

"ဒီနေရာမှာ လက်ကိုင်ပဝါလေး ဖြန့်ခင်းပေးလိုက်ရင် တော်တော့်ကို ကဗျာဆန်မှာပဲ ဒါပေမဲ့ ကျွန်တော်က လက်ကိုင်ပဝါ ကိုင်တာဝါသနာမပါဘူး မရဲ့ ထိုင်လိုက်တော့ကွာ နည်းနည်းပါးပါး ပေရင်ပေပါစေ"

အပြောနဲ့ အလုပ်က တစ်ထပ်တည်းကျ၏။ နှင်းပုခုံးလေး နှစ်ဖက်ကို ဖိချပြီး ထိုင်မိသွားအောင် သူပဲလုပ်သည်။ နှင်းထိုင် လိုက်တော့မှ ဘေးမှာကပ်ထိုင်လိုက်ကာ...

"ဒီနေရာလေးက သိပ်သာယာတာပဲနော် ဘယ်အချိန် ဘယ်ရာသီဖြစ်ဖြစ် လူတွေသွားလာရှုပ်ထွေးနေတာ မရှိဘူး အမြဲ ဒီအတိုင်းပဲ"

သူက လာနေကျပဲ။ စိတ်ထဲမှာ တွေးမိကာ ဒီလိုနေရာကို ဘယ်သူက တစ်ယောက်တည်းလာမှာလဲဆိုသော အသိက တစ်ဆက်တည်း ပါလာ၏။

သဝန်တိုစိတ်မဟုတ်တာ သေချာပါသည်။ မှသားပြောခဲ့သော သူ့စကားများကိုပဲ ရွံမုန်းစိတ်တို့ဖြစ်လာခဲ့သည်။

"မ"

ရိုင်းက လက်ဖဝါးချင်းဆုပ်ကိုင်ထားလိုက်ပြီး ဆံစလေးတွေ ကိုသိမ်းဖယ်၍ နှင်းမျက်နှာလေးကို ငုံ့ကြည့်သည်။





"ဘာတွေ လျှောက်တွေးသွားတာလဲ ကျွန်တော် ဒီနေရာကို အတွဲနဲ့ လာဖူးတယ်လို့ တွေးပြီးမုန်းဖို့ အမှတ်တွေ ထပ်ဖြည့်နေတာလား"

နှင်း အံ့ဩကာသူ့ကိုမော့ကြည့်မိတော့မည် မတတ်ပါ။

သူဟာ ဖြတ်ထိုးဉာဏ်ကောင်းလွန်းတဲ့သူလား ဒါမှမဟုတ် အမြင်စူးတာမျိုးလား။ ရမ်းလိုက်ကဲ မှန်းလိုက်တိုင်း ခပ်ဆင်ဆင်ဆို တာမရှိဘဲ အားလုံးကွက်တိ။ နှင်းငြိမ်နေတာကို ရိုင်းက ကြည့်၍ ရယ်လိုက်၏။

"ဒီနေရာလေးဟာ ကျွန်တော့် ဒိုင်ယာရီဟောင်းထဲက ပထမဆုံးနဲ့ နောက်ဆုံးစာမျက်နှာပါ"

ဟု ဆွေးမြေ့လေးကန်စွာဆိုရင်း သက်ပြင်းချ၏။

"မ ပေးတဲ့ ဆေးဖိုးဆိုတဲ့ ထောင်တန်အုပ်ကလေးကိုင်ပြီး ဒီခုံတန်းလေးမှာ တစ်နေကုန်လာထိုင်နေခဲ့ဖူးတယ်၊ အချိန်တွေ ဖြုန်းပြီး ငိုင်ငေးနေတာမဟုတ်ဘူး၊ ကိုယ်ချလိုက်နိုင်တဲ့ ဆုံးဖြတ်ချက်တစ်ခုကို တစိမ့်စိမ့်ကျေနပ်နေတာ အဲဒီ တစိမ့်စိမ့်ဆိုတဲ့ အတွေးဟာ မပဲ၊ မရဲ့ မျက်နှာလေးကို ကျွန်တော် တမ်းတမ်းစွဲ မက်မောခဲ့တာ ရင်ခုန်နေတာကို ရင်ဘတ်ဖိထားပြီး တစ်ယောက်တည်း ပြုံးတတ်တဲ့အရူးယ်ဆိုပေမယ့် အဲဒီကတည်းက ကျွန်တော် စိတ်ကစားခဲ့တာ မဟုတ်ဘူး နှလုံးသားထဲမှာ စွဲနစ်လာခဲ့တာ"

ရိုင်းက နှင်းလက်ဖဝါးလေးကို သတိလက်လွတ် ဖျစ်ညှစ်မိ

www.burmeseclassic.com



လိုက်ပြီးမှ ပြန်ဖြေ၍ သူ့လက်နဲ့ ထပ်ပြီး လက်ပိုက်လိုက်သည်။

"အဲဒီနေ့က ကျွန်တော်ညကော မနက်ရော ထမင်းတောင် မစား ဘူး၊ မ ပေးခဲ့တဲ့ မိုက်ဆံအုပ်ကလေး ပျက်သွားမှာစိုးလို့လေ စက္ကူလေး နဲ့ပတ် ကျွတ်ကျွတ်အိတ်နဲ့ထပ်ထုပ်ပြီးခါးကြားထဲမှာ ထိုးထားတာ"

ရိုင်းက ဟွန့်ခနဲ ရယ်သည်။

"ဘာဖြစ်လဲသိလား အဲဒီပိုက်ဆံကို ခါးပိုက်နှိုက်သွားတာ"

သူစိတ်ပါလက်ပါပြောဖို့ ဖြစ်လာစဉ် ဖုန်းသံမြည်လာ၏။ သူ ထုတ်ကြည့်ပြီး နားမထောင်ဘဲ ပိတ်ပစ်လိုက်၏။

ထို့နောက် ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်ထားလိုက်၏။

"လစ်ပြေးတဲ့ဘဲက ကျွန်တော့်ထက်အများကြီးထွားတယ် ဒါပေမဲ့ ကျွန်တော်က ဘယ်ခံမလဲ အတင်းလိုက်လုတာလေ နှစ် ယောက်သား လုံးထွေးကုန်ရော ကျွန်တော်က ထမင်းမစားရသေးတဲ့ ညောင်နာနာ လူကသေးသေးကောင်ဆိုတော့ နာတာပေါ့ အနာခံပြီး အတင်းအကျပ် ဆုပ်ဖမ်းထားတော့ သူလည်း ကြာတော့ နာလာတယ် ပြောလို့လည်း မရတာနဲ့ နောက်ဆုံး ဒဏ်ရာကိုယ်စီနဲ့ပဲ သူငယ်ချင်းတွေ ဖြစ်ကုန် ရော"

"ဘယ်လို"

နှိုင်း အံ့သြသွားတာ ဟန်ဆောင်မရလိုက်ပေ။ ရိုင်းက နှိုင်း စကား ပြောလာတိုင်း ကျေကျေနပ်နပ်ကြီး ပြန်စိုက်ကြည့်လျက်...

"သူကပဲစပြီး ကျေအေးကြဖို့ပြောတာ ပြီးတော့ ပိုက်ဆံတွေထဲ





ပြန်ပေးတယ်၊ အဲဒီကနေ သူ့ဆရာကြီးဆိုတဲ့ ထိပ်ပြောင်ကြီး ဆီရောက် တယ်၊ ခါးပိုက်နှိုက်လုပ်တယ်လိုလို ဘာလိုလိုနဲ့ ဂျူဒို ကာရာတေး ဘာညာတွေ သင်လိုက်သေးတယ်"

"ခါးပိုက်နှိုက် ဖြစ်လိုက်သေးတယ်ပေါ့"

"မဖြစ်ပါဘူး ကောင်းမှု မကောင်းမှုလောက်တော့ ကျွန်တော် မသိ ဘဲ နေမလား၊ သူခိုး ဓားပြဖြစ်တော့မယ်ဆိုရင်တောင် ဓားပြပဲလုပ် မယ် သိက္ခာမရှိစွာ ခိုးမစားဘူး"

"ဟွန်း ပြောပုံက"

နှိုင်းက မဲ့ရွဲ့၍ မျက်နှာလွှဲ၏။

"ကျွန်တော်က ဆုံးဖြတ်ပြီးပြီလေ နောက်ထပ် မနဲ့ ဘယ်တော့ မှ ထပ်မဆုံဖြစ်ဖို့ ကိုယ့်ဘဝကို တိုးတက်အောင် ကြိုးစားဖို့ ပြီးတော့ ဒါတွေအားလုံးပြည့်စုံတဲ့အခါ မကိုရအောင်ယူပြီး အိပ်မက်တွေကို နှလုံးသားတစ်စနဲ့ ခိုင်အောင်ချည်ဖို့ပေါ့"

"နေဦး ဦးနေစိုးက မင်းကို"

နှိုင်းမေးတာကို ရိုင်းက နားထောင်နေသည်။ တစ်ပိုင်းတစ်စ နှင့်ရပ်သွားမှ...

"မေမေဆုံးသွားကတည်းက ကျွန်တော်က ကလေးကချေပါ ဖေဖေ့လက်ပေါ်မှာ ကြီးပြင်းခဲ့တာ မဟုတ်ဘူး၊ ဒေါ်မာယာကို ရွံ့ပြီး ဖေဖေ့ဆီမှာ အရင်းအနှီးအတွက် ငွေတောင်းဖူးတယ်၊ ဖေဖေ ပေးတယ်၊ နောက်ထပ်လည်း ရှုံ့တာတွေ မှန်းတာတွေနဲ့ ရှုပ်ထွေးပြီး ပြီးသွားမဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ နေမရိုင်းက ဘယ်အချိန်ဖြစ်ဖြစ် တစ်ကောင်ကြွက်ပဲ"

"ဒါပေမဲ့ ဦးနေစိုးက မင်းခံစားထိုက်တာနဲ့ ပတ်သက်ပြီး ဘာ အကြောင်းနဲ့မှ မသိစေခဲ့တာအထင်အရှားပဲ သူက ဇနီးဘက်ကို ငဲ့လို့ မင်းကိုမကြည့်တာ မဟုတ်ဘူးလို့ လူတိုင်းပြောနေကြတာ ပဲမို့လား"

"မ အဲဒါတွေ သိထားတယ်"

"ဦးနေစိုးနဲ့ ပတ်သက်တာတွေက စုံစမ်းဖို့မှမလိုတာ သူကလည်း မင်းလောက်တော့ အောင်မြင်ခဲ့တဲ့သူပဲ မင်းနဲ့ ဦးနေစိုးကိုတော့ ငါ မဆက်စပ်မိပါဘူး၊ သူ့သားနဲ့ သူ့အကြောင်းကို လူတိုင်းသိတယ် သိကြတဲ့အထဲမှာ တစ်နေ့နေ့ မင်းဒီလိုထွက်ပေါ်လာမယ်လို့ ထင်ကြေးပေးတာတော့ မရှိခဲ့ဘူး၊ အခု ဖြစ်လာတော့လည်း ဒီသတင်းကကြီးလာပြန်ရော"

"ကျွန်တော်ကတော့ တစ်သက်လုံးကတည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ပဲ ဆုံးဖြတ်ခဲ့တဲ့သူပါ။ မကို စွဲလမ်းပြီးတဲ့နောက်မှာမှ ချမ်းသာချင်လာတာ ကျွန်တော်က အသက်ငယ်တယ် ပြီးတော့ မ အထင်မြင်သေးခဲ့တဲ့ ကလေကချေ ဒီတိုင်းနဲ့ မကို ဘယ်လိုမှ မရနိုင်ဘူးဆိုတာ သိတယ်"

နှိုင်းမျက်နှာပျက်သွားတာမြင်တော့ ရိုင်းက မေးဖျားလေးကို ဆွဲမော့ကြည့်၍...

"ငွေအကြောင်းပြောရတာ ခက်လိုက်တာကွာ ကျွန်တော် ပြောတာက မိန်းမတစ်ယောက်ရဲ့ အားကိုးသမှုကိုရယူချင်တာမျိုး ပါ





အဲဒီအတွက် ယောကျ်ားတို့ရှိသင့်တဲ့ အရည်အချင်း ကျွန်တော့် မှာ မရှိသင့်ဘူးလား။ ပိုဆိုးတာက မ ရှိနေတဲ့ မြတ်ရတနာ အသိုင်းအဝိုင်းက သူများတွေထက် အတ္တပိုနေတာ ကျွန်တော်သိခဲ့တယ် ဒီအတ္တကို ဘယ်လိုအနိုင်ယူရမယ် မသိပေမယ့် ကျွန်တော် ကြိုးစားရမှာပဲဆိုတာ ပိုပြီး နားလည်ခဲ့တယ်။

ကျွန်တော်လေ နိုင်ငံခြားထိ စွန့်စွန့်စားစားသွားခဲ့တဲ့အထိ ဖြစ်ခဲ့တာ မရဲ့ မာနတွေကိုကြားလို့ပါ။ မ မာနကြီးတာကို ကြားလေဝမ်းသာလေပဲ။ ပြီးတော့ ဒေါ်မြတ်ညိုအုပ်စုရဲ့ အယူအဆတွေ ဒါတွေအားလုံးကြောင့် မနဲ့ ကျွန်တော် ဘယ်လောက်ပဲဝေးနေနေ တစ်နေ့ မကို ကျွန်တော်ပဲ ပိုင်ဆိုင်ရမယ်ဆိုတဲ့ ယုံကြည် ချက်တွေ ပိုပြင်းလာတယ်"

ရိုင်းက သူတို့လာသည့်အတိုင်း ဘုရားဘက်ကနေ လျှောက်လာကြသည့် လူသုံးယောက်ဆီ လှမ်းကြည့်နေရင်း စကားဆက်၏။

"မြန်မာပြည်ပြန်ရောက်ရောက်ချင်းပဲ တစ်ပတ်ကြာတဲ့နေ့မှာ ကျွန်တော် ဒီနေရာလေးကိုလာတယ် မထိုင်ဖြစ်ခဲ့ပါဘူး။ တကူးတကရောက်အောင်လာပြီး ဆယ်မိနစ်ပဲရပ်ငေးခဲ့ရတယ်။ ဘဝ က ပြောင်းလဲလာသလို အလုပ်တွေတအား ရှုပ်လာတော့ အောင် မြင်တာပေမယ့် တစ်ခါတစ်ခါ ငြီးငွေ့တယ်၊ ဒေါသဖြစ်လွယ်တဲ့စိတ်က ပိုပိုကြီးထွားလာတာပေါ့ ရိုင်းဆိုတဲ့ကောင် ရိုင်းလို့ တင်စီးလို့ လူပါးဝတယ် ဘာဖြစ်ဖြစ် လူတွေဖယ်ကုန်လို့ မြောင်းထဲရောက် သွားမှာလည်း ကျွန်တော်မပူဘူး ဂရုမစိုက်တဲ့ စိတ်ရှိလို့ထင်တယ် ခုချိန်ထိတော့ ပြောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



ချောနေတာပဲ”

“အဲဒါ ငွေနဲ့ဖုံးဖိထားတဲ့ တစ်ခုသော ကာလထိပဲပေါ့ရိုင်း ဒါ တောင် နေမရိုင်းကို လူတိုင်းချစ်နေကြတယ်လို့ မင်းထင်သလား”

ခနဲ့သည့် မျက်ဝန်းလေးတွေကို ရိုင်းကပြုံး၍ စိုက်ကြည့်၏။

“မရဲ့ အချစ်က လွဲရင် ဘယ်အချစ်ကိုမှ မလိုချင်ဘူး”

ဟု ခပ်တိုးတိုးပြော၍ မျက်နှာပို၍ ငုံ့လိုက်ပြီး...

“မ ကကော ခုနေ ရိုင်းဆိုတဲ့ကောင် လမ်းပေါ်ပြန်ရောက် သွားရင် ဒီ့ထက်ပိုမုန်းသွားမှာလား”

“ဟုတ်တယ် မုန်းဖို့တွေအများကြီးရှိတယ် ဘာဖြစ်လို့လဲ ဆို တော့ မင်းရဲ့ဘယ်သူမှလူမထင်တဲ့ မင်းဂရုမစိုက်တတ်တာ တွေကို အစကတည်းက မုန်းခဲ့ပြီးသားလေ။ ပြီးတော့ မင်း ဒီလောက် ထားစရာမရှိအောင် ချမ်းသာနေတာတောင် အန်တီမြတ်တို့က ဒါကို အမွေဖြတ်ပစ်ခဲ့တာ ကလေကချေဆိုရင် ဘယ်ပြောလို့ရ မလဲ”

နှိုင်းပြောတာကို ဘာသဘောကျသွားမှန်း မသိဘဲ ဟက်ဟက် ပက်ပက် ထရယ်လိုက်၏။

‘လုပ်မနေပါနဲ့ မရယ်၊ မက ကျွန်တော့်အတွက်ပါ။ မနဲ့ မောင် တစ် နေ့နေ့မှာ သိပ်ချစ်ကြတဲ့ အကြင်လင်မယားတွေဖြစ်ကြမှာ အဲဒါယုံ”

စကားသံတွေ နီးလာတော့ နှိုင်းကလှည့်ကြည့်၏။ အလယ်မှာ မိန်းကလေးတစ်ယောက်နှင့် ယောကျ်ားကလေးနှစ်ယောက်။

ရိုင်းက ထွားလွန်းနေသည်မို့ မခန့်မှန်းနိုင်ပေမယ့် အသက်က





တော့ ရိုင်းအရွယ်တွေပဲ ရှိလိမ့်ဦးမည်။

လှည့်ကြည့်လိုက်သည့် နှိုင်းမျက်ဝန်းလေးတွေကို ဒီဘက် အဖျား က လျှောက်လာသည့် စပို့ရှပ်အနီစင်းနှင့် လူရွယ်က တမေ့တမော လှမ်းငေး၏။

နှစ်ယောက်က အတွဲဖြစ်ကာ နောက်ကခပ်ခွာခွာပါလာသော ထို လူရွယ်က အဖော်ဖြစ်လိမ့်မည်။

နှစ်ယောက်နောက်ကနေ လျှောက်နေရာမှ ဘေးရောက်လာ အောင် ထွက်လျှောက်၏။ ပြီးတော့ နှိုင်းနဲ့ ရိုင်းကို စူးစူး စိုက်သတ် တစ်လှည့်စီကြည့်သည်။ ရိုင်းက တစ်ချက်ပဲ လှမ်းကြည့်ကာ ဒီသဲ့ဆို ာ ပြန်လှည့်၏။

“မ ဒီည ကျွန်တော် အပြင်မှာ မအိပ်ဘူးနော်”

ဟု တိုးတိုးလေး ကပ်ပြောပြန်သည်။

“ကျွန်တော် အဲဒီလောက်ထိ စိတ်ကူးယဉ်မဆန်တတ်ဘူး သိ လား၊ မျိုးသိပ်တာ သည်းခံတာဆိုလုံးဝပဲ ကျွန်တော့်ဘဝမှာ သည်းခံ ခဲ့ဖူးတာ မ တစ်ယောက်ပဲရှိတယ်။ အဲဒါ ချစ်လွန်းလို့ စော်ကားတာ ဆိုတဲ့ မ စွပ်စွဲပြီး မုန်းမယ့်အမုန်းတွေကို မကြားချင် မလိုချင်တာ အဲဒါလည်းချစ်လို့ပဲ ဒါပေမဲ့ ရန်ဖြစ်ဖြစ်နေရတာတော့ မကောင်းဘူးကွာ မ ကလည်တယ်နော်”

သူက ချက်ချင်းပဲ ပြုံးသွားပြန်ကာ...

“ညညဆို တကယ်စွာတယ်”



www.burmeseclassic.com

www.burmeseclassic.com



နှိုင်း နားရက်ကာ မျက်နှာတစ်ခုကို ဝှက်စရာမရှိဖြစ်သွား၏။ ထို့နောက် လုပ်စရာမရှိနေရာမှ ထရပ်လိုက်မိကာ...

"ပြန်ရအောင်"

ထိုစဉ် သုံးယောက်အုပ်စုကလည်း နှိုင်းရှေ့မှ ဖြတ်လျှောက် သွားကြ၏။

စပို့ရှပ်အနီစင်းနှင့် တစ်ယောက်သည် နှိုင်းမျက်နှာလေးကိုကော ကိုယ်လုံးကိုပါ ရှုန်းရှုန်းစားစား ကြည့်သွားရာ...

သွား "ဟ"

"ဟာ"

ရိုင်းက ထိုတစ်ယောက်ရှေ့မှာ ခြေထိုးခံလိုက်ပြီးမှ နေရာမှ ထရပ်၏၊ ရှေ့ကို ဒူးထောက်ပစ်လဲသွားသည့် လူရွယ်သည် သတိလက်လွှတ် ပစ်စလက်ခတ်ကြီးမို့ ရုတ်တရက် မထနိုင်...

"တိုးတိုး"

"တိုးတိုးရယ် ခလုတ်တိုက်စရာမရှိ"

ရှေ့က နှစ်ယောက်က ဘာမှမသိလိုက်ဘဲ သူတို့လူကို ကမန်းကတန်း တွဲထူကြ၏။ အားလုံးကို မြင်လိုက်သော နှိုင်းမှာ အံ့ဩထိတ်လန့်ကာ ဘယ်ဘက်က ဝင်ပြောရမှန်းမသိ။ မနေတတ်အောင်ကြည့်သော ထိုမျက်လုံးများပိုင်ရှင်သည်လည်း တောင်းပန် ချင်စရာမရှိ။ ရိုင်းကလည်း နာမည်ထက်ပင်ပိုဆိုးလေသည်။

"ငါ.. ငါခလုတ်တိုက်တာ မဟုတ်ဘူးကွ"





တိုးတိုးဆိုသည့် လူရွယ်က နှိုင်းကိုတည့်တည့်မကြည့်ရဲတော့ ဘဲ မျက်နှာကြီးလည်း နီနေသည်။ ပုံဆိုးပန်းဆိုးဖြစ်သွားသော ကိုယ်ကို ပြန်ကျုံးထကာ ရှက်ရှက်နှင့် ဆွဲဆန့်ပြုပြင်၍...

"မင်း...မင်းက ဘာလဲ ဘလိုင်းကြီး ခြေထိုးခံတာ"

ကတုန်ကယင်ပြော၍ ရှေ့ကိုလည်း မတိုး။ ရိုင်းက ဘောင်းဘီအိတ်တွေထဲ လက်ထည့်ကာ တိုးတိုးကို မျက်ခုံးတွန့်၍ ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးတော့ ရှေ့တိုးရပ်လိုက်ပြီး...

"ငါ့ခြေထောက်က သူ့အလုပ်သူလုပ်သွားတာပါ မင်းသာ သတိထား ခြေထောက်မှာ မျက်စိမရှိပေမယ့် ခြေထောက်ဘယ် သွားမလဲဆိုတာကို မျက်လုံးက ရှာဖွေပေးရတယ်၊ မင်း မျက်လုံး တွေ တစ်ဖက်မှာ အားသန်နေလို့ သတိပေးတာ"

"အံမာ သက်သက်ကြီးစိန်ခေါ်တာ...မင်း"

"တိုးတိုး မလုပ်နဲ့"

"ဟိတ်ကောင် ဘုရားမှာကွာ မင်းကလည်း"

အဖော် နှစ်ယောက်က နားမလည်နိုင်သေးသည့် မျက်နှာများနှင့် သူတို့လူကို ဆွဲခေါ်သွားကြ၏။

နှိုင်းမျက်နှာလေး စိတ်ပျက်ခြင်းများစွာနှင့် ရှုံ့မဲ့နေတော့ ရိုင်းက ပြုံးသည်။

"မျက်စိနောက်သွားလို့ပါ မနဲ့ ပတ်သက်ရင် ဘယ်ကောင်မှ ချုန်ထားဖို့ စိတ်ကူးမရှိခဲ့တာ ရင်ဘတ်ထဲမှာပဲထားရင် သူတို့က ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

နှိုင်း နှုတ်ခမ်းလေးကိုက်ထားရင်း ကားဆီသို့သာ အမြန်ဆုံး ရောက်ဖို့ လျှောက်နေခဲ့မိသည်။

ရှိုင်း၏ စိတ်ဓာတ်ကို ကြာလေလေ ပိုသိလေ...

☆☆☆





အခန်း (၂၅)

စက်ရုပ်ကြီး၏ ခြေလှမ်းက ကျဲလွန်းနေသည်။ နှစ်ဖက်ကိုင် ထားသည့် လက်နက်ကြီးတွေကလည်း အတော်ကြီးမားကာ တစ်ချက်ပစ်လိုက်သည်နှင့် တစ်ခန်းပြိုလေသည်။

ပထမတော့ လက်ကိုင်ကို အားရပါးရကစားရင်း မော်နီတာ ပေါ်က စက်ရုပ်၏ ခြေလှမ်းကြီးတွေကို သဘောကျနေမိသည်။

မိဇော်လက်ကိုင်ကို အားမလိုအားမရ ဖိနှိပ်ရင်း မကြာခဏ ဖင်ရွှေ့ထိုင်၏။ ချွေးပြန်နေတာ မမြင်ရသော်လည်း နှုတ်ခမ်းများနှင့် နဖူးပြင်ကို လက်ဖဝါးနှင့် ပွတ်ပစ်လိုက် လက်ခုံကိုတိုက်လိုက် တအုန်းအုန်း တဒိုင်းဒိုင်းပြိုကျပေါက်ကွဲနေသမျှ မိဇော်ကိုလည်း သနားမိသည့်မျက်လုံးတို့နှင့် ပြန်ကြည့်သည်။

"မမလေးကလည်း ဒီပွဲမျိုးပဲဆော့တာကိုး ကျွန်မ ဒီမှာ ချွေး ပြန်နေပြီ"

နှိုင်းကပြုံး၍ မော်နီတာကိုပဲ ကြည့်၍ တိုက်ဖျက်ရင်း...

"တို့လည်း သိပ်ကျွမ်းကျင်တာ မဟုတ်ဘူး ဒါပဲရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် မကျွမ်းကျင်လို့ တော်သေးတာပေါ့"

မိဇော်က အဖျက်အဆီးမခံရအောင် ကာကွယ်ဖို့ ကြိုးစား ရင်း သက်ပြင်းမချနိုင်။ ထိုစဉ် ရေချိုးအဝတ်အစားလဲပြီး အပြင် ထွက်လာသည့် ရိုင်းက သူတို့နှစ်ယောက်နောက်မှာရပ်၍..

"တစ်ဖက်သတ်ကြီးကွာ ကြည့်မကောင်းဘူး"

ဟုပြောကာ...

"ပေးစမ်း...ဖယ်"

မိဇော်လက်ထဲက လက်ကိုင်ကိုပြောင်းယူလိုက်သည်။ မိဇော်က ခုမှ အားကိုးရသွားသလို ကပျာကယာထဖယ်ပေး၍ လက်ခုပ်လေးတီး၏။

"ဟေး ဟေး မမလေးကို နိုင်မယ့်သူပေါ်ပြီ"

ဟုလည်း ပြောလိုက်သေးသည်။

ပြောတဲ့သူက ရိုးရိုးလေးဖြစ်လိမ့်မည်။ နှင်းမျက်နှာလေးက ထိုစကားကြောင့် သိသာစွာ တင်းသွားခဲ့၏။

အနားခံရှိထားသော ရင်ထဲမှာ မိဇော်စကားက အနာဟောင်းပေါ်ကိုထပ်၍ ထုချခံလိုက်ရသလို စူအောင့်နာကျင်သွားသည်။

ရိုင်းက လက်ကိုင်ကိုကိုင်၍ နှင်းဘေးမှာ ဝင်ထိုင်သည်။ သူဝင်လာသည်နှင့် မော်နီတာပေါ်မှာ တိုက်ကွက်တွေက ချက်ချင်းပြောင်းလဲကုန်၏။ နှင်း၏ စက်ရုပ်ကြီးက ကြီးသည်။

ကိုင်ထားသည့် လေဆာရောင်ခြည် လက်နက်ကြီးတစ်ဖက် က





နေရာတကာသုံးတာမဟုတ်ဘဲ ထောင်ကိုင်ထားသောကြောင့် မျက်နှာတစ်ခြမ်းကို ကာထားသလို ဖြစ်နေသည်။ ထိုဘက်ကနေ သူကတစ်လုံးပြီးတစ်လုံး ပစ်သွင်း၏။

"ဟား..ဟား.. မက ရှောင်လေကွ"

သူ့ရယ်သံသဲ့သဲ့နောက်မှာ စက်ရုပ်ကြီးပါးတစ်ခြမ်း စင်ထွက်သွားသည်။ နှင်း ဘယ်ကိုတိုး၍ ဘယ်လိုကွယ်ရမှန်းမသိ။ လက်နှစ်ဖက်ကိုင်ထားပေမယ့် တစ်ပြိုင်တည်း နှင်းမပစ်တတ်ပေ။

"ဒုန်း...ဝုန်း"

စက်ရုပ်ကိုယ်ပေါ်သို့ အပေါ်ပိုက်လုံးကြီးများ ပြုတ်ကျလာသည် ပိုက်လုံးကြီးနှင့်တွဲ၍ ပြိုကျလာသော အခေ

တစ်ခုလုံး ဖုံလွှမ်းကာ အ...လုံးငြိမ်သက်...။ ထိုအခါ အရှုံးပေးဖို့ များမားကြီးရုပ်ကျန်ခဲ့သော်လည်း စက်ရုပ်အ...တွေက ဝါသနာ ပါနေကြ

"လေဆာရောင်ကို ဘာဖြစ်လို့ အပေ...

လည်း မရဲ့ ကျွန်တော်က အပေါ်မှာရှိနေတာမှ... ဒီယောကျ်ား ၏

သူ့ပြောသံကို ကြားရလေ ဒေါသတွေဖြစ်လာလေ။ ...သို့ ရှိပါမည် စားကြတာကို စိတ်ကောက်ဖို့က ကလေးတွေလည်း မဟုတ်။

"ထောင့်ချိုးတွေကိုဖြတ်ရင် ရပ်ပြီး နားအုံနားက ရှာဖွေစက်နဲ့ ရန်သူရှာဦးလေ မက လမ်းချိုးကို စွတ်ဖြတ်တော့ ကျွန်တော့် ပစ်ကွင်းကြီးဖြစ်နေတာ"

သူကပဲ သနားလို့ ပြန်သင်ပေးနေတဲ့ပုံ။ ဒါပေမဲ့ နိုင်ချင်တော့



www.burmeseclassic.com

www.burmeseclassic.com



လည်း လက်ကသူပြောသလို လှုပ်ရှားပြီးသားဖြစ်နေပြန်သည်။

"ဝုန်း"

"ဟာ ဆောရီး"

သူပဲ ပစ်ချလိုက်ပြီးတော့ ဆောရီးဟု ထအော်သည်။

"မ အဲဒီထဲ ဝင်လိုက်တာကိုးကွ စက်ရုပ်ရဲ့ ခေါင်းမှာသံလိုက် ကွင်းပါတယ် အပေါ်မှာ ရှိနေတာကိုကွာ ဆောရီး"

"တော်ပြီ"

နှိုင်း ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ လက်ကိုင်ကို ချပစ်လိုက်ရသည်။ ရိုင်းက နှိုင်းလက်ကို ဆွဲထားလိုက်ကာ...

၏။ ဘာ့ ကစားမှပေါ့ အားကစားစိတ်ဓာတ်လေ

"ဟေး ဟေး မမလေး

ဟုလည်း ပြောလိုက်ဓစမ်းကွာ"

ပြောတဲ့သူက ရိုးရိုးစးကျနေတာပဲ ဟော ကစားတာ မနိုင်လို့ ငိုကားကြောင့် သိသာ့မယ်"

အနူးလိုက်စနေလေ နှိုင်းရှက်တာရော ဒေါသတွေပါ လုံးထွေးများပြားလာ၏။

သူမတကယ်ပဲ ကလေးဆန်နေသလား၊ ငိုချင်နေတာကတော့ သေချာသည် အံ့ဩစရာပဲဖြစ်ပါ၏။

နှိုင်းဒီလောက်ထိ စိတ်ပျော့သူမဟုတ်ပါ။ အနိုင်မခံ အရှုံး မပေးတဲ့ ဖွဲမျိုးနှင့်လည်း သူငယ်ချင်းတွေနှင့် ကျောင်းတုန်းကဆို ဒီပွဲမျိုး





တွေကစားနေကျ။

သဲသဲမဲမဲ ဝါသနာကြီးလှသည် မဟုတ်ပေမယ့် ကစားပြီဆို နိုင်ဖို့ ကြိုးစားခဲ့သည်ပဲဖြစ်၏။

မနိုင်တော့လည်း ပြန်လျော် နိုင်လျှင် ကိုယ်ရမည်။ သူငယ်ချင်းတွေ နိုင်နိုင်ရှုံးရှုံး ပျော်ကြရသည်။ ခုကျတော့ သူက နှိုင်းရဲ့ သူငယ်ချင်းမဟုတ်။ နှိုင်းတစ်ဘဝလုံးကို အနိုင်ကျင့်ဝါးမျိုလာသည့် ယောကျ်ား ဘာပဲလုပ်လုပ် သူနိုင်ရမှ၊ စကားများရန်ဖြစ်ကြရသည်။

ကိုယ်စိတ်ဆိုးလို့ ပြောတိုင်းသူကရော သည်းခံခဲ့တာ ရှိသလား။ စကားနဲ့ပဲဖြစ်ဖြစ် လက်တွေ့ကျတာ ဘာပြောပြော ပြိုင်ပြီဆို နိုင်အောင်ပြောသည်။

ပြောပြီးမှ ပြန်ချော့တတ်တဲ့ယောကျ်ား၊ ထိုအခါ အရှုံးပေးဖို့ များလုံးဝဝါသနာမပါဘူးတဲ့။ ဒါဆို ရှုံးကြတဲ့လူတွေက ဝါသနာ ပါနေကြလို့လား။

ရှုံးတဲ့သူအပေါ် စာနာစိတ်မထားတတ်သရွေ့ ဒီယောကျ်ား ၏ နှလုံးသားဟာ မေတ္တာတရားများဖြင့် ပျော့ပျောင်းလာနိုင်ဖွယ် ရှိပါမည်လား။

နှိုင်း ရေအိမ်ဝင်တဲ့အထိ တံခါးဝမှာ ရိုင်းလိုက်စောင့်သည်။

"မ ကကွာ ကစားတာကို ဒေါသထွက်နေတယ် ပြဿနာရှာနေတာ ပေါ်တင်ကြီး"

နှိုင်းအခန်းထဲဝင်တော့ သူနောက်ကပါလာ၏။ နှိုင်းက သူမင်



www.burmeseclassic.com

www.burmeseclassic.com



တံခါးလှည့်ပိတ်တော့ မရ။

"ဘာလုပ်တာလဲ ကျွန်တော် မဝင်ရဘူးလား"

"မဝင်နဲ့ ခါတိုင်းလိုပဲ မင်းအိပ်ပေါ့"

"ခါတိုင်းက မနဲ့ စကားတွေများပြီး စုပုတ်နေတဲ့ မျက်နှာလေး ပိုဆိုးသွားမှာစိုးလို့ ရှောင်နေပေးတာ ဒီည မပါဘူး"

ပြော၍ ဖွတ်ဝင်သည်။ နှိုင်းက မှန်တင်ခုံရှေ့မှာ ထိုင်ချလိုက်သည်။ ခေါင်းဖြီးလိုသည် မဟုတ်ဘဲ ဘီးကိုကောက်ကိုင်ထားမိ ကာ....

"မင်းကို ငါပြောစရာရှိတယ်"

ဟု အသံကို တမင်နားမခံနိုင်အောင် တင်းစီးပြောပစ်လိုက် ၏။ ရိုင်းက နှိုင်းဘက်ကိုလှည့်၍ မွေ့ရာအစပ်မှာ ဝင်ထိုင်ကာ...

"ပြောလေ ဘာလဲ"

"အန်တီမြတ်တို့ဆီ ငါသွားချင်တယ်"

ရိုင်း မျက်မှောင်ကုတ်သွားတာကို မှန်ထဲကနေ လှမ်းကြည့်၍ မြင်နေရ၏။

"ဘာသွားလုပ်မလို့လဲ ဟိုက အပြောတောင်ခံတာ မဟုတ်ဘူး အရှိန်တက်နေတုန်း နေပါစေကွာ"

"ဘာလို့ နေရမှာလဲ သားသမီးနဲ့ မိဘ"

ရိုင်းက မမဲ့သော်လည်း နှုတ်ခမ်းစေ့၍ မေးဖျားတွေလှုပ် သွား အောင် အံကြိတ်သည်။

"ကျွန်တော်ကတော့ ကိုယ်ကမဆိုးဘဲ ကိုယ့်ကိုမကောင်းရင်





ဆောရီး"

"မင်းကလူရိုင်းပဲ"

"ရိုင်းတော့ ဘာဖြစ်လဲ သည်းမခံတတ်တာကို လူရိုင်းလို့ ခေါ်ရင် နောက်ဘဝထိရိုင်းဖို့ ဗီဇဆောင်ထားဦးမယ်"

"ရိုင်း"

နှိုင်းက ရိုင်းဘက်ကို လှည့်ထိုင်လိုက်၍ စေ့စေ့ကြည့်သည်။

"မင်း ယူထားတဲ့ မိန်းမက ကန်ဘောင်ဘေးက ကန်စွန်းရိုး မ ဟုတ်ဘူး"

"သိသားပဲ ကန်စွန်းရိုးမဟုတ်လို့ ရင်ဘတ်ထဲထည့်ထားတာ မ ဟုတ်ရင် ပြုတ်ဆုတ်စားပစ်မှာပေါ့"

"ပြုတ်ဆုတ်စားခဲ့တာပဲမို့လား မင်းနေရာတကာ ကိုယ့်ဆန္ဒ ချည်းပဲ မမှတ်နဲ့သိလား မပြောချင်လို့ မျိုသိပ်နေတာ နည်းနည်းပြော မိ နည်းနည်းရန်ဖြစ်ရတယ်"

"ဒါဆိုလည်း ဆက်ပြီးမျိုသိပ်နေလေ မိုးချုပ်ပြီဆိုမှ ဘာဖြစ်လို့ မတည့်အောင် စကားတွေစစလာတာလဲ မ တမင် ပြဿနာရှာတာ"

"ငါက ပြဿနာရှာတာမဟုတ်ဘူး မင်းကိုက ယောကျ်ား မိန်းမ အားလုံး ဗိုလ်မထားချင်တာ ဘာဖြစ်ဖြစ် အနိုင်မခံ အရှုံး မပေးစိတ်နဲ့ မတိုင်းဘဲ ရိုးရိုးနေပါလား"

နှိုင်းကဖျတ်ခနဲထရပ်၏။ ရိုင်းကလည်း ရပ်လိုက်တော့ မျက် နှာချင်းဆိုင်ပြီးသား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ယူထားတဲ့မိန်းမကို ပြုင်ဆိုင်နေရအောင် ကျွန်တော် က အရွှးမှမဟုတ်ဘဲ ကိုယ့်ကိုယ်ကို မျက်လုံးစိမ်းနဲ့ကြည့်တာကို လည်း ထည့်ပြောလေ။ ကျွန်တော်ဘာလုပ်လုပ် ဘာပြောပြော မ အကောင်း ပြောခဲ့ဖူးတာရှိလား"

"ရှိမှမရှိတာ ပြောစရာလား"

"အဲဒီအတိုင်းပဲပေါ့ ဘာလုပ်လုပ်လူဆိုးဖြစ်နေတာ ဘာမှ မထူး ဘူး လိမ္မာစေချင်ရင် မ ကျွန်တော်လိုချင်တာကိုပေး နည်းနည်းလေး လိုက်လျောကြည့်လိုက်"

"ဆောရီးပဲ"

နှင်းက တစ်ဖက်ကနေ လှည့်ထွက်သည်။ ရှင်း ဖျတ်ခနဲ ဖမ်းဆွဲ ပြီး သိမ်းဖက်ထားလိုက်၏။

"ကျွန်တော် ဒီနေ့ ရန်မဖြစ်ချင်ဘူး"

"အို..ဘယ်လိုလုပ်တာလဲ လွှတ်စမ်း"

ကိုယ်က မိန်းမဖြစ်ရပြီး ကိုယ်လိုချင်တာ ကိုယ့်ဆန္ဒကျတော့ ဘာမှ ပြောတိုင်းမရ။ သူကတော့ သူဖြစ်ချင်တာအားလုံး ဖြစ်ခွင့်ရနေ သည်။ နှင်းဒေါသဖြစ်လို့မရ ငြင်းဖို့မလွယ်။

သူနဲ့အတူ မွေ့ရာနနထက်သို့ လုံးထွေးပြိုကျသွားခဲ့ရင်း မျက်ရည် ဝေ့လေသည်။

ဒီလိုပါပဲ နှင်းသူ့ကို အရှုံးပေးရလို့ မျက်ရည်ကျနေခဲ့ရသမျှ အချစ် ကို သူ့အတွက်ဟု ဘယ်သောအခါမှလည်း ထုတ်ဖော်မ ကြည့်ခဲ့ဘူးပါ။





အရှုံးမပေးတတ်တဲ့ ယောကျ်ား အနိုင်ရမှ ကျေနပ်တဲ့သူ။ မနက်လင်း တော့မှ သူအရင်နိုးနေပြီး နှင်းမျက်နှာသစ်တဲ့ နောက်ကို လိုက်လာ၏။

"မ"

နှင်း မထူးပါ။ မျက်နှာက ရေတွေကိုပင် မသုတ်ပဲ အခန်းထဲ ကို ဘောက်ဆတ်ဆတ် ပြန်လျှောက်ခဲ့မိသည်။

"မ ခေါ်နေတယ်ကွာ"

"ဘာလဲ ဘာပြောမလို့လဲ မင်းပြောသမျှ အကုန်ကြားတယ် ပြော မယ့်ဟာပြောပြီး သွား"

"ကြားမှန်းသိသားပဲ မျက်လုံးချင်းကြည့်ပြောမှ စကားလုံး ပြောင် တာ ကျွန်တော့်ကိုကြည့်"

နှင်းဘေးမှာ ခုံဆွဲ၍ထိုင်ချကာ ပခုံးပေါ်တင်ထားပြီး သေတ္တာထဲ ဒီအတိုင်းထားသည့် တဘက်စောင်လေးကို နှင်းပခုံးပေါ်ကနေ ဆွဲယူ သည်။

ပြီးတော့ မေးဖျားလေးကို ဆွဲမော့၍ သူပဲရေသုတ်ပေး၏ နှင်း ရှောင်တော့ ရှောင်သည့်ဘက်ကို လိုက်သုတ်၏။

"ငြိမ်ငြိမ်နေပါ မရဲ့ မိန်းမကိုဘယ်လိုချော့ရမှန်းမသိလို့ ဒီလို ထား လုပ်ပေးရင်ရလား မျက်နှာကြီး နည်းနည်းလျှော့နော်"

နှင်း စိတ်ပေါက်ပေါက်နှင့် ဒီတိုင်းတောင့်တောင့်လေး ငြိမ်နေ ပေးလိုက်ပေမယ့် သူဘယ်လိုပြောပြော မရယ်ပါ။

ဒီယောကျ်ားဟာ ချော့မော့ရယူတတ်သူမဟုတ်ဘဲ ချစ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ချော့တတ်သူဖြစ်သည်။ ပြီးတော့ ပြောသေးသည်.....

"လိုချင်တာရှိလို့ လိုက်လျောတာ ဘာလုပ်ဖို့လဲ မရဲ့ အချစ်ကို လိုချင်လို့ယူနေတာ မိန်းမကိုလိုချင်ရင် ဘယ်သွားသွားရတယ်"

နည်းနည်းလောက် စလိုက်တာနှင့် ထွက်လာပြီဆို သူ့ စကားတွေက နူရှုတာဘာမှမရှိပေ။

"ယောကျ်ားမြတ်နိုးလို့နမ်းရင် မိန်းမကလည်း ကြင်ကြင်နာ နာပေးပေါ့ တစ်ယောက်နဲ့တစ်ယောက်လိုချင်တာတွေ ပြောဆို ပေးယူပြီး ဘာလုပ်မှာလဲ"

ရိုင်းဖြစ်ချင်တာက ဤသို့ဖြစ်၏။ ပေးယူလဲလှယ်နေကြတာ တွေက ကြင်နာလိုက်လျောတာတွေပါ။ အလိုက်အလျော့ပေး တာတွေကာ မိန်းကလေးတွေအပေါ် ငဲ့ညှာကြတာပဲဆိုတာ သူ နားမလည်ဘူးလား။ ရိုင်းက အရှုံးမပေးနိုင်တာကိုလည်း ပြောရဲသည်။

သူချော့တာကိုလည်း ချော့သည်ဟုဝန်ခံသည်။ သူပေးတာကို ယူမှ သူတောင်းရင်ရမှ...

"ကျွန်တော့်ဘဝမှာ အတွေးတွေ စိတ်ကူးတွေ အဆုံးခံပြီး အချိန် ပြည့်ရင်ဘတ်ထဲထည့်ထားခဲ့တာ မ တစ်ယောက်ပဲရှိတယ်"

ဟု ပြောတာကိုလည်း မယုံစရာမရှိတော့ပါ။

"ကျွန်တော် အလျော့ပေးသည်းခံခဲ့ဖူးတာ တစ်ယောက်ပဲ ရှိတယ် အဲဒါကျွန်တော့်မိန်းမ"

ဟု မီးကဲဆွေတချို့ကို ရယ်မောပြောခဲ့တာလည်း နှိုင်း ကိုယ်





တိုင် ကြားခဲ့ဖူး၏။

နှိုင်းသည် ရိုင်းကို နားလည်ဖို့ကြိုးစားရမည်လား။သူ့လိုပဲ ရန်ဖြစ် ချင်ဖြစ်မည်။ ဖြစ်ပြီးပြီးမည်။ ရန်ဖြစ်လိုက် တည့်လိုက် ဒီလိုပဲနေ သွားရ မည်လား။ မကြည်ဖြူကြသည့် မိဘကတစ်ဖက် ကြည်ဖြူဖို့ မကြိုးစား ဘဲနေသော ယောကျ်ားကတစ်မျိုး နှိုင်း သူနဲ့လည်း သင့်မြတ်ဖို့ မကြိုး စားချင်။ အန်တီမြတ်တို့ကိုလည်း ပြေလည်ချင်၏။

ဒါဆို လိုမှာစေချင်ရင် ကျွန်တော်လိုချင်တာကိုပေးဆိုတဲ့ အတိုင်း နှိုင်းသူ့ကို ပေးရမည်လား သူလိုချင်တာ အချစ်။

သူများ လင်မယားတွေလို ကိုယ့်ယောကျ်ားကို ချော့မော့ ပြော ဆိုရမည်ဆိုတာမျိုး နှိုင်း သူ့ကိုစိုးမိုးနိုင်လျှင်တော့ အန်တီမြတ်တို့နဲ့ စေ့စပ် နိုင်လိမ့်မည်။

အန်တီမြတ်တို့ကလည်း သူ့ခယတောင်းဆိုလာတာကို ကျေနပ် သွားဖို့တွေရှိနေ၏။ ခက်နေသည်က သူ့ကိုချစ်ဖို့ နှိုင်းမှာ အဆင်သင့် ဘာမှမရှိ။ မထူးစိတ်ပိုက်၍ သူ့ရဲ့ ဖွတ်တရွတ်ဆန်မှုကို အလျော့ပေး ခဲ့ရကာက သပ်သပ်၊ အချစ်ကို ဖန်တီးယူလို့ ရသလား။

ဒါမှမဟုတ် သူကျေနပ်သွားရုံလေး ပြောပေးလို့ရပါ့မလား။ ရည်း စားလည်း မထားခဲ့ဘူးဘဲ ယောကျ်ားတစ်ယောက်ကို ပြန်ချစ်ဖို့လည်း ဘယ်တုန်းကမှ ခေါင်းထဲမထည့်ခဲ့ဘူးသည့် နှိုင်းရင်ထဲမှာ အချစ်ဟာ များစွာ စိမ်းသက်နေခဲ့သည်။

ချစ်တယ်ဆိုသော စကားကို စိတ်ကူးထဲမှာ သူ့အတွက်ပြော

www.burmeseclassic.com



ကြည့်ဖူး၏။

"နင့်ကို ငါချစ်တယ်"

ဟုပြောဖို့ တကယ်တော့ မလွယ်ပါလား။

စိတ်ကူးထဲမှာတောင် စကားလုံးတို့က ရှောရှောရှူရှူ ထွက်ခွာမပေးဘဲ ...

"ငါ...နင့်ကို"

ဤသည်မှာပဲ ရပ်တန့်နေဆဲဖြစ်ကာ...

"မ"

စိတ်ကူးလေးတွေ လွင့်ပျံ့ပြေးထွက်ကုန်၏။

ရိုင်းသည် နှိုင်းဆံပင်တွေကို လည်တိုင်လေးနားကနေ စု သိမ်းယူလိုက်ပြီး အဖျားနားကျမှ ဆုပ်ကိုင်ထား၏။

"မ က သိပ်လှတာပဲ"

ဟုပြောပြီး ဆံပင်တွေကို ဖြည်းဖြည်းလေးဖြေချသည်။ လည်တိုင်နုနုလေးကို တယုတယ ပွတ်သပ်ပြီး...

"လူတွေက ကျွန်တော်နဲ့ မ ကို သိပ်စိတ်ဝင်စားကြတာပဲ သိလား"

နှိုင်း တွေးနေတာတွေက တခြား။ သူက နှိုင်းကို ဘေးတိုက်လေးကနေ တစိမ့်စိမ့်ကြည့်ကာ။

"ဒီညနေ ကျွန်တော်စောစောပြန်လာခဲ့မယ် မနဲ့ ကျွန်တော်မြတ်ရတနာကို သွားမယ်လေ"

"ဟင်"





နှိုင်းဘယ်လိုမှ မထင်ခဲ့ပါ။

သူ့စကားစလိုက်တာကတခြား အဆုံးသတ်တော့တစ်မျိုး။ အံ့ဩသွားသည့် နှိုင်း မျက်ဝန်းလေးတွေကို ကြည့်၍ ရိုင်းက အနားကိုတိုးသည်။ ခါးကလေးကို သိုင်းဖက်လိုက်ပြီး ပါးချင်းကပ်၏။

"အချစ်ကြောင့်ထင်တယ် မနဲ့ ရန်ဖြစ်ရတာကို ကျွန်တော် မပျော်တော့ဘူး၊ မ မျက်နှာသုန်းနေရင် အလုပ်လုပ်နေရတာကို မပြောင့်ဘူး ဒါပေမဲ့ တစ်ခါတစ်ခါတွေးမိတယ်၊ ကျွန်တော့် အတွေးတွေ တန့်ဖို့ရှိတဲ့ အချိန်တွေအားလုံး မ အတွက်ဖြစ်နေတဲ့ အချိန်မှာ မ ကတော့ ကျွန်တော့်ကို အမျိုးမျိုးတွေးပြီး မုန်းနေတယ်။ ကိုယ်ကပေးရပြီး ဆတူပြန်မရရင်တောင် ရှုံးရတာ ဘယ်ကောင်းမလဲ"

"မေတ္တာတရားကို မင်းခေါင်းထဲမှာ ချိန်ခွင်ကြီးနဲ့ ချိန်နေသလား"

နှိုင်းမခံနိုင်စွာ ထမေးတော့ ရိုင်းက ကျွတ်ခနဲ စုတ်သပ်၍ ခေါင်းခါပစ်၏။

"မ ကိုက ကျွန်တော့်ကို အဲဒီလိုထင်နေတာ ချစ်ခြင်းမေတ္တာကို မ တစ်ယောက်ပဲ နားလည်တာ မဟုတ်ဘူးနော် ကျွန်တော် အားလုံးသိတယ် ဒါပေမဲ့ ဘာဖြစ်ဖြစ် အလျှားအနံ အသွားအပြန် တစ်ခုခုတော့ ရှိကိုရှိနေတာပဲ မ ဆီကနားလည်မှုတစ်ခုခု ကျွန် တော်လိုချင်တယ် အဲဒီအထဲမှာ အချစ်မပါသေးဘူးဆိုရင် မ စဉ်းစားပေးမလားပြော"

နှိုင်းက မှန်ထဲကနေ သူ့မျက်နှာကိုကြည့်၏။ သူက ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ဘယ်လိုလဲဟု မေးပုံမျိုးနှင့် မေးဆတ်၏။

"ဘာလဲ"

"မကို ကျွန်တော် အလိုလိုက်မယ် အခုပုံစံတွေပြင်မယ်ကွာ မ ဒီထက်နည်းနည်းလေး နူးညံ့လိုက် ဥပမာ ပြုံးစရာရှိရင်တော့ ပြုံးရမယ် ဒီကရောင့်တက်ပြီး ရည်းစားစကားပြောမှာစိုးလို့ မျက်နှာရှစ်ခေါက်ချိုး လုပ်မထားရဘူး"

"မင်းပဲ တစ်ယောက်နဲ့တစ်ယောက် အပေးအယူတွေ မလုပ်ဘူးဆို"

နှိုင်းက ခနဲ့တော့ သူရယ်သည်။ မေးဖျားလေးကို ကိုက်ပစ် တော့မလို ဖိကပ်လိုက်ပြီးမှ မကိုက်ဘဲ တင်းခနဲဖက်သည်။

"အပေးအယူလုပ်နေတာမှ မဟုတ်ဘဲ ဆွေးနွေးတာလေ မြန်မြန်ဖြေကွာ အလုပ်ချိန်နီးနေပြီ"

ကိုယ့်ဘက်က ပုံစံပြောင်းပေးရတော့မလားဆိုသည့် အတွေးဝင်ခဲ့တာ မကြာသေးပါ။ အန်တီမြတ်တစ်ယောက် ကိုယ်တစ်ပိုင်းချိသွားသလို ဖြစ်သွားခဲ့ပြီဟု ကြားလိုက်ရတော့ ပိုဆိုးသွားသည်။

အန်တီမြတ်ကို သွားတွေ့ခွင့်ပြောမည်။ သူ ခွင့်မပြုလျှင် သူနဲ့ကိုယ့်ကြားမှာ တင်းမာကွာဟမှုက အဆများစွာ ပိုဆိုးလာဖို့တွေ ရှိနေသည်။ ဒါပေမဲ့ ဒီနေ့သူ့ဘက်ကစ၍ ဖွင့်ပြောလာတာ တိုက်တိုက်ဆိုင်ဆိုင်...

"မနဲ့ ကျွန်တော် နွေးနွေးထွေးထွေး လင်မယားဖြစ်ချင်တယ်





မ ဆီက အချစ်တွေကို လိုချင်တယ်ကွာ ဒါပေမဲ့ မချစ်သေးရင်နေ မ စိမ်းကားဘူးဆိုရင် ရပြီ"

ခါတိုင်းဆို ညဘက်မကျေမလည်ဖြစ်ကြ အိပ်ရာအသီးသီး ဝင်ခဲ့ကြပြီး မိုးလင်းသည်နှင့် သူဟိုပြောဒီပြောလိုက်ပြော လေပြေထိုးသည်။

သိပ်မကြာခင် ကားပေါ် ရောက်သွားဟတ်၏။ ခုတော့ နှိုင်းကို သူကြင်နာခွင့်တွေ တောင်းနေတာ တပ်မက်စွာ...

သူမ ထင်ထားခဲ့ရသလို သူလိုချင်တာ ရအောင်ယူတက်ပြီး ပြီမှ ကျေနပ်နေခဲ့တာမျိုး မဟုတ်ဘူးလား။

"မရယ် မနဲ့ နီးနီးနေရလေ ချစ်လေပဲ မနဲ့ ပတ်သက်နေသမျှ လိုက်လျောချင်စိတ်တွေ မရဲ့ နွေးထွေးမှုတွေကို တမ်းတစိတ်တွေ ဘယ်လိုဖြစ်လာမှန်းမသိဘူး"

ရှိုင်းက နှိုင်းဆံပင်တွေထဲ မျက်နှာနှစ်သွင်းပြီး နမ်းနေခဲ့၏။ သူသည် တစ်ခါတစ်ခါ ကလေးတစ်ယောက်လိုလည်း ရှိတတ်ပြန်သည်။

"ညနေ ကျွန်တော်ပြန်လာရင် မျက်နှာကြီး စူပုပ်မထားနဲ့နော် လှလှပပလေးပြင်ထား အတူတူသွားမယ်"

ဟု ထပ်ပြော၏။

"ဘယ်ကိုလဲ"

"မြတ်ရတနာကိုလေ"

"မင်းလိုက်လို့ ချက်ချင်းကြီးမကောင်းပါဘူးကွာ လူကြီးကို စော်ကားသလိုဖြစ်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မသိဘူး ကောင်းကောင်းမကောင်းကောင်း မ တစ်ယောက်တည်း မလွှတ်နိုင်ဘူး ပြန်မလာရင် မောင် ဘာတတ်နိုင်မှာလဲ"

တစ်ခါတစ်ခါ သူ့ကိုယ်သူမောင် ဟု သုံးတတ်လျှင် နှိုင်း ငေးနေမိခဲ့သည်။ နှစ်သက်တဲ့စိတ်မျိုးမဟုတ်သော်လည်း သူနူးညံ့သွားတတ်တာကို သတိတရဖြစ်သွားခဲ့တာပင်။

"မနဲ့ မောင် သွားမယ် သားသမီးနဲ့ မိဘဆိုတာမျိုးရှိရင် တောင်းပန်တာကို သူတို့လက်ခံပေါ့ မခံနိုင်ရင် ပြီးပြီ၊ သီးချိန်တန် သီး ပွင့်ချိန်တန်ပွင့်တာကို တစ်သက်လုံး အပြစ်လို့ သတ်မှတ်လိုက်တာ လွမ်းစရာမရှိပါဘူး မ ကျွန်တော့်စိတ်ကို သိသားနဲ့ ဘေးတိုက်ကြီး ကပ်မလိုက်နဲ့ကွာ မ ကြောင့်မဟုတ်ရင် မောင် ဘယ်သူ့ကိုမှ မတောင်းပန်ဘူး"

"မတောင်းပန်နဲ့လေ မင်းကိုဘယ်သူက ခေါ်လို့လဲ ငါတို့သားအမိချင်း ခြေသလုံးပဲဖက်ဖက် မင်းမမြင်အောင်နေရင်ပြီးတာပဲ"

"မသိဘူး မ တစ်ယောက်တည်းကို သွားခွင့်မပြုနိုင်တာတော့ သေချာတယ်"

"ငါကလည်း မင်းပါရင်မသွားဘူး တောင်းပန်ဖို့သွားတာက မင်းကြောင့် ဟိုမှာလူမမာက သေသွားနိုင်တယ် မသေလည်း ဓားပွဲတုတ်ပွဲတွေ ဖြစ်မှာပဲ"

"ပြီးရောဆိုပြီး အခု ကျွန်တော်ထွက်သွားရင် မ တစ်နေ့ ကုန် အံကြိတ်ဒေါသထွက်မှာပဲမို့လား"

"ငါ့ဟာငါ ဘာဖြစ်ဖြစ် မင်းစိတ်ဝင်စားဖို့မလိုဘူး"





"မ အဲဒီလိုကပ်မပြောနဲ့လေ သူတို့က အမွေဖြတ်ထားတာ စွန့်လွှတ်ထားပြီးတဲ့ ကိစ္စတစ်ခုမှာ ကျွန်တော့်ဘက်က တားပိုင်ခွင့်ရှိတ(ယ်) သူတို့လိုပဲ မာနကြီးလို့ရတယ်။ မ ကို စိတ်ဆင်းရဲမှာ စိုးလို့ အများ(ကြီး) လျှော့ထားခဲ့တာ"

"စိတ်မကောင်းစရာပဲ မင်းကို ငါကကျေးဇူးတင်မှာမဟုတ်ဘူး"

"ကျွတ်"

ရိုင်း မျက်လုံးတွေ မှိတ်ပစ်ကာ နှိုင်းကိုတအားဆွဲဖက်၏။ ပြီးတော့ ပါးလေးတစ်ဖက်ကို နမ်းလိုက်ပြီးထရပ်သည်။

"ကျွန်တော့်ကိုလိုက်ပို့"

ပြော၍ နှိုင်းလက်ကို ဆွဲထူသည်။ နှိုင်းက မျက်လွှာလွှဲ၍ ထရပ်၏။

"မခံချင်ဖြစ်ပြီး ကျွန်တော်မသိအောင် မသွားနဲ့နော် နောက် ကနေ ဗီစီဒီခွေပါထည့်လွှတ်လိုက်မှာ"

တိုးတိုးလေး ကပ်ပြောတော့ နှိုင်းဆတ်ခနဲ တုန်သွားသည်။ မျက်နှာလေး နီမြန်းသွားလျက်...

"မင်း...မင်း ဒါကိုပဲ အရှက်မရှိ..သွား..မပြောနဲ့"

"ဟား..ဟား..ဟား"

ရန်ဖြစ်မှာစိုး၍ စကားတွေ တမင်လွှဲပြောနေတာမှန်း နှိုင်း သိပါသည်။ ဒါပေမဲ့ ထိုကိစ္စကိုတော့ နောက်ပြောင်ကျီစယ်၍ ထည့် ပြောတာတောင်မကြားရဲ...

"အလကားစတာပါကွာ မောင့်ဆီမှာ ဘာမှမရှိတော့ဘူး ဒါလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းနဲ့မောင့်ကို အရှုံးပေးခဲ့တဲ့ မ ဘယ်လောက် ရှက်တတ်တယ်ဆိုတာ မောင်က မသိဘဲနေမလား လုံးဝဥဿုံ ဘာမှမရှိတော့ဘူး”

ရိုင်းက နှိုင်းလက်ကလေးကိုဆွဲ၍ တစ်ဖက်က အိတ်ကိုကောက်ယူလိုက်၏။ နှစ်ယောက်အတူ ထွက်လာခဲ့ကြရင်း...

“မနေ့က အစည်းအဝေးမှာ ညှိနှိုင်းမရတာတွေ ဒီနေ့ဆက်ဖို့ရှိသေးတယ်”

သူ့ဟာသူပဲ ညည်းညူသလိုပြော၍ ကားတံခါးဖွင့်လိုက်၏။

“အဲဒီအစည်းအဝေးသာ ညှိနှိုင်းမရရင်လေ”

သူမျက်နှာညို၍ စကားမဆက်တော့ နှိုင်းက မော့ကြည့်၏။

“ဘာဖြစ်မှာလဲ”

“မကို ကျွန်တော် ချစ်တယ်”

ချက်ချင်း ပြုံးကျသွားကာ နှိုင်းပါးလေးကို ဖျတ်ခနဲ ပုတ်၏။ ပြီးတော့ ခပ်သဲ့သဲ့ရယ်၍ ကားထဲဝင်သည်။

“စိတ်မကောက်နဲ့နော် ဖုန်းဆက်လိုက်မယ်”

ကားလေးထွက်သွားတဲ့အထိ နှိုင်းရပ်နေမိဆဲ။ သူ့ဟာ ခေါင်းမညိတ်ဘဲ သဘောတူသွားတာလည်း ရှိသလို ငြိမ်နေပြီးမှ ဆောရီးလုပ်ပစ်တာတွေလည်းရှိသည်။

ဖုန်းဆက်မယ်ဆိုတာက နှိုင်းကို သွားခွင့်ပြုမှာလား။

☆☆☆





အခန်း (၂၆)

ဖုန်းသံဆူညံနေတော့ ပထမ အမှတ်တမဲ့ပဲဖြစ်သည်။ နောက်တော့မှ မဖြတ်ရတ်တရက် မထနိုင် မသွားနိုင်တာကို သတိရသည်။

ပြန်ရောက်ကတည်းက မလတ်လည်း မနားရတာ ခုလည်း အပြင်ထွက်သွား၏။ ဒယ်အိုးတင်ထားသည့်ထဲ ဆီတွေလောင်း ထည့်ပြီးမှ ဖုန်းလာနေသဖြင့် စိတ်ကပျာယာခတ်သွားသည်။

ထိုစဉ် မီးပျက်သွားတော့ အလုပ်က သူ့အလိုလို နားခိုင်း လိုက်သလို ဖြစ်သွားသောကြောင့်...

“ကောင်းတယ်”

ဟု ပြောမိသေးသည်။

ဆီပုလင်းကို ဆောင့်ခနဲချကာ အပြင်ပြေးထွက်ခဲ့မိတာ မီး ပိတ်ခဲ့ဖို့ သတိမရ။ သူမထင်သည့်အတိုင်း မဖြတ်ခများ ခုတင်ပေါ်ကနေ ဖုန်းလှမ်းကိုင်ဖို့ အကြိတ်အနယ် ကြိုးစားနေရှာသည်။

“ဩော် နေလေ မဖြတ်ရယ် သက်ရှိနေတဲ့ဥစ္စာ”

ဒေါ်ဖြတ်ညိုက ဒေါ်ဖြတ်သက်ကို မြင်လိုက်မှ ကတုန်က ယင် ပြန်လှဲလိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ဆူညံနေတာအေ ငါလည်း ဒီလိုဒုက္ခတဘ၀နဲ့ နေရတာထက်စာရင် သေပဲသေချင်ပါတယ် စိတ်က မချမ်းသာ လူက ခြေကျိုး"

"ဩြော်...ဒုက္ခပဲ ငိုပြန်ပြီ"

ဒေါ်မြတ်သက် အစ်မဖြစ်သူကိုမချော့နိုင်သေးဘဲ ဖုန်းကိုကိုင် လိုက်ရ၏။

"ဟဲလို....ဩြော်...ဟုတ်ကဲ့ပါ...မြတ်ရတနာကပါရှင်"

ဒေါ်မြတ်ညိုက ဘယ်သူ့ဆီကဖုန်းလဲဟု နားစွင့်ကာ အိပ်ရာ ထဲကနေ လှမ်းကြည့်နေ၏။ ဖုန်းချလိုက်မှ...

"ဘာလဲ ဝိုးချဲလာယူဖို့လား"

"ဟုတ်တယ် မမြတ် ဘီးလဲထားပြီးပြီတဲ့"

"ညည်းတို့အေ ငါ့ကိုတကယ့်ဒုက္ခတကြီးဖြစ်အောင် ဒီဝိုးချဲ မှာတာကိုက မဟုတ်တာ ထပ်ပြီး ဘီးကြီးနဲ့ ဘီးသေးလဲလိုလဲ"

ဒေါ်မြတ်သက်က ဖုန်းနားမှခွာ၍ ဒေါ်မြတ်ညိုခေါင်းရင်းက ဗီရိုကိုသွားဖွင့်သည်။

ပိုက်ဆံကို မီးခံသေတ္တာထဲမှာ အုပ်လိုက်ထည့်မသိမ်းနိုင်တော့ပါ။ မကျန်းမာသည့်လူနာနှင့် မသန်စွမ်းဖြစ်နေတာကြာပြီဖြစ်သည့် စီးပွား ရေးက အပေးအယူတွေ တည့်နေခဲ့သည်။

ရှာလိုက် ကုန်လိုက် နည်းနည်းဝင်ပြီး ပြန်ထွက်တာက တစ်ပုံ တစ်ပင်။ ဝိုးချဲကိုဝယ်ပြီးမှ ဘီးသေးသေးလေးပြောင်းတပ်နိုင်း တာ လက်ခကမနည်းလှပေ။ မမြတ်ကို စိတ်မချနိုင်လို့ပါ။





မတော်တဆ သွားလာစမရှိလို့ တိမ်းမှောက်ကျသွားလျှင် တောင်ဘီးသေးသေးနဲ့ နိမ့်နိမ့်ဆိုတော့ အကျသက်သာမည်။

ပြီးတော့ သေးသေးလေးဆိုမှ ရဲရဲတင်းတင်း ကိုင်တွယ်သွား လာနိုင်မည်။ ညီအစ်မနှစ်ယောက်တိုင်ပင်ပြီး ဝိုးလ်ချဲကို ဘီးသေး လဲခိုင်းခဲ့ခြင်းဖြစ်၏။ ဒါကို သူမ၏စိတ်တွင် စိတ်ထောင်း ကိုယ် ကြေဖြစ်နေသော ဒေါ်မြတ်ညိုမှာ ဘာလုပ်ပေးပေး စိတ်တိုင်းကျ တယ်မရှိဘဲ ဒေါသတွေချည်း ဖြစ်နေခဲ့၏။ ဒေါ်မြတ်သက် လက် ကိုင်အိတ်ထဲ ပိုက်ဆံတွေထည့်နေတော့သည်။

"ငါက မရှာနိုင်ဘဲ ဖြုန်းနေတဲ့သူဖြစ်နေပြီ"

ဟု ရေရွတ်ရင်း မျက်ရည်သုတ်၏။ ဒေါ်မြတ်သက်က လှည့် ကြည့်၍...

"မငိုပါနဲ့ မမြတ်ရယ် လူထက် ဘာကအရေးကြီးသလဲ သက် တို့မှာ မမြတ်ထက်ပိုပြီးအရေးကြီးတာ ဘာမှမရှိဘူး စီးပွားရေးပဲနိမ့် လိုက်မြင့်လိုက် ဒီလိုပဲပေါ့။ ကြိုးစားနေတဲ့လူဟာ ဘယ်တော့မှ အောက် ဆုံးရောက်မသွားဘူး"

ဒေါ်မြတ်ညို ခေါင်းညိတ်ပုံက ကြေကွဲစွာပါ။

"ဩြော် ညည်းတို့ကတော့ ကျုပ်ကအဓိကတဲ့ ဟိုရွှေမင်းသ မီးကတော့ ဒီရင်ဘတ်ကြီးကို စုံကန်ထွက်သွားလိုက်တာ တစ်ချက် ကလေးတောင် ပြန်ကြည့်ဖော်မရဘူး"

"သူက တောင်းပန်တာပဲ မမြတ်ရယ် ဖုန်းဆက်တယ် စာတွေပို့



www.burmeseclassic.com

www.burmeseclassic.com



တယ် မမြတ်ပဲ သမီးအဖြစ်က စွန့်လွှတ်တယ်ဆိုပြီး ကြေညာလိုက်တာ"

ဒေါ်မြတ်သက်က ပြောရင်းငိုသံပါလာ။ ကြီးတဲ့သူ၏ တစ်သြဇာ တစ်အာဏာ တည်စေခဲ့တာ ဒီမိသားစုရဲ့ ထုံးစံမို့ပါ။

မဟုတ်လျှင် မလတ်ကိုလည်း သူမပြောလို့ရနိုင်သည်။ မလတ်နဲ့ မမြတ်တို့ မာနတွေကြီးနေကြပြီး ကွယ်ရာမှာ မျက်ရည် ကျနေတာကို သူမသိသည်။

ဒါပေမဲ့ ဖွင့်မမေးရဲခဲ့ပါ။ လူကြီးတွေထင်ထားသည်က နှိုင်း ရောက်လာပြီး အဒေါ်တွေကျေနပ်အောင် ဦးတိုက်တောင်းပန်မည်ဟု။ တကယ်တမ်းကျတော့ ပေါ်မလာခဲ့ပေ။

"သူလည်း ချစ်လို့ ယူလိုက်တာ မဟုတ်ဘူး"

လက်ကိုင်အိတ်ကို ပခုံးမှာချိတ်၍ ဒေါ်မြတ်သက်က အိပ်ရာ ဘေးမှာ ရပ်လိုက်၏။

"ကောင်လေးက ဟိုတုန်းကတည်းက တစ်ဖက်သတ် ကြိတ် ကြိုက်ပြီး ဒီလိုတွေဖြစ်လာအောင် လုပ်ယူသွားတာ"

"ဟင် ညည်းကို ဘယ်သူပြောလဲ"

ဒေါ်မြတ်ညို မျက်နှာပျက်လျက် ခေါင်းထောင်လာသည်။

"သက် သိတာပေါ့ မမြတ်တို့က ဘာမှလက်မခံပေမယ့် နှိုင်း လေးက သက်ကို ဖုန်းဆက်ပြောတာ ဒါပေမဲ့ သူ့ကိုကောင်လေးက တာနောယက္ခလို တယုတယထားတာပါတဲ့"

"အဲဒါကိုက ဟိုဘက်ကပါပြီး ကာကွယ်ပြောတာ"





ဒေါ်မြတ်ညို အိပ်ရာပေါ်မှာ ငုတ်တုတ်ထထိုင်ရင်း နှုတ်ခမ်းမဲ့၏။ ရှည်လျားသော ဆံပင်ရှည်တွေ ပခုံးပေါ်မှာ ပြေကျကာ မျက်ရည်စတို့ နှင့် မမြတ်၏ သောကကို ဒေါ်မြတ်သက် စာနာပါသည်။ ဟန်ဆောင် အံကြိတ်နေရမှန်းလည်း သိသည်။

သမီးအဖြစ် စွန့်လွှတ်လိုက်တာကိုက တစ်မျိုးအားဖြင့် ရှေ့ကို ရောက်လာစေချင်တာမှန်းသိသာသည်။

ခက်တာက ယောကျ်ားယူလိုက်သည့်အဖြစ်ကို ဘယ်လိုမှ ခွင့်မ လွှတ်နိုင်သောအဖြစ်ကြောင့် နေမရိုင်းနဲ့တော့ ခွဲထုတ်ပစ်မှာပဲဖြစ် သည်။

"နေမရိုင်းဆိုတဲ့ နာမည်နဲ့ပဲ မြတ်ရတနာကို လူရှိန်နေပြီ အခု အဆင်မပြေလည်း နောက်တော့ပြီးသွားမှာပဲဆိုတာသိလို့ ဒီကိစ္စ တွေ ဖြစ်လာမှ အလုပ်အတူလုပ်ဖို့ ကမ်းလှမ်းလာကြတာတွေ ငွေထုတ် ပေးချင်တဲ့လူတွေ"

ပြောရင်း ဒေါ်မြတ်သက်က ဒေါ်မြတ်ညိုကို တစ်ချက် အကဲ ခတ်၍...

"သဘာဝကို လက်ခံပေးကြည့်စမ်းပါ မမြတ်ရယ် ရွှေရုပ်တစ် ရုပ်လို လုပတဲ့ မိန်းကလေးတစ်ယောက်ကို သက်တို့သူများမချစ်အောင် ဘယ်လိုကာကွယ်မလဲ မိန်းကလေးက ဖွတ်လိုက် ဖွတ်ကြိုက်လို့မရ ပေမယ့် ယောကျ်ားလေးက ဖွတ်ဖြစ်လာတာ ဘယ်လိုမှ ကာကွယ်လို့ မရဘူး ပြီးတော့ ကလေးကချေနဲ့ ငြိစွန်းတာမှ မဟုတ်တာ နေမရိုင်းလို လူငယ်တစ်ယောက်က ဖွတ်ယူသွားတာ ဂုဏ်တောင်ရှိသေးတယ် ရှုက် ဆီးခံရတာမှ မဟုတ်ဘဲ သူက ကိုးကွယ်ထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါအေ ယောကျ်ားတွေက ချမ်းသာလေ ဆိုးလေပါ အခု မရှိးသေးလို့ မြတ်နိုးနေတာ မပြောနဲ့ မပြောနဲ့တော့ သင်းယောကျ်ား ကို ဘယ်လိုအကောင်ဖြစ်ဖြစ် ငါတစ်သက်လုံး အထင်မကြီးဘူး သ ဘောမတူဘူး အဲဒီသတ္တဝါလေးကို ပြတ်နိုင်တဲ့နေ့ အချိန် မရွေးပြန်လာ ခဲ့ပဲ"

ဒေါ်မြတ်သက် သက်ပြင်းချလိုက်မိသည်။

"သက် ဝိုးလ်ချဲသွားယူလိုက်ဦးမယ် မမြတ်ရလား"

"ဘာလုပ်မှာလဲ အရေးတကြီး နောက်မှယူပါလား"

"မြန်မြန်လုပ်ခိုင်းတာလည်းကိုယ်ပဲ မမြတ်ရယ် ပြီးတော့ မယူဘဲ ထားလို့ ကောင်းမလား မမြတ်လည်း အိပ်ရာထဲမှာချည်း အထုအထကို စောင့်နေရတာ သက် သနားလှပြီ ဝိုးချဲလေးပေါ်တင်ပြီး ခြံထဲမှာ တွန်းပေးမယ် နောက်တော့ ကိုယ့်ဟာကိုယ်သွားလာ လို့ရပြီပေါ့"

ဒေါ်မြတ်သက်ထွက်သွားတော့ ဒေါ်မြတ်ညို မျက်ရည်ပေါက် ကြီး တွေ တလိမ့်လိမ့်ကျလာ၏။

နေနိုင်လိုက်တဲ့ မယ်မင်းကြီးမ၊ ဒါပေါ့လေ ငါတို့က ပင်အိုကြီး ဖြစ်သွားပြီကိုး၊ ပင်ပျိုမှာ နားချင်တာ မဆန်းပါဘူးလေ၊

ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ဖို့ပါ။ သို့သော် မျက်ရည်တို့က ရင်ထဲက စကားကိုဘာသာမပြန်တတ်ရှာ ကျမြဲတိုင်း ကျလျက် ရင်ဘတ်ပေါ်မှာ ချက်ချင်းစိုစွတ်သွားလေသည်။

☆ ☆ ☆





အခန်း (၂၇)

ဖုန်းလာသမျှ ဘယ်ရောညာရောကိုင်နေရသဖြင့် ကြာတော့ စိတ်[illegible]က်လာကာ အားလုံးဖြုတ်ပြီး ချထားလိုက်၏။

ပြီးတော့ နာရီကြည့်လိုက်၏။

"ဆရာရယ် အရေးကြီးဖုန်းဝင်လာရင် ဘယ်လိုလုပ်မလဲ ကျွန် တော်ကိုင်ပါ့မယ်"

အတွင်းရေးမှူးက စားပွဲပြောင်းလာပြီး ဖုန်းတွေပြန်တပ်[illegible] ရှိုင်း က မြတင်းပေါက်မှာရပ်လျက် နာရီကို ထပ်ကြည့်တော့...

"ဆရာ အိမ်ပြန်မလို့လား"

ဖြေမလို့ ပါးစပ်ပြင်လိုက်စဉ် လမ်းမပေါ်မှာ ဥသြဆွဲလျက် အရှိန် ပြင်းစွာ ဖြတ်မောင်းသွားသည့် မီးသတ်ကားဆီ မျက်စိ ရောက်သွား မိ၏။

ပြီးမှ ပြန်လှည့်လာကာ...

"ဟုတ်တယ် မိန်းမကိုချိန်းထားကာမှ ဧည့်သည်တွေက ဒီနေ့ မဖြစ်မနေတွေ့ဖို့တွေ လုပ်လာတယ်"

"ဧည့်သည်ကိစ္စ ကျွန်တော်နဲ့ဖြစ်ပါတယ် ဆရာပြန်ချင်ပြန် ပါ" ရှိုင်းက ခေါင်းခါ၍...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး"

သူ ပြတင်းပေါက်ကို ပြန်လှည့်၍ ဖုန်းထုတ်ဆက်သည်။ နှင်းကို ခေါ်တာမရ။

"တောက် ဖုန်းက ကိုင်မယ့်သူမရှိဘူး မ ဘာလုပ်နေလဲ"

ဖုန်းဆက်မရတော့ စိတ်ကထောင်းခနဲထဖြစ်၏။

အလွန်အအိပ်အနေနည်းသော မဟာ နေ့လယ်နေ့ခင်း မအိပ်တတ်ဘူးဆိုတာ သူသိသည်။ ဒါတမင် မကိုင်ဘဲနေတာလား။

ဒီလောက်ထိ သူဆွေးနွေးခဲ့ပြီးတာတောင် မ မကျေနပ်ဘူး လား။

ရှိင်း ဆံပင်တွေပေါ် စိတ်ရှိလက်ရှိဖိသပ်ကာ ပြတင်းပေါက် နားမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်၏။

နောက်ထပ် ဖုန်းခေါ်နေစဉ် မီးသတ်ကားတွေ တစ်စီးပြီးတစ်စီး ဖြတ်သွားသဖြင့် ဆူညံနေလေသည်။

"တောက် ကျက်သရေမရှိလိုက်တာ"

ဖုန်းက ခေါ်မရသဖြင့် စိတ်မြန်လက်မြန်သွားချင်စိတ် ကို အတော် ချုပ်တီးနေရသည်။

"ဆရာ...ဆရာ"

တံခါးဖွင့်၍ ခေါ်သံက တစ်ခါတည်းပါ၏။

"ဘာလဲ"

အတွင်းရေးမှူးက ရှိင်းအစားလှည့်ထူးပေး၍ မေးဆက်၏။ အပြင်စားပွဲမှာထိုင်နေသည့် စာရေးပိုင်စိုးက ရှိင်းရှေ့ကိုပဲ ခပ်သုတ်သုတ် ဝင်သွားကာ...





"ဆရာ မြတ်ရတနာမှာ မီးလောင်လို့တဲ့"

"ဘာ"

"ပိုင်စိုး မင်းကိုဘယ်သူပြောတာလဲ"

မေးရင်း အတွင်းရေးမှူးက ထလာသည်။

"မီးသတ်ကားတွေသွားတာ မနည်းဘူးလေ"

"အားလုံးကြားတာပဲဟာ မြတ်ရတနာလောင်တာ မင်းက ဘယ်လိုသိသလဲ"

အတွင်းရေးမှူးမေးတာကိုပဲ ရှိင်းက နားစွင့်နေခဲ့၏။ ပိုင်စိုး က ရှိင်းကို ပြန်ကြည့်၏။

"မြတ်ရတနာနဲ့ တစ်ခြံကျော်မှာနေတဲ့ အလုပ်သမားတစ်ယောက် ဖုန်းရလို့ ခုနကပဲ ခွင့်တောင်းပြီး ပြန်ပြေးတာ"

မြတ်ရတနာဟာ သူနဲ့ ဆွေမျိုးတော်နေမှန်းသိထားကြသဖြင့် သတင်းရောက်လာတာပါ။

ရှိင်းနည်းနည်းတော့ စိတ်အနှောင့်အယှက်ဖြစ်သွား၏။

"ပိုင်စိုး"

"ဟုတ်ကဲ့ ပြောပါဆရာ"

"မင်းသွား ဒိုင်နာနဲ့ အလုပ်သမားနှစ်ယောက်လောက် ထပ်ခေါ် သွားကွာ လိုအပ်တာ ကူညီလိုက်"

ပြောနေရင်း ဖုန်းမြည်လာသဖြင့် မျက်နှာတစ်ချက်မဲ့သွားသည်။ မလိုချင်သည့် ဖုန်းတွေချည်းလာနေတာကို စိတ်က သည်း မခံချင်



www.burmeseclassic.com

www.burmeseclassic.com



တော့...

"ဟလို"

"အစ်ကိုလေး..မမလေး.. သူ့အမေရပ်ကွက်မှာ မီးလောင် လို့ဆိုပြီး ထွက်သွားတယ်..အခု ..ကျွန်မ.."

"ဟာကွာ"

ဖုန်းကို ဆုံးအောင်နားမထောင်နိုင်တော့ဘဲ ရှိုင်းအခန်းထဲက ပြေးထွက်ခဲ့သည်။

"ပိုင်စိုး ဟော့ နေခဲ့တော့"

ပိုင်စိုး ကားနောက်ဆုတ်နေရင်း ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့၏။ ရှိုင်းကားကို ဝိုက်ကွေ့ကျော်တက်၍ မညှာမတာ မောင်းလာခဲ့မိသည်။ နှိုင်းက ရပ်ကွက်မှာလောင်တယ်ထင်ပြီး သွားတာ။ဟိုမှာ အိမ်လောင်နေတာသိရင် ဘယ်လိုလုပ်မလဲ။

ကားက ရပ်ကွက်ထဲမဝင်ခင်ကတည်းက မည်းမှောင်နေသည့် မီးခိုးလိပ်ကြီးတွေကိုမြင်လိုက်ရသည်။

မီးသတ်ကားတွေ အဝင်ဝမှာ တန်းစီနေကာ အထဲက ထွက်သည့်ကားတွေကြောင့် လမ်းထဲကို ချက်ချင်းမရောက်ဘဲ ဖြစ်နေ၏။

"ဟာ..ဟော့..ကားတွေ ထွက်..ထွက်စမ်း"

ဥဩဆွဲသံကမနား..

စကားသံတွေ ကားသံတွေနှင့် လမ်းထဲမှာ ပွတ်သပ်ညှပ်နေ၏။ ရှိုင်းကားကို ချောင်ကပ်ရပ်ပစ်ခဲ့ပြီး ပြေးဆင်းခဲ့ပသည်။





"အမလေး ငါ့အိမ် ငါတို့အိမ်ဟဲ့ လုပ်ကြပါဦး"

နောက်က အော်သံကြောင့် လှည့်ကြည့်လိုက်တော့ မျက်နှာ နှစ်ခုနှင့် ဆုံလိုက်မိသည်။

ဒေါ်မြတ်သက်နှင့် သူ့မနောက်မှာ ဒေါ်မြတ်လတ်...

ဒေါ်မြတ်သက် အံ့အားသင့်သွားသည့် မျက်နှာကြီးနှင့် ရှိုင်း ကို ကြည့်သည်။ နှိုင်းလေး ဒီရောက်နေလို့လားဟု အပြေးအလွှား တွေးဖြစ်ရင်း တိုးတိုက်သွားသည့်လူတွေကို မနည်းရှောင်နေရသည်။

တကယ်တော့ သူ့မအပြစ်...

ဆီဒယ်အိုးတင်ထားခဲ့ပြီး တမေ့တလျော့ အပြင်ထွက်ခဲ့မိသည်။ ငိုးချဲ့ရွေးပြီး အပြန်မှာ ညီအစ်မနှစ်ယောက်ဆုံလို့ မမြတ်အတွက် သစ်သီး တောင်ဝင်ဝယ်ခဲ့ကြသေးသည်။'

သူများတကာ မီးပြန်လာတဲ့အကြောင်းပြောသံကြားမှ တစ်ကိုယ်လုံး ကြက်သီးတွေ ဖျန်းဖျန်းထသွား၏။

မီးဖိုပေါ်မှာ ဆီဒယ်အိုးတင်ပြီး မီးမပိတ်ခဲ့မိသည့်အဖြစ် သူ့မ သတိရလိုက်ချိန်မှာပဲ မီးသတ်ကားတွေ အသံပေး၍ ဖြတ် သန်းသွားပြီဖြစ်သည်။ မီးက အားကောင်းလွန်းကာ တိုက်ကြီး တစ်ခုလုံးကို ဒေါသတကြီးဝါးမျိုနေ၏။ အလိပ်လိုက် အူထွက်နေသော မီးခိုးမည်းကြီးများထဲမှာ နီညိုညို မီးညွန့်တို့က ယိမ်းထိုး နေကြသည်။

ထိုတိုက်ကြီးဟာ သူ့မတို့တိုက်ကြီးပဲဖြစ်လေသည်။

☆☆☆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ငိုလက်စနှင့် မျက်လုံးတွေကို မှိတ်ထားခဲ့သည်။ အိပ်ပျော် သွားလည်း အိပ်ဖို့ပါ။

ထို့နောက်မှာ ဒေါ်မြတ်ညို အိပ်ပျော်သွားခဲ့သည်လော မေးခနဲဘဲလား မသိ။

အချိန်ကို သတိရတစ်ချက် မရတစ်ချက် လစ်သွားခဲ့စဉ် နားခေါင်းထဲမှာ တူးတူးခါးခါး ညော်နံ့တွေဝင်လာသည်။

တရှဲရှဲ တဖျစ်ဖျစ် အသံတွေက နားစွင့်နေသည့်အချိန်မှာပဲ ဖောက်ခနဲ ဖောင်းခနဲမြည်လာသည်။

ကိုယ့်အိမ်ကပဲဆိုတာ သိလိုက်တော့ အိပ်ရာကနေ ကျုံးထ လိုက်မိသည်။ အောက်ထပ်မှာ ဘာဖြစ်နေမှန်းမသိသော်လည်း တစ်ခုခုဆိုတာကို သိလိုက်သည်။ ထိုတစ်ခုခုကို သေချာသိလိုက် ရချိန်တွင် နောက်ဖေးဝရန်တာတစ်ခုလုံး ဝုန်းခနဲပြိုကျသွားခြင်းနှင့်အတူ မီးခိုးတွေ အလုံးလိုက်ခဲတက်လာ၏။

ဒေါ်မြတ်ညို ကြက်သေသေနေမိစဉ် တစ်ကိုယ်လုံးပေါင်းအိုး





ကြီးထဲရောက်နေသလို လေပူလုံးကြီးတွေ ဟူးဟူးဟဲဟဲ ပြေးဟပ်လာသည်။

ကိုယ်သည် ချွေးထွက်ခွင့်မရဘဲ အခြောက်တိုက်ကြီးပူကာ ချက်ချင်းကြီးပြာကျသွားတော့မည့်နှယ်။

နောက်တော့ ဘာမှန်းကိုမသိတော့ဘဲ သူမထံသို့ လူရိပ်တွေရောက်လာသည်။ မထုတ်သွားကြတာလည်း သိသည်။ လက်ဆင့်ကမ်း သယ်သွားကြတာကို သိနေသော်လည်း မျက်လုံးကြီး အပြူးသားနှင့် စကားမပြောနိုင်ခဲ့ပေ။

အောက်မှာရောက်တော့ ကားသံတွေက ဆူညံနေ၏။ မီးသတ်ကားသံတွေ...

သူမအိမ်မီးလောင်နေသည့်အဖြစ်နှင့် မိမိသေတွင်းမှ လွတ်မြောက်ခဲ့ရခြင်းကို ဆက်စပ်မိသောအခါ မြင်ကွင်းကြောင့် မျက်လုံးပြူးရပြန်၏။ နှိုင်းလေး...

"ဟာ ဟိုမှာတစ်ယောက် မီးထဲပြေးဝင်သွားပြီ"

"ဟေ့ အထဲမှာလူမရှိတော့ဘူး မဝင်နဲ့"

ဒေါ်မြတ်ညို ပါးစပ်အဟောင်းသားနှင့် မယုံနိုင်စွာ ကြည့်နေမိ၏။ ဆံနွယ်ရှည်ကြီးတွေ ဝေ့ဝဲသွားသည်။

လူက မီးခိုးတွေထဲ ပြေးဝင်သွား၏။ အဲဒါ ငါ့သမီးလေး...

"နှိုင်းလေး သမီးလေး"

အာခေါင်ခြစ်အော်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လူတွေသူမကို တွဲထူထားသည့်ကြားမှ အတင်းကုန်းရုန်းထ၏။

"ဟာ ဒုက္ခပါပဲ လုပ်ကြပါဦး"

"သမီး အမလေး ငါ့သမီးလေးကိုပြန်ခေါ်ပေးကြပါ သမီး အန်တီမြတ်က ဒီမှာ"

သူမ အထဲမှာပဲ ကျန်နေပြီအထင်နှင့် နှိုင်းအပြေးဝင်သွားမှန်းသိလိုက်သည်။ ကယ်ပေးပါ ခေါ်ပေးပါ ဘယ်သူ့လှမ်းဆွဲ ဘယ်ယောကျ်ားကမှ ကူညီမည့်ပုံမပေါ်။

မီးတောက်တွေ ဝါးမျိုနေပြီဖြစ်သည့် တိုက်ကြီးပတ်လည် မှာ မီးသတ်ရဲဘော်တချို့ကို မြင်၏။

မည်းမည်းလှုပ်နေသော လူတွေကိုဝေ့ကြည့်၍ အသံမထွက် နိုင်တော့သော်လည်း ...

"ငါ့သမီးလေးကို ကယ်ပေးကြပါ"

ဟု နှုတ်ခမ်းတလှုပ်လှုပ်အော်ရင်း ဒေါ်မြတ်ညို ခွေကျမေ့ မြောသွားလေသည်။

☆ ☆ ☆





## အခန်း (၂၉)

"အထဲကို မိန်းကလေးတစ်ယောက်ဝင်သွားတာ ထွက်မလာတော့ဘူး"

ဆိုသည့် စကားကို လှမ်းလှမ်းမှာကတည်းက လူအုပ်ထဲက နေရိုင်း ကြားလိုက်သည်။

ခေါင်းတစ်ခုလုံး ထူပူကာ သူတိုက်ကြီးထဲ အပြေးဝင်ခဲ့၏။ နောက်မှာ ခေါ်သံတွေ မချင့်မရဲ တက်ခေါက်တားဆီးသံတွေ ဆူညံကျန်ခဲ့၏။

တိုက်ကြီးသည် အဝင်တံခါးမကြီးမှလွဲ၍ အားလုံး မီးတောက် မီးလျှံများ ဖြစ်နေပုံမှာ ငရဲခန်းကြီးထဲကို ပါးစပ်ဖြဲကြိုဆိုနေသလို ပင်။

"အား ...အဟွတ်..အဟွတ်"

နှိုင်းကိုခေါ်ဖို့ ပါးစပ်ဖွင့်လိုက်သည်နှင့် မီးခိုးတွေပါးစပ်ထဲ လုံးဝင်ကုန်၏။ ရေနစ်တာထက် ဆိုးဝါးသော ဝေဒနာကြီးဖြစ်ကာ တစ်ခေါင်းလုံး မွှန်ထူသွားသည်။ မျက်လုံးတွေထဲမှာ မျက်ရည်တွေနှင့် ပြည့်လျှက် ရုတ်တရက် ဘာဆိုဘာမှမမြင်တော့။



www.burmeseclassic.com

www.burmeseclassic.com



လူကိုကယ်ဖို့ဝင်ခဲ့သည့် သူ့ကို မီးက လက်ဦးမှုယူ၍ ထိပ်ပုတ် စိန်ခေါ်လိုက်သည့်မှန်း သတိရ၏။

မီးခိုးတွေကို ဇော့ယမ်းခါထုတ်ရင်း အပူရှိန်လျော့ပါးနေသော နေရာကို သူ လွှားခနဲ ရွှေ့ရပ်သည်။

ကျောဘက်မှာ အပူရှိန် သိသာစွာလျော့ကျနေ၏။ ဟိုဘက် ကို မျက်နှာမူလိုက်တော့ အသက်ရှူခွင့်ရသွားသည်။ မျက်လုံး ဖွင့်နိုင်လာ ၏။

ပတ်ဝန်းကျင်ကို သူဝေ့ကြည့်လိုက်သည်နှင့် အပေါ်တက်သည့် လှေခါးကြီးခြေရင်းမှာ သူရပ်နေတာကို သိလိုက်ရသည်။

"ဝုန်း"

အပေါ်က ထုတ်တန်းကြီး ပြုတ်ကျလာသည်နှင့် သူမော့ ကြည့် လိုက်ကာ တစ်ပြိုင်တည်း နောက်ကို ခုန်ဆုတ်လိုက်တော့ နံရံကို ကျောနဲ့ကပ်လိုက်မိရာ...

"အား"

မီးခဲကြီးနဲ့ ကပ်လိုက်မိသလို၊ ရှေ့မှာ မီးတားနေသည့် ထုတ် တန်းကြီးနှင့် နောက်မှာ မီးကျွမ်းပြီးသော နံရံ..

"မ.... မ ဘယ်မှာလဲ နှိုင်းမရ"

ရှိင်းအပေါ်ထပ်ကို လှမ်းအော်လိုက်၏။ အပေါ်အလယ်ပိုင်း မှာတော့ မီးတောက်ရှိပုံမရဘဲ မီးခိုးများကြောင့် မှောင်နေတာ ပဲဖြစ်ရသမျှ ရှေ့က မီးတန်းကြီးကို ရှိင်း ခုန်ကျော်လိုက်သည်။





လှေကားကြီး၏ သုံးထစ်မြောက်လှေခါးထစ်ကို နင်းမိပြီး သား ဖြစ်သွားသည်။ လှေကားမှာ ကတ္တီပါကော်ဇော တွေ ခင်းထားတာ ကြောင့် ခြစ်ခြစ်တောက်ပူနေ၏။

"မ.. မ ဘယ်မှာလဲ ကျွန်တော် ဒီရောက်နေပြီ မ"

လှေကားထိပ်သို့ ကျော်လွှားတက်ရင်း သူ လှမ်းအော်မိပြန်သည်။

"ရှိင်း"

"မ"

နှိုင်းအသံလေးကို သူကြားလိုက်ရသည်။ အ သံလာရာသို့ သူပြေး ကြည့်တော့ နှိုင်းက အခန်းထဲမှာ ကျောနောက်က နံရံမှာ နံရံမရှိတော့ ဘဲ ပြိုကျသွားခဲ့ပုံပေါ်သည်။ သို့သော် အောက်ထပ်က မီးညွန့်တွေက ထိပ်ထိတက်လောင်နေကြ၏။

အခန်းထဲ နံရံတွေမှာ မီးမစွဲသေးပေမယ့် တံခါးချပ်ကြီးမှာ မီးလောင်နေသည်။ တံခါးက ဟနေသော်လည်း မီးလောင် ထားသည့် အစတွေ တဖွားဖွားကျနေ၏။

နှိုင်းက မီးတောက်မီးဖွားတွေ အလယ်မှာ ပြေးပေါက်ပိတ်လျက် မတ်တပ်လေး...

"မ"

"ရှိင်း မင်းပြန်ဆင်း မီးတွေဝိုင်းနေပြီ"

နှိုင်းငိုသံလေးနှင့် လှမ်းအော်ရာတော့ သူ့ရင်ထဲမှာ နင့်သွား၏။ တံခါးကြီးကို မိုက်မိုက်ကန်းကန်း ဆောင့်၍ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"အား"

"အမလေး ရှိုင်း"

တံခါးသည် အချပ်လိုက်မဟုတ်ဘဲ တစ်စစီ ပြုတ်ထွက်ကာ ရှိုင်း၏ ပုခုံးတစ်ဖက်ပေါ်သို့ မီးတန်းတစ်စ ပြုတ်ကျသွား၏။ ပြီး တော့ ကျောပေါ် [illegible]က ဘယ်လို လောင်ကုန်မှန်းမသိ။

နှိုင်းကိုစိုးရိမ်သည့်စိတ်ကပဲ အဓိကဖြစ်နေသဖြင့် ဖြစ်သလို သပ်ခါရှောင်တိမ်း၍ နှိုင်းလက်ကိုပြေးဆွဲလိုက်သည်။

နှိုင်းသည် သူ့ကိုယ်မှာ အလွန်ပူပြင်းနေသည့် နေရာကို သူမ လက်ဖဝါးနှင့် အတင်းပုတ်ခတ်ဖိသတ်လိုက်ပြီး...

"မီးလောင်နေပြီ အမလေး ရှိုင်းရယ်"

ရှိုင်းကတော့ သူ့ကိုယ်သူ ဂရုမစိုက်ပါ။

အပေါ်က ထပ်ဝတ်ထားသည့် ကုတ်အင်္ကျီကို ချွတ်ပစ်လိုက် ပြီး မီးစွဲနေသည့်နေရာကို အင်္ကျီနှင့် ရိုက်သတ်သည်။ ထို့နောက် နှိုင်းဆံ ပင်တွေလုံအောင် ခေါင်းကနေ အုပ်ခြုံပေးလိုက်၏။

"လာ..မ"

နှိုင်းလက်ကိုဆွဲ၍ ပြန်ပြေးထွက်ခဲ့ပါသည်။ အပြင်မှာ မီးသတ် ကားတွေ ဆူညံနေ၏။

ရှေ့မျက်နှာစာက မီးတောက်တွေ ခေါင်းထောင်ခွင့်မရဘဲ မီးသတ်ပိုက်ကရေလုံးကြီးတွေအောက်မှာ လူးလွန့်နေကြလေ သည်။





ထွက်ပေါက်ကို လှမ်းမြင်လိုက်ပေမယ့် လှေကားကမရှိတော့ပေ။ ပြိုကျသွားပြီဖြစ်သည့် လှေကားကြီးကို ငုံ့ကြည့်ကာ ရှိုင်းပူထူ သွားသည်။ သူကအကြောင်းမဟုတ် နှိုင်းဘယ်လို ဆင်းမလဲ။

"ရှိုင်း"

နှိုင်းက ကိုယ်လေးတဆတ်ဆတ်တုန်ကာ သူ့ခါးကို ကျုံးဖက်၏။

"မ ဖယ်နေ ကျွန်တော် ခုန်ဆင်းမယ်"

"ဟင့်အင်း အောက်မှာမီးတွေ ရှိုင်း အမလေး"

နှိုင်းလက်တွေကို ဖယ်ချပစ်ခဲ့ပြီး ရှိုင်း ခုန်ချပစ်လိုက်သည်။ နှိုင်း အလန့်တကြားအော်လိုက်မိသည်။

အပေါ်ထပ်အောက်ထပ်အမြင့်က နည်းနည်းနောနောမဟုတ်။ ဘာတွေ ပေါက်ကွဲ၍ စုပုံဝင်နေမှန်းမသိသော ပစ္စည်းအတိုအထွာ အပိုင်းအစတွေပေါ် ခုန်ချလိုက်တာပေမယ့် ရှိုင်း တော်တော်နှင့် မထ နိုင်ရှာ။

ပြီးတော့မှ မတ်မတ်ပြန်ရပ်ကာ နှိုင်းရပ်နေသည့် အောက်ကို လာ၏။

"မ မြန်မြန်ခုန်ချလိုက် တော်ကြာပြိုကျမှ မီးတွေထဲ ရောက် သွားလိမ့်မယ်"

နှိုင်း အောက်နှင့် ဝဲယာကို လှည့်ကြည့်ကာ ခုန်ချလိုက်ဖို့ ပြန် ကြည့်တော့ အမြင့်ကြီး။ မျက်စိမှိတ်ခုန်လိုက်ပြီပဲထား မီးလောင်ထား သည့်ဒဏ်ရာ ခုန်ချထားသော ဒဏ်ရာများနှင့် ရှိုင်းကိုယ်ပေါ်ကို သူမ

www.burmeseclassic.com



ခုန်မချရက်ပေ။

"မ ဘာလုပ်နေတာလဲ မြန်မြန်ခုန်ချ"

ရိုင်း တအားအော်လိုက်သည့်အသံ။ ပြီးတော့ နောက်မှ ဖျစ်ခနဲ ညှတ်ခနဲ လှုပ်ရှားပြောင်းလဲသွားသော အထိအတွေ့ကြောင့် နှိုင်း မျက်လုံးတွေ မှိတ်ချပစ်လိုက်သည်။ ရိုင်း ကိုယ်ပေါ်သို့ မခုန်ပါ။ ဖြစ်ချင်ရာဖြစ် ဘေးကို လွှဲခုန်ချလိုက်၏။

"မ"

ရိုင်း၏ စိုးရိမ်သံနှင့်အတူ သူမကိုယ်သည် မာကျောသော ကြမ်းခင်းပေါ်သို့ မဟုတ်ဘဲ နွေးသောရင်ခွင်ထဲသို့...

"အင့်"

"အား"

"ဝုန်း"

အပေါ်တစ်ထပ်လုံး ဝုန်းခနဲ ပြိုဆင်းလာ၏။ မီးတောက်စ တွေကော မီးပွားတွေပါ ဟူးခနဲပြေးဆောင့်ကာ နှိုင်းနဲ့ ရိုင်း ပြာတွေ မီးခိုးတွေထဲမှာ ရုတ်တရက်မထနိုင်။

"မ"

"ဟင် ရိုင်း"

အရှိန်နှင့် ပြာဝေမှုံးမိုက်သွားသော နှိုင်းကိုယ်လေးပေါ်သို့ ရိုင်းက လွှင့်ကျသွားသည့် သူ့ကုတ်အင်္ကျီပြန်ခြုံပေးသည်။

"ဟာ ဟိုမှာ လူနှစ်ယောက် ထွက်လာပြီ"





"ဟေ့ လမ်းပွင့်အောင် ပိုက်ထိုး"

"ညာဘက်က ကျွေ့ထွက်ဟေ့"

နှိုင်းနဲ့ရိုင်းတို့မှာ တံခါးဝကို မြင်နေရကာမှ ခြေလှမ်းရွှေ့ဖို့ ခက်ကာ ထွက်ခွင့်မရ။ ပတ်လည်မှာ မီးတောက်စတွေ ဝိုင်းနေဆဲ ရေတွေ ဝေါခနဲဝင်လာ၏။

"မ လာ"

ရေလုံးကြီးဘေးကနေ နှိုင်းလက်ကလေးကိုဆွဲ၍ သူပြေး ထွက်၏။

"သမီး သမီးရေ"

"အန်တီသက်"

မီးသတ်ရဲဘော်တွေက ရိုင်းကို ပြေးတွဲကြသည်။ ဒေါ်မြသက်နဲ့ ဒေါ်မြတ်လတ်က နှိုင်းလက်ကလေးကို ပြေးဆွဲခေါ်ကြ၏။

နှိုင်းသည် ဒေါ်မြတ်ညိုကို သူမမကယ်နိုင်သည့်အဖြစ်အတွက် ဒေါ်မြတ်သက်ကို သိမ်းကျုံးဖက်၍...

"အန်တီသက် အန်တီမြတ်လေ အန်တီမြတ်ကို နှိုင်းမတွေ့ဘူး အန်တီမြတ် ကျန်ခဲ့ပြီသိလား"

"အမလေး သမီးအန်တီမြတ် ဘာမှမဖြစ်ဘူး သူတော်ကောင်း တွေ ဝိုင်းကယ်ကြလို့ သူလွတ်လာတယ်"

"ဟင်"

နှိုင်း ဝမ်းသာအားရလေးနှင့် အငိုတိတ်၏။

"သူ ထွက်လာပြီး သမီးဝင်သွားတာမြင်လိုက်မှ သတိလစ် သွား



www.burmeseclassic.com

www.burmeseclassic.com



လို့ ဟိုမှာ”

လူတွေ ဝိုင်းနေသည့်ကြားထဲမှာ အန်တီမြတ်။ ကားတွေ ရောက်လာတော့ မီးကဘေးမကူးနိုင်သေးဘဲ တိုက်ထဲမှပဲဝပ်၍ လိုက်လောင်နေခဲ့သည်။

မီးကိုရေကနိုင်တော့မည်မှန်းသိတော့ လူတွေအပြေးအလွှား အနည်းငယ်လျော့ပါးကာ ဒုက္ခရောက်နေသူတွေဆီမှာ စုပြုံလာကြ၏။

အန်တီမြတ်ဘာမှမဖြစ်မှန်း သိလိုက်သဖြင့် လှမ်းလိုက်သော ခြေလှမ်းကတုန့်ခနဲ ရပ်သွားသည်။

ခေါင်းပေါ်မှ တအိအိလျှောကျလာသည့် ကုတ်အင်္ကျီကို နောက်ပြန်ဆွဲယူ၍ ရင်ခွင်ထဲမှာ ပိုက်ထားလိုက်ရင်း...

“ရှိုင်း”

နောက်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ရှိုင်းသည် မီးသတ်ရဲဘော်တွေအလယ်မှာ ဒဏ်ရာတွေကို ဖိအုပ်ကာ မျက်နှာမဲ့မဲ့ အံကြိတ်လျက်...

“ရှိုင်းရယ်”

နှင်းမျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကြီးကျလာကာ ဝမ်းသာကြည်နူးတာရော ဆို့နင့်ကြေကွဲတာရော အားလုံးဟာ ရှိုင်း၏ စွန့်လွှတ် ချစ်တတ်သော မေတ္တာများကို ခံစားမိလိုက်သောကြောင့်...

“ရှိုင်း”

သူမ လှမ်းခေါ်၍ ပြေးသွားတော့ ရှိုင်းလှည့်ကြည့်ကာ လူကြား





ထဲကနေ ထွက်ရပ်၏။

“ရှိုင်းရယ်”

ရင်ခွင်ထဲပြေးဝင်လာသည့် နှင်း ပခုံးလေးကို ပြန်၍ ပွေ့ဖက်ကာ ဆံပင်တွေကို သတိတရ ဆွဲကြည့်သည်။ ပြီးတော့ ဝေဒနာကြောင့် မဲ့နေသည့်မျက်နှာမှာ ပြုံးယောင်သမ်း၏။

ဒီဆံပင်တွေကို ရှိုင်းသတိတရ ကာကွယ်ပေးခဲ့ရှာ၏။ ပြီးတော့ ပခုံးမှာ မီးလောင်ကွက်ကြီးက လည်တိုင်အစပ်နားထိ ရဲညိုနေ၏။

“ညီလေး သွား ဟိုမှာကားပေါ်တက် မင်းဒဏ်ရာတွေနဲ့ ဆေးရုံလိုက်သွား”

“ရတယ် ကျွန်တော် ဘာမှမဖြစ်ဘူး”

“သွား”

ဒေါ်သက်နှင့် ဒေါ်မြတ်လတ်တို့ တစ်ဖက်တစ်ချက်စီမှာ လာရပ်ကြကာ...

“လိုက်သွားလိုက်ပါ ကလေးရယ် ဒီဒဏ်ရာတွေကို မြင်နေရတော့ သမီးလေးလည်း စိတ်ချမ်းသာရမှာ မဟုတ်ဘူး”

“ဟုတ်ပါတယ်ကလေးရယ် ဆေးရုံကိုလိုက်သွားလိုက်ပါ ငါတို့သမီးလေးကို အသက်စွန့်ကယ်ပေးခဲ့တဲ့အတွက် ငါတို့အ သက်ကို ကယ်သလိုပါပဲ မင်းက မင်းရဲ့မိန်းမမို့လို့ ကယ်တာ ပေမယ့် ငါတို့ကတော့ တို့အသက်ကို ပြန်ရလိုက်တာထက် ကျေး ဇူးတင်တယ် ဝမ်းသာတယ်”



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးက ရှိုင်း၏လက်တစ်ဖက်စီကို ဖျစ်ညှစ်ဆုပ်ကိုင်၍ မျက်ရည်တွေ မသုတ်နိုင်ဘဲ ကတုန်ကယင်ဆိုကြသည်။

မီးညွန့်က သေဖို့ပြီ။ ဒါပေမဲ့ တိုက်ကြီးတစ်ခုလုံးလည်း ဘာမှ အကောင်းအတိုင်း မကျန်ခဲ့တော့ပေ။

လူနာတင်ကားက ဒေါ်မြတ်ညိုသတိမရသည့်အဖြစ်ကြောင့် ကားပေါ်တင်လိုက်ကြပြီဖြစ်သည်။

"ညီလေး လာကွာ"

ရှိုင်းကိုယ်မှာ မီးလောင်ကွက်များနှင့် ကြည့်မကောင်း။ ဒါတောင် ရှိုင်းက ခေါင်းမညိတ်ဘဲ နှိုင်းလက်ဖဝါးလေးကို ဆုပ်ကိုင်ထားသည်။

"တို့လည်းလိုက်မယ် ဒဏ်ရာတွေကို ကုရအောင်နော်"

နှိုင်းက ရှိုင်းခါးကိုဖက်၍ ပြုံးပြလိုက်သည်။ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လျှံနေတာကို ရှိုင်းက ငုံ့ကြည့်ပြီး မျက်နှာပျက်သွား၏။

"ဒဏ်ရာရသွားသေးလားဟင် မ ဘာဖြစ်လို့ ငိုတာလဲ"

"ချစ်လို့"

နှိုင်း တိုးတိုးလေးဖြေသည်။ ရှိုင်း ကြားလိုက်သောကြောင့် နှုတ်ခမ်းခပ်ဖိဖိပိတ်၍ ပြုံးလိုက်၏။

အချစ်ဟာ ဆေးထက်အစွမ်းထက်သည်မှန်း သူတို့မသိကြတော့လည်း ဆေးရုံကိုလိုက်ရပါဦးမည်။

နေမရှိုင်းနဲ့ နှိုင်းမရ၊ နာမည်တင် မဟုတ်ဘဲ အချစ်တို့သည်ပင် ဆင်တူရိုးမှားရှိခဲ့ကြတာ ကိုယ်တိုင်မသိခဲ့ကြသည့်အဖြစ်၊ မာန တွေ





ကြီးတော့လည်း ကြီးခဲ့ကြတာပါပဲ။

ဒါပေမဲ့ အချိုးတူချစ်ခြင်းတို့ဖြင့် နှောင်ဖွဲ့ခိုင်မာခဲ့ကြတာက ဟိုအရင် အလွန်နုနယ်သစ်လွင်သော ပန်းနုရောင်လွင်ပြင်ကလေး ထဲမှာပဲ ဖြစ်၏။ အချစ်မှာ လက်နက်၊ တပ်သား၊ ပရိယာယ် ဘာမှမရှိပါ။

သို့သော် အချစ်သည် သူ့နိုင်ငံတော်ကို သူ့အင်အားဖြင့် ခိုင်မာတည်မြဲစေသော ကိုယ်ပိုင်စွမ်းအားများရှိနေသည်။

ချစ်၍ မနူးညံ့တတ်သော ကောင်လေးနှင့် မမုန်းတတ်ဘဲ မုန်းခဲ့သည့် မိန်းမလှလေး ဟိုတုန်းကဆို နှိုင်းဘယ်လို ဖြေမလဲ။

ငါ....နင့်ကို....

မရိုသတ်အတွက်

ထာဝရ

သျှင်မ



www.burmeseclassic.com